၇ ရက် သတင်းဂျာနယ်

# 7DAY NEWS JOURNAL

http://www.7daynewsjournal.com



TRI
MEN'S AND LADIES' WEARS



အတွဲ(၁၁)၊ အမှတ်(၁၄)    ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည်    ၁၃၇၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက် ၊ ကြာသပတေး၊ (ဇွန် ၁၄ ၊ ၂၀၁၂)


# အရေးပေါ်အခြေအနေများနှင့် ရခိုင်ပြည်နယ်

ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်နေသော နောက်ဆုံးရအခြေအနေများနှင့် ရိုဟင်ဂျာဘင်္ဂါလီများဆိုင်ရာ လူမျိုးခြားစိမ့်ဝင်မှုအထူးသတင်းပေးပို့ချက်များကိုထည့်သွင်းဖော်ပြထားပါသည်။



ဇွန်၁၀ရက်က ရခိုင်ပြည်နယ်တွင်ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုဖြစ်စဉ်တစ်ခုအတွင်း မီးလောင်နေသည့် နေအိမ်များအကြား၌တွေ့ရသော ရိုဟင်ဂျာဘင်္ဂါလီများ

ဓာတ်ပုံ - Reuters

## ပထမဆုံး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု သဘာဝဓာတ်အားပေးစက်ရုံ ထားဝယ်ခရိုင်အတွင်း လျှပ်စစ်မီးပေးမည်

**ရန်ကုန်၊ဇွန်-၁၁**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်အတွင်း ထိုင်းနိုင်ငံသားပိုင်ကုမ္ပဏီတစ်ခုက ထိုင်းနိုင်ငံရှိစွမ်းအင်ကုမ္ပဏီဖြစ်သော PTTEP မှ သဘာဝဓာတ်ငွေ့ဝယ်ယူကာ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးမည့် ဓာတ်အားပေးစက်ရုံတည်ထောင်ရန် စီစဉ်နေကြောင်းသတင်းရရှိသည်။ **စာ(၁၂)သို့**

## ရခိုင်မှ ရန်ကုန်လေဆိပ်သို့ ဝင်လာသည့်ခရီးသည်များကို စနစ်တကျစစ်ဆေးရန် ညွှန်ကြား

**အောင်သူရ**

**ရန်ကုန်၊ ဇွန်-၁၁**

ရခိုင်ပြည်နယ်မှ လေယာဉ်ဖြင့်ပြန်လာသော ခရီးသည်များကို ရန်ကုန်လေဆိပ်တွင် စနစ်တကျ စစ်ဆေးမှုများပြုလုပ်ရန် ညွှန်ကြားထားကြောင်း သတင်းရရှိသည်။

"မှတ်ပုံတင်နဲ့လူနဲ့ကိုသေသေချာချာစစ်ခိုင်းတယ်။ နိုင်ငံကူးလက်မှတ်နဲ့လူနဲ့သေသေချာချာစစ်ခိုင်းတယ်။ ကြိုတင်စာရင်းရထားတဲ့သူတွေပါလာမလာ စစ်ခိုင်းထားတယ်။ လဝကကို တာဝန်ပေးထားတာပါ" ဟု ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။ **စာ(၁၂)သို့**

## လယ်သမားများ အခက်အခဲ အစိုးရပါဝင်ကူညီရန် လိုနေပြီဟု ပညာရှင်များသုံးသပ်

**ပြည်သိမ်း**

**ရန်ကုန်၊ ဇွန် - ၉**

လယ်သမားများကြုံတွေ့နေရသည့်ကြွေးမြီအခက်အခဲကိုနိုင်ငံတော်အစိုးရက အရေးပေါ် အခြေအနေတစ်ရပ် ကြေညာပြီး ဝင်ရောက်ကူညီရန်လိုအပ်နေကြောင်း ဆန်စပါးစိုက်ပျိုးထုတ်လုပ်ရေးကျွမ်းကျင်သူများက သုံးသပ်ပြောကြားသည်။

**စာ(၁၂)သို့**




7 DAY NEWS JOURNAL
Vol.11, No.14 • JUNE 14 , 2012




အိုးအိမ်ဦးစီးဌာနရုံးရှေ့ ဆန္ဒဖော်ထုတ်နေသူသော လယ်ယာမြေဆုံးရှုံးသူများ  ဓာတ်ပုံ-ခင်ငြိမ်းချမ်းစိုး

# လူ့အခွင့်အရေးကော်မရှင်သို့ တိုင်ကြားသော အမှုများတွင် မြေယာအမှု အများဆုံးဖြစ်

အောင်သူရ

ရန်ကုန်၊ ဇွန်-၆

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သို့ တိုင်ကြားသော အမှုများတွင် မြေယာအမှုအများဆုံးဖြစ်ကြောင်း ကော်မရှင်ဒုဥက္ကဋ္ဌ ဦးကျော်တင့်ဆွေကပြောသည်။

(၆)ကြိမ်မြောက် ASEAN Intergovermental Commission On Human Rights (AICHR)တွေ့ဆုံပွဲအပြီး ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ၎င်းက ပြောကြားခဲ့ခြင်းဖြစ်သည်။

"အစိုးအနေနဲ့ ဒီကိစ္စတွေကိုပြန်ကြည့်တယ်ဆိုတာ Human Right ကော်မရှင်ကတစ်ဆင့် အစိုးရကိုသိအောင်ပြောပေးနိုင်လို့ပါ"ဟု ဒုဥက္ကဋ္ဌဦးကျော်တင့်ဆွေကပြောသည်။

လယ်ယာအသိမ်းခံရသည့်ကိစ္စများအား အကူအညီပေးနေသော ၈၈ မျိုးဆက်သစ်ကျောင်းသားများအဖွဲ့သို့ လာရောက်တိုင်ကြားသော အမှုများတွင်လည်း လယ်သိမ်းမြေသိမ်းအမှုမှာ အများဆုံးဖြစ်ကြောင်း အဆိုပါ အဖွဲ့မှ ဦးကိုကိုကြီး(စမ်းချောင်း)ကပြောသည်။ မကြာသေးခင်ရက်များက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိလယ်မြေအသိမ်းခံရသော လယ်သမားအချို့မှာ အိုးအိမ်ရုံးရှေ့နှင့် ဆူးလေစေတီတော်အနီးတို့တွင် ဆန္ဒဖော်ထုတ်ခဲ့ကြသည်။ ပြည်သူ့လွှတ်တော်တောင်သူလယ်သမား၊အလုပ်သမားနှင့်လူငယ်ရေးရာကော်မတီထံသို့ လယ်ယာမြေအသိမ်းခံရသဖြင့် တိုင်ကြားထားသော အမှု ၂၀၀ကျော်အား စတုတ္ထအကြိမ်မြောက်လွှတ်တော်အစည်းအဝေးများတွင် တင်ပြသွားမည်ဟုဥက္ကဋ္ဌကပြောကြောင်းပြည်တွင်းထုတ်သတင်းဂျာနယ်တွင် ဖော်ပြထားသည်။

# ကိုရီးယားလူမျိုး စက်ရုံပိုင်ရှင်ကို အလုပ်သမား ၁၅ဦးက အမှုနှစ်မှုဖွင့်

အေးမြတ်သူ

ရန်ကုန်၊ ဇွန် - ၁၀

**လှိုင်သာယာမြို့နယ် စက်မှုဇုန်-၄ တွင်းရှိ High-Art (Hi-mo) ဆံပင်တုစက်ရုံရှိ ကိုရီးယားလူမျိုး မစ္စတာလီအား ကာယိန္ဒြေထိခိုက်မှုနှင့် သာမန်နာကျင်မှု အမှုနှစ်မှု ဖြင့် အလုပ်သမား ၁၅ ဦးက လှိုင် သာယာမြို့နယ် ရဲစခန်းတွင် အမှုဖွင့်ထားကြောင်း အလုပ်သမားအရေး ဆောင်ရွက်ပေးနေသူ ရှေ့နေဦးဌေးကပြောသည်။**

ထိုအမှုနှင့်ပတ်သက်၍ စက်ရုံပိုင်ရှင်တွေအနေဖြင့် ဇွန် ၅ရက်တွင် ချုပ်ဆိုသော သဘောတူစာချုပ်၌ တစ်နှစ်လျှင် နှစ်ကြိမ် လစာတိုးရမည်ဖြစ်ပြီး ဇွန် ၈ ရက်တွင် အလုပ်ရှင်က ယခုနှစ်အတွက် တစ်ကြိမ်သာ လစာ တိုးပေးမည်ဖြစ်ပြီး လက်ရှိ ခေါင်းနမူနာပြုလုပ်သည့်ဌာနအားဖျက်သိမ်းမည့် ကိစ္စနှင့်ပတ်သက်၍ အလုပ်ရှင်နှင့်အလုပ်သမားကြား အငြင်းပွားမှုဖြစ်ခဲ့ကြောင်းအလုပ်သမားခေါင်းဆောင် ကိုယ်စားလှယ် မထက်ထက်မွန်ကပြောသည်။

ထိခိုက်ဒဏ်ရာရရှိသူ ၁၅ဦးထဲမှ မသိမ့်မြတ်ချယ်က "အိုတီဆင်းတဲ့အချိန်မှာဖယ်ရီပေးတော့ စက်ရုံတံခါးသော့ကို ညီမ ကိုင်ထားတာကို မစ္စလီက အတင်း ညီမ လည်ပင်းညှစ် ကိုင်ဆောင့်ပြီးထိုးတယ်။ ညီမကို သတ်နေသလိုပဲ။ ကျန်တဲ့သူတွေ ဝိုင်းဆွဲလို့ ညီမ ဒီအထိပဲဖြစ်တာ။ သူကသော့အတင်းတောင်းတာ မပေးလို့ ညီမကို အခုလိုလုပ်တာ"ဟုဆိုသည်။

အလုပ်သမားအရေး ဆောင်ရွက်ပေးနေသူရှေ့နေဦးဌေးက "ပုဒ်မ ၃၂၃၊ ၃၅၄ နဲ့ သူတို့စွဲထားတယ်လို့သိရပါတယ်။ တကယ်ဆိုရင် ၃၀၇ နဲ့ ဖွင့်ရမယ်လို့ ယူဆတယ်။ လည်ပင်းညှစ်ပြီး ကိုင်ဆောင့်တာဆိုတော့ မသေသေအောင် လုပ်တာကိုး။ ကျန်တဲ့ အလုပ်သမားတွေက ဝိုင်းဆွဲလို့သာ မသေတာ"ဟုပြောသည်။

အဆိုပါ High-Art စက်ရုံအနေဖြင့် ဇွန်လ ၅ ရက်တွင် အလုပ်သမားဝန်ကြီးဌာနမှ ဒုဝန်ကြီးအပါအဝင် ၈၈ ကျောင်းသားခေါင်းဆောင် ဦးကိုကိုကြီးတို့ကြီးကြပ်မှုဖြင့် ချုပ်ဆိုထားသောစာချုပ်အားဇွန်လ၈ရက်၌ အလုပ်သမားများအား အစည်းအဝေးခေါ်ယူပြီးပြန်လည်ပြင်ဆင်ရာမှအငြင်းပွားမှုဖြစ်ပွားခဲ့ကြောင်းသိရသည်။

"အစ်မတို့ လူကြီးတွေနဲ့ ချုပ်ထားတဲ့စာချုပ်ကို သူတို့ကတဖြည်းဖြည်းချင်းစီ လုပ်ပေးမယ်တဲ့။ စာချုပ်ကို အမျိုးမျိုးလုပ်နေတာ။ အဲဒါကိုကလေးတွေကလည်း သဘောမတူဘူး။ တကယ်ဆိုရင် စာချုပ်အတိုင်း သူတို့လုပ်ပေးရမှာ"ဟုအလုပ်သမားခေါင်းဆောင် ကိုယ်စားလှယ် မယမင်းလွင်ကပြောသည်။

နေပြည်တော်အလုပ်သမားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးအောင်က ထိုကိစ္စနှင့်ပတ်သက်ပြီး "ဘာသာပြန်မှာ အဓိကလိုအပ်တာပါ။ စာချုပ်ထဲမှာပါတဲ့ဟာကို ပြန်ဆွေးနွေးတာပေါ့။ အဓိပ္ပာယ်နှစ်ခွ နည်းနည်းဖြစ်သွားတော့ စာချုပ်ကိုဖောက်ဖျက်သလိုဖြစ်သွားတာ။ သုံးလပိုင်းတုန်းက တစ်ကြိမ်တိုးပေးပြီးပြီ။ အခု တစ်ကြိမ်နဲ့ဆို နှစ်ကြိမ်ပြည့်သွားတော့ အလုပ်ရှင်ဘက်က ပြောတာ ဒါပေမဲ့ အခု အောက်တိုဘာမှာ တစ်ကြိမ်ထပ်တိုးပေးမှာပါ"ဟုဆိုသည်။



7DAY NEWS JOURNAL
Vol.11, No.14 • JUNE 14 , 2012

**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး၊
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး၊
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး၊

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**
- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေး ဦးတည်ချက်(၄)ရပ်**
- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး၊
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



ရန်ကုန်တိုင်းဒေသကြီး အထက်တန်းကျောင်းတွင် အောင်စာရင်းကြည့်နေသူများ — ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးများ တက္ကသိုလ်ဝင်တန်း အောင်နှုန်းကျဆင်း

**နေလင်းထွန်း၊ ညီညီဇော်**
**ရန်ကုန်၊**
**ဇွန် - ၁၁**

၂၀၁၁-၂၀၁၂ ပညာသင်နှစ်၊တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်စာရင်းများ ထုတ်ပြန်ကြေညာခဲ့ရာ ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် အောင်ချက်ရာခိုင်နှုန်းများကျဆင်းခဲ့ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး ပညာရေးဌာနများမှ သတင်းရရှိသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဝင်ရောက်ဖြေဆိုသူ ၉၂,၈၂၉ ဦးရှိခဲ့ပြီး ၃၁,၂၈၃ ဦး အောင်မြင်ခဲ့သည်။ အောင်ချက်ရာခိုင်နှုန်း ၃၃ ဒသမ ၇၀ ရှိခဲ့ပြီး ယခင်နှစ် အောင်ချက်ရာခိုင်နှုန်း ၃၆ ဒသမ ၁၂ ထက် လျော့ကျသွားခဲ့သည်။

မန္တလေးတိုင်းဒေသကြီးတွင် တက္ကသိုလ်ဝင်တန်း စာမေးပွဲဝင်ရောက်ဖြေဆိုသူ ၈၂,၆၇၃ ဦးရှိခဲ့ပြီး ၂၆,၅၂၇ ဦး အောင်မြင်ခဲ့သည်။ အောင်ချက်ရာခိုင်နှုန်း ၃၂ ဒသမ ၀၉ ရှိခဲ့ပြီး ယခင်နှစ် အောင်ချက်ရာခိုင်နှုန်း ၄၄ ဒသမ ၃၅ ထက် လျော့ကျခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဂုဏ်ထူးရရှိသော ကျောင်းသားဦးရေသည် ယခင်နှစ်ထက်များပြားခဲ့သော်လည်း မန္တလေးတိုင်းဒေသကြီးအတွင်း ဂုဏ်ထူးရရှိသော ကျောင်းသားဦးရေမှာ ယခင်နှစ်ထက် လျော့ကျသွားခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း
ဂုဏ်ထူးရရှိသော ကျောင်းသားဦးရေ

| ဂုဏ်ထူးရှင်များ | အရေအတွက် |
|---|---|
| ခြောက်ဘာသာဂုဏ်ထူးရှင် | ၂၇၂ ဦး |
| ငါးဘာသာဂုဏ်ထူးရှင် | ၇၂၀ ဦး |
| လေးဘာသာဂုဏ်ထူးရှင် | ၁,၇၁၀ ဦး |
| သုံးဘာသာဂုဏ်ထူးရှင် | ၁,၂၂၅ ဦး |
| နှစ်ဘာသာဂုဏ်ထူးရှင် | ၁,၅၆၅ ဦး |
| တစ်ဘာသာဂုဏ်ထူးရှင် | ၅,၀၄၀ ဦး |

မန္တလေးတိုင်းဒေသကြီးအတွင်း
ဂုဏ်ထူးရရှိသော ကျောင်းသားဦးရေ

| ဂုဏ်ထူးရှင်များ | အရေအတွက် |
|---|---|
| ခြောက်ဘာသာဂုဏ်ထူးရှင် | ၅၇ ဦး |
| ငါးဘာသာဂုဏ်ထူးရှင် | ၂၉၈ ဦး |
| လေးဘာသာဂုဏ်ထူးရှင် | ၆၄၇ ဦး |
| သုံးဘာသာဂုဏ်ထူးရှင် | ၇၁၁ ဦး |
| နှစ်ဘာသာဂုဏ်ထူးရှင် | ၁,၃၃၆ ဦး |
| တစ်ဘာသာဂုဏ်ထူးရှင် | ၃,၄၆၃ ဦး |



7DAY NEWS JOURNAL
Vol.11, No.14 • JUNE 14 , 2012

## CRIME မှုခင်း သတင်း CORNER

### မူးယစ်ဆေးဝါး လက်ဝယ်တွေ့ရှိသူများကို အရေးယူ

**ကျော်ဇေယျ**

**နေပြည်တော်၊ဇွန်-၅**

သတင်းအရစောင့်ဆိုင်းဖမ်းဆီးရာမှ မူးယစ်ဆေးဝါးဟုယူဆရသော အဖြူရောင်အမှုန့်များအား လက်ဝယ်တွေ့ရှိရသဖြင့် လက်ဝယ်တွေ့ရှိသူ အပါအဝင် အမှုနှင့်ပါဝင်ပတ်သက်နေသော လူသုံးဦးကိုဥပဒေအရအရေးယူခဲ့ရသော ဖြစ်ရပ် မေလ ၁၃ ရက်က နေပြည်တော် ပျဉ်းမနားမြို့နယ်၌ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ မူးယစ်ဆေးဝါးမှုမှာ နေပြည်တော် ပျဉ်းမနားရဲစခန်းအပိုင်နယ်မြေတွင် ၂၀၁၂ခုနှစ်အတွင်း ပထမဦးဆုံး ဖမ်းဆီးရမိသော အမှုဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မန္တလေးတိုင်းတောင်ပိုင်း မူးယစ်အထူးတပ်ဖွဲ့မှ ရဲအုပ်တစ်ယောက်ဦးစီးသော ရဲတပ်ဖွဲ့ဝင်များ၊ အသိသက်သေများသည် မေလ ၁၃ ရက် ညနေ ၅နာရီအချိန်ခန့်က နေပြည်တော် ပျဉ်းမနားမြို့ ဗိုလ်တောက်ထိန်လမ်းရှိ ရိုးမဘဏ်ရှေ့တွင် မူးယစ်ဆေးဝါးသတင်းအရ စောင့်ဆိုင်းဖမ်းဆီးစဉ် သတင်းအချက်အလက်ပါ ဆိုင်ကယ်တစ်စီးလာ၍ ရပ်တန့်စစ်ဆေးရာ ဆိုင်ကယ်မောင်းနှင်လာသူမှာ မပပဝင်း(ခ)မရီရီဌေး(၂၃)နှစ်နှင့် ဆိုင်ကယ်နောက်စီးနင်းလာသူမှာ ဒေါ်ထိုက်ထိုက်(ခ)ဒေါ်ထိုက်ထိုက်တင်(၅၀)နှစ်တို့နှင့်အတူ ဆိုင်ကယ်ရှေ့ခြင်းအတွင်း နို့မှုန့်အိတ်ခွံဖြင့် ထည့်ထားသော ဖန်ပုလင်းအတွင်းမှ ဘိန်းဖြူဟုယူဆရသော အဖြူရောင်အမှုန့်(ဝဒသမ ၁) ဂရမ်အား တွေ့ရှိခဲ့ရသည်ဟုဆိုသည်။

ရဲတပ်ဖွဲ့ဝင်များက အဆိုပါအမျိုးသမီးနှစ်ဦးကို ရန်အောင်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးသို့ခေါ်ဆောင်ပြီး အခြားအမျိုးသမီး နှစ်ဦး၏ အကူအညီဖြင့် ခန္ဓာကိုယ် အန္တီစစ်ဆေးရာတွင် ဒေါ်ထိုက်ထိုက် (ခ) ဒေါ်ထိုက်ထိုက်တင်၌ မူးယစ်ဆေးဝါးမတွေ့ရဘဲ မပပဝင်း(ခ)မရီရီဌေး ဝတ်ဆင်ထားသော မိန်းမဝတ်အတွင်းခံဘောင်းဘီအတွင်း၌ လိပ်ထားသော နို့မှုန့်အိတ်ခွံဖြင့် ထည့်ထားသည့် ဖန်ပုလင်းအတွင်းမှ ဘိန်းဖြူဟုယူဆရသော အဖြူရောင်အမှုန့်(ဝဒသမ ၁)ဂရမ်အား ထပ်မံတွေ့ရှိခဲ့ရသည်ဟုဆို၏။

စစ်ဆေးပေါ်ပေါက်ချက်အရ မပပဝင်း(ခ)မရီရီဌေး၏ အစ်မတော်စပ်သူ မမူမူ(၃၄)နှစ်ခန့်၏ ဆက်သွယ်မှုအရ ဘိန်းဖြူဝယ်ယူသူအမည်မသိသူတစ်ဦးအား ဘိန်းဖြူတစ်ပုလင်းလျှင် ၁၅,၀၀၀ကျပ်ဖိုးဖြင့် နှစ်ပုလင်း ၃၀,၀၀၀ ကျပ်နှုန်းဖြင့် ပေးပို့ရန် စေခိုင်းသဖြင့် ထိုသူအား ရိုးမဘဏ်ရှေ့တွင် ချိန်းထားပြီး လာအပို့တွင် အဖမ်းခံရကြောင်းနှင့် အမေဖြစ်သူ ဒေါ်ထိုက်ထိုက် (ခ) ဒေါ်ထိုက်ထိုက်တင်အား အဖော်ခေါ်လာကြောင်း ပြောဆို၍ မမူမူအား လိုက်လံဖမ်းဆီးရာတွင် ထွက်ပြေးတိမ်းရှောင်နေကြောင်းသိရသည်။

### ကားအောက်ဝင်သွားသည့်အုန်းသီး ကောက်ရာမှ ဦးခေါင်းကို ကားကြိတ်ခံရ

**ခင်ဇာမွန်မြင့်**

**နွားထိုးကြီး၊ဇွန်-၅**

နွားထိုးကြီးရဲစခန်းအပိုင် ကံနှောင်းရွာအနီးတွင် မေ ၁၄ ရက် နံနက် ၈ နာရီ မိနစ်၃၀ခန့်က ‘ဝင်း’ အမြန်မော်တော်ယာဉ်ကြောင့် သေဆုံးရသော လူသေမှုတစ်မှုဖြစ်ပွားခဲ့သည်။

မြင်းခြံမြို့မှ မန္တလေးမြို့သို့ ထွက်ခွာလာသော ယာဉ်မောင်း ဗိုလ်ဟိန်း(၂၈)နှစ် မောင်းနှင်သည့် ‘ဝင်း’ အမြန်ခရီးသည်တင်ကားသည် ကံနှောင်းရွာအနီး မိုင်တိုင် ၁၀/၄ နှင့် ၅ ကြား၌ လူအတင်ချ၊ ပစ္စည်းအတင်အချပြုလုပ်ပြီး ကားပြန်အထွက်တွင် လက်သမားကန်ရွာသား ဦးပေါစံ (၄၄)နှစ်က ကားအောက် အုန်းသီးလိမ့်ဝင်သဖြင့် ဆင်းကောက်ခဲ့သည်။ ထိုစဉ်ကားအထွက်ကြောင့်ဦးခေါင်းကားကြိတ်ခံရကာ နေရာတွင်ပင် သေဆုံးမှုဖြစ်ခဲ့ပြီး နွားထိုးကြီးရဲစခန်းက (ပ) ၄၈/၂၀၁၂၊ ပုဒ်မ ၃၀၄(က) နှင့် အမှုဖွင့်ထားကြောင်း သိရသည်။

## ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ဗကသများအဖွဲ့ချုပ် မှတ်ပုံတင်ကိစ္စ ခေါ်တွေ့

**ခင်မြမ်းချမ်းစိုး**

**ရန်ကုန်၊**

**ဇွန် - ၆**

၂၀၁၂ ခုနှစ် ဇွန်လ ၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ရန်ကုန်တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးမှူးဒေါက်တာသန်းအောင်က ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် ကော်မတီဝင်များကို အသင်းအဖွဲ့ဆိုင်ရာ မှတ်ပုံတင်ကိစ္စဖြင့် ခေါ်ယူတွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

ဗကသ ဗဟိုကော်မတီဝင်များထံသို့ ဇွန်လ ၆ ရက်မွန်းလွဲတစ်နာရီတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တွေ့ဆုံရန် သက်ဆိုင်ရာ ရပ်ကွက်အသီးသီးမှဖိတ်ကြားစာများ ရောက်ရှိသောကြောင့် သွားရောက်တွေ့ဆုံခဲ့ခြင်းဖြစ်ကြောင်း ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် ဒုဥက္ကဋ္ဌကိုလင်းထက်နိုင်ကပြောကြားသည်။ ခေါ်ယူတွေ့ဆုံခြင်းမှာ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (ဗကသ)သည် ပါတီစုံအထွေထွေရွေးကောက်ပွဲကော်မရှင်နှင့် အသင်းအဖွဲ့မှတ်ပုံတင်ရုံးတို့တွင် မှတ်ပုံတင်ထားခြင်းမရှိသည့်အဖွဲ့အစည်းဖြစ်သည့်အတွက် မှတ်ပုံတင်ရန်အတွက် ခေါ်ယူတွေ့ဆုံခြင်းဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ အထွေထွေအုပ်ချုပ်ရေးမှူး ဒေါက်တာသန်းအောင်နှင့် ဒုညွှန်ကြားရေးမှူး ဦးမျိုးအောင်သိန်းတို့က ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသား သမဂ္ဂများအဖွဲ့ချုပ် မှဥက္ကဋ္ဌ ကိုကျော်ကိုကို အပါအဝင်ကျောင်းသား ၈ ဦးနှင့် ကျောင်းသားသမဂ္ဂဖြစ်မြောက်ရေး ကော်မတီ (ကသဖ) ဒုဥက္ကဋ္ဌ ကိုစည်သူမောင်တို့ကို ခေါ်ယူတွေ့ဆုံခဲ့သည်။

ကိုလင်းထက်နိုင်က “ကျွန်တော်တို့ဗကသဟာ အသင်းအဖွဲ့များဆိုင်ရာ ဥပဒေ ၆/၈၈၊ ပုဒ်မ (၂)၊ ပုဒ်မ (၅) တို့နဲ့ငြိတယ်လို့ ပြောပါတယ်။ ပုဒ်မ (၂) ကတော့ လူအစုအဝေးနဲ့ လုပ်တဲ့ အဖွဲ့အစည်းမျိုးက မှတ်ပုံတင်ထားခြင်း မရှိရင် စွဲချက်တင်လို့ရတယ်။ ပုဒ်မ (၅) ကတော့ ပြစ်ဒဏ်ငါးနှစ်အထိချလို့ရတယ်ဆိုတာကို ရှင်းပြပါတယ်။ ဗကသအနေနဲ့ မှတ်ပုံတင်မယ်ဆိုရင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကူညီပေးမယ်လို့ပြောပါတယ်” ဟု ပြောကြားသည်။



ယာဉ်ကြောကျပ်မှု ပိုဆိုးလာသည့်အတွက် လမ်းမကြီးများပေါ်တွင် ကားဟွန်းသံများ ပိုကြားလာရခြင်းဖြစ်သည်

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

## ကားဟွန်းတီးပါက ဒဏ်ကြေးနှင့်အတူ လိုင်စင် ခြောက်လပိတ်သိမ်းမည်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊**

**ဇွန်-၇**

ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာနယ်နိမိတ်အတွင်း ယာဉ်မောင်းများဟွန်းတီးပါကဒဏ်ကြေးနှင့်အတူ ယာဉ်မောင်းလိုင်စင် ၆ လပိတ်သိမ်းသွားမည်ဖြစ်ကြောင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့ မှူးရုံး ရဲမှူးထွန်းထွန်းဝေက ပြောသည်။

“ဟွန်းသံကင်းမဲ့ဇုန်ကိစ္စကို စီမံချက်နဲ့ ဆောင်ရွက်နေတယ်။ ထိရောက်တဲ့ အရေးယူမှုတွေလုပ်သွားဖို့ သတ်မှတ်ချက်တွေလည်း ထုတ်ပြန်ထားတယ်” ဟု အထက်ပါ ရဲမှူးက စီမံချက်နှင့်ပတ်သက်၍ ဆောင်ရွက်နေမှုကိုပြောသည်။

ဟွန်းတီးသည်ကို တွေ့ရှိပါက လိုင်စင်ပိတ်သိမ်းမည့်အပြင် ဒဏ်ကြေး ၂၁,၅၀၀ ကျပ်လည်း တပ်ရိုက်သွားမည်ဖြစ်ကြောင်း ယင်းက ပြောသည်။

ဇွန်လ ၁ ရက်မှစ၍ ဟွန်းသံကင်းမဲ့ဇုန်အဖြစ် သတ်မှတ်သွားမည်ဖြစ်ကြောင်းကိုလည်း နိုင်ငံပိုင်သတင်းစာများ၌ မေလ ၃၀ ရက်က ကြေညာချက် ထုတ်ပြန်ထားကြောင်း သိရသည်။

ယင်းကဲ့သို့ ဟွန်းသံကင်းမဲ့ဇုန် သတ်မှတ်ရန် ၂၀၀၄ ခုနှစ်ကတည်းက ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

“ဟွန်းသံကင်းမဲ့ဇုန်လုပ်ဖို့ ဆောင်ရွက်နေတယ်ဆိုပေမယ့် ဒီနောက်ပိုင်း ကားလမ်းတွေကပိုပိတ်လာတော့ ကားမောင်းတဲ့သူတွေက ဟွန်းတီးလာတာတောင် ပိုများလာတယ် ထင်တာပဲ။ ဟွန်းတီးတာ နည်းအောင် လမ်းကြောတွေလည်း ရှင်းဖို့လိုမယ်ထင်တယ်” ဟု တက္ကစီယာဉ်မောင်းတစ်ဦးက ပြောသည်။

## ဝေးလံခေါင်ဖျားဒေသရှိ မြန်မာနိုင်ငံသားများ မှတ်ပုံတင်ရရှိရေးစီမံချက်စတင်

**ယုဇနကိုကို**

**ရန်ကုန်၊**

**ဇွန် - ၇**

နိုင်ငံသားမှတ်ပုံတင်ရရှိရန် ခက်ခဲသည့် မြန်မာနိုင်ငံ၏ ဝေးလံခေါင်ဖျားသည့် ဒေသအသီးသီးတွင် နေထိုင်ကြသော မြန်မာနိုင်ငံသားများအတွက် မှတ်ပုံတင်ပြုလုပ်ပေးမည့် စီမံချက်တစ်ရပ်ကို ယခုလ ပထမပတ်မှ စတင်နေပြီဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ကြိုင်က 7Day News သို့ပြောသည်။

ယခုအစိုးရလက်ထက်တွင် ပထမဆုံးအကြိမ်ပြုလုပ်သည့်မိုးပွင့်အဆင့်(၃)အမည်ရှိယင်းစီမံချက်သည် နယ်စပ်ဒေသများ၌ နေထိုင်သည့် မြန်မာနိုင်ငံသားများအတွက်ပါဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အထက်ပါတာဝန်ရှိသူကပြောသည်။

အစိုးရအဆင့် စီမံချက်ဖြင့် ပြုလုပ်ပေးနေသည့် အဆိုပါ ဆောင်ရွက်မှုတွင် နိုင်ငံသားမှတ်ပုံတင်ပြုလုပ်ရန်အတွက် လိုအပ်မည့် ကုန်ကျစရိတ် အနည်းငယ်မျှကိုပင်ပေးချေရန်ခဲယဉ်းသော ကျေးလက်နေပြည်သူများအတွက် ကုန်ကျစရိတ် အချို့ကိုလည်း အလျဉ်းသင့်သလို ကူညီပေးသွားရန် ရှိနေကြောင်း အဆိုပါဝန်ကြီးဌာနမှသိရသည်။

“အရမ်းဝေးတဲ့နေရာတွေမှာ နေထိုင်တဲ့သူတွေအဖို့ ဓာတ်ပုံဖိုး၊ မိတ္တူဖိုးတောင် ခက်ခဲကြပါတယ်။ ဒါကြောင့် အဲ့ဒီလို ကုန်ကျစရိတ်တွေကို တတ်နိုင်သမျှ ကူညီပေးသွားဖို့ရှိပါတယ်”ဟု အထက်ပါဝန်ကြီးဌာန၏ လ. ဝ. ကဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းကပြောသည်။

စီမံချက်အဆင့်ဖြင့် ဆောင်ရွက်ပေးနေသည့် နိုင်ငံသားမှတ်ပုံတင်များ ပြုလုပ်ပေးနေခြင်းကို အစိုးရ ရုံးပိတ်ရက်များတွင်ပါ လိုက်လံပြုလုပ်သွားမည်ဖြစ်ပြီး စာရွက်စာတမ်းနှင့်အချက်အလက်ပြည့်စုံလျှင် ၂၈ ရက်အတွင်းရရှိအောင် ပြုလုပ်ပေးသွားမည်ဟု သတင်းရရှိသည်။

အဆိုပါဝန်ကြီးဌာနအနေဖြင့် နိုင်ငံသားမှတ်ပုံတင်ပြုလုပ်ပေးရေးကို မြို့ပေါ်ရပ်ကွက်များတွင် စီမံချက်ဖြင့် ဆက်တိုက်ပြုလုပ်ပေးခဲ့ခြင်းများရှိခဲ့သော်လည်း စာရွက်စာတမ်းမပြည့်စုံမှုကြောင့် နိုင်ငံသားမှတ်ပုံတင် မရရှိသေးသည့်သူများလည်း ကျန်ရှိနေသေးကြောင်း စုံစမ်းသိရသည်။

# ကျပ်တစ်သောင်းတန်ငွေစက္ကူက ပြည်တွင်းစီးပွားရေးကို ရိုက်ခတ်မှုနည်း

## မြန်မာငွေစက္ကူထုတ်ဝေမှုသမိုင်းတွင် တိရစ္ဆာန်ပုံများကိုသာ အသုံးပြုလာခြင်းကို ပြည်သူအများ ဝေဖန်

**ယုဇနကိုကို၊ မြတ်စုမွန်၊ သန်းဌေး**
**ရန်ကုန်၊ ဇွန်-၉**

အစိုးရက မကြာမီရက်ပိုင်းအတွင်း အသစ်ထုတ်ဝေတော့မည့် ကျပ်တစ်သောင်းတန် ငွေစက္ကူအသစ်သတင်းကြောင့် ပြည်တွင်းစီးပွားရေးဈေးကွက်အတွင်းသိသိသာသာ ပြောင်းလဲခြင်းများဖြစ်ပေါ်လာခြင်းရှိမည်မဟုတ်ကြောင်း စီးပွားရေးပညာရှင်အချို့က သုံးသပ်ပြောဆိုကြသည်။

ယခုလ ၆ ရက် ညနေ ၆ နာရီတွင် နိုင်ငံပိုင်ရုပ်သံမီဒီယာများမှတစ်ဆင့် တရားဝင်ကြေညာခဲ့သည့် အဆိုပါ ငွေစက္ကူသစ်သတင်းကြောင့်ယင်းနေ့ညနေပိုင်းမှ ယနေ့အချိန်ထိ ပြည်တွင်းရွှေဈေးကွက်နှင့်နိုင်ငံခြားငွေလဲလှယ်နှုန်းတွင် ပြောင်းလဲမှုအနည်းငယ်သာဖြစ်ပေါ်ခဲ့ကြောင်း စုံစမ်းသိရှိရသည်။

ဇွန်လ ၆ ရက် ညနေပိုင်းက ကျပ်ခုနစ်သိန်းတစ်သောင်းတစ်ထောင်ရှိခဲ့သည့် ရွှေဈေးမှာ ငွေစက္ကူသစ်သတင်း ထွက်ပေါ်ပြီးချိန်တွင် ကျပ်ခုနစ်သိန်းနှစ်သောင်းကျော်အထိသာဖြစ်ခဲ့သည်။

ထို့အတူ ဒေါ်လာဈေးကွက်တွင်လည်း တစ်ဒေါ်လာလျှင် ၈၄၂ ကျပ်ဝန်းကျင်ရှိရာမှ ယနေ့ပေါက်ဈေးသည် ၈၄၁ ကျပ်သို့ ကျဆင်းလာသည်။

ထို့ကြောင့် ပြည်တွင်း၏ ငွေစက္ကူဈေးကွက်တွင် တန်ဖိုးအမြင့်ဆုံးဖြစ်လာမည့် ကျပ်တစ်သောင်းတန် ငွေစက္ကူသစ်နှင့်ပတ်သက်ပြီး စီးပွားရေးပညာရှင် ဒေါက်တာခင်မောင်ညို(ဘောဂဗေဒ)က "တစ်သောင်းကျပ်တန်ထွက်လာလို့ငွေဖောင်းပွမှုမဖြစ်လာနိုင်ဘူးလို့ထင်ပါတယ်။ ကျပ်ငါးထောင်တန်တုန်းကလည်း ဒီလိုထင်ထားခဲ့ပြီး တကယ်တမ်းငွေဖောင်းပွမှုကမဖြစ်ခဲ့ဘူး။ ပြီးတော့ တစ်သောင်းကျပ်တန်က သာမာန်အခြေခံလူတန်းစားတွေလက်ထဲကိုတော့ ရောက်ရှိဖို့ကြာဦးမယ်လို့ထင်တယ်" ဟု သုံးသပ်ပြောကြားသည်။

ယခုလက်ရှိအချိန်တွင်ပြည်တွင်း၏ အထွေထွေကုန်ပစ္စည်းများရှိ ဈေးနှုန်းတက်နေသည့်နှုန်းသည် ဆယ်ဂဏန်းအောက်တွင်သာရှိနေပြီး မော်တော်ယာဉ်ကဲ့သို့ဈေးနှုန်းများနှင့် လယ်ယာထွက် ကုန်ဈေးနှုန်းများ ကျဆင်းနေသောအချိန်ဖြစ်သောကြောင့် တစ်သောင်းကျပ်တန်၏ နောက်ဆက်တွဲဂယက်ရိုက်ခတ်မှုမှာ နည်းပါးနိုင်ခြေရှိကြောင်း အထက်ပါစီးပွားရေးပညာရှင်က ဆက်လက်သုံးသပ်ပြောကြားသည်။

ယခုလ ၁၅ ရက်တွင် စတင်ထွက်ရှိလာတော့မည့် ကျပ်တစ်သောင်းတန်ငွေစက္ကူသစ်၏ ထင်ရှားသောအရောင်မှာအပြာရောင်ဖြစ်ပြီး အရွယ်အစားမှာ လက်ရှိကျပ်တစ်ထောင်တန်အသေးနှင့် ကျပ်ငါးထောင်တန်တို့၏ အရွယ်အစားများနှင့် တူညီသည်။



ထင်ရှားသည့်သင်္ကေတများအဖြစ် ဆင်ဖြူနှစ်ကောင်၊ သပြေခက်နှစ်ခက်၊ ကြာပွင့်အဖြူတစ်ပွင့်နှင့် မြန်မာပြည်မြေပုံတို့မှာ အရှေ့မျက်နှာစာတွင်ရိုက်နှိပ်ထားပြီး နောက်ကျောဘက်တွင်မူ မန္တလေးနန်းတော်နှင့် ကျုံးမြို့ရိုးတို့ကို ရိုက်နှိပ်ထားသည်။

ယခုလ ၃ ရက်တွင် သုဝဏ္ဏတွင် ကျင်းပပြုလုပ်ခဲ့သည့်ပြည်သူ့ဒီမိုကရေစီပါတီနှင့် လူထုတွေ့ဆုံပွဲ၌ လူထုက ပြည်တွင်းထုတ်ငွေစက္ကူများကိုနိုင်ငံ့ခေါင်းဆောင်များ၏ ရုပ်ပုံများနှင့်သာ ထုတ်ဝေရန် တောင်းဆိုခဲ့သည်။

သို့သော်ပြီးခဲ့သည့်နှစ်လွှတ်တော်တွင် လွှတ်တော်အမတ်တစ်ဦးက အစိုးရထုတ်ငွေစက္ကူများကို နိုင်ငံခေါင်းဆောင်များ၏ ရုပ်ပုံများဖြင့် ထုတ်ဝေရန်အဆိုတင်သွင်းခဲ့မှုကို သက်ဆိုင်ရာဝန်ကြီးက အစီအစဉ်မရှိပါကြောင်း ဖြေကြားခဲ့ပြီးဖြစ်သည်။

မြန်မာငွေစက္ကူထုတ်လုပ်မှုသမိုင်းတွင် ၁၉၉၀ ခုနှစ်တွင် တစ်ကျပ်တန်ငွေစက္ကူကို ဗိုလ်ချုပ်အောင်ဆန်းပုံနှင့် နဂါးသစ်ထွင်းပန်းပုပုံဖြင့်လည်းကောင်း၊ စောင်းကောက်ပုံပါပြားငါးဆယ်၊ ခြင်္သေ့နှင့် ရန်ကုန်ပြည်သူ့ရင်ပြင်ပုံပါ ၂၀ ကျပ်တန်ငွေစက္ကူ၊ ခြင်္သေ့နှင့် ရိုးရာလက်မှုပညာရှင်ပုံပါ တစ်ရာကျပ်တန်နှင့် ခြင်္သေ့နှင့်ပန်းပုပညာရှင်ပုံပါ ၅၀၀ ကျပ်တန်တို့ကို ၁၉၉၄ ခုနှစ်တွင်လည်းကောင်း၊ ၁၉၉၆ခုနှစ်တွင်ခြင်္သေ့နှင့်ရန်ကုန်မြို့ ကန်တော်ကြီးလှေပြိုင်ပွဲပုံပါ တစ်ကျပ်တန်ကိုလည်းကောင်း အသီးသီးရိုက်နှိပ်ခဲ့သည်။

ထို့အပြင် ၁၉၉၇ခုနှစ်တွင် ခြင်္သေ့နှင့်ခြင်းဝိုင်းပုံပါငါးကျပ်တန်၊ ခြင်္သေ့နှင့်ကရဝိက်ဖောင်ပုံပါတစ်ဆယ်ကျပ်တန်၊ ခြင်္သေ့နှင့် ရိုးရာလက်မှုပညာရှင်ပုံပါငါးဆယ်ကျပ်တန်ကိုလည်းကောင်း၊ ၁၉၉၈ တွင် ခြင်္သေ့နှင့် သစ်ဆွဲဆင်ပုံပါ ၂၀၀ ကျပ်တန်၊ ဆိုက်ကြီးခြင်္သေ့နှင့်ဗဟိုဘဏ်အဆောက်အဦပုံပါတစ်ထောင်ကျပ်တန်ကိုလည်းကောင်း

စာ(၁၂)သို့



7 DAY NEWS JOURNAL
Vol.11, No.14 ▪ JUNE 14 , 2012

# အထည်ချုပ်စက်ရုံဝန်ထမ်းတစ်ဦး၏ အခြေခံလစာ တစ်ရက် ကျပ်တစ်ထောင်သတ်မှတ်လိုက်ဟုဆို

**ပြည်သိမ်း၊ အောင်သူရ**

**ရန်ကုန်၊ ဇွန် - ၁၀**

အထည်ချုပ်စက်ရုံများမှ ဝန်ထမ်းတစ်ဦးကို အခြေခံလစာတစ်ရက်လျှင် ကျပ်၁,၀၀၀အနည်းဆုံး သတ်မှတ်လိုက်ကြောင်း အထည်ချုပ်လုပ်ငန်းရှင်များအသင်းမှ သတင်းရရှိသည်။

ယင်းလစာနှုန်းထား သတ်မှတ်ချက်မှာ ဇွန်လ ၁ ရက်မှ စတင်၍ အကျုံးဝင်မည်ဖြစ်သည်။ ထို့အပြင် လစာနှင့် ဆက်စပ်နေသည့် အခြားသောအချက်လေးချက်လည်းပါဝင်သည်။ ယင်းတို့မှာ အချိန်ပိုကြေးအဖြစ်တစ်နာရီ ၂၇၃ ကျပ်၊ ရက်မှန်ကြေး တစ်လ ကျပ် ၃၀၀၀၊ ရှားပါးစရိတ် တစ်ရက် ကျပ်၁၀၀နှင့် စက်ချုပ်သမားများအတွက် လုပ်ရည်ကိုင်ရည်ဆုတို့ဖြစ်ကြသည်။

"တချို့စက်ရုံတွေက အထည်ကြေးနဲ့ပေးတယ်"ဟု အထည်ချုပ်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

ထို့အပြင် အထည်ချုပ်အလုပ်သမားများ၏ အလုပ်ချိန်ကို တစ်ပတ်လျှင် ၄၄ နာရီသတ်မှတ်ထားပြီး အချိန်ပိုအလုပ်ချိန်ကိုတစ်ပတ်လျှင် ၂၂ နာရီသတ်မှတ်ထားကြောင်းသိရသည်။

စက်မှုဇုန်များတွင် မေလဆန်းမှစတင်၍ အခြေခံလုပ်ခလစာတိုးမြှင့်ရရှိရေး၊ လုပ်ငန်းခွင်အခြေအနေတိုးမြှင့်ရရှိရေးတို့အတွက် ဆန္ဒပြပွဲများစတင်ခဲ့သည်။ ယင်းသို့ ဆန္ဒပြသည့်စက်ရုံများတွင် အထည်ချုပ်စက်ရုံများသည် အများစုဖြစ်သည်။



**လှိုင်သာယာစက်မှုဇုန်၁မှ အထည်ချုပ်စက်ရုံတစ်ခုတွင် လုပ်ခလစာတိုးပေးရေးအတွက် ဆန္ဒပြတောင်းဆိုနေစဉ်** ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)


TRADEMARK CAUTION

HUU LIEN A CHAU JOINT STOCK CO., LTD a Company incorporated in Vietnam at KE A2/7 Tan Kien street, Binh Loi, Tan Tao A Ward, Binh Tan District Hochiminh city, Vietnam is the Owner and Sole Proprietor of the following Trademarks:-




Reg: 4/4250/2005
In respect of : "Black Steel Pipes, Steel Beam Pipes, Stainless Steel Pipes"




Reg: 4/5364/2008
In respect of : "Steel pipes, Stainless steel pipes, C Channel, V Channel, international class 6."

Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.

U Myint Lwin, Advocate, LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myintadvocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 14.June.2012



**မွန်မြတ်ဆေးခန်း** မီသားစုဘဝ၊ ကျန်းမာသုခ၊ မွန်မြတ်ဆေးခန်း၊ အမှန်ယုံကြည်ရ

**ဆေးခန်းသုံး တိုင်းရင်းဆေးများသာ**

**ရန်ကုန်/မော်လမြိုင်**

**လိပ်ခေါင်းရောဂါကုသခြင်း**
- ဆေးကုသချိန်(၁၅)မိနစ်သာကြာပြီး နာကျင်မှုမရှိပါ။
- ဆေးရုံတက်ရန်နှင့် ခွဲစိတ်ရန်မလိုသည့် နောက်ဆုံးပေါ်ဆေးကို အသုံးပြုကုသမှုဖြစ်ပါသည်။

**သွေးတိုးနှင့်ဆက်နွယ်သောနလုံးရောဂါ၊ သွေးထဲအဆီများသူများ ကုသခြင်း**
- (၁)ရက်တစ်ကြိမ်သောက်သုံးခြင်းဖြင့် သွေးဖိအားကို (၂၄)နာရီတည်ငြိမ်အောင် ထိန်းထားပေးနိုင်သည်။
- (၇)ရက်သောက်သုံးပါက ခေါင်းမူး၊ ခေါင်းကိုက်ခြင်း၊ နားအူခြင်း၊ နားလေထွက်ခြင်း၊ မူးမော်ခြင်း၊ စိတ်ဆိုးလွယ်ခြင်း စသည့်ရောဂါလက္ခဏာများကို ဖယ်ရှားပေးသည်။
- (၆)လသောက်သုံးပါက နှလုံးနှင့်ဦးနှောက်သွေးကြောရောဂါ ပြဿနာများကို ဖြေရှင်းတားဆီးကာကွယ်ပေးပါသည်။

**ဆီးချို၊ သွေးချိုရောဂါကုသခြင်း**
- တစ်ကြိမ်လျှင် (တစ်လုံးမှ သုံးလုံး) တစ်နေ့တစ်ကြိမ်မှ နှစ်ကြိမ်သာသောက်သုံးရန်လိုအပ်ပြီး၊ အစားအသောက်အထူးရှောင်ရန်မလို၊ ပုံမှန်စားသောက်နိုင်ပါသည်။
- ဝေဒနာရှင်များသည် အခြေခံအားဖြင့် ဆေးကို (၆)လခန့်သောက်ပြီး လိုအပ်လျှင်အနိမ့်ဆုံးပမာဏကိုသာသောက်၍ ဆီးချို၊ သွေးချိုနှင့် နောက်ဆက်တွဲရောဂါများကိုကာကွယ်နိုင်ပါသည်။

လိပ်စာ-အမှတ်(၅၅)၊ ဘုန်းကြီးလမ်း(အလယ်)၊လမ်းမတော်မြို့နယ် ၊ ရန်ကုန်မြို့ ဖုန်း-၀၁ ၂၂၅၃၃၂၊ ၀၉ ၇၃၁ ၇၁၀၃၃
အမှတ်-၁၈၇(A)၊ အောက်လမ်းမကြီး၊ ရွှေတောင်ရပ်၊ မော်လမြိုင်။ ဖုန်း-၀၉ ၄၀၁ ၅၈၅၉၄၅



**ခိုင်ခိုင်ကျော် မြန်မာထမင်းဆိုင်**
**တက္ကသိုလ်ရိပ်သာလမ်း (ဆိုင်ခွဲ) ကို**
**စားသုံးသူများ ပိုမိုအဆင်ပြေစေရန်**
**ပြည်လမ်း၊(၅-မိုင်ခွဲ)သို့ ပြောင်းရွှေ့ဖွင့်လှစ်ထားပါသည်။**



**၃မိနစ်ဘဲဆက်မောင်းပါ**




ပါရမီဆိုင်ခွဲ - အမှတ်(၄၂/က)၊ ပါရမီလမ်းနှင့်ဝေဇယန္တာလမ်းထောင့်၊ ပါရမီဂုံးကျော်တံတားကြီးအနီး။
ပြည်လမ်းဆိုင်ခွဲ - အမှတ်(၆၁၇/အေ)၊ ၅-မိုင်ခွဲ၊ ကမ္ဘောဇဘဏ်ဘေး၊ သုခကမ္ဘာဆေးရုံအဝင်းလမ်း၊ ပြည်လမ်း၊ ရန်ကုန်။
ဖုန်း ၀၉-၇၃၀၀၆၄၂၂ ၊ ၀၉-၄၃၁၃၆၆၉ ၊ ၀၉-၅၁၅၉၀၈၄ ၊ ၀၉-၇၃၀၀၀၇၀၇ ၊ ၀၉-၄၂၀၀၆၀၅၅ ၊ ၀၁-၅၂၄၂၀၈
ဂန္ဓမာဆိုင်ခွဲ - Gandamar Wholesale ၊ (တောင်ဥက္ကလာဂေါက်ကွင်းအနီး)။


# ဇိုမီးအမျိုးသားကွန်ကရက်အား ကော်မရှင်က မှတ်ပုံတင် ပြန်လည် လျှောက်ထားရန် ခွင့်ပြုပြန်

**မြတ်စုမွန်**

**ရန်ကုန်၊ ဇွန်-၅**

ဇိုမီးအမျိုးသားများသည် တိုင်းရင်းသားလူမျိုးစုအမည်တစ်ခုဖြစ်ကြောင်း ပြန်လည်လက်ခံသည်ဟု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အကြောင်းကြားလာသဖြင့် ဇိုမီးအမျိုးသားကွန်ကရက်က တတိယအကြိမ်မြောက် ပြန်လည်မှတ်ပုံတင် လျှောက်လိုက်ကြောင်း ယင်းပါတီ၏ဥက္ကဋ္ဌ ဦးပုကျင့်ရှင်းထန်က ပြောသည်။

"ဇိုမီးဆိုတာကို လက်ခံတယ်လို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဖုန်းဆက်တယ်။ ဟုတ်ပါ့မလားဆိုပြီး အခုပါတီမှတ်ပုံတင်ထပ်တင်ကြည့်တာပါ။ လက်ခံထားလိုက်ပါတယ်။ မကြေညာသေးဘူး။ ဒီအပတ်ထဲမှာတော့ အဖြေပေးမယ်ထင်ပါတယ်"ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ပါတီတည်ထောင်ခွင့်ပြန်လည်ကျလာပါက ရန်ကုန်၊ မန္တလေး၊ ကလေး၊ တီးတိန်၊ တွန်းဇံ၊ ဟားခါးနှင့် တမူးမြို့များတွင် ပါတီရုံးခွဲများ ဆက်လက်ဖွင့်လှစ်သွားရန် စီစဉ်ထားကြောင်း ဦးပုကျင့်ရှင်းထန်က ပြောသည်။

ဇိုမီး အမျိုးသားကွန်ကရက်တွင် ဇိုမီးသည် တိုင်းရင်းသားမျိုးနွယ်စုတွင် မပါဝင်သည့်အတွက် အမည်ပြန်ပြောင်းလဲတင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အကြောင်းကြားထားပြီး ယခုပြန်လည်ဆွေးနွေးသုံးသပ်ကာ လက်ခံခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

ဇိုမီး အမျိုးသားကွန်ကရက်သည် ၁၉၈၉ တွင် စတင်တည်ထောင်ခဲ့သည့် ပါတီတစ်ခုဖြစ်ပြီး ၁၉၉၀ ရွေးကောက်ပွဲတွင် လွှတ်တော်အမတ် နှစ်နေရာအနိုင်ရရှိထားသည့် ချင်းမျိုးနွယ်စုတိုင်းရင်းသားပါတီတစ်ခုဖြစ်သည်။

ထို့ပြင် ၁၉၉၀ ရွေးကောက်ပွဲ အနိုင်ရတိုင်းရင်းသားပါတီအများစုနှင့် ဖွဲ့စည်းထားသည့် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ (CRPP) အဖွဲ့ဝင်ပါတီတစ်ခုလည်း ဖြစ်သည်။

# ကေအင်န်ယူနှင့်ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့ နှစ်ဖက်စစ်သည်တော်ကျင့်ဝတ်ဆိုင်ရာဆွေးနွေးမည်

**အောင်သူရ**

**ရန်ကုန်၊ ဇွန် - ၆**

ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲထားသော ကရင်အမျိုးသားအစည်းအရုံး(KNU)နှင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့ ဇွန်လအတွင်း ကရင်ပြည်နယ် ဘားအံမြို့၌ ထပ်မံတွေ့ဆုံမည်ဟုသတင်းရရှိသည်။

"Code of Conduct (စစ်သည်တော်ကျင့်ဝတ်)နဲ့ပတ်သက်ပြီး ဆွေးနွေးဖို့ရှိတယ်။ စစ်မြေပြင် စည်းကမ်းတွေ တစ်ဖက်နဲ့တစ်ဖက် လိုက်နာရမယ့်စည်းကမ်းတွေဆွေးနွေးဖို့ရှိပါတယ်"ဟု ငြိမ်းချမ်းရေးဖော်ဆောင်ရေးကော်မတီဒုဥက္ကဋ္ဌ ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ပြည်ထောင်စု ဦးအောင်မင်းကပြောကြား သည်။

ဧပြီလ ၆ ရက် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်တွင်ပြုလုပ်သောဆွေးနွေးပွဲ၌ပြည်သူလူထုဘဝလုံခြုံမှုကိုအာမခံပေးနိုင်ရန်အတွက် နှစ်ဖက်လိုက်နာရမည့် အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ကျင့်ဝတ်စည်းကမ်းများ(Code of Conuct) ကို ပေါင်းစပ်ညှိနှိုင်း ချမှတ်ပြီး အကောင်အထည်ဖော်လုပ်ဆောင်သွားမည်ဟု သဘောတူလက်ခံခဲ့သည်။

လက်ရှိအခြေအနေတွင် ကေအင်န်ယူနှင့်မြန်မာတပ်မတော်တို့ကြား တိုက်ပွဲများဖြစ်ပွားမှုမရှိတော့သော်လည်း ကေအင်န်ယူနယ်မြေအတွင်းရှိ အိမ်ခြေမဲ့သူများ နေရာချထားရေးနှင့် အစားအစာအတွက် အရေးတကြီးလို အပ်နေသည်။

ပြီးခဲ့သည့် မေလကုန်ပိုင်းက ကေအင်န်ယူ တပ်မဟာ-၃ နယ်မြေလက်အောက်ခံ ကျောက်ကြီး ဒေသရှိ အိမ်ခြေမဲ့ပြည်သူ ၃၃ ဦးအား နိုင်ငံသားသက်သေခံလက်မှတ်ထုတ်ပေးခဲ့သည်။

ထိုအိမ်ခြေမဲ့ပြည်သူများ ပြန်လည်ထူထောင်ရေးအတွက် နော်ဝေနိုင်ငံမှ အမေရိကန်ဒေါ်လာငါးသန်းကူညီမည်ဟု နော်ဝေနိုင်ငံခြားရေး ဒုတိယဝန်ကြီးကပြောကြားသည်။

7 DAY NEWS JOURNAL
Vol.11, No.14 • JUNE 14 , 2012


# ဒေါ်အောင်ဆန်းစုကြည်၏ ၁၇ရက်ကြာ ဥရောပခရီးစဉ် ဇွန်၁၃တွင် စတင်မည်

**အေးမြကျော်၊ အိမြူလွင်**
**ရန်ကုန်၊**
**ဇွန်-၇**

ဒေါ်အောင်ဆန်းစုကြည်၏ နှစ်ပေါင်း ၂၀ကျော်အတွင်းသွားရောက်သည့် ဒုတိယအကြိမ်နိုင်ငံခြားခရီးစဉ်အဖြစ် ဥရောပရှိ နိုင်ငံ ၅ နိုင်ငံသို့ ၁၇ ရက်ကြာ သွားရောက်မည်ဖြစ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်က ဇွန်လ ၆ ရက်တွင်ပြုလုပ်သော သူမ၏ ခရီးစဉ်များနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်၏ ဥရောပခရီးစဉ်အသေးစိတ်ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဇွန်လ ၁၀ ရက်က ထပ်မံထုတ်ပြန်ခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်၏ခရီးစဉ်တွင် ဆွစ်ဇာလန်၊ နော်ဝေ၊ အိုင်ယာလန်၊ ဗြိတိန်နှင့် ပြင်သစ်နိုင်ငံ ၅ နိုင်ငံသို့ ဆက်တိုက်သွားရောက်မည်ဖြစ်သည်။

သူမ၏ ဥရောပခရီးစဉ်တွင် ပထမဆုံးနိုင်ငံအဖြစ် ဆွစ်ဇာလန်နိုင်ငံ ဂျနီဗာမြို့သို့ သွားရောက်မည်ဖြစ်ပြီး ထိုမြို့၌ ကျင်းပမည့် ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ်ညီလာခံတွင် မိန့်ခွန်းပြောကြားရန်ရှိသည်ဟု ဒေါ်အောင်ဆန်းစုကြည်က ပြောကြားသည်။

ဆွစ်ဇာလန်နိုင်ငံမှတစ်ဆင့် နော်ဝေနိုင်ငံ အော်စလိုမြို့သို့သွားရောက်မည်ဖြစ်ပြီး ငြိမ်းချမ်းရေးနိုဗယ်ဆုကို ကိုယ်တိုင်လက်ခံရယူသွားမည်ဖြစ်သည်။ ထိုမှတစ်ဆင့် အိုင်ယာလန်နိုင်ငံ၊ ဒပ်ဗလင်မြို့တွင် U2 တေးဂီတအဖွဲ့၏ ဖျော်ဖြေပွဲနှင့် အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှ ချီးမြှင့်သော Ambassador of conscience ဆုကိုလက်ခံသွားမည်ဖြစ်ကြောင်း ခရီးစဉ်အသေးစိတ်ထုတ်ပြန်ချက်မှ သိရသည်။

ဒပ်ဗလင်မြို့မှတစ်ဆင့် ဗြိတိန်နိုင်ငံသို့ သွားရောက်မည်ဖြစ်သည်။

ဗြိတိန်နိုင်ငံသည် သူမ၏ သားအငယ် ကိုထိန်လင်းနေထိုင်ရာနိုင်ငံလည်းဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်သည် ဗြိတိန်နိုင်ငံတွင် ဗြိတိသျှပါလီမန်နှစ်ရပ်၌မိန့်ခွန်းပြောကြားမည်ဖြစ်သည်။ ဗြိတိန်နိုင်ငံတွင် ရက်သတ္တတစ်ပတ်ကြာနေထိုင်ပြီးနောက် ပြင်သစ်နိုင်ငံသို့ သွားရောက်မည်ဖြစ်သည်။



**ဇွန်လ၆ရက်က ပြုလုပ်သောသတင်းစာရှင်းလင်းပွဲတွင်တွေ့ရသော ဒေါ်အောင်ဆန်းစုကြည်** ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

လာမည့်ဇွန်လ ၁၉ ရက်သည် ဒေါ်အောင်ဆန်းစုကြည်၏ ၆၇ နှစ်မြောက်မွေးနေ့ဖြစ်ပြီး သူမ၏မွေးနေ့တွင်နော်ဝေ(သို့မဟုတ်) ဗြိတိန်နိုင်ငံတွင် ရောက်ရှိနေမည်ဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်သည် နှစ်ပေါင်း ၂၄ နှစ်အတွင်း ပထမဆုံး နိုင်ငံခြားခရီးစဉ်အဖြစ် အိမ်နီးချင်းထိုင်းနိုင်ငံသို့ ကမ္ဘာ့စီးပွားရေးဖိုရမ်တက်ရောက်ရန် မေလ ၂၉ ရက်တွင် သွားရောက်ခဲ့ပြီး ဇွန်လ ၃ ရက်တွင် မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိခဲ့သည်။

## မူဆယ်တွင် ဗုံးငါးလုံး ဆက်တိုက်ပေါက်ကွဲ

**အောင်သူရ**
**ရန်ကုန်၊ ဇွန် - ၁၀**

မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးမြို့ဖြစ်သော မူဆယ်မြို့တွင် ဇွန်လ ၉ ရက်ညသန်းခေါင်ယံအချိန်တွင် ဗုံးငါးလုံးဆက်တိုက် ပေါက်ကွဲခဲ့ကြောင်း ဒေသခံများထံမှ သတင်းရရှိသည်။

စတင်ပေါက်ကွဲသောနေရာမှာစွမ်စော်ရပ်ကွက်အမှိုက်ပုံးတွင်ဖြစ်ပြီး မြို့ပတ်လမ်းကားလေးကွင်း ရဲစခန်းတိုက်ခန်းရှေ့၊ မူဆယ်ရဲစခန်းရှေ့လမ်းလယ်ကျွန်း၊ ငွေလှိုင်းလက်ဖက်ရည်ဆိုင်ရှေ့နှင့် ကံ့ကော်လမ်းခွဲ အမှိုက်ကန်တို့တွင်ဖြစ်သည်ဟု သတင်းရရှိသည်။

မူဆယ်မြို့တွင်ယခင်ကဗုံးပေါက်ကွဲမှုများရှိခဲ့သော်လည်း ယခုကဲ့သို့ ဗုံးငါးလုံးဆက်တိုက်ပေါက်ကွဲမှုတစ်ခါမှ မဖြစ်ဘူးကြောင်း မူဆယ်ဒေသခံကုန်သည်တစ်ဦးကပြောသည်။

"အသံဗုံးလို့ထင်တယ်။ တအားအသံကျယ်တယ်။ လူအသေအပျောက်တော့ မရှိဘူး။ မြေကြီးချိုင့်သွားတာလောက်ပဲဖြစ်တယ်" ဟုမူဆယ်ဒေသခံကုန်သည်တစ်ဦးကပြောသည်။

ပြီးခဲ့သည့် မေလကုန်ပိုင်းက မူဆယ်လားရှိုးလမ်းမပေါ်တွင်ကုန်ကားသုံးစီးအား လက်နက်ကိုင်တပ်ဖွဲ့မှ ဖောက်ခွဲခဲ့သဖြင့် ကုန်ကားများ ယခုအချိန်ထိ ညမထွက်ရဲဖြစ်နေကြသည်။

ထို့အပြင်ဧပြီလဆန်းပိုင်းကလည်းမူဆယ်ဒေသရှိစစ်ဆေးရေးဂိတ်တစ်ခုတွင် ဗုံးတစ်လုံးပေါက်ကွဲခဲ့သဖြင့် လဝကအရာရှိတစ်ဦး သေဆုံးခဲ့သည်။



## ၂၀၁၂ ဇွန် ၁၃ မှ ၁၉ ရက်ထိ
## မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်မုန်တိုင်းအခြေအနေ**

ယခုရက်သတ္တပတ်အတွင်း ဘင်္ဂလားပင်လယ်အော်မှာ မုန်တိုင်းငယ်တစ်ခုဖြစ်လာရန် အခြေအနေ ဆက်လက်လျော့နည်းနေနိုင်ပါတယ်။ အနောက်တောင်မုတ်သုံလေဟာ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်း၊ အရှေ့အလယ်ပိုင်းနဲ့ ကပ္ပလီပင်လယ်ပြင်မှာ အားကောင်းနိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်မှာ အားအနည်းငယ်မှ အသင့်အတင့်သာ ရှိနိုင်ပါတယ်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နဲ့ ကမ်းလွန်ပင်လယ်ပြင်တွေမှာ လှိုင်းအနည်းငယ်(၄ ပေခန့်) ဧရာဝတီကမ်းရိုးတန်းနဲ့ ကမ်းလွန်ပင်လယ်ပြင်မှာ လှိုင်းအသင့်အတင့် (၅ ပေခန့်)ရှိနိုင်ပြီး မွန်၊ တနင်္သာရီကမ်းရိုးတန်းနဲ့ ကမ်းလွန်ပင်လယ်ပြင်မှာ လှိုင်းအမြင့် (၆ ပေမှ ၇ ပေခန့်) ရှိနိုင်ပါတယ်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

မိုးလေဝသဂြိုဟ်တုမှ တိုင်းတာချက်အရပြီးခဲ့တဲ့ မေလ(၃၁)ရက်မှ မေလ(၆)ရက်နေ့အထိ ရက်သတ္တတစ်ပတ်အတွင်းမှာ ကမ်းရိုးတန်းဒေသများဖြစ်တဲ့ ရခိုင်ပြည်နယ်မြောက်ပိုင်း၊ ချင်းပြည်နယ်တောင်ပိုင်းနဲ့ ဧရာဝတီတိုင်းအနောက်ပိုင်းတို့မှာ မိုးရေချိန် အများဆုံးရရှိခဲ့ပြီး (၄)လက်မမှ (၁၀)လက်မခန့်၊ ချင်းပြည်နယ်မြောက်ပိုင်း၊ ဧရာဝတီတိုင်းအရှေ့ပိုင်း၊ တနင်္သာရီတိုင်းတို့မှာ (၄)လက်မမှ (၆)လက်မခန့်ရှိခဲ့ပါတယ်။ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်း၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းတို့မှာ မိုးရေချိန် (၂) လက်မမှ (၄) လက်မအထိ ရှိခဲ့ပါတယ်။ ကျန်ဒေသများမှာတော့ မိုးရေချိန် (၀ ဒသမ ၈) လက်မမှ (၂)လက်မအထိ ရှိခဲ့ပါတယ်။

**မိုးရွာသွန်းနိုင်မှုခန့်မှန်းချက်**

ခန့်မှန်းကာလအတွင်း ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်း၊ မွန်ပြည်နယ်နဲ့ တနင်္သာရီတိုင်းတောင်ပိုင်းတို့မှာ ရွာသွန်းမြဲထက် ပိုနိုင်ပါတယ်။ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ပဲခူးတိုင်း မြောက်ပိုင်း၊ မန္တလေးတိုင်းတောင်ပိုင်းတွေမှာ ရွာသွန်းမြဲအောက် လျော့နည်းနိုင်ပါတယ်။ ကျန်ဒေသတွေမှာတော့ ရွာသွန်းမြဲခန့်ရှိနိုင်ပါတယ်။ ဧရာဝတီတိုင်းနဲ့ ရန်ကုန်တိုင်းတို့မှာ နေရာကွက်ပြီး မိုးကြီးနိုင်ပါတယ်။

**မိုးတိမ်တောင်များဖြစ်ပေါ်နိုင်မှုအခြေအနေ**

အများအားဖြင့် တစ်ပြည်လုံးမှာ ထစ်ချုန်းမည့် အခြေအနေများ တဖြည်းဖြည်း လျော့နည်းလာနိုင်ပါတယ်။ မကွေးတိုင်းမြောက်ပိုင်း၊ ချင်းပြည်နယ်တောင်ပိုင်း၊ ရှမ်းပြည်နယ်အနောက်မြောက်ပိုင်းတွေမှာ မိုးတိမ်တောင်များဖြစ်ပေါ်ဖို့ အလားအလာအများဆုံးဖြစ်နိုင်ပါတယ်။

**နေ့အပူချိန်များအခြေအနေ**

စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်အရှေ့မြောက်ပိုင်း၊ ဧရာဝတီတိုင်းတောင်ပိုင်းနဲ့ ရန်ကုန်တိုင်းတို့မှာ အပူရှိန် လျော့နည်း နိုင်ပါတယ်။ တနင်္သာရီတိုင်း၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ တနင်္သာရီတိုင်းတို့မှာ အပူရှိန် မြင့်မားနိုင်ပါတယ်။ ကျန်ဒေသများမှာတော့ ပုံမှန် အပူရှိန်ခန့်သာ ရှိနိုင်ပါတယ်။

**မြစ်ရေအခြေအနေ**

မြန်မာနိုင်ငံတစ်ဝန်းရှိ မြစ်တို့တွင် လက်ရှိ ရေအမှတ်များထက် ရေ အနည်းငယ် ပိုမိုမြင့်တက်လာနိုင်ပါတယ်။

**တောင်တရုတ်ပင်လယ်ပြင်အခြေအနေ**

တောင်တရုတ်ပင်လယ်ပြင်မှာ အခုလာမယ့် ရက်သတ္တတစ်ပတ်အတွင်းမှာ မုန်တိုင်းများဆက်လက်ဖြစ်လာနိုင်ပေမယ့် မြန်မာနိုင်ငံဘက်ကိုတော့ ရောက်ရှိလာနိုင်ဖွယ်ရာ မရှိပါဘူးလို့ ခန့်မှန်းရပါတယ်။

**ဒေါက်တာထွန်းလွင်**

# မြန်မာ့ဆန် ပြည်ပဆန်ဈေးကွက်တွင် ယှဉ်ပြိုင်ရောင်းချနိုင်ရန် ငွေလဲလှယ်သည့်နှုန်းထားကို ချိန်ညှိရန်လိုအပ်

**ကိုကိုကြီး**

**ရန်ကုန်၊ ဇွန် - ၉**

မြန်မာ့ဆန်များကို အာဖရိကသို့ အဓိကတင်ပို့ရာတွင် ယခုနှစ်မှ စတင်ပြီး ဈေးကွက်ပြိုင်ဘက်သစ်ဖြစ်လာသည့် အိန္ဒိယဆန်နှင့် ယှဉ်ပြိုင်နိုင်ခြင်း မရှိသည့် အကြောင်းရင်းများအနက် မြန်မာကျပ်ငွေနှင့် အမေရိကန်ဒေါ်လာ လဲလှယ်သည့်နှုန်းထားအပြောင်းအလဲကို ဦးစားပေးဖြေရှင်းရန် လိုအပ်ကြောင်း ဆန်တင်ပို့သည့် လုပ်ငန်းရှင်များက ပြောသည်။

"အိန္ဒိယက အခုတစ်တန်ကို ကန်ဒေါ်လာ ၃၁၀ လောက်နဲ့ ရောင်းနိုင်တယ်။ ဘာကြောင့်ရောင်းနိုင်လဲဆိုတော့ တစ်ရူပီးကို ၄၅ ဒေါ်လာရှိရာကနေ ၅၆ ဒေါ်လာထိ ဖြစ်သွားတယ်။ အဲဒါကြောင့်သူကဒေါ်လာ၃၃၀နဲ့ရောင်းနေရာကနေ ၃၁၀ ထိ ချရောင်းပစ်တယ်။ ၈၃၅ လောက်ဖြစ်နေတဲ့ ငွေဈေးက ၉၀၀ ဖြစ်ခဲ့ရင် ၃၁၀ နဲ့ ရောင်းနိုင်တယ်။ အဲဒါမှ ဈေးကွက်မှာ ယှဉ်ရောင်းနိုင်မှာ" ဟု ဘုရင့်နောင်အခြေစိုက် ဆန်တင်ပို့သည့်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

"ဆန်အရည်အသွေးပိုင်းမှာ မြန်မာ့ဆန်က အိန္ဒိယဆန်ထက်တောင် နည်းနည်းပိုသာသေးတယ်။ ဈေးနှုန်းပိုင်းကျတော့ ငွေကြေးလဲလှယ်နှုန်းအားသာချက်ကြောင့် သူတို့က သက်သာတယ်။ သူတို့က ကန်ဒေါ်လာ ၃၁၀ လောက်နဲ့ ရောင်းနိုင်တယ်။ ဒီဘက်က ၃၂၀ လောက်နဲ့မှ ရောင်းနိုင်တယ်။ ဒီဘက်က ဈေးကြီးနေတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

ဆန်တင်ပို့သည့် အိမ်နီးချင်းနိုင်ငံများတွင် ငွေကြေးအပြောင်းအလဲဖြစ်ပါက မြန်မာနိုင်ငံအနေနှင့်လည်း မိမိငွေကြေးနှင့် ဒေါ်လာလဲလှယ်သည့် အခြေအနေကို အပြောင်းအလဲလုပ်ရန် လိုအပ်ကြောင်း ၎င်းက သုံးသပ်ပြောသည်။

"Exchange Rate ကမကိုက်တော့ သူများတန်းတူ မရောင်းနိုင်ဘူး။ အားလုံးက ဈေးကွက်ပေါ်မှာ မူတည်တယ်။ ဈေးကွက်ကောင်းဖို့ဆိုတာ ငွေလဲလှယ်နှုန်းနဲ့ သက်ဆိုင်တယ်" ဟု ၎င်းက ပြောသည်။

မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းမှ အလုပ်အမှုဆောင်အဖွဲ့ဝင်တစ်ဦးကလည်း "အိန္ဒိယရူပီးငွေက တန်ဖိုးကျသွားတော့ သူတို့ပို့ကုန်တွေက ကိုက်သွားတယ်။ သူတို့က ဈေးလျှော့နိုင်တယ်လေ" ဟု ပြောသည်။

စိုက်ပျိုးရေးပညာရှင်ဦးတင်ထွဋ်ဦးက "ဆန်တင်ပို့တာကို တိုးမြင့်နိုင်ဖို့လုပ်ရာမှာ အခြေအနေတွေ မျိုးစုံရှိတယ်။ အိန္ဒိယက ရူပီးငွေကျတော့ ယှဉ်နိုင်တယ်။ Exchange Rate တက်အောင်လုပ်တဲ့အခါမှာလည်း အခြားစိုက်ပျိုးရေးပို့ကုန်တွေဖြစ်တဲ့ ပြောင်း၊ နှမ်း၊ ပဲတို့ကိုပါ သက်ရောက်နိုင်တော့ ချိန်ပြီးတော့ ကြည့်ရမယ်" ဟု ပြောသည်။

မြန်မာ့ဆန်သည် နိုင်ငံတကာ ဈေးကွက်တွင် အိမ်နီးချင်း ဆန်တင်ပို့သည့်နိုင်ငံများနှင့် နှိုင်းယှဉ်ပါက FOB တစ်တန်ဈေးသည် အမေရိကန်ဒေါ်လာ ၂၅ မှ ၃၀ ထိ ဈေးရရှိမှု နည်းနေခြင်းကြောင့် ဆန်အရည်အသွေးပိုင်းကိုလည်း အဆင့်မြင့်တင်နိုင်ရန် ဆောင်ရွက်ရန်လိုအပ်သေးကြောင်း၎င်းပညာရှင်က ပြောသည်။

လက်ရှိအချိန်သည် မိုးတွင်းကာလဖြစ်ခြင်းကြောင့် ပုံမှန်ဖြစ်လေ့ရှိသည့် ဆိပ်ကမ်းတွင် ဆန်တင်ပို့သည့်လုပ်ငန်းစဉ်များ ရာသီဥတုကြောင့် ကြန့်ကြာလာသည့် အခြေအနေနှင့် ကြုံတွေ့လာနိုင်သည့်အတွက် ဆန်တန်ချိန်ပမာဏ များများတင်ပို့နိုင်ရန် အခက်အခဲများရှိကြောင်း သိရသည်။

ထို့ပြင် ပြည်ပဈေးကွက်တွင် ယှဉ်ပြိုင်တင်ပို့နိုင်ရန် ပြည်တွင်းသယ်ယူပို့ဆောင်ရေး နှုန်းထားများ ကြီးမားနေခြင်းသည်လည်း ဖြေရှင်းရန် ကျန်ရှိနေသည့် စိန်ခေါ်မှုကြီးတစ်ရပ်ဖြစ်ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသရှိတောင်သူများ စိုက်ပျိုးသည့် လယ်ကွင်းမှ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိရန် စရိတ်မှာတစ်တန်လျှင် ဒေါ်လာ ၂၀ ရှိပြီး ရန်ကုန်သိုလှောင်ရုံမှ သင်္ဘောတင်ရန် ဆိပ်ကမ်းအရောက် တစ်တန်လျှင် ၁၅ ဒေါ်လာရှိကြောင်း ၎င်းကပြောကြားသည်။

"အဲဒီအတွက်ကြောင့် ၃၅ ဒေါ်လာ ဈေးကွာတယ်။ အိမ်နီးနားချင်း နိုင်ငံတွေနဲ့ နှိုင်းယှဉ်ရင် တော်တော်ကို ကွာဟနေတယ်" ဟု ဘုရင့်နောင်ပွဲရုံတန်းမှ ဆန်လုပ်ငန်းရှင်ကပြောသည်။

နယ်စပ်မှတစ်ဆင့် တင်ပို့မည်ဆိုပါကလည်း ဆန်ထွက်သည့်ဒေသမှ မူဆယ်သို့ရောက်ရှိရန်အတွက် သယ်ယူပို့ဆောင်ခသည် ခရီးစဉ်အစအဆုံးအတွက် အမေရိကန်ဒေါ်လာ ၁၂၀ ကုန်ကျကြောင်း ၎င်းကပြောသည်။

"မြန်မာကနေ အာဖရိကကိုသွားရင်တောင်မှ တစ်တန်ပေါ်မှာ ကန်ဒေါ်လာ ၆၅ လောက်ပဲကုန်တယ်။ အာဖရိကနဲ့ မြန်မာနိုင်ငံ နှစ်ခေါက်ပြေးတဲ့ ကုန်ကျစရိတ်လောက်ကို ပြည်တွင်းမှာ ကုန်နေတာ" ဟု ၎င်းကပြောသည်။

နိုင်ငံတကာတွင် စိုက်ပျိုးရေးထွက်ကုန်များ တင်ပို့မည်ဆိုပါက လမ်း၊ တံတားအသုံးပြုခများကို ကင်းလွတ်ခွင့်ပြုကြောင်း သိရသည်။

"သယ်ယူပို့ဆောင်ရေးစရိတ်ကြောင့် ကုန်တာနည်းတဲ့အားမှ မဟုတ်တာ။ စပါးတင်းတစ်ရာပေါ်မှာ အနည်းဆုံးသုံးသောင်း၊ လေးသောင်း ကွာသွားတာ" ဟု ၎င်းက ဆက်လက်ပြောသည်။

# ကားသုံးစီးဆင့်တိုက် တစ်ဦးသေ၊ ခြောက်ဦးဒဏ်ရာရ

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇွန် - ၉**

လေးထောင့်ကန်လမ်းမကြီးပေါ် ရှိ စံပြဈေးကားမှတ်တိုင်အနီးတွင် ကားသုံးစီးဆင့်တိုက်မှုတစ်ခုဖြစ်ပွားပြီး တစ်ဦးသေဆုံးကာ ခြောက်ဦးဒဏ်ရာရရှိသော ယာဉ်တိုက်မှုတစ်ခု ယမန်နေ့က ဖြစ်ပွားခဲ့သည်။

ဇွန်လ ၈ ရက် နံနက် ၉ နာရီခွဲက သဃ်န်းကျွန်းမြို့နယ်မှ ရန်ကုန်မြို့တွင်းသို့ မောင်းနှင်လာသော ၆၂ ယာဉ်လိုင်းမှ ၅ခ/. . . . ဘတ်စ်ကားတစ်စီး ဘရိတ်ပေါက်ရာမှ ခရီးသည်တင်ယာဉ်ဒိုင်နာကိုတိုက်မိ ပြီး ဒိုင်နာမှတစ်ဆင့် အငှားယာဉ်ကို ဆင့်တိုက်မိခြင်းဖြစ်သည်။ ယင်းယာဉ်တိုက်မှုကြောင့် အတိုက်ခံရသည့် ဒိုင်နာယာဉ်မှ ယာဉ်နောက်လိုက်မှာ ပွဲချင်းပြီးသေဆုံးခဲ့သည်။

ထို့ပြင် ဘတ်စ်ကားနှင့် ဒိုင်နာယာဉ်ပေါ်မှ ခရီးသည် ကျား ၃ဦး၊ မ ၃ ဦးကို သဃ်န်းကျွန်းစံပြဆေးရုံကြီးတွင် အတွင်းလူနာများအဖြစ် တင်ပို့ကုသခဲ့ရကြောင်း သိရသည်။ ထိုအထဲမှ ပွန်းပဲ့ဒဏ်ရာလောက်သာရရှိသူနှစ်ဦးမှာ ဆေးရုံမှ ပြန်လည်ဆင်းသွားပြီဖြစ်ကြောင်း သိရသည်။

ထိုယာဉ်တိုက်မှုတွင်၆၂ယာဉ်လိုင်းမှယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်နေကြောင်း သိရသည်။ ၎င်းယာဉ်သုံးဆင့်တိုက်မှုကို သဃ်န်းကျွန်းရဲစခန်းက (ပ)၃၇၇ / ၂၀၁၂ ပုဒ်မ ၃၃၈/၃၀၄(က) ၂၀၂ တို့အရ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**TRADEMARK CAUTION NOTICE**

**Mylan Pharmaceuticals Pvt Ltd,** a company organized under the laws of India carrying on business as and having its principal office at One India Bulls Centre, Tower 2-B, 7th Floor, 841 Senapati Bapat Marg, Elphinstone Road, (West), Mumbai-400 013 is the owner and sole proprietor of the following Trademarks used in respect of Pharmaceutical preparations:-

| | | | |
|---|---|---|---|
| **Cardilac**<br>**Reg. No: 4/171/2012** | **Liporeg**<br>**Reg. No: 4/172/2012** | **Mycipime**<br>**Reg. No: 4/173/2012** | **Zatocef**<br>**Reg. No: 4/174/2012** |
| **Ceftro**<br>**Reg. No: 4/175/2012** | **Cef2**<br>**Reg. No: 4/176/2012** | **Myodine**<br>**Reg. No: 4/177/2012** | **Platigrel**<br>**Reg. No: 4/178/2012** |
| **Imilast**<br>**Reg. No: 4/179/2012** | **Nexquin**<br>**Reg. No: 4/180/2012** | **Lamolox**<br>**Reg. No: 4/181/2012** | **Plasert**<br>**Reg. No: 4/182/2012** |
| **Myadol**<br>**Reg. No: 4/183/2012** | | | |

Any unauthorised use, imitation, infringements or fraudulent intentions of the above marks will be dealt with according to law.
Tin Ohnmar Tun & The Law Chambers, Ph: 0973150632; Email: law_chambers@seasiren.com.mm,
(For TMT Law Practice, India) Dated: 13 June,2012.

Life
7 Day News Journal
Vol.11, No.14 • JUNE 14 , 2012

# မင်္ဂလာပါ ဆရာမ

ဝင်းဇော်လတ်

**ယောနသံသည် နာရီတိုင်း နာရီတိုင်း၌ သူ့တပည့်တစ်ယောက်စီ၏ နံဘေးတွင် ထက်ကြပ်မကွာလိုက်ပျံ၍ စံပြပြုလုပ်ခြင်း၊ အကြံပေးခြင်း၊ ဖိခိုင်းခြင်း၊ လမ်းညွှန်ခြင်းပြုလျက်ရှိ၏။ သူသည် သူ့တပည့်များနှင့်အတူ ညဥ့်အခါ၌လည်း ပျံလျက်၊ တိမ်များကိုလည်း ဖောက်ထွင်းလျက်၊ လေမုန်တိုင်းများကိုလည်း ကျော်နင်းလျက်ရှိ၏။**

**(ဘာသာပြန်-ခမ္ဘိက၊ မြန်မာပြန်၊ ယောနသံစင်ရော်မှ)**

(၁)

ပင်လယ်ကမ်းခြေကို ခြေကန်ထားသည့် ရွာကလေး၏ ကျောင်းဖွင့်ချိန်သည် ထိုရွာကလေးအဖို့ ထူးခြားသောအဖြစ် မဟုတ်ပါ။ အင်္ကျီအဖြူနှင့် လုံချည်အစိမ်းကိုပင် တချို့ကလေးတွေက ဝတ်ထားနိုင်ကြသည်မဟုတ်။ အင်္ကျီအဖြူဝတ်ထားသူ ဆိုစေဦး၊ သူ့အင်္ကျီမှာ ဖားဥတွေ စွဲနေတာကို ကျိန်းသေတွေ့ရဦးမည်။ တချို့လည်း စာအုပ်ပိုက်ရင်း၊ တချို့လည်း တစ်နွေလုံး နွားကျောင်း၊ ကျွဲကျောင်းရင်း လောက်လေးခွထည့် လွယ်ခဲ့သည့် ညစ်နွမ်းနွမ်းရှိလှသော လွယ်အိတ်ကိုပင် စာအုပ်တွေ ပြောင်းထည့်ကာ ကျောင်းလွယ်အိတ်အဖြစ် ပုံစံပြောင်းလွယ်လာကြသည်။ ထိုကလေးတစ်သိုက်ကြောင့်ပင်တစ်နွေလုံး တံခါးပိတ်ထားသော ရွာလယ်ဘုန်းကြီးကျောင်းနှင့်ဓားလွယ်ခုတ်တွင်ရှိသောသစ်သားစာသင်ကျောင်း အိုကလေးသည်ပြန်လည်အသက်ဝင်လာသည်။ ထို့အတူ ချစ်သော ဆရာမနှင့်လည်း ပြန်တွေ့ရဦးမည်။

"ဟဲ့ သားတို့ လက်မှာလည်း ဗွက်တွေနဲ့ပါလားကွယ်။ သွားကျောင်းအပြင်က ရေအိုးထဲမှာ ရေရှိတယ်။ သွားဆေးချေ"

သဲနှင့်ရွှံ့ဗွက်များရောသော ကျေးလက်လမ်းကိုဖြတ်ပြီး ကျောင်းသို့လာရသဖြင့် တချို့လည်း လမ်းမှာ တဗိုင်းဗိုင်းနှင့် ချော်လဲသူများက ချော်လဲသည်။ ထိုကလေးတွေကို ဆရာမက ကျောင်းရောက်သည်နှင့်ဆီးကာ သန့်ရှင်းရေးလုပ်ခိုင်းရသည်။ တချို့ငယ်လွန်းသည့် ကလေးများဆိုလျှင် သူကိုယ်တိုင်လုပ်ပေးရသည်။ တစ်မိုးတွင်းလုံး ပဲ ဆိုပါတော့။

ဆရာမက ပိန်ပိန်ပါးပါး။ အသားလတ်လတ်နှင့်ဖြစ်ပြီး စကားပြောသည့်အခါ ပြတ်ပြတ်သားသားရှိသည်။ ရွာမှာ ကျောင်းဆရာ၊ ဆရာမက ရှားသဖြင့် သူငယ်တန်းမှ စတုတ္ထတန်းအထိ တာဝန်ယူသင်ရသည်။ ကျောင်းကလည်း အခန်းတွေကန့်ထားသည့်မဟုတ်။ ကြမ်းတစ်ပြေးတည်းပေါ်တွင် ကိုယ့်အတန်းလိုက် ဝိုင်းကာထိုင်ရသည်။ ဆရာမမှာမူ ကျွန်တော်တို့ကိုသူငယ်တန်းမှသည်စတုတ္ထတန်းအထိ တာဝန်ယူပြီး သင်ရသဖြင့် အတန်းသစ်တစ်ခု တက်တိုင်း ဆရာအပြောင်းအလဲမရှိဘဲဆရာမနှင့်သာ ဆုံရသည်။

ဆရာမက နေ့တိုင်း စာသင်ချိန်ပြီးသည့်အခါ ပရိတ်ကြီး ၁၁ သုတ်ကို နှုတ်တိုက်သင်ပေးသည်။ တစ်ပတ်တွင် တစ်ခါနှစ်ခါဆိုသလို ကျောင်းဆင်းခါနီး နာရီဝက်ခန့်အလိုတွင် ဝင်လေထွက်လေ ရှုမှတ်ကာ တရားထိုင်ခိုင်းသည်။ တစ်ခါတလေမှာ တရားနှင့် နွှယ်သော ပုံပြင်များ ပြောပြတတ်သေးသည်။ ထို့ကြောင့် စာအုပ်ကြီးအတိုင်းလုပ်ချင်သူများကဆရာမကိုအမြင်မကြည်လင်ပါ။ **စာ(၁၁)သို့**





ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

**မေပယ်လ်**

ရင်သွေးငယ်လေးတွေအတွက် ချစ်စရာလည်းကောင်း၊ သက်သောင့်သက်သာလည်းရှိတဲ့အဝတ်အစားလေးတွေကို မိဘတိုင်းကရှာဖွေဝယ်ယူပြီး ရာသီနဲ့လျော်ညီအောင် ဝတ်ဆင်ပေးလေ့ရှိကြပါတယ်။

အရည်အသွေးကောင်းပြီး ရာသီစုံနဲ့လိုက်ဖက်နဲ့ သားသားမီးမီးတွေအကြိုက်တွေ့မယ့် အဝတ်အစားတွေရှိတဲ့ဆိုင်လေးတစ်ဆိုင်ကို ဒီတစ်ပတ်လမ်းညွှန်ပေးချင်ပါတယ်။

အသက် ၆ လကနေ ၁၁ နှစ်အရွယ်အထိတရုတ်(တိုင်ပေ)ထုတ် DWUDANG အမှတ်တံဆိပ်ကျားဝတ်၊ မဝတ်ချစ်စရာအင်္ကျီလှလှလေးတွေရှိတဲ့ဆိုင်ပဲဖြစ်ပါတယ်။

ချည်သား၊ ဝေဖာသား၊ စပို့ရှပ်သား၊ ဆွဲသားပိတ်တွေနဲ့ချုပ်ထားတဲ့ ရှပ်အင်္ကျီ၊ ခေါင်းစွပ်အင်္ကျီ၊ စွပ်ကျယ်၊ ဘောင်းဘီ၊ အနွေးထည်၊ ဂါဝန်၊ စတော်ကင်စတဲ့ကလေးတို့နဲ့လိုက်ဖက်မယ့် ဒီဇိုင်းဆန်းလေးတွေ ရွေးဝယ်နိုင်ပါတယ်။

ဝမ်းဆက်တွေအပြင် အင်္ကျီသီးသန့်၊ ဘောင်းဘီသီးသန့်လည်း ဝယ်လို့ရပြီး ဈေးနှုန်းတွေက ဝမ်းဆက်ဆိုရင် ၇,၅၀၀ ကျပ်ကနေ ၁၈၀၀၀ ကျပ်အထိ၊ အင်္ကျီသီးသန့်ဆိုရင်၇,၅၀၀ ကျပ်ကနေ ၁၀,၀၀၀ ဝန်းကျင်အထိရောင်းချပါတယ်။

ဘောင်းဘီသီးသန့်က ၈၀၀၀ ကျပ်သတ်မှတ်ထားပြီးတော့ဂါဝန်လေးတွေကတော့ ၁၀,၀၀၀ ကျပ်ကနေ ၁၂,၀၀၀ ကျပ်အထိဈေးရှိပါတယ်။ အနွေးထည်လေးတွေဆိုရင်လည်းအင်္ကျီသီးသန့်ဆိုရင် ၁၆၀၀၀ ကျပ်ရှိပြီး ဝမ်းဆက်ဆိုရင်တော့ ၂၅,၀၀၀ ကျပ်အထိဈေးရှိတယ်လို့ဆိုပါတယ်။

အရည်အသွေးလည်းကောင်း၊ ဝတ်လို့လည်းကောင်းတဲ့ တရုတ်(တိုင်ပေ)ထုတ် အင်္ကျီလေးတွေ လက်လီလက်ကားဝယ်နိုင်တဲ့နေရာကတော့ယုဇနပလာဇာ၊ဒုတိယထပ်၊ J-8-9 မှာရှိတဲ့ DWU-DANG Fashion Shop ပဲဖြစ်ပါတယ်။

## အိုးလေး ချက်ကြရအောင်

ဝိုက်ဖီ



### ပုစွန်လုံးချဉ်စပ် ဟင်းရည်



ဒီတစ်ပတ်တော့ ဝိုက်ဖီက အရည်စပ်စပ်ဟင်းလေးတစ်ခွက် ချက်ထားပါတယ်။ အဲဒါကတော့ပုစွန်လုံးချဉ်စပ်ဟင်းရည်ပဲဖြစ်တယ်။

ဒီဟင်းချက်ဖို့ အခွံနွှင်ထားတဲ့ ကြားပုစွန်၊ ကန်ဇွန်းရွက် အနည်းငယ်တို့ပဲလိုပါတယ်။

ပထမဆုံး အခွံနွှင်ထားတဲ့ပုစွန်ထဲကို အရသာထည့်ပြီး ထောင်းပါမယ်။ ချင်းထောင်းကို အရည်ညှစ်ထည့်ပါမယ်။ အနံ့မွှေးရုံထည့်တာမျိုးပါ။ ပြီးရင် စေးနေအောင် ထောင်းထားတဲ့ ပုစွန်ကို ရွှေလိပ်ပြာအကြော်အမှုန့်နဲ့ နယ်ပြီးတော့ ကြော်ပါမယ်။

ကြော်ပြီးတာနဲ့ ပုစွန်လုံးလေးတွေကို ဖယ်ထားပြီး ကြက်သွန်ဖြူနီဆီသတ်ပါမယ်။ ကြက်သွန်ဖြူနီဆီသတ်ထဲကို ငါးပိလေးပါရုံလေးထည့်သတ်ပေးပါ။ပြီးရင်ရေဖျော်ထားတဲ့မန်ကျည်းအနှစ်လေးထည့်ပြီး သတ်ပါမယ်။ အားလုံးမွှေပြီးမှ ပုစွန်လုံးလေးတွေ ထည့်မွှေပါ။ နောက်ဆုံးကျမှ အိုးထဲကို အနေတော်ကိုင်ထားတဲ့ ကန်ဇွန်းရွက်လေးတွေ ထည့်လိုက်ပါမယ်။ ပြီးမှ လိုသလောက် ရေထည့်၊ အပေါ့အငန်အတွက် ဆားထည့်ပြီး ချလိုက်လို့ရပါပြီ။

7 DAY NEWS JOURNAL
Vol.11, No.14 ▪ JUNE 14 , 2012



## အယ်ဒီတာ့ထံ ပေးစာ

### တောင်သူလယ်သမားများကို အမြန်ဆုံးကူညီစောင့်ရှောက်ပါရန် မေတ္တာရပ်ခံခြင်း

(အခြေခံထုတ်လုပ်သူ ခေတ်ကောင်းခဲ့ချိန်ကို ပြန်မျှော်ကြည့်ခြင်း)ဆောင်းပါးတွင် စာရေးသူတို့ သိမီခဲ့သည့် ၁၉၆၂ မှ ၂၀၁၂ ခုနှစ်အထိ နှစ်၅၀ အတွင်း မြန်မာ့ကျေးလက်မှ တောင်သူလယ်သမားများ၏ စီးပွားရေးနှင့် လူမှုဘဝအခက်အခဲများ တွေ့ကြုံခဲ့ရပုံနှင့် ပြောင်းလဲတိုးတက်လာပုံများကို ကတိဖြစ်စဉ်ဖြစ်ရပ်မှန်များအတိုင်း မခြွင်းမချန်ရေးသားတင်ပြခဲ့ပါသည်။

ဒုတိယဆောင်းပါး (ထုတ်လုပ်မှုနှင့်ရောင်းဝယ်မှု၏ စီးပွားရေးမျှခြေပျက်ယွင်းခြင်း)တွင် ၂၀၁၀ ခုနှစ် နှစ်ကုန်ပိုင်း စာရေးသူသတိပြုမိခဲ့သမျှ (၂၀၁၀ ခုနှစ် ရွေးကောက်ပွဲကျင်းပရန် ရက်သတ်မှတ်ကြေညာပြီးကာလမှ) စတင်၍ အုံ့ဩဖွယ်ရာ တအိအိကျဆင်းလာခဲ့သည့် မြန်မာကျပ်ငွေနှင့် အမေရိကန်ဒေါ်လာလဲလှယ်နှုန်းကြောင့် ၂၀၁၁ ခုနှစ် တစ်နှစ်တာနှင့် ၂၀၁၂ ခုနှစ် နှစ်ဝက်ခန့်အတွင်းမြန်မာကျေးလက်ဒေသ အခြေခံစိုက်ပျိုးမွေးမြူရေးကဏ္ဍတွင်ဖြစ်ပေါ်ခဲ့ရသည့်စီးပွားရေးပျက်ယွင်းယိမ်းယိုင်မှု အခြေအနေများကို ဖြစ်စဉ်များအတိုင်း သုံးသပ်ရေးသားတင်ပြခဲ့ပါသည်။

ဖော်ပြခဲ့ပြီးသည့် ဆောင်းပါးနှစ်ပုဒ်တွင်ခေတ်ကာလနှစ်ရပ်ဖြစ်သည့်မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရခေတ်(၁၉၆၂ခုနှစ်မှ ၁၉၈၈ ခုနှစ်) နှင့် တပ်မတော်အစိုးရခေတ်(၁၉၈၈ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ)များအတွင်း ကျေးလက် ဒေသများ၏ စီးပွားရေး အခြေအနေမှန်များနှင့် (၂၀၁၁ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ(ဒီမိုကရေစီအစိုးရ)ခေတ် တစ်နှစ်ခွဲခန့်အတွင်း ကြုံတွေ့နေရသည့်စီးပွားရေးအကျပ်အတည်းများကြောင့် စိတ်ပူပန်မှုများဖြစ်ပေါ်ရခြင်းကို ရေးသားတင်ပြခဲ့ပါသည်။

**တစ်ဖက်သို့**









## အယ်ဒီတာ့ထံပေးစာ မှ

စိတ်ပူပန်မှု ဖြစ်ပေါ်ရခြင်းကို ရှင်းပြလိုပါသည်။ စာရေးသူတို့နိုင်ငံ၏ နိုင်ငံရေးနှင့် စီးပွားရေးစနစ် ပြုပြင်ပြောင်းလဲမှုအခွင့်အလမ်းများကြောင့် ကဏ္ဍစုံတွင် အရင်းအနှီး၊ နည်းပညာနှင့်စျေးကွက်များ အသာစီးရရှိထားသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာကြမည်ဖြစ်ပါသည်။ ၂၀၁၅ ခုနှစ်တွင်လည်း AFTA၊ AEC စသည့်ဒေသတွင်းစီးပွားရေးဖွဲ့စည်းဆောင်ရွက်မှုကျင့်စဉ်များ လိုက်ပါပြောင်းလဲကျင့်သုံးရမည်ဖြစ်ပါသည်။

ဖော်ပြပါအတိုင်း ယှဉ်ပြိုင်လိုက်ပါဆောင်ရွက်နိုင်ရန် စာရေးသူတို့နိုင်ငံအနေဖြင့် လက်ရှိအချိန် မှစတင်၍ နိုင်ငံတော်ရော နိုင်ငံသားများပါ အစပြုကနဦးအရင်းအနှီးနှင့် ယှဉ်ပြိုင်နိုင်စွမ်းအားများဖြင့် ပြည့်စုံနေသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအရှိန်ကောင်းကို အခြေခံအဖြစ် ရရှိထားရန် အထူးအရေးတကြီးလိုအပ်သည်ဟု စာရေးသူယုံကြည်ပါသည်။

သို့ပါသော်လည်း အစိုးရသစ်ပေါ်ပေါက်ခဲ့သည့် တစ်နှစ်ခွဲခန့်အတွင်း ငွေလဲနှုန်းပြောင်းလဲမှု ဒဏ်ရာဒဏ်ချက်များကြောင့် မြန်မာ့စီးပွားရေးမှာ ယိုယွင်းယိမ်းယိုင်ခဲ့ရပါသည်။ အထူးသဖြင့် ကျေးလက်ဒေသခံစီးပွားရေးမှာ အလွန်အထိနာခဲ့ရပါသည်။ လယ်သမားများနှစ်ပေါင်းများစွာ ကျားကုတ်ကျားခဲ စုဆောင်းထူထောင်လာခဲ့သည့် အရင်းအနှီးများ ကျုံ့ဝင်ပျောက်ဆုံးခဲ့ရပါသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအရှိန် တုံ့ဆိုင်းနှောင့်နှေးမှုများ ဖြစ်ပေါ်လာခဲ့ပါသည်။ လျော့နည်းပျောက်ဆုံးခဲ့သည့် ရင်းနှီးမြှုပ်နှံမှုများနှင့် တုံ့နှေးသွားသည့် စီးပွားရေးအရှိန်ကို ပြန်လည်မြှင့်တင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ရမည့်လက်ကျန်အချိန် တိုတောင်းမှုကြောင့် စိတ်ပူပန်မှုများ ဖြစ်ပေါ်ရခြင်းဖြစ်ပါသည်။

ခေတ်စနစ်များသည်နိုင်ငံတော်နှင့်နိုင်ငံသားများ၏ လူမှုစီးပွားဘဝကို သတ်မှတ်ပြဋ္ဌာန်းပါသည်။ မ. ဆ. လခေတ်သည် ကျေးလက်ဒေသစီးပွားရေးကို အကျပ်အတည်းပေါင်းများစွာဖြစ်ပေါ်ကြုံတွေ့စေခဲ့ပါသည်။ တပ်မတော်အစိုးရခေတ်သည် နိုင်ငံရေး ကဏ္ဍတွင် ဖိနှိပ်ချုပ်ချယ်မှုများရှိခဲ့သော်လည်း စီးပွားရေးလုပ်ငန်းများ၏ လုပ်နည်းလုပ်ဟန်ကိုလွတ်လပ်စွာ ဆောင်ရွက်ခွင့် တချို့တစ်ဝက်ပေးအပ်ခဲ့ပါသည်။ အဓိက စီးပွားရေးကဏ္ဍတွင်မူ အခွင့်ထူးခံ အဖွဲ့အစည်းများနှင့် အုပ်ချုပ်သူနှင့်နီးစပ်သည့်ကုမ္ပဏီကြီးများက လက်ဝါးကြီးအုပ်ခြယ်လှယ်ခဲ့ကြပါသည်။ လွတ်လပ်စွာ စိုက်ပျိုး ခွင့်နှင့် ရောင်းဝယ်ခွင့်များ ခွင့်ပြုပေးခဲ့ရာ မိုးစပါး၊ နွေစပါးနှင့် ပဲမျိုးစုံစိုက်ပျိုး၍ ကမ္ဘာ့စျေးကွက်များသို့ တင်ပို့ရောင်းချခွင့်ရခဲ့သည့်အတွက် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝများ တစ်ဆစ်ချိုး တိုးတက်ပြောင်းလဲလာခဲ့ပါသည်။

အမှန်အတိုင်း ရေးသားတင်ပြရမည်ဆိုပါက တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝသည် ယခုရရှိပြီးဖြစ်သည့်အဆင့်ထက် ပိုမိုဖွံ့ဖြိုးတိုးတက်သင့်ပါသည်။ လွတ်လပ်စွာ စိုက်ပျိုးထုတ်လုပ်ရောင်းဝယ်ခွင့်ဆိုင်ရာ အခွင့်အလမ်းတစ်ခုကိုသာ ရရှိခဲ့ခြင်းဖြစ်ပြီး တရားသဖြင့် ရသင့်ရထိုက်သည့်၊ ရရှိရန် ဖန်တီးဖော်ဆောင်ပေးရမည့် အခြားအခွင့်အလမ်းများကိုပါ အမှန်တကယ် ပူးတွဲခံစားခွင့်ရရှိခဲ့ပါက လက်ရှိအနေအထားထက် ပို၍မြင့်သည့်အဆင့် တစ်ဆင့်သို့ ရောက်ရှိနေနိုင်ပြီဖြစ်ပါသည်။

၂၀၁၁ ခုနှစ်မှ ၂၀၁၂ ခုနှစ် အထိ အစိုးရသစ်တာဝန်ယူသည့်ကာလတွင် မြန်မာ့စီးပွားရေးသည် ကဏ္ဍစုံတွင် အခက်အခဲအကျပ်အတည်းများ ကြုံတွေ့ခဲ့ပါသည်။ အဓိကအကျပ်အတည်းမှာ ငွေလဲနှုန်းပြောင်းလဲမှုဖြစ်ပါသည်။ တစ်ကမ္ဘာလုံးတွင် အမေရိကန်ဒေါ်လာငွေတန်ဖိုး ကျဆင်းသည်ဟုပြောကြ၊ ရေးကြပါသည်။ မြန်မာနိုင်ငံ၏ ငွေလဲနှုန်းအပြောင်းအလဲက အများဆုံး၊ အမြင့်ဆုံးဖြစ်ခဲ့ပါသည်။ ၁,၂၀၀ ကျပ်မှ ၆၆၀ ကျပ်အထိ ၄၅ ရာခိုင်နှုန်းပြောင်းလဲခဲ့ခြင်းဖြစ်ပါသည်။ ပို့ကုန်နှင့် ဆက်စပ်သည့် (သယံဇာတအခြေခံထုတ်လုပ်သည့်လုပ်ငန်းများမှလွဲ၍) ထုတ်လုပ်မှုလုပ်ငန်းများ အကြီးအကျယ် ထိခိုက်နစ်နာခဲ့ကြပါသည်။ အပြင်းထန်ဆုံးထိခိုက်နစ်နာသူများမှာ ကျေးလက်ဒေသအခြေခံ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများဖြစ်ပါသည်။

စိုက်ပျိုးရေးလုပ်ငန်းမှာ ရာသီဥတုဖောက်ပြန်မှုနှင့် ကမ္ဘာ့သီးနှံစျေးနှုန်းကျဆင်းမှုကိုနောက်ဆက်တွဲကြုံတွေ့ရသည့်အခါ အဆိုးရွားဆုံးအခြေအနေသို့ဆိုက်ရောက်ခဲ့ပါသည်။ ၂၀၀၈၊ ၂၀၀၉၊ ၂၀၁၀ ခုနှစ်များသည် လယ်သမားများအတွက် စပါး၊ ပဲအထွက် ကောင်း၊ စျေးကောင်းရရှိခဲ့သည့် နှစ်များဖြစ်ပါသည်။

တောင်သူလယ်သမားများ လက်ရှိရင်ဆိုင်နေရသည့် အဓိကအခက်အခဲမှာ အရင်းအနှီးမလုံလောက်မှုနှင့် သီးနှံစျေးနှုန်းကျဆင်းမှုဖြစ်ပါသည်။

စာ(၁၀)သို့



# ဓမ္မ

အသိတစ်လုံးအမြတ်ဆုံး
တစ်လုံးအသိအကျိုးရှိ၏

## ကံကိုကူညီခြင်း၊ ဟန့်တားခြင်းလုပ်လို့ရသလား

ကံကို မကြာခဏ ပတ်ဝန်းကျင်လောကက ဩဇာလွှမ်းမိုးနေတာ တွေ့ရတယ်။ ကမ္မနိယာမဆိုတာ သူ့ဘာသာဖြစ်ပျက်နေတဲ့ တရားထဲမှာ ကျေးဇူးပြုတဲ့တရားတွေနဲ့ အန္တရာယ်ပြုနိုင်တဲ့တရားတွေရှိနေတယ်။ အဲဒီ ဆန့်ကျင်ဘက်တရားတွေက ကံအပေါ်မှာ အထောက်အပံ့အကူအညီပေးခြင်း၊ အဟန့်အတားပြုခြင်းသဘောတွေကို ဖြစ်စေနိုင်ပါတယ်။ ကံကို ဇာတိ၊ ဥပတိ၊ ကာလနှင့် ကိုယ်တိုင်အားထုတ်လုပ်ဆောင်မှုဉာဏ်ဝီရိယတို့ကလည်း အထောက်အပံ့ပေးပါတယ်။ အထောက်အပံ့ပေးသလို အတားအဆီးလည်း ပြုတတ်တဲ့သဘောရှိပါတယ်။ သို့သော်လည်း လူသားအနေနဲ့ လတ်တလော ကြုံကြရတဲ့ ကံအကျိုး(ဒိဋ္ဌဓမ္မကံ)ကို နည်းလမ်းရှာဖွေပြီး ကျော်လွှားနိုင်အောင် လုပ်နိုင်စွမ်းလည်းရှိတယ်။ ဒါပေမဲ့ကိုယ်ဟာ သံသရာဝဋ်နှောင်ထဲက မထွက်မြောက်သေးသမျှ ကာလပတ်လုံးတော့ ဒီကမ္မဝိပါကသဘောနဲ့ကင်းလို့တော့မရပါဘူး။ မွေးသေအရိုင်းပြေးဘဝနဲ့တော့ ကြုံတွေ့ကြရဦးမှာပါ။ အခါခွင့်ကြုံတဲ့ အခါတိုင်းမှာ သူကျော်ဖြတ်နိုင်ခဲ့တဲ့ ကံအကျိုးဝိပါက တစ်ဖန်ပြန်ပြီး အကျိုးထပ်ပေးပြန်တယ်။ ဒါဟာ လူ့လောကရဲ့ မသေချာမရေရာတဲ့ အနေကန္တသဘောဖြစ်တယ်။

ကံသတ္တိတွေဖြစ်ပေါ်မှုမှာ လူတွေကောင်းမှု၊ မကောင်းမှု ကြုံတွေ့ကြရတဲ့ကာလဆိုတဲ့အချက်ဟာလည်း အရေးပါတယ်။ တချို့လူတွေက သူပြုတဲ့ကံရဲ့အကျိုးဝိပါကကို သူအသက်ရှင်နေစဉ် မျက်မှောက်ဘဝမှာပင် ပြန်လည်ပေးဆပ်ကြရတယ်။ ဒီကံရဲ့ အကျိုးဝိပါကကို ဒုတိယဘဝ၊ နောင်တမလွန်ကျမှ ပေးဆပ်ရတာမျိုးလည်းရှိတတ်ပါတယ်။ နိဗ္ဗာန်မရသေးသမျှ သံသရာဘဝအဆက်ဆက်လိုက်ပြီး တစ်ခုသောဘဝမှာတော့ ကံအကျိုးပေးမှာ မုချပဲဖြစ်တယ်။ ကံအကျိုးပေးတွေ ကွာခြားရတဲ့ အဓိက အကြောင်းရင်းကတော့ ကောင်းမှု၊ မကောင်းမှုကံပြုစဉ်အခါက ပါခဲ့တဲ့ ဇောတွေဖြစ်တယ်လို့ မြတ်ဗုဒ္ဓဟောကြားတော်မူတယ်။



ရည်ညွှန်း- ဆန်းလွင် (ရှင်အာဒိစ္စရံ့သီ)၏ ဗုဒ္ဓဘာသာဝင်တွေ ယုံကြည်ကြတာက’

## စာ-၉၊ မင်္ဂလာပါဆရာ မှ

သို့သော် ဆရာမသည် လူပုံနွဲ့နွဲ့နှောင်းနှောင်းရှိသော်လည်း မှန်သည်ဟု သူယူဆသည့် အရာများကို ခေါင်းမာမာနှင့်ပင် ဆက်လုပ်သွားပါသည်။

အတန်းထဲတွင် စာညံ့သော ကျွန်တော်တို့ကဲ့သို့ တပည့်များကို ဖိဖိစီးစီး သင်သော်လည်း မည်သည့်တပည့်အပေါ်တွင်မှ မျက်နှာလိုက်သည်ဟု မရှိပါ။ အတန်းထဲတွင် သူနှင့် ဆွေရိပ်မျိုးရိပ်မကင်းသည့် ကလေးတချို့ပါသော်လည်း အားလုံးကို တန်းတူထားဆက်ဆံပါသည်။ ထိုကဲ့သို့ တန်းတူထား ဆက်ဆံကြောင်း တပည့်များအားလုံးခံစားမိလာအောင်လည်း ဆရာမက ပြုမူဆက်ဆံခဲ့ကြောင်း နောင်တွင် ကျွန်တော်တို့ မကြာမကြာပြန်တွေးမိပါသည်။

တာဝန်အရ ဆရာမသည် တစ်ခါတစ်ရံမြို့ပေါ်သို့သွားရသည့်အခါများ ရှိပါသည်။ ဆရာမခရီးဝေးသွားပြီးပြန်လာသည့်အခါတိုင်း သူ့တပည့်များအတွက် သကြားလုံးအစ မုန့်ကလေးများ ပါလာလေ့ရှိပါသည်။ သူ့ခြံထဲမှထွက်သော ရာသီပေါ်သီးနှံများလည်း တစ်ခါတစ်ခါ ကျွန်တော်တို့အဖို့ ယူလာတတ်သည်။ ထိုအခါမှာပင် ဆရာမ၏ တန်းတူညီမျှ စိတ်ဓာတ်သည် ပေါ်လွင်လာပါသည်။ ဥပမာ ကန်စွန်းဥပြုတ်ယူလာသည့်အခါ အရွယ်အစားကို အားလုံးနီးပါး တူအောင် အသေအချာ ရွေးချယ်ယူလာလေ့ရှိပါသည်။ ကျွန်တော်တို့အကြားတစ်ခါတစ်ခါကလေး သဘာဝ သူ့မုန့်ကကြီးသည် ငါ့မုန့်ကျတော့ သေးသည်ဟု ဆရာမ ယူလာသည့် မုန့်ပဲသရေစာများနှင့် ပတ်သက်ပြီး တစ်ခါဖူးမှ ငြင်းခုံခဲ့ရခြင်း မရှိခဲ့ပါချေ။ အဆိုပါကလေးသဘာဝကို ဆရာမသည် အသေအချာ သိထားပြီးဖြစ်ဟန်တူပါသည်။

ဆင်းရဲသော မိဘများ၏ သားသမီးများအတွက် ဆရာမသည်တစ်ခါတလေ သူ့ငွေဖြင့်ပင် ဗလာစာအုပ်၊ ခဲတံအစရှိသည်များကို စိုက်ထုတ်ဝယ်ပေးခဲ့ပါသည်။ ကျောင်းတွင် ကျွန်တော်တို့ လက်ဆော့သဖြင့်ကွဲတတ်သောသောက်ရေအိုးများအတွက် နောင်အများနှင့် ဆိုင်သောပစ္စည်းများကို ရှိသေရန်သာ ဆိုဆုံးမလေ့ရှိပြီး သောက်ရေအိုးဖိုးအတွက် အလျော်မတောင်းပါ။ သူ့၏ နည်းလှသည့်လစာငွေထဲမှပင်စိုက်ထုတ်ဝယ်သွားသည်။ ကျွန်တော်တို့ ဆရာမနှင့်နေရသည့်တစ်လျှောက် ဆရာမသည် ကျွန်တော်တို့ထံမှ ဘာမှပြန်မရသလို တောင်းဆိုခြင်းလည်းမရှိ။ သူကသာ ကျွန်တော်တို့ကို သူ့စွမ်းသမျှ ပေးဆပ်ခဲ့ပါသည်။

(၂)

ဇွန် ၁ ရက်။ ယနေ့အခြေခံပညာကျောင်းများ ပြန်ဖွင့်သည်။ ညက မိုးရွာထားသဖြင့် စွတ်စိုဆဲသစ်ပင်စိမ်းခက်များအပေါ် နံနက်ခင်းနေရောင်နုနုက ဖြာကျနေသည်။ လမ်းပေါ်မှာ အဖြူနှင့် အစိမ်းဝတ်ထားသည့် ကျောင်းသားလူငယ်လေးများကို တွေ့ရသည်။ အိမ်က သမီးလေးလည်း မနက်ကျောင်း ပြန်တက်ရတော့မည့်အတွက် မြူးနေသည်။ မနက်က တည်းက စာအုပ်တပိုက်ပိုက်၊ လွယ်အိတ်တပြင်ပြင်နှင့် ရှိပြီ။ သမီးလေးကို ကြည့်ရင်း လွန်ခဲ့သည့် ဆယ်စုနှစ်ကာလများဆီ ကျွန်တော့်အတွေးတို့ပျံ့လွင့်နေသည်။

(၃)

ဒီနေရာတွင် ဆရာချစ်ဦးညိုပြောခဲ့သည့် စကားတစ်ခွန်းကို အမှတ်ရမိပါသည်။

“လောကမှာ လူနှစ်မျိုးပဲရှိတယ်။ တစ်မျိုးက ပေးသူ၊ နောက်တစ်မျိုးက ယူသူ။ ဒီနှစ်မျိုးပဲရှိတယ်။ ယူတဲ့သူက ရသမျှယူတယ်။ ယူရင်းယူရင်းနဲ့ သူ့မှာ လေးလံလာပြီး အောက်ကိုရောက်ရောက်လာလိုက်တာ နောက်ဆုံးအဝီစိထိ ရောက်ရော။ နောက်တစ်မျိုးဖြစ်တဲ့ ပေးတဲ့သူကတော့ သူ့မှာ ရှိတာတွေပေးတယ်။ ပေးရင်းပေးရင်းနဲ့ သူက ပေါ့ပါးလာလိုက်တာ နောက်ဆုံး တာဝတိံသာအထိ ရောက်ရောဆိုပါတော့”

ဆရာက ကွမ်းခြံကုန်းမြို့၏ တစ်ခုသော စာပေဟောပြောပွဲအပြီးတွင် ကျွန်တော်တို့အား ပြောခဲ့ခြင်းဖြစ်ပါသည်။ ဆရာချစ်ဦးညို၏ စကားကို ကျွန်တော်တို့ ထပ်မံပဲ့တင်ထပ်ကာ ပြောရသော် ဆရာမသည် ပေးသောသူသာဖြစ်ခဲ့ပါသည်။ ကျွန်တော်တို့အား သူ့ရှိသမျှစွမ်းအားများကို ပေးဆပ်ရင်း ပေါ့ပါးလွတ်မြောက်နေသူဖြစ်ပါသည်။

ပညာသင်စ ငယ်ဘဝ၏ ပထမဆုံးနေ့ရက်များတွင် ဆရာမနှင့် ကြုံခဲ့ရသည့် အဖြစ်အပျက်များကို ကုန်စင်အောင်ပြောရန်ကား ကျွန်တော်တို့အဖို့ မလွယ်လှပါချေ။ နှလုံးသား၏ အနက်ရှိုင်းဆုံးတစ်နေရာမှလာသည့် စေတနာဖြင့် တပည့်များအပေါ် ဆက်ဆံခဲ့သည်ကို ကျွန်တော်တို့ ခံစားခဲ့ရသည့် ခံစားမှုများဖြင့် အဖြစ်အပျက်တစ်ခုနှစ်ခုလောက်ကိုသာ သတိတရရှိစွာ ပြန်ပြောင်းဖော်ညွှန်းကြည့်ခြင်းသာ ဖြစ်ပါသည်။

ဆရာမသည် ခနော်ခနဲ့နိုင်လှသည့် သစ်သားကျောင်းအိုကလေး၊ ဆင်းရဲသော မိဘများ၏ ကပျစ်ကညစ်နိုင်လှသော ကလေးများအကြားတွင် သူ၏မေတ္တာမီးအိမ်ကို ထွန်းညှိခဲ့သူဖြစ်ပါသည်။ စေတနာအလင်းတန်းများကိုကျွန်တော်တို့၏ နုနယ်လှသော နှလုံးသားတွင် ခံစားမိအောင် လုပ်ဆောင်ခဲ့သူဖြစ်ပါသည်။ ဆရာမနှင့် ခွဲခွာခဲ့ရပြီးနောက် သင်အမှတ်ရဆုံး ဆရာတစ်ယောက်ကို ပြောပါဆိုသောအခါများတွင် မျက်လုံးမှိတ်စဉ်းစားလိုက်သည်တိုင်း အာရုံတွင် ထင်လာအောင် ကျွန်တော်တို့အပေါ် သူတတ်နိုင်သမျှ အကောင်းဆုံးဆိုသည်များကိုသာပေးသွားခဲ့ပါသည်။

ယနေ့မြို့ပြ ပညာရေးလောက၏ မဆုံးနိုင်သော အပေးအယူကိစ္စများကိုကြားရသည့်အခါတိုင်း ကျွန်တော်တို့သည် ငယ်ငယ်တုန်းက ဆရာမကို သတိရမိသည်။ အဆိုပါ အပေးအယူကိစ္စနှင့် နောက်ဆက်တွဲ ကပ်ကာပါလာသည့် မျက်နှာကြီးရာ ဟင်းဖတ်ပါမှုများကို ကြားရသည့်အခါ ဆရာမပေးခဲ့ဖူးသည့် ကန်စွန်းဥကလေးများကို လက်ထဲမှာ ယောင်ယမ်းစမ်းမိသည်။ ပညာရေးဘတ်ဂျက်မလောက်ငမှုများကြောင့် ဖြစ်ပေါ်လာသည့် အလှူခံကိစ္စများကို ကြုံရသည့်အခါ ကွဲသွားသည့် သောက်ရေအိုးကလေးမှ အိုးခြမ်းပဲ့ကလေးများကို မျက်လုံးထဲမှာ မြင်မိသည်။ ကျူရှင်ဆိုသည်ကို ကြားတိုင်း ငယ်ငယ်က နှုတ်တိုက်ချပေးခဲ့သော ပရိတ်ကြီး ၁၁ သုတ်ကို တိုးတိုးဖွဖွ ရွတ်မိသည်။

(၄)

သမီးလေးက စိတ်ဆိုးနေသော ငှက်ကလေး(Angry Bird) တံဆိပ်ပါသည့် အပြာရောင်ကျောပိုးအိတ်ကလေးကို လွယ်ထားပြီး ကျောင်းတံခါးဝမှ ကော်ရစ်ဒါအတိုင်း သွက်လက်စွာ လမ်းလျှောက်သွားနေသည်။ ကျွန်တော်တို့က သူ့ကို ငေးကြည့်နေသည်။ ကြည့်ရင်းမှပင် သမီးလေးနှင့်အတူ ကလေးများအားလုံး ကျွန်တော်တို့ကဲ့သို့ပင် ပေးဆပ်သော၊ အနစ်နာခံသော၊ မျှတသော စာကိုသာမက ဘဝနေနည်းကိုပါသင်သော ဆရာ၊ ဆရာမများနှင့်သာ အတန်းထဲမှာ ဆုံမိပါစေဟု ဆုတောင်းမိသည်။

**(ဆရာမ ဒေါ်ဖြူဖြူဝင်းသို့ အမှတ်တရ)**

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.14 • JUNE 14 , 2012

# လက်ရှိ ကုန်သွယ်ရေးမူဝါဒကို ပြန်လည်လေ့လာသုံးသပ်သွားမည်

**ကိုကိုကြီး**

**ရန်ကုန်၊ ဇွန် - ၁၁**

မြန်မာနိုင်ငံတွင် လက်ရှိကျင့်သုံးနေသော ကုန်သွယ်ရေးဆိုင်ရာ မူဝါဒအား ပထမဆုံးအကြိမ် လေ့လာသုံးသပ်သည့် အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို ယခုလ ၁၈ ရက်တွင် နေပြည်တော်၌ ကျင်းပမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ အကြံပေးပညာရှင်ဒေါက်တာမောင်အောင်က ပြောသည်။

ကုန်သွယ်ရေးမူဝါဒ လုပ်ငန်းစဉ်များ ပြန်လည်ပြင်ဆင်ရန်အတွက် ၎င်းဆွေးနွေးပွဲကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပခြင်းဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ကုန်သွယ်ရေးမူဝါဒများကို ပြန်လည်ဆန်းစစ်မှုများပြုလုပ်ပြီး လိုအပ်သည့်ပြင်ဆင်မှုများ ဆောင်ရွက်နိုင်ပါက ဖွံ့ဖြိုးပြီး နိုင်ငံများနှင့် ကုန်သွယ်မှုများ ပြုလုပ်ရာတွင် အခွန်ကင်းလွတ်ခွင့် ရရှိနိုင်ခြင်းအပြင် ပြောင်းလဲကျင့်သုံးရန် ပြင်ဆင်နေသော အခွန်လျှော့ချထားသည့်စနစ်တို့တွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ နည်းပညာအကူအညီများပါ ရရှိနိုင်မည်ဖြစ်ကြောင်း ၎င်းပညာရှင်က ပြောသည်။

"မြန်မာနိုင်ငံရဲ့ ကုန်သွယ်ရေးမူဝါဒနဲ့ ပတ်သက်ပြီးတော့ ထင်သာမြင်သာရှိလာမယ်။ ပွင့်ပွင့်လင်းလင်း ဖြစ်လာမယ်။ ကြိုတင်ခန့်မှန်းလာနိုင်မယ်" ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး၊နိုင်ငံတကာကုန်သွယ်မှုမြှင့်တင်ရေးဌာနမှ ဦးအောင်စိုးကပြောသည်။

မြန်မာနိုင်ငံသည် ၁၉၉၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ စတင်၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ခဲ့သည်။

## ပစ္စည်းလု၊ လူသတ်ကာ မီးရှို့ခံခဲ့ရသည့် အမျိုးသမီးငယ် တက္ကသိုလ်ဝင်တန်းအောင်မြင်

**ရန်ကုန်၊ ဇွန် - ၁၁**

လမ်းမတော်မြို့နယ်တွင် ဖြစ်ပွားခဲ့သော ပစ္စည်းလု၊ လူသတ်ပြီး မီးရှို့ခဲ့သည့်ဖြစ်စဉ်၌ သေဆုံးခဲ့သည့် အသက် ၁၆နှစ်အရွယ် အမျိုးသမီးငယ်သည် ဇွန်လ ၉ရက်က ထုတ်ပြန်ခဲ့သော တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အောင်မြင်ခဲ့ကြောင်း အမှတ်(၃)အခြေခံပညာဦးစီးဌာနမှ သိရသည်။

မေလ ၃၀ ရက်တွင် နေအိမ်၌ တစ်ဦးတည်းရှိနေသော တက္က သိုလ်ဝင်တန်းဖြေဆိုထားသူ အမျိုးသမီးငယ်ကို ဦးခေါင်း၊ လည်ပင်းနှင့် လက်တို့တွင် ပြတ်ရှဒဏ်ရာရရှိထားပြီး မီးလောင်သေဆုံးနေသည်ကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။

တရားခံဖြစ်သော အသက် ၄၀ အရွယ် အမျိုးသားသည် တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သော အမျိုးသမီးငယ်ကိုသတ်၍ ၁၀,၄၅၀,၀၀၀ ကျပ် ကာလတန်ဖိုးရှိ ရတနာပစ္စည်း ၁၄ မျိုးကို လုယက်သွားခဲ့ခြင်းဖြစ်ပြီး မှုခင်းဖြစ်စဉ်မှာ လမ်းမတော် ၇လမ်းတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

## မျက်နှာဖုံး-လယ်သမားများအခက်အခဲ အစိုးရပါဝင်ကူညီရန်လိုနေပြီဟု ပညာရှင်တို့သုံးသပ် မှ

"ပုဂ္ဂလိကပိုင်တစ်ခုတည်းကတင်မရဘူး။ နိုင်ငံတော်ကပါဝင် ကူဖို့လိုနေပြီ"ဟု ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူ ပညာရှင်ဒေါက်တာထွန်းဝင်းကဆိုသည်။

ကမ္ဘာပေါ်တွင် ဆန်စပါးအဓိကစိုက်ပျိုးထုတ်လုပ်သည့် ထိုင်းနိုင်ငံ၌ အစိုးရက ဈေးကွက်အာမခံပေးထားသည်။ ပြင်ပဈေးကွက်တွင် ဆန်စပါးဈေးနှုန်းများကျဆင်းပါက အစိုးရက ဈေးနှုန်းတစ်ခုဖြင့် ကြားမှ ဝင်ရောက်ဝယ်ယူပေးမှုများရှိကြောင်း အထက်ပါပုဂ္ဂိုလ်ကရှင်းပြသည်။

"သမ္မတကြီးဆီမှာ အရေးပေါ်ရန်ပုံငွေသုံးဖို့ ဘီလီယံ ၁၀၀ လောက်ရှိတယ် ကြေညာထားတယ်။ ဒါကို ဒီအချိန်မှာ ထုတ်သုံးသင့်တယ်ထင်တယ်" ဟု မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း၏ သုတေသနဌာနမှ ဒေါက်တာစိုးထွန်းက ဆိုသည်။

သီးနှံဈေးနှုန်းများ ကျဆင်းခြင်း၊ ရာသီဥတုဖောက်ပြန်မှုကြောင့် အထွက်နှုန်းကျဆင်းခြင်း၊ ပိုးမွှားအန္တရာယ်တို့နှင့် ကြုံတွေ့ခဲ့ရခြင်းကြောင့် တောင်သူများကြွေးပြန်ဆပ်ရန် အခက်အခဲများနှင့်ကြုံတွေ့နေရသည်။ ထို့အပြင် အထူးပြု ကုမ္ပဏီများအနေဖြင့်လည်း တောင်သူများထံမှချေးငွေ အပြည့်အဝ ပြန်မရသဖြင့် ဆက်လက်ထောက်ပံ့ရန် ခက်ခဲလျက်ရှိသည်။

"ဒါက နိုင်ငံတော်ဘတ်ဂျက်နဲ့ဆိုင်တယ်။ Sector တစ်ခုတည်းကြည့်လုပ်လို့မရဘူး။ စိုက်ပျိုးရေးမှာက အခြေခံအောက်အအုံလိုအပ်ချက်တွေအများကြီးရှိတယ်" ဟု နိုင်ငံသမ္မတစီးပွားရေးအကြံပေးအဖွဲ့မှ ဦးဆက်အောင်ကဆိုသည်။ လက်ရှိမြန်မာ့စိုက်ပျိုးရေးသည် ရာသီဥတုအပေါ် အဓိကမှီခိုနေရသဖြင့် အခက်အခဲများရှိနေသည်။ ထို့အပြင် သယ်ယူပို့ဆောင်ရေးကုန်ကျစရိတ်၊ နိုင်ငံတော်အရန်ဆန်ဝယ်ယူရေးအခြေအနေ၊ ပြည်ပဈေးကွက်ယှဉ်ပြိုင်မှုတွင် ငွေလဲနှုန်းအခြေအနေတို့လည်း အရေးတကြီးပြုပြင်ရန်လိုအပ်ကြောင်း ဦးဆက်အောင်က ရှင်းပြသည်။

"တောင်သူဘဝက များများလုပ်ရင် များများရှုံးတယ်။ မလုပ်ဘဲနေရင် အရင်းရတယ်။ တခြားအလုပ်ပြောင်းလုပ်ရင် အမြတ်ထွက်တယ်ဆိုတဲ့အခြေအနေနဲ့ကြုံတွေ့နေရတယ်"ဟု ဆန်စပါးလုပ်ငန်းကျွမ်းကျင်သူတစ်ဦးက ဆိုသည်။ လက်ရှိလယ်သမားများ၏ အခြေအနေကို ပုဂ္ဂလိကအထူးပြုကုမ္ပဏီများ၊ လုပ်ငန်းရှင်များနှင့် နိုင်ငံတော်အစိုးရသာမက နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် ကမ္ဘာ့ဘဏ်၊ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့(IMF) တို့ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်နေသည်။



အရေးပေါ်အခြေအနေ အဖြစ်ကြေညာမှသာလျှင် နိုင်ငံတကာအဖွဲ့အစည်းများမှ အကူအညီရရှိနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် တောင်သူလယ်သမားဦးရေမှာ နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းနီးပါးရှိသည်။ လက်ရှိ လယ်သမားများကြုံတွေ့နေရမှုမှာ ဒုတိယ နာဂစ်မုန်တိုင်းတိုက်သကဲ့သို့ဖြစ်နေရကြောင်း ဓနုဖြူမြို့နယ်မှ လယ်သမားတစ်ဦးကရှင်းပြသည်။ ယခုနှစ်များတွင် လယ်သမားများအနေဖြင့် ရာသီဥတု၏ စိန်ခေါ်မှု၊ သီးနှံဈေးကျဆင်းမှုတို့က တောင်သူလယ်သမားများ လယ်ယာလုပ်ငန်းကို စွန့်ခွာရန် တွန်းအားတစ်ခု ဖြစ်လာကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောကြားသည်။

## မျက်နှာဖုံး- ရခိုင်မှ ရန်ကုန်လေဆိပ်သို့ ဝင်လာသည့်ခရီးသည်များကို စနစ်တကျစစ်ဆေးရန်ညွှန်ကြား မှ

ထို့အပြင် လေယာဉ်နှင့်လိုက်ပါလာသည့်ခရီးသည်များ၏စာရင်းကို စစ်တွေလေဆိပ်တွင် သက်ဆိုင်ရာသို့ကြိုတင်ပေးပို့ရန် ညွှန်ကြားလာသဖြင့် မေ ၁၁ ရက်မှစ၍ တင်ပေးနေရကြောင်း အဲမန္တလေးလေကြောင်းလိုင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

စစ်တွေမှ ရန်ကုန်သို့ စင်းလုံးငှားရမ်းလိုပါက သက်ဆိုင်ရာမှ ခွင့်ပြုချက်ရယူရမည်ဖြစ်ကြောင်း အဲကမ္ဘောဇမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ယခုရက်ပိုင်း ရန်ကုန်မှ စစ်တွေသို့သွားသောခရီးသည်မှ အသွားတွင် ခရီးသည်၁၇ ဦးခန့်သာ ရှိသော်လည်း အပြန်တွင် ခရီးသည်များ ပြည့်နေကြောင်း အဲမန္တလေးမှတာဝန်ရှိသူတစ်ဦးက ပြောသည်။ ယခုလက်ရှိတွင် ရန်ကုန်မြို့မှစစ်တွေမြို့သို့အဲမန္တလေး၊ အဲပုဂံနှင့် အဲကမ္ဘောဇတို့ပျံသန်းပေးလျက်ရှိသည်။

## မျက်နှာဖုံး-ပထမဆုံးနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအဖြစ် သဘာဝဓာတ်အားပေးစက်ရုံ ထားဝယ်ခရိုင်အတွင်း လျှပ်စစ်မီးပေးမည် မှ

ထားဝယ်ခရိုင်အတွင်းရှိလေး မြို့နယ်နှင့် ကျေးရွာများကို ဓာတ်အားဖြင့် ဖြန့်ဖြူးရန်ရည်ရွယ်ပြီး ၅၀မဂ္ဂါဝပ်ရှိသည့် သဘာဝဓာတ်အားပေးစက်ရုံကို ကန်ဘောက်တွင် တည်ဆောက်ပြီး ကန်ဘောက်၌ အထိုင်ချကာ Station မှ သဘာဝဓာတ်ငွေ့အားရယူကာ ထုတ်လုပ်ဖြန့်ဝေမည့်အစီအစဉ်ဖြစ်သည်။

ယင်းသို့ဝယ်ယူကာပြန်လည်ဖြန့်ဖြူးခွင့်ကို ထိုင်းနိုင်ငံစွမ်းအင်ဝန်ကြီးဌာနနှင့် PTTEP ကုမ္ပဏီတို့က သဘောတူထားပြီဖြစ်ပြီးဖြစ်ကာ ထိုင်းနိုင်ငံသားပိုင်ကုမ္ပဏီက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ထံတွင် မှတ်ပုံတင်လျှောက်ထားနေပြီဖြစ်ပြီး အမှတ်(၂)လျှပ်စစ်ဝန်ကြီးဌာနထံ အဆိုပြုလွှာတင်ပြထားပြီးဖြစ်ကြောင်း သိရသည်။

လက်ရှိထားဝယ်ခရိုင်အတွင်း ရရှိနေသော လျှပ်စစ်ဓာတ်အားမှာ ပုဂ္ဂလိကဒီဇယ်မီးစက်များဖြင့် မောင်းနှင်ပေးနေခြင်းဖြစ်ပြီး တစ်ယူနစ်နှုန်းမှာ အနည်းဆုံး ၄၄၀ကျပ်မှ နေရာပေါ်မူတည်၍ အများဆုံး၅၈၀ ကျပ်အထိဖြစ်ကြောင်း တိုင်းဒေသကြီးအစိုးရလျှပ်စစ်ဓာတ်အားပေးလုပ်ငန်းမှ သိရသည်။ ယခု သဘာဝဓာတ်ငွေ့ဖြင့်ပေးမည့်နှုန်းထားမှာ တစ်ယူနစ် ၂၅၀ ကျပ်နှုန်းထက်မပိုသော နှုန်းထားသတ်မှတ်ကောက်ခံမည်ဖြစ်သည်။

"တိုင်းဒေသကြီးအစိုးရအနေနဲ့ ဆင်းရဲမှုပပျောက်ရေးဆောင်ရွက်ရာမှာ ဒေသခံတွေ အလုပ်အကိုင်ရရှိရေးလို့မြင်ပါတယ်။ အဲဒီအတွက် ဒေသခံတွေအလုပ်ရရှိဖို့ စက်ရုံအလုပ်ရုံတွေရှိရပါမယ်။ စက်ရုံအလုပ်ရုံတွေရှိဖို့ လျှပ်စစ်က မရှိမဖြစ်လိုပါတယ်။ ဒါကြောင့် အစိုးရအဖွဲ့အနေနဲ့ လက်ရှိဈေးနှုန်းထက်သက်သာပြီးတော့ စက်မှုလုပ်ငန်းတွေအတွက် အဆင်ပြေမယ့်နှုန်းနဲ့ဓာတ်ငွေ့ကနေ လျှပ်စစ်ဖြန့်တဲ့အစီအစဉ်ကို ပထမဆုံးအဖြစ် ဒီဒေသမှာ ပေးနိုင်အောင် အစိုးရအဖွဲ့အနေနဲ့ အမြန်ဆုံးလုပ်နိုင်ဖို့ တွန်းအားပေးဆောင်ရွက်ခဲ့တာဖြစ်ပါတယ်" ဟု အစိုးရအဖွဲ့ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

နိုင်ငံတော်ကလည်း နိုင်ငံအနှံ့ လျှပ်စစ်မီးရရှိရေး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းအတွက် ပြည်တွင်းပြည်ပမှ လုပ်ငန်းရှင်များကို လာရောက်ရင်းနှီးမြှုပ်နှံရန် ဇွန်လပထမပတ်အတွင်းက ဖိတ်ခေါ်ထားကာ ယခုကုမ္ပဏီသည် ရာနှုန်းပြည့်ပြည်ပရင်းနှီးမြှုပ်နှံမှုဖြင့် ဝင်လာမည့် ပထမဆုံးကုမ္ပဏီဖြစ်လာဖွယ်ရှိသည်။

ယင်းကဲ့သို့ ဖိတ်ခေါ်ခြင်းမရှိခင်က လွန်ခဲ့သော တစ်နှစ်နီးပါးကပင် တိုင်းရင်းသားပိုင် ကြယ်နီလာကုမ္ပဏီက တိုင်းဒေသကြီးအစိုးရနှင့် ပူးပေါင်း၍ အဆိုပါထိုင်းကုမ္ပဏီ၏ သဘာဝဓာတ်ငွေ့ဖြင့်ဓာတ်အားပေးရေး အစီအစဉ်အတွက် ညှိနှိုင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၂နှစ်အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး စတင်နိုင်ရန် ခန့်မှန်းထားသော်လည်း အမြန်ဆုံးစောပေးနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကာ တစ်ယူနစ်ကောက်ခံနှုန်းများလည်း သတ်မှတ်ကာလအတွင်းထပ်မံလျှော့ချသွားမည်ဟု သိရသည်။

ယင်းအစီအစဉ်ပြီးပါက လျှပ်စစ်မီး ၂၄ နာရီအပြည့် ပေးသွားမည်ဖြစ်သည်။

## စာ-၅၊ ကျပ်တစ်သောင်းတန်ငွေစက္ကူက ပြည်တွင်းစီးပွားရေးကို ရိုက်ခတ်မှုနည်းနိုင် မှ

၂၀၀၄ တွင် ဆိုက်သေးခြင်နှင့် ဗဟိုဘဏ်အဆောက်အအုံပုံပါ ကျပ်တစ်ထောင်တန်ကိုလည်းကောင်း အသီးသီးထုတ်ဝေခဲ့သည်။

နောက်ဆုံးထွက်ရှိထားသည့် ဆင်ဖြူတော်နှင့် နေပြည်တော်ပုံပါငါးထောင်ကျပ်တန်ကို ၂၀၀၉ ခုနှစ်အောက်တိုဘာ ၁ ရက်ကစတင်ထုတ်ဝေခဲ့သည်။ မြန်မာနိုင်ငံ၏ ငွေစက္ကူထုတ်ဝေမှုသမိုင်းတွင် ယခုကဲ့သို့တိရစ္ဆာန်ပုံများကို အသုံးပြုထားခြင်းကြောင့် ပြည်သူများအကြား ဝေဖန်ချက်များ ရှိနေခဲ့သည်။

"ငွေစက္ကူတန်ဖိုးကြီးတာနည်းတာထက် သူ့ရဲ့ဝယ်နိုင်စွမ်းအားများလာဖို့ပဲအရေးကြီးတယ်။ သူ့အကျိုးဆက်ကို ချက်ချင်းလက်ငင်းတော့ပြောဆိုဖို့ခက်တယ်။ တစ်ထောင်တန်၁၀ရွက်ကိုင်ဖို့မလိုဘဲ ၁၀,၀၀၀တန်တစ်ရွက်ပဲကိုင်ရတော့တဲ့သဘောပဲ။ အဓိကက ငွေစက္ကူက အရေးမကြီးဘူး။ နတ်စ်ကိုကျော်ပြီး တန်ဖိုးမရှိနိုင်ဘူး။ ငွေရဲ့တန်ဖိုးမြင့်လာဖို့ပဲအရေးကြီးပါတယ်"ဟုစီမံခန့်ခွဲရေးကျွမ်းကျင်ပညာရှင်ဒေါက်တာအောင်ထွန်းသက်က ပြောသည်။

# Health

7 DAY NEWS JOURNAL

Vol.11, No.14 • JUNE 14 , 2012




# ဗီတာမင်စီ

သီဟ

ဗီတာမင်ဟုဆိုသည့်သက်စောင့်ဓာတ်များသည်လူ့ခန္ဓာကိုယ်အတွက်အရေးကြီးသည့်အရာများပင်ဖြစ်ကြသည်။ သို့သော် အချို့သောဗီတာမင်များသည် လူ့ခန္ဓာကိုယ်အတွင်းသို့လိုအပ်သည်ထက်ပိုမို ရောက်ရှိသွားပါက အန္တရာယ်ဖြစ်စေနိုင်သည်များလည်းရှိကြသည်။

အဆိုပါ ဗီတာမင်များသည် လူ့ခန္ဓာကိုယ်အတွက် အမျိုးအစားအလိုက် နေ့စဉ်လိုအပ်ချက်များရှိကြပြီး ထိုလိုအပ်ချက်များမှ အချို့ကိုနေ့စဉ်စားသောက်နေသည့်အစားအသောက်များမှရရှိလေ့ရှိကြပြီး အချို့ဗီတာမင်များကိုမူ အထောက်အကူပြုဆေးဝါးများမှ ရရှိကြသည်။

တစ်ခါတစ်ရံတွင် အထူးလိုအပ်ချက်ရှိနေသည့် ဗီတာမင်များကိုမူ စွမ်းအားမြှင့်ဗီတာမင်ဆေးလုံးများသောက်သုံးစေခြင်းဖြင့်လည်း ရရှိလေ့ရှိကြသည်။

အခြားသော ဗီတာမင်များသည် လူအများနှင့် ရင်းနှီးကျွမ်းဝင်မှုနည်းပါးသော်လည်း ဗီတာမင်-စီမှာမူ လူအများနှင့်ရင်းနှီး ကျွမ်းဝင်မှုအများဆုံးသော ဗီတာမင်အမျိုးအစားတစ်ခုဖြစ်သည်။

ဗီတာမင်စီအား လိုအပ်ချက်ကြောင့်သော်လည်းကောင်း သရေစာအနေနှင့်သော်လည်းကောင်း အမျိုးမျိုးစားသုံးလေ့ရှိကြသည်။

အဘယ့်ကြောင့်ဆိုသော် ဗီတာမင်စီသည် ခန္ဓာကိုယ်နှင့် သဟဇာတဖြစ်မှုများပြားပြီး လွန်ကျွံသွားပါကလည်း လူကိုဥပဒ်ပေးနိုင်မှုနည်းပါးသောကြောင့်ဖြစ်သည်။

ဗီတာမင် စီနှင့်ပတ်သက်သည့် သိပ္ပံနည်းကျအထောက်အထားများလည်း အမျိုးမျိုးထွက်ရှိထားပြီး အထောက်အထားမရှိသော်လည်း ပါးစပ်စကားဖြင့်ယုံကြည်မှုများကြောင့် စားသုံးကြသူများလည်းရှိသည်။

ဗီတာမင် စီ သည် ကိုယ်ခံအားကောင်းစေခြင်း၊အနာကျက်မြန်စေခြင်း၊သာမန်ဖြစ်လေ့ဖြစ်ထရှိသည့် နှာစေး၊ချောင်းဆိုး၊လည်ချောင်းနာအစရှိသည်များသက်သာစေခြင်း အစရှိသည့် အကျိုးအာနိသင်များ ရရှိသည်ဟု အများကယုံကြည်ကြသည်။

နာတာရှည်ရောဂါသည်များ၊ ဆီးချိုဝေဒနာရှင်များ၊ ခွဲစိတ်ပြီးစ လူနာများအစရှိသည်တို့များအားလည်း အာရုံခံစားမှုကောင်းမွန်စေရန်အတွက်နှင့် အနာကျက်မြန်စေရန်အတွက် စွမ်းအားမြှင့် ဗီတာမင်စီ အားပေးအသုံးပြုစေလေ့ရှိသည်ဟုလည်း ဆေးတက္ကသိုလ်(၂)ဆေးပညာဌာနမှ ပါမောက္ခ ပါမောက္ခဒေါက်တာမြင့်ဟန်ကပြောသည်။

“ဗီတာမင် စီ ကို နေ့စဉ်လိုအပ်တဲ့ပမာဏထက် ပိုမြှင့်ပြီး ကြိုတင်ပြင်ဆင်ထားတဲ့သဘောပါ၊ ဒါပေမဲ့ ဒါတွေကို အလွန်အကျွံ သုံးလို့မရဘူး ။ နှုန်းများများကို ကြာကြာပေးရင် ဗီတာမင်ဓာတ်လွန်ကဲတဲ့ပြဿနာ ဖြစ်တတ်တယ်”ဟု ပါမောက္ခဒေါက်တာမြင့်ဟန်ကပြောသည်။

သို့သော် ဗီတာမင်စီသည် နှုန်းအတော်အသင့်လွန်သော်လည်း ဆီးမှပြန်လည်စွန့်ထုတ်နိုင်သဖြင့် လူကိုဥပဒ်ပေးနိုင်မှုနည်းပါးသည်ဟုသိရသည်။

လူတစ်ဦးအတွက်ဗီတာမင်စီလိုအပ်ချက်မှာနေ့စဉ်တစ်ရာမီလီဂရမ်ဖြစ်သည်ဟုသိရပြီး အဆိုပါလိုအပ်ချက်မှာလည်း အသီးအရွက်နှစ်ပန်းကန်ခန့်စားသုံးပါက ရရှိနိုင်သည်ဟုသိရသည်။

ဗီတာမင် စီ ၏ အာနိသင်အား အချို့သူများလွဲမှားစွာ အသုံးပြုလျက်ရှိနေကြသည်ဟုလည်း သိရသည်။

“အချို့ ဗီတာမင် စီကို ဝိတ်ချတဲ့နေရာမှာသုံးနေကြတယ်။ အဲဒါမမှန်ကန်ပါဘူး။ နောက်ပြီးတော့လည်း အအေးမိ၊နှာစေးတဲ့အခါသောက်ကြတာတွေလည်းရှိတယ်။ အအေးမိနှာစေးတာတွေက ဗိုင်းရပ်စ်ကြောင့် ဖြစ်တာတွေဆို ဘာမှလုပ်စရာမလိုဘဲ သူ့အလိုလိုပြန်ကောင်းသွားတတ်ပါတယ်”ဟု ပါမောက္ခ ဒေါက်တာမြင့်ဟန်ကပြောသည်။

သို့သော် ဗီတာမင်စီသည် ကိုယ်ခံအား အသင့်အတင့် ကောင်းစေသည့် ဗီတာမင်အမျိုးအစားထဲတွင်မူပါဝင်ကြောင်း သိရသည်။

ထို့ကြောင့် ခွဲစိတ်ပြီးစလူနာများ၊ နာလန်ထလူနာများ၊ နာတာရှည်လူနာများ အသုံးပြုစေလေ့ရှိကြောင်းပါမောက္ခဒေါက်တာမြင့်ဟန်ကပြောသည်။

မည်သို့ပင်ဆိုစေ မြန်မာစကားပုံတွင်လည်း တန်ဆေးလွန်ဘေးဟူသည့်စကားရှိသကဲ့သို့မည်မျှပင် အသုံးဝင်သည့်ဆေးဖြစ်စေကာမူလိုအပ်သည်ထက်ပိုပါက ဘေးဖြစ်တတ်သည်။


စာ(၁၄)သို့


## အော်ဂဲနစ် ပြောင်းစားကြပြီလား

ဝတ်ရည်အောင်

နေ့စဉ်စားသုံးနေသည့် အသီးအနှံများ စိုက်ပျိုးရာတွင် ပိုးသတ်ဆေးများ၊ဓာတ်မြေဩဇာများအစရှိသည့်ဓာတုပစ္စည်းအမျိုးမျိုးမှာ မပါမဖြစ်ပါဝင်နေသည့် အရာများလည်းဖြစ်သည်။

အမျိုးမျိုးသော ဓာတုပစ္စည်းများ အသုံးပြုမှုသည် စပါးစိုက်ပျိုးသည့်အချိန်ထက် အခြားသီးနှံများ စိုက်ပျိုးချိန်တွင်ပိုမိုများပြားသော်လည်း ထိုအရာများအား စနစ်တကျအသုံးပြုခြင်းမရှိပါက အသုံးပြုသူတွင် ချက်ချင်းအန္တရာယ်ဖြစ်စေပြီး စားသုံးသူတွင်ရေရှည်တွင်ကျန်းမာရေးဆိုင်ရာဆိုးကျိုးများအား ဖြစ်ပေါ်ခံစားရစေကြောင်းလည်း အများသိရှိပြီးဖြစ်သည်။

အသုံးပြုမှုများပြားလွန်းခြင်းကြောင့် အချို့နေရာဒေသများတွင် လယ်ကွင်းထဲမှ ပျံ့နှံ့လာသည့်ပိုးသတ်ဆေးအနံ့များ ရှူရှိုက်မိခြင်းကြောင့် ကျန်းမာရေးဆိုင်ရာ ပြဿနာများဖြစ်ပွားလာမည်ကို စိုးရိမ်မှုများပင်ရှိနေပြီး ထိုပိုးသတ်ဆေးများသည် ခန္ဓာကိုယ်အတွင်း အစာအိမ်လမ်းကြောင်းမှတစ်ဆင့်သော်လည်းကောင်း၊ အသက်ရှူလမ်းကြောင်းမှတစ်ဆင့်သော်လည်းကောင်း၊ အရေပြားမှတစ်ဆင့်သော်လည်းကောင်း ဝင်ရောက်ပြီး အန္တရာယ်ဖြစ်စေသည်။

နေရာတိုင်းတွင်လည်း ပိုးသတ်ဆေးအသုံးပြုထားသည့်အစားအစာများသည် စားသုံးသူများအား ရေရှည်တွင်ကျန်းမာရေးပြဿနာများအား ဆိုးရွားစွာထိခိုက်လာနိုင်ကြောင်း ဂရုပြုမိကြသည့်နောက်ပိုင်းတွင် အန္တရာယ်အနည်းဆုံးဖြစ်စေနိုင်သည့် နည်းလမ်းများအား လိုက်နာကျင့်သုံးရန်လိုအပ်လာပြီး တတ်နိုင်သူအချို့မှာလည်း ကျန်းမာရေးအရသင့်လျော်သည့်အော်ဂဲနစ်နည်းပညာဖြင့်စိုက်ပျိုးထားသည့်အစားအစာများကို ပြောင်းလဲစားသုံးလာကြသည်။


စာ(၁၄)သို့







7 DAY NEWS JOURNAL
Vol.11, No.14 ▪ JUNE 14 , 2012

# ဆေးယဉ်ပါး ကာလသားရောဂါပိုး ကမ္ဘာတစ်ဝန်းပျံ့နှံ့

**ဝတ်ရည်အောင်**

**ရန်ကုန်၊**

**ဇွန်-၈**

ဆေးယဉ်ပါး ဆီးပူညောင်းကျရောဂါကာလသားရောဂါပိုး ကမ္ဘာတစ်ဝန်းတွင် ကူးစက်ပျံ့နှံ့နေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ကြေညာလိုက်သည်။

ကာလသားတိုက်ဖျက်ရေးအတွက် လက်ရှိအသုံးပြုနေသည့် ပဋိဇီဝဆေးဝါးအားလုံးအား ယဉ်ပါးခံနိုင်ရည်ရှိသည့် ကာလသားရောဂါပိုး အသွင်သစ်တစ်မျိုးကို ၂၀၀၈ ခုနှစ်တွင် ဂျပန်နိုင်ငံတွင် စတင်တွေ့ရှိခဲ့ပြီး ယခုအချိန်တွင် ဩစတြေးလျနိုင်ငံ၊ ပြင်သစ်၊ နော်ဝေ၊ ဆွီဒင်နှင့် ဗြိတိန်နိုင်ငံများအပါအဝင် နိုင်ငံအများအပြား၌ဖြစ်ပွားနေကြောင်း ပါရှိသည်။

ထိုကဲ့သို့ ဆေးယဉ်ပါး ကာလသားရောဂါပိုး ဖြစ်ပွားလာပါက ကုသရလွယ်ကူခဲ့သည့် ကာလသားရောဂါသည် ကမ္ဘာ့ကျန်းမာရေးဆိုင်ရာပြဿနာကြီးတစ်ခုအဖြစ် အသွင်ပြောင်းသွားမည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက သတိပေးထားကြောင်း အဆိုပါ ထုတ်ပြန်ချက်တွင်ပါရှိသည်။ မြန်မာနိုင်ငံတွင်လည်း လိင်မှတစ်ဆင့်ဖြစ်ပွားသည့်ရောဂါများတွင် ကာလသားရောဂါသည်လည်း အဖြစ်များသည့်ရောဂါများတွင်ပါဝင်သည်။

လိင်ဆက်ဆံမှုမှ တစ်ဆင့် ကူးစက်တတ်သော ကာလသားရောဂါသည် ကျန်းမာရေးဆိုင်ရာ အဓိကပြဿနာတစ်ရပ်ဖြစ်လာပြီး နှစ်စဉ်ကမ္ဘာတစ်ဝန်းတွင် လူပေါင်း ၁၀၆ သန်းမှာ ရောဂါပိုးကူးစက်ခံရနေရကြောင်းလည်း အဆိုပါ ထုတ်ပြန်ချက်တွင်ပါရှိသည်။

ဆေးဝါးများအားနည်းစနစ်တကျ သုံးစွဲမှုမရှိခြင်းနှင့် အလွန်အကျွံသုံးစွဲမှုများကြောင့် ကာလသားရောဂါ ဘက်တီးရီးယားပိုး၏ သဘာဝမျိုးဗီဇများ အပြောင်းအလဲဖြစ်ကာ ဆေးဒဏ်ခံနိုင်သည့် ရောဂါပိုးအသွင်သစ်ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်းသိရသည်။

စာ-၁၃၊ အော်ဂဲနစ် ပြောင်းစားကြပြီလား မှ

ထိုအစားအစာများသည် ဈေးကွက်အတွင်းတွင်ကျယ်မှုနည်းပါးနေသေးသော်လည်း ယခင်ကထက်စာလျှင်စားသုံးသူများပြားလာခြင်းကြောင့် အော်ဂဲနစ်အစားအသောက်များ ရောင်းချသည့်ဆိုင်များ တဖြည်းဖြည်းများပြားလာကြောင်းဈေးကွက်အတွင်းမှ သိရသည်။

အော်ဂဲနစ်အစားအစာဆိုသည်မှာ အော်ဂဲနစ်နည်းပညာဖြင့် စိုက်ပျိုးထားသည့် ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာ၊ ပေါင်းသတ်ဆေး၊ မှိုသတ်ဆေးစသည့်ဆေးဝါးများ၊ တာရှည်ခံပစ္စည်းများ၊ အရောင်လှစေသည့်ပစ္စည်းများ၊ ဗီဇပြောင်းလဲထားခြင်းများ စသည့်ပစ္စည်းများ အသုံးမပြုဘဲ စိုက်ပျိုးထားသည့် အသီးအနှံများကိုဆိုလိုသည်။

ထိုကဲ့သို့ စိုက်ပျိုးထားသည့်အစားအစာများသည် ဓာတုဗေဒဆေးဝါးအမျိုးမျိုးအသုံးပြုပြီး စိုက်ပျိုးထားသည့် သီးနှံများထက် ကယ်ဆီယမ်ဓာတ်များ၊ ပိုတက်ဆီယမ်ဓာတ်များနှင့် အခြားဓာတ်ပစ္စည်းများ ပိုမိုများပြားစွာ ပါဝင်နေသည့်အတွက် စိတ်ဝင်စားမှုများပြားလာခြင်းဖြစ်သည်။

နေ့တိုင်းစားသုံးနေသည့် အစားအစာများ၏ ၄ ပုံ ၃ ပုံသည် အက်ဆစ်ဓာတ်များပြားနေသော အစားအစာများဖြစ်ပြီး ထိုအစားအစာများကြောင့် ခန္ဓာကိုယ်အတွင်းရှိအက်ဆစ်ပမာဏကို မြင့်မားစေပြီး ခန္ဓာကိုယ်သည် PHအဆင့်တစ်ခုကို မျှတစေရန် ထိန်းသိမ်းထားရပြီး ထိုသတ်မှတ်ချက်အဆင့်လျော့နည်းပါက ခန္ဓာကိုယ်အတွင်းရောဂါများဖြစ်ကာ အသက်ဆုံးရှုံးနိုင်သည်အထိဖြစ်ပွားနိုင်သည်။

စားသုံးနေသည့် အစားအစာများတွင် ပုံမှန်အက်ဆစ်ဓာတ်များပြားသည့်အစားအစာများဖြစ်ပြီး ထိုအထဲမှ ထပ်မံထည့်သွင်းအသုံးပြုသည့် အချို့သော ဓာတုပစ္စည်းများကြောင့်လည်း စားသုံးသူများတွင် အက်ဆစ်ပမာဏများ ပိုမိုများပြားစွာစားသုံးနေရကြောင်း ဒေါက်တာထွန်းသိန်းက ပြောသည်။ အက်ဆစ်ပါဝင်မှုများပြားသည့် အစားအစာများ ခန္ဓာကိုယ်အတွက်အန္တရာယ်မဖြစ်စေရန် ခန္ဓာကိုယ်၏ အစိတ်အပိုင်းများတွင်ရှိနေသည့်ကယ်ဆီယမ်ဓာတ်များ၊ ပိုတက်ဆီယမ်များ၊ မဂ္ဂနီဆီယမ်၊ ဆိုဒီယမ်စသည့်ဓာတ်များမှ PH Level မြင့်တက်လာစေရန် ကူညီကြရသည်။

"လိုအပ်တဲ့ဓာတ်တွေကို ဘယ်ကရမလဲ။ ကယ်ဆီယမ်ဆိုရင် အရိုးထဲကယူရတယ်။ ပိုတက်ဆီယမ်ဆိုရင်လည်း နှလုံးကနေယူရတယ်။ အဲဒီချိန်မှာ အစိတ်အပိုင်းတွေက လိုအပ်တဲ့ဓာတ်တွေ လျော့နည်းသွားပြီး အရိုးပွတာတွေ၊ နှလုံးခုန်မမှန်တာတွေဖြစ်လာကြတယ်" ဟု ဒေါက်တာထွန်းသိန်းက ဆက်လက်ပြောသည်။

အော်ဂဲနစ်အစားအစာများတွင် ဓာတုပစ္စည်းများမပါရှိခြင်းကြောင့် ထိုဓာတုပစ္စည်းများ၏ နောက်ဆက်တွဲ အန္တရာယ်များ ကင်းဝေးစေသည့်အပြင် ကယ်ဆီယမ်များ ပိုတက်စီယမ်များစသည့် ခန္ဓာကိုယ်အတွက် အကျိုးပြုသည့် ဓာတ်များလည်း များပြားစွာပါဝင်သည့်အခါ ဆုံးရှုံးသွားသည့်လိုအပ်သည့်ဓာတ်များအားပြန်လည်ဖြည့်တင်းပေးနိုင်သည့်အတွက် အော်ဂဲနစ်အစားအစာများ အား စိတ်ပါဝင်စားမှုများပြားလာကြသည်။

ပိုးသတ်ဆေးအသုံးပြုထားပြီး ဆေးမပြယ်သေးသည့် အစားအစာများသည်စားသုံးသူအတွက် ရေရှည်တွင် ကင်ဆာအမျိုးမျိုး၊ အာရုံကြောဆိုင်ရာရောဂါများ၊ နှလုံးရောဂါ၊ အသည်းရောဂါ၊ ကျောက်ကပ်ပိုင်းဆိုင်ရာရောဂါများဖြစ်ပွားလာနိုင်ကြောင်း ကျွမ်းကျင်ဆရာဝန်များက ပြောကြားသည်။

သုတေသနပြုလုပ်ချက်များ၊ လေ့လာချက်များတွင်လည်း ဈေးကွက်အတွင်းရောင်းချနေသည့်အသီး အရွက်အချို့သည် ရက်အနည်းငယ်အထိ ပိုးသတ်ဆေးအာနိသင်များ ရှိနေဆဲဖြစ်ပြီး ထိုအစားအစာများအား စင်ကြယ်စွာဆေးကြောခြင်းမရှိပါက ထိုအရာများက ခန္ဓာကိုယ်အတွင်းရောက်ရှိသွားပြီး အန္တရာယ်ဖြစ်စေခြင်းဖြစ်သည်။

စိုက်ပျိုးသည့်တောင်သူများမှာလည်း ဈေးကွက်အရအရောင်လှစေရန်၊ အထွက်တိုးစေရန်၊ တာရှည်ခံစေရန်အတွက် ဓာတုပစ္စည်းများ များပြားစွာအသုံးပြုနေဆဲဖြစ်ပြီး တတ်ကျွမ်းသူများမှ တဖြည်းဖြည်းပညာပေးမှုများ ပြုလုပ်သင့်ကြောင်းအဆိုပါဆရာဝန်က ဆက်လက်ပြောသည်။ စားသုံးသူများမှလည်း အရောင်လှသည့်ကုန်ပစ္စည်းများအား ကြိုက်လျှင် ရောင်းချသူများမှအရောင်တင်ပစ္စည်းများ အသုံးပြုမည်ဖြစ်ပြီး ထိုပစ္စည်းများမှာ ခန္ဓာကိုယ်အတွက် အန္တရာယ်ဖြစ်စေခြင်းဖြစ်သည်။

"အခုဆိုရင် ကျေးရွာတွေကို ကျန်းမာရေး၊ ပညာရေးတွေအပြင် စိုက်ပျိုးရေးနဲ့ပတ်သက်ပြီး သွားရောက်အကြံပေးတာတွေလုပ်တယ်။ မိမိလည်း အန္တရာယ်မဖြစ်စေမယ့် နည်းလမ်းတွေ၊ စားသုံးသူတွေလည်း အန္တရာယ်မဖြစ်အောင် အော်ဂဲနစ်ကြီးမဟုတ်ပေမယ့် ဓာတုပစ္စည်းတွေကို နည်းနည်းချင်းစီလျှော့ချနိုင်အောင် ဓာတုအဆိပ်လျှော့ချရေးစီမံချက်တွေကို ရွာတွေအထိသွားပြီး အကြံပြုတာတွေလုပ်တယ်"ဟု ဒေါက်တာထွန်းသိန်းကပြောသည်။

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးမှုပိုမိုများပြားနေသည့် အိမ်နီးချင်းနိုင်ငံများနှင့် ယှဉ်လျှင် ပိုးသတ်ဆေးသုံးစွဲမှုနည်းပါးနေသေးသည်ဆိုသော်လည်း ထိရောက်သော စစ်ဆေးမှုများနှင့် စနစ်ကျသောပိုးသတ်ဆေးသုံးစွဲမှုများ မရှိနေခြင်းကြောင့် နေ့စဉ်စားသုံးနေသည့် အစားအစာများတွင် အန္တရာယ်ဖြစ်စေသည့် ဓာတုပစ္စည်းများ ပါဝင်နေဆဲပင်ဖြစ်သည်။

ထို့ကြောင့် စားသုံးသူများအနေဖြင့်လည်း အန္တရာယ်ရှိသည့် အစားအစာများကြောင့် ရောဂါများမဖြစ်ပွားစေရန် သတိပြု၍ လုံလောက်သောဆေးကြောမှုများဖြင့် စားသုံးသင့်ကြောင်း ကျန်းမာရေးဆိုင်ရာ ပညာရှင်များမှ အကြံပြုပြောကြားသည်။

# သက်ကြီးရွယ်အိုများအတွက် သီးသန့်ပြင်ပလူနာဌာန ဆောက်လုပ်

**သီဟ**

**ရန်ကုန်၊ဇွန် -၉**

အသက်၆၀ နှင့်အထက် သက်ကြီးရွယ်အိုများအတွက်သီးသန့်ပြင်ပလူနာဌာနအဆောက်အအုံတစ်ခုအား အထွေထွေရောဂါကုဆေးရုံကြီး(အင်းစိန်)၌ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

ယခုလက်ရှိတွင် အသက် ၆၀နှင့်အထက် သက်ကြီးရွယ်အိုများအားအင်းစိန်ဆေးရုံကြီးဝင်းအတွင်းတွင် အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်းကြည့်ရှုစမ်းသပ်ပေးလျက်ရှိပြီး အထက်ပါအဆောက်အအုံပြီးစီးပါက ယင်းအဆောက်အအုံတွင်ပင် ကြည့်ရှုစမ်းသပ်ပေးမည်ဖြစ်သည်ဟုသက်ကြီးရွယ်အိုစောင့်ရှောက်ရေးစီမံချက်မန်နေဂျာ ပါမောက္ခဒေါက်တာမြင့်ဟန်ကပြောသည်။

အဆိုပါအဆောက်အအုံကို စေတနာရှင်များနှင့် ခရိုင်အုပ်ချုပ်ရေးမှူးရုံးတို့၏ အစီအစဉ်ဖြင့်ဆောက်လုပ်နေခြင်းဖြစ်သည်ဟုသိရသည်။

အဆိုပါ အဆောက်အအုံပြီးစီးပါက သက်ကြီးရွယ်အိုများအတွက် အရေးကြီးဆေးဝါးများ ပံ့ပိုးပေးခြင်း၊သက်ကြီးရွယ်အို ကျန်းမာရေးစောင့်ရှောက်မှု ပညာပေးဆိုင်ရာများ ဟောပြောခြင်း၊သက်ကြီးရွယ်အိုများ ကိုယ်လက်လှုပ်ရှားမှုဆိုင်ရာများ ပြုလုပ်စေခြင်း အစရှိသည်များ လုပ်ဆောင်သွားမည်ဟု ပါမောက္ခဒေါက်တာမြင့်ဟန်ကပြောသည်။

ထို့အပြင် သက်ကြီးရွယ်အိုဆိုင်ရာကျန်းမာရေး သုတေသနလုပ်ငန်းများကိုလည်း လုပ်ဆောင်သွားရန် အစီအစဉ်ရှိကြောင်း သိရသည်။

အဆိုပါ အဆောက်အအုံကို ကျပ်သိန်းလေးရာခန့် အကုန်အကျခံဆောက်လုပ်နေခြင်းဖြစ်ပြီးထပ်မံလှူဒါန်းလိုသူများလည်း လှူဒါန်းနိုင်ကြောင်း သိရသည်။

# စာ(၁၃)၊ ဗီတာမင် -စီမှ

ဗီတာမင် စီသည်လည်း သတ်မှတ်နှုန်းထားများထက်ကျော်လွန်ပါက အနည်းနှင့်အများဆိုသလို လူအားဥပဒ်ပေးနိုင်ကြောင်း သိရသည်။

ဗီတာမင်စီအားတစ်ပြိုင်နက်တည်းလေးဂရမ်(နှစ်ရာမီလီဂရမ်) ထက်ကျော်လွန်စားသုံးမိပါက ဝမ်းပျက်ခြင်း၊ ဗိုက်နာခြင်း၊ အန်ခြင်းများဖြစ်ပွားနိုင်ပြီး ရေရှည်များပြားစွာစားသုံးမိပါက ကျောက်ကပ်တွင် ကျောက်တည်ခြင်းများဖြစ်ပွားနိုင်ကြောင်း သိရသည်။



**အောင်ဇေယျာမင်း(တိုင်းရင်းအထူးကုဆေးခန်း)**

**ကြော်ငြာခွင့်ပြုချက်အမှတ်-တဆဝက (စာနယ်ဇင်း) ၀၃၄/၀၈၀၉**

**မနာမကျင် မခွဲစိတ် လိပ်ခေါင်းအထူးကု**

အောင်ဇေယျာမင်းအထူးကုဆေးခန်းတွင် ဒေါက်တာအောင်ဇေယျာမင်း (C.T.M.P,Ph.D) Kolkata (India) ကိုယ်တိုင်ဦးစီး၍ ပညာရှင်များကိုယ်တိုင် မနာမကျင်၊ မခွဲမစိတ်ဘဲ ၊ ခေတ်မှီ လိပ်ခေါင်း အထူးကုကွန်ပျူတာစက်ကိုအသုံးပြု၍ **Turell** နာကျင်မှုမရှိသော ကုသနည်းဖြင့် လိပ်ခေါင်းရောဂါများ၊ သွေးစုနာ၊ ဂရင်ဂျီနာ၊ သွေးဝမ်းပါခြင်း၊ စအိုကွဲ၊ စအိုယားယံစသော စအိုနှင့် အူလမ်းကြောင်းဆိုင်ရာ ရောဂါဝေဒနာများကို အထူးကုသပေးနေပါသည်။

၁။ အခမဲ့စမ်းသပ်ခြင်း၊ ခေတ်မှီစက်ဖြင့် ကုသပေးခြင်းကြောင့် စိတ်ကျေနပ်မှု ရရှိစေခြင်း။

၂။ နာကျင်မှုနည်းခြင်း၊ ကုသချိန်တိုတောင်းခြင်း၊ အနာကျက်မြန်ခြင်းတို့ကြောင့် အချိန်ကုန် သက်သာစေခြင်း။

၃။ ငွေကြေးကျပ်တည်း၍ အခက်အခဲရှိသူများကို ကုသမှုအားလုံးမှ အချို့ကို အခမဲ့ဆောင်ရွက်ပေးခြင်း။

၄။ ကုသပြီးသော ရောဂါရှင်မှ ရောဂါပြန်ဖြစ်လျှင် ရာသက်ပန်အခမဲ့ ကုသပေးနေပါသည်။

**အမှတ်(၃၄၄)၊ ရွှေဘုံသာအထက်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉ ၄၂၀၀၈၉၁၁၁၊ ၀၉ ၈၆၂၁၈၂၅**

**နီလာ**

**အပြည်ပြည်ဆိုင်ရာခရီးသွားကုမ္ပဏီ**

**မအေးအေးမော်ဦးစီးသောနီလာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့**

**သီရိလင်္ကာ (စွယ်တော်ပွဲ) + ဘန်ကောက် (မြဘုရား)**

**(၆)ညအိပ် (၇)ရက်ခရီး (၁၂)သိန်း (စရိတ်ငြိမ်း) (၂၅-၇-၂၀၁၂) ထွက်မည်။**

(၁၂)ရက်ခရီး - ဗုဒ္ဓဂယာ (ဖွားပွင့်၊ဟော၊စံ) (အိန္ဒိယ - နီပေါ) → (၈)သိန်း

(၁၅)ရက်ခရီး - သံဝေဇနီယလေးဌာန + အဝိဇဟိတလေးဌာန + နယူးဒေလီ၊တာ်ချ်မဟာ → (၉)သိန်း
ကိုလ်းကတ္တား Shopping နှင့် ဗဟုသုတရစရာ နေရာများ

မည်သည့်ခရီးစဉ်မဆို(၁၆)ဦးစုစည်းပြီးလိုက်ပါလျှင်(၁)ဦးအခမဲ့ပို့ဆောင်ပေးမည်ဖြစ်ပါသည်။

ပြည်တွင်း/ပြည်ပတွင်ဝန်ဆောင်မှုများ-နိုင်ငံကူးလက်မှတ် ပြုလုပ်ပေးခြင်း၊ လေယာဉ်လက်မှတ်သွား/ပြန် ID-form၊ လေဆိပ် အခွန်၊ (အိန္ဒိယ-နီပေါ) ဗီဇာ၊ တည်းခို၊ စားသောက်၊ သွား/လာ ဝင်ကြေး ပါဝင်ပြီး ဖြစ်ပါသည်။ ... DVD အခွေများကိုအခမဲ့လာရောက်ယူနိုင်ပါသည်။ ...

စက်တင်ဘာလ နောက်ဆုံးပတ်မှစ၍ အဝတ်စဉ် (တနင်္လာ ၊ ဗုဒ္ဓဟူး၊ သောကြာ၊ စနေ)နေ့များတွင် ပို့ဆောင်ပေးမည်ဖြစ်ပါသည်။

(ရုံးချုပ်) အမှတ်-၂၇၆/၂၇၈(မြေညီထပ်)၊ပန်းဆိုးတန်းလမ်း(ခုံတံတားအနီး)၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
(ဗဟန်းရုံးခွဲ) အမှတ်-(၄၅၉-စီ) ပထမထပ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
(မန္တလေးရုံးခွဲ) အမှတ် (၆၀၃)၊ မြေညီထပ်၊ (၈၂)လမ်း၊ ၂၆×၂၇လမ်းကြား၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့။
(မော်လမြိုင်ရုံးခွဲ) အမှတ် (၃၅၉)၊ အောက်လမ်းမကြီး၊ မရမ်းကုန်းရပ်ကွက်၊ မော်လမြိုင်မြို့။
(ပုသိမ်ရုံးခွဲ) အခန်း(A)မြေညီထပ်၊ ကိုးနဝင်းဗွာရုံအောက်ထပ်၊ ကုန်စုံလမ်းနှင့် ခေတ္တာလမ်းထောင့်၊ ပုသိမ်မြို့။
(တောင်ကြီးရုံးခွဲ) အမှတ်(၂၇/၃)၊ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ရေစအေးကွင်းရပ်၊တောင်ကြီးမြို့။
(လားရှိုးရုံးခွဲ) အမှတ်(ဂ/၁၂/၁၉)၊သုခလမ်းနှင့်သဖင်လမ်းထောင့်၊နယ်မြေ(၁၂)၊(၃)ရပ်ကွက်၊လားရှိုးမြို့။
☎ ၀၁-၃၇၆၆၆၁၀၊ ၃၇၂၁၃၅၊ ၃၈၄၃၈၆၊ ၃၈၄၀၈၆၊ ၃၈၅၁၈၄၊ ၀၉-၅၁၂၀၆၂၉၊ ၀၉-၇၃၂၀၂၁၁၁

Regional
7 DAY NEWS JOURNAL
Vol.11, No.14 • JUNE 14 , 2012

# မုံရွာဆိုင်ကယ်ဈေးကွက်တွင် လိုင်စင်ရဆိုင်ကယ်များ ဈေးထိုးကျ

**မျိုးမင်းဦး**

**မုံရွာ၊ဇွန်-၅**

မုံရွာမြို့ကုန်တင်ယာဉ်ရပ်နားစခန်းကွင်းအတွင်း လိုင်စင်မဲ့ဆိုင်ကယ်များအား သတ်မှတ်အခွန်အခပေးဆောင်စေ၍ မှတ်ပုံတင်ဆောင်ရွက်ပေးချိန်တွင် မုံရွာဆိုင်ကယ်ဈေးကွက်၌ လိုင်စင်ပါ ဆိုင်ကယ်များ အဝယ်နည်းပြီး သိသိသာသာဈေးလျှော့ရောင်းချနေကြောင်း မုံရွာဒေသခံဆိုင်ကယ်ရောင်းဝယ်သူများက ပြောကြားသည်။

"မုံရွာမှာ ဇွန်လ ၅ ရက်ကစပြီး တရားဝင်ယာဉ်မှတ်ပုံတင်လိုင်စင်ဆောင်ရွက်တဲ့ ဆိုင်ကယ်တွေ နေ့ခင်းမှာ အစီးသုံးဆယ်ကျော်ပြီးနေပြီ။ သတ်မှတ်အခွန်အခအတိုင်း ပေးဆောင်ပြီး လိုအပ်တဲ့စာရွက်စာတမ်းပြည့်စုံရင် ချက်ချင်းယာဉ်လိုင်စင်အပြီးထုတ်ပေးတယ်။ ဆိုင်ကယ်လိုင်စင်တွေအလွယ်တကူထုတ်ပေးတော့ပြည်တွင်းစက်မှုဇုန်မှာ တပ်ဆင်ပြီးရောင်းချတဲ့ 'ပ' နံပါတ်ဆိုင်ကယ်တွေ ဈေးထိုးကျသွားတယ်။ စောစောပိုင်းက ကြေညာထားတာထက် လေးငါးသောင်းလောက်ကို ဈေးလျှော့ရောင်းတာ။ မုံရွာဆိုင်ကယ်ဝိုင်းက အရင်တုန်းက ဂျာလင်းစူပါကပ် သန့်တာဆို လေးသိန်းခွဲ၊ငါးသိန်းရောင်းနေတဲ့ဆိုင်ကယ်တွေတောင် သုံးသိန်း၊ သုံးသိန်းခွဲလောက်အထိ ဈေးလျှော့ရောင်းနေပြီ" ဟု မုံရွာမြို့ဆိုင်ကယ်ဝိုင်းမှ ဝါရင့်ပွဲစားတစ်ဦးက ပြောသည်။

"လိုင်စင်ပါပြီး ဆိုင်ကယ်ထက်ဝက်သောက်(လိုင်စင်မဲ့ဆိုင်ကယ်)ကို အဝယ်များတယ်။ အချို့က လိုင်စင်ဝင်ပြီး စီးမယ့်သူတွေရှိသလို အချို့က လိုင်စင်မဲ့အတိုင်းစီးမယ့်သူတွေလည်း ပိုများတယ်။ လိုင်စင်လုပ်လို့လည်း ဈေးကပိုမရသလို နှစ်တိုင်းအခွန်ဆောင်ရမယ့်ဆိုင်ကယ်ဆို ဝယ်လိုအား နည်းတယ်။ပြည်တွင်းမှာထုတ်တယ်ဆိုတဲ့ ဆိုင်ကယ်တွေလည်း လက်ရှိဈေးထက်လျှော့ရောင်းတာတောင်မေးမယ့်သူ မရှိဘူး။ လိုင်စင်ပါတယ်ဆိုပေမယ့် သက်တမ်းကုန်ရင် အမည်ပြောင်းစရိတ်က လိုင်စင်အသစ်နီးပါးထက်ပိုကုန်တော့ဝယ်သူတွေက နောက်ထပ်ကုန်မယ့်လိုင်စင်စရိတ်ကို မကုန်ချင်လို့ အခုဆိုင်ကယ်လိုင်စင်တွေ ချထားပေးချိန်မှာ ဝင်လျှောက်ကြတာများတယ်" ဟု မုံရွာမြို့ခံဆိုင်ကယ်အရောင်းဆိုင်ရှင်တစ်ဦးက ပြောသည်။



*မုံရွာမြို့၊ ကျောက္ကာလမ်းတွင် သွားလာနေကြသော ဆိုင်ကယ်များ*

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

"မုံရွာမြို့ပေါ်မှာ လိုင်စင်မဲ့ဆိုင်ကယ်တွေကိုပြခန်းသဘောနဲ့ရောင်းနေတာ ပိုများလာတယ်။ လူငယ်တွေအကြား ရေပန်းစားနေတဲ့ ဟွန်ဒါကုမ္ပဏီနဲ့ ယမဟာကုမ္ပဏီက အော်တိုဂီယာနဲ့ ဒီဇိုင်းဆန်းတွေကို အဝယ်များတယ်။ အဲဒီဆိုင်ကယ်တွေက လိုင်စင်ပါသယောင်ယောင်နဲ့ ရောင်းနေတာ။ တကယ်တမ်းက လိုင်စင်မဲ့ဆိုင်ကယ်တစ်စီးကို ဆယ့်လေးသိန်း၊ ဆယ့်ငါးသိန်းဝန်းကျင် ပေးဝယ်နေရတယ်။ အခုဆိုင်ကယ်တွေ လိုင်စင်ချပေးချိန်မှာ အဲဒီဆိုင်ကယ်တွေ အများဆုံး လိုင်စင်ဝင်တယ်ဆိုတော့ တစ်စီးကို အခွန်က တစ်သိန်းကျော်ကျော် ဆောင်နေရတယ်။ ဂျပန်ဆိုင်ကယ်ဖြစ်တဲ့အတွက် ရာဖြတ်အဖွဲ့က ဟွန်ဒါ(စီဂျီ-၁၂၅)တစ်စီး တန်ဖိုးကျပ်ရှစ်သိန်း သတ်မှတ်တော့ တကယ့်အပြင် ဆိုင်ကယ်ဈေးကွက်မှာ ဂျပန်ဆိုင်ကယ်တွေလည်း ဈေးကျနေတော့ ဟွန်ဒါ(စီဂျီ-၁၂၅) တစ်စီး တန်ဖိုးကျပ်နှစ်သိန်းတောင် မရတော့ဘူး။ ဒီနှစ်ဆိုင်ကယ်လိုင်စင် လျှောက်ရတာ အရင်နှစ်တွေကလောက် အခွန်အခတွေ မများဘူး။ တော်တော်သက်သာလာတယ်"ဟု မုံရွာမြို့ဒေသခံ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ပြောသည်။ မုံရွာမြို့တွင် တရားဝင်ယာဉ်မှတ်ပုံတင် ဆောင်ရွက်ခြင်းလုပ်ငန်းများကိုရုံးဖွင့်ရက်များတွင် နေ့ချင်းပြီးစနစ်ဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ဆိုင်ကယ် အမျိုးအစား၊ ထုတ်လုပ်သည့်နိုင်ငံ၊အင်ဂျင်ပါဝါအလိုက် ကြိုတင်သတ်မှတ်ထားသည့် ကာလတန်ဖိုးနှုန်းထားအပေါ် အကောက်ခွန် ၅ ရာခိုင်နှုန်း၊ ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်း၊ ယာဉ်မှတ်ပုံတင်ကြေးငွေကျပ် ၂၂၀၀၀၊ အာမခံပရီမီယံကြေးငွေကျပ် ၂၅၅၀၊မြန်မာ့စီးပွားရေးဘဏ်သို့ ငွေကျပ် ၅၀၀ ပေးဆောင်ရမည်ဖြစ်ကြောင်း သိရှိရသည်။ မုံရွာမြို့တွင် ဆိုင်ကယ်ယာဉ်မှတ်ပုံတင် ဆောင်ရွက်ခြင်းလုပ်ငန်းများကို ဇွန်လ ၅ ရက်မှစတင်၍စစ်ကိုင်းတိုင်း ကုန်းလမ်းညွှန်ကြားမှု ဦးစီးဌာနရုံးအနီး မုံရွာမြို့ ကုန်တင်ယာဉ်ရပ်နားစခန်းကွင်းအတွင်း နေ့စဉ် နံနက်ကိုးနာရီမှ ညနေလေးနာရီအထိ ရုံးဖွင့်ရက်များတွင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

## သံတွဲ-တောင်ကုတ် ခရီးသည်တင်ယာဉ် မှောက်ရာမှလူကိုးဦး သေဆုံး

**အောင်ရက္ခ**

**တောင်ကုတ်၊ဇွန်-၁**

သံတွဲမြို့တွင် ယခုလ ၁ ရက် နေ့လယ် ၁ နာရီ မိနစ် ၃၀ တွင် ထွက်လာသော ခရီးသည်တင်ယာဉ်သည် သံတွဲ-တောင်ကုတ် လမ်းပေါ်ရှိ နုပင်းမရွာအနီး၌ တိမ်းမှောက်သွားရာခရီးသည် ကိုးဦးပွဲချင်းပြီး သေဆုံးသွားကြောင်း သတင်းရရှိသည်။

ခရီးသည်ယာဉ်၏ ယာဉ်မောင်း ကိုစိုးမင်းသိန်းထွက်ပြေးတိမ်းရှောင်သွားသဖြင့်မည်သည့်ဖြစ်စဉ်ကြောင့် ကားမှောက်သွားရခြင်းအကြောင်းရင်းကိုမသိရှိရသေးပေ။ အခင်းဖြစ်ပွားရာအနီးရှိရွာမှ ရွာသားတစ်ဦးက ပြောကြားရာတွင် "ကားမှောက်တဲ့ အသံကြားလို့သွားကြည့်တော့ ကားကလမ်းဘေးမှာ တုံးလုံးလဲနေတာတွေ့ရတယ်။ပါလာတဲ့ခရီးသည်အတော်များများသဲတွေအောက်မှာရောက်နေတယ်။ သဲတွေက အစိုတွေဆိုတော့လွယ်လွယ်ကူကူရုန်းမထွက်နိုင်ကြဘူး။ အသက်ရှူမွန်းကျပ်ပြီး သေဆုံးသွားပုံရပါတယ်"ဟုပြောသည်။

အခြားသူတစ်ဦးကလည်း "ကားပေါ်မှာ သဲတွေကို ဘော်ဒီနဲ့အပြည့်တင်လာပုံရတယ်။ သဲတွေက ရေစိုသဲတွေဆိုတော့ အလေးချိန်က များပြီပေါ့။ ခရီးသည်တွေကို ထပ်တင်လိုက်တော့အိုဗာဝိတ်ဖြစ်ပြီး မှောက်သွားတာ ဖြစ်နိုင်တယ်"ဟု ပြောသည်။

သေဆုံးသူ ကိုးဦးတွင် အမျိုးသားခြောက်ဦး၊ အမျိုးသမီးကြီးနှစ်ဦး၊ မိန်းကလေးငယ်တစ်ဦးပါဝင်ကြောင်းသိရပြီး သေဆုံးသူအများစုမှာ ကျန်းမာရေးကြောင့် သံတွဲတွင်ဆေးကုသမှုခံယူပြီးပြန်လာသည့်မိသားစုများဖြစ်ကြောင်း သိရှိရသည်။

"သေသွားတာမှာပါတဲ့ မိသားစုသုံးဦးက ကလေးဆေးကုပြီး ပြန်လာတာ ကလေးနေကောင်းပြီးမှ ကားမှောက်လို့ သေရတယ်" ဟုတောင်ကုတ်မြို့တန်းလွဲချောင်းမှ စာကြည့်တိုက်ဥက္ကဋ္ဌတစ်ဦးက ပြောသည်။

အမှုကို တောင်ကုတ်ရဲစခန်းကအမှုအမှတ် ပ/၅၂ဖြင့် အရေးယူဆောင်ရွက်ကာ ပုဒ်မ ၃၃၇/၃၃၈/၃၀၄-ကဖြင့် အမှုဖွင့်လှစ်ထားကြောင်း သိရသည်။

## မကွေးတိုင်းအတွင်း ရေနံစိမ်းတူးကုမ္ပဏီများ သယ်ယူခွင့်မှော်စာများဖြင့် ရပ်တည်

**စိုင်းသာအောင်**

**မန္တလေး၊ဇွန်-၈**

မကွေးတိုင်းဒေသကြီးအတွင်းရှိ ရေနံတူးဖော်ရေးကုမ္ပဏီများသည် မေလအတွင်း နေ့အပူချိန်မြင့်မားမှုကြောင့် ညပိုင်း၌သာ အလုပ်လုပ်နိုင်သဖြင့် ရေနံအထွက်နှုန်းများ ကျဆင်းလျက်ရှိနေပြီး ကုမ္ပဏီအများစုမှာလည်း တူးဖော်ရေးလုပ်ငန်းကို အယောင်ပြသာလုပ်ကိုင်တော့ကြောင်း သတင်းရရှိသည်။

မကွေးတိုင်းဒေသကြီး မင်းဘူး၊မင်းလှနှင့်အခြားရေနံမြေများ၌တရားဝင်ရေနံတူးဖော်ရန် ကုမ္ပဏီ ၄၀ ခန့် မှတ်ပုံတင်ထားသော်လည်း ကုမ္ပဏီ ၁၀ ခုခန့်သာ စီးပွားရေးဆန်ဆန်အလုပ်လုပ်ကြပြီး ကျန်ကုမ္ပဏီများမှာ မှောင်ခိုဈေးကွက်မှ ရေနံစိမ်းများကိုဝယ်ယူပြီး မုံရွာမြို့တွင်ရေနံစိမ်းမှဒီဇယ်ချက်လုပ်နေကြကြောင်း မင်းဘူးအခြေစိုက်တိုင်းရင်းသားရေနံတူးဖော်ရေးကုမ္ပဏီတစ်ခုမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ စာ(၁၈) သို့



7 DAY NEWS JOURNAL
Vol.11, No.14 • JUNE 14 , 2012

# ရွှေဘိုတွင် နွေစပါးစိုက်ဧက ကျဆင်းနေဟုဆို

**မောင်ထီလာ**

**ရွှေဘို၊ဇွန်-၆**

နွေစပါးစိုက်ပျိုးရန် တောင်သူအချို့ စိတ်ဝင်စားမှုနည်းကာ လယ်များ စွန့်ပစ်ထားမှုများ ရှိလာပြီးနွေစပါးစိုက်ဧကများလည်း ကျဆင်းလာကြောင်း စုံစမ်းသိရှိရသည်။

နွေစပါးစိုက်ပျိုးရာတွင် ကောက်စိုက်စရိတ်မြင့်မားလာခြင်း၊ သွင်းအားစုများဖြစ်သည့် ဓာတ်မြေဩဇာနှင့် ဒီဇယ်ဆီများ ဈေးတက်လာခြင်း၊ စပါးမှည့်ချိန်တွင် မိုးများ ၍ စပါးနှံများ ပျက်စီးခြင်း၊ အချို့လယ်များမှာ ကုန်ထုတ်လမ်းနှင့် ဝေးကွာခြင်း၊ စပါးရိတ်ပြီး လမ်းဘေးပုံထားချိန်တွင် မိုးမိ၍ အညှောင့်ပေါက်ခြင်း၊ အရည်အသွေးမကောင်းခြင်း၊ စပါးစက်တွင် အချိန်စောင့်ရခြင်း၊ ကြိတ်ပြီးစပါးများ အရည်အသွေးမမီ၍ ဈေးကောင်း မရခြင်း၊ စပါးစိုက်ချိန်တွင် ကြွက် ဖျက်ဆီးခံရခြင်းများကြောင့် အရင်းပင်မရဘဲ အရှုံးပေါ် နေ၍ ယ ခုနှစ်နွေစပါးအတွက် ရေလွှတ်ပေးနေသော်လည်း တောင်သူအချို့မှာ နွေစပါးစိုက်ပျိုးရန် စိတ်ဝင်စားမှုနည်းပြီး လယ်မြေကိုစွန့်ပစ်လာကြသည်ဟု သိရသည်။

မိုးစပါးတွင်မူ စပါးစိုက်တောင်သူများက စပါးဈေးနိမ့်ကျနေခြင်း၊ သွင်းအားစုစရိတ်များပြားခြင်း၊ ကြွက်များဖျက်ဆီးခံရသော်လည်း မိရိုးဖလာတောင်သူအလုပ်ကို ဆက်လက်လုပ်ကိုင်နေရသည်ဟုဆိုသည်။ ယခုနှစ်တွင် ကြွက်များ ကိုက်ဖြတ်ဖျက်ဆီးမှုများ ကြုံတွေ့နေရပြီး ကြွက်ဆေးချ၊ ခရင်းတူးသတ်ဖြတ်သော်လည်း လျော့ကျမသွားဘဲ တိုးပွားလာသည်ဟု သိရသည်။



နွေစပါးစိုက်ခင်းတစ်ခုအား တွေ့ရစဉ်

ဓာတ်ပုံ - မျိုးဇင်ဦး




# ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် အက်ဖ်အေအိုစီမံကိန်းများ ရပ်သိမ်း

**မောင်ကံ**

**မောင်တော၊ဇွန်-၅**

လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် အဓိကပူးပေါင်းလုပ်ကိုင်နေသည့် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့(အက်ဖ်အေအို)၏ စီမံကိန်းလုပ်ငန်းကာလကုန်ဆုံးသွားပြီဖြစ်သောကြောင့် ရခိုင်ပြည်နယ်မြောက်ပိုင်းရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောဒေသရှိလုပ်ငန်းများ မေလကုန်မှစတင်၍ ရုပ်သိမ်းသွားပြီဖြစ်ကြောင်း သိရသည်။

စီမံကိန်းများ ဆောင်ရွက်ခဲ့စဉ်အတွင်း အက်ဖ်အေအိုအနေဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအတွက် မျိုးစပါးများ၊ ဓာတ်မြေဩဇာများ၊ လက်တွန်းထွန်စက်များကို နှစ်စဉ်တောင်သူများထံ အခမဲ့ဖြန့်ဝေပေးခဲ့ပြီး မွေးမြူရေး လုပ်ငန်းများအတွက်လည်း ကြက်၊ ဆိတ်၊ ဝက်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ဒေသတွင်း၌ နွေစပါးများ တိုးချဲ့စိုက်ပျိုးနိုင်ရန်အတွက် ဆည်များ တည်ဆောက်ပေးခြင်းနှင့် ဇီဝဓာတ်အားသုံးဓာတ်ပေါင်းဖိုများကိုလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ အဆိုပါ အက်ဖ်အေအို စီမံကိန်းများမှာ ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသသို့ ၁၉၉၉ ခုနှစ်မှ စတင်ဝင်ရောက်လာခြင်းဖြစ်ပြီး စုစုပေါင်း (၁၂)နှစ်ကြာ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

# ပညာရေးနှင့် ဘာသာရေးဆိုင်ရာ လူမှုရေးအသင်းအဖွဲ့များရှိ ခွေးများကို ခွေးရူးကာကွယ်ဆေး အခမဲ့ထိုးပေး

**စိုင်းသာအောင်၊ ညီညီဇော်**

**မန္တလေး၊ဇွန်-၉**

မန္တလေးမြို့ ဧရိယာအတွင်း ခုနစ်မြို့နယ်တွင်ရှိသောစာသင်ကျောင်းများ၊ ဘာသာရေးဆိုင်ရာနေရာများနှင့် လူမှုရေးအသင်းအဖွဲ့များရှိ ခွေးများကို ခွေးရူးပြန်ရောဂါကာကွယ်ဆေးများ အခမဲ့ ထိုးပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ယင်းအစီအစဉ်ကို မန္တလေးမြို့တွင် တိရိစ္ဆာန်ဆေးကုဆရာဝန်များအသင်း(မန္တလေး)က ခွေးရူးပြန်ရောဂါကြောင့်သေဆုံးမှုလျော့ချရန် ရည်ရွယ်၍ ပထမဆုံး အကြိမ်အဖြစ် ပြုလုပ်ခြင်းဖြစ်သည်ဟု ယင်းအသင်းမှ ဆရာဝန်တစ်ဦးကပြောသည်။

ဇွန် ၂ ရက်က ပြင်ဦးလွင်ဒိုးပင်အောင်မိဘမဲ့ပရဟိတကျောင်း၊ အာရှအလင်းရောင်ဖောင်ဒေးရှင်းများရှိခွေးများအား ကာကွယ်ဆေးထိုးပေးခဲ့သည်ဟု ဆိုသည်။ ခွေးရူးပြန်ကာကွယ်ဆေးထိုးမည့် ခွေးသည် အသက်သုံးလအထက် ရှိရမည်ဖြစ်ပြီး တစ်နှစ်တစ်ကြိမ် မှန်မှန်ထိုးရမည်ဖြစ်ကြောင်း ခွေးအသက်ရှင်နေသရွေ့ နှစ်စဉ်ထိုးရမည်ဟုဆိုသည်။

ခွေးရူးပြန်ရောဂါကာကွယ်ဆေး ထိုးနှံပေးလိုသည့် အသင်းအဖွဲ့များ၊ ဆေးဖိုးလှူဒါန်းလိုသူများအနေဖြင့်ဒေါက်တာခင်မောင်ထွေး ဖုန်း- ၀၉ ၂၀၂၄၂၀၆၊ ဒေါက်တာကျော်ထင် ဖုန်း- ၀၉ ၂၀၀၁၀ ၅၇၅ သို့ ဆက်သွယ်နိုင်သည်။

# ကျေးရွာလျှပ်စစ်မီးလင်းရေး လေးနှစ်ကြာသော်လည်း လျှပ်စစ်မီးမရဘဲ မီတာလျှောက်ထားသူများသာ အကြွေးတင်


**ရန်နိုင်ကျော်**

**မုံရွာ၊ဇွန်-၅**

မုံရွာမြို့နယ် ခတ္တာကွန်(မြောက်) ကျေးရွာတွင် ကျေးလက်ဒေသ လျှပ်စစ်မီး ရရှိရေးအတွက် ဖွံ့ဖြိုးမြန်မာကုမ္ပဏီမှ လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်ခဲ့သော်လည်း လေးနှစ်ကျော်သည်အထိ လျှပ်စစ်မီး သုံးစွဲခွင့်မရဘဲ လျှပ်စစ်မီတာ လျှောက်ထားသူ အများစုမှာလယ်ယာမြေပေါင်နှံခြင်းကြောင့် အကြွေးတင်လျက်ရှိကြောင်း အဆိုပါကျေးရွာဒေသခံများက ပြောသည်။

"ကျေးရွာမီးလင်းရေးကော်မတီဖွဲ့စည်းပြီး လျှပ်စစ်ရရှိအောင် ကုမ္ပဏီနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့တာ ၂၀၀၈ ခုနှစ်တုန်းကဆိုတော့ လေးနှစ်ပြည့်ပြီပေါ့။ ရွာထဲ က ဓာတ်တိုင်တွေ ထရန်စဖော်မာတွေ အသင့်ထိုင်ပြီးပေမယ့် လျှပ်စစ်မီးက မရသေးဘူး။ ရွာနဲ့ ဓာတ်အားလိုင်းနဲ့က နှစ်မိုင်ကျော်ကျော်လောက်ဆွဲရမှာပါ။ အရင်ကုမ္ပဏီနဲ့ လျှပ်စစ်မီးက မရသေးတဲ့ အချိန်မှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုပြီး သစ်ညိုပင်၊ ဆည်ကြီးတော၊ ခတ္တာကွန်မြောက်၊ တောင်မတော၊ ကြီးအုပ်စတဲ့ ကျေးရွာငါးရွာက လျှပ်စစ်မီးလင်းရေး စီမံချက်ကို ဇန်နဝါရီလကစပြီး ဆောင်ရွက်ခဲ့တာ ကျန်တဲ့ကျေးရွာလေးရွာကတော့ တိုးတက်ပါတယ်။ မီးလင်းတော့မယ်။ ခတ္တာကွန်မြောက်ရွာအနေနဲ့ အရင်ကုမ္ပဏီက မီတာလျှောက်လို့ အကြွေးတင်နေတာ နောက်ထပ် အကြွေးတင်အောင် လုပ်သလားဆိုပြီး မီတာလျှောက်မယ့် သူတွေ မလျှောက်ရဲတော့ဘူး"ဟု ခတ္တာကွန်ကျေးရွာမီးလင်းရေးကော်မတီ အဖွဲ့ဝင်တစ်ဦးက ပြောသည်။

"ခတ္တာကွန်မြောက်ရွာမီးလင်းတော့မယ်ဆိုတော့ မီတာတစ်လုံးကို ခြောက်သိန်းသွင်းရတယ်။ အချို့က အရစ်ကျသွင်းတာ လေးသိန်း၊ ငါးသိန်းသွင်းတဲ့ သူတွေရှိသလို ငွေအကျေချေပြီး သူတွေလည်းရှိတယ်။ အများစုက လယ်ပေါင်ယာပေါင်ပြီး ငွေချေးထည့်ထားတာ။ တစ်ဦးဆို ယာပေါင်ပြီး မီတာလျှောက်တာ မီးမရခင် ငွေ



ရှာပေးတဲ့ ခင်ပွန်းသည် ဆုံးပါးသွားတော့ ယာမြေဆုံးမယ့်အဖြစ်ကြုံနေတာ။ အခုလည်း လျှပ်စစ်မီးလင်းအောင်ကြိုးစားကြမယ်ဆိုတော့ လူတွေကို မယုံဘူး။ ဆရာတော်ကြီး ဦးဆောင်မယ်ဆိုရင်တော့လက်ခံကြတယ်။ ဆရာတော်ကြီးကလည်း လောလောဆယ် ကျန်းမာရေးက မကောင်းတာကြောင့် လျှပ်စစ်မီးလင်းရေး ဦးမဆောင်နိုင်ဘူး။ အရင်တုန်းက လုပ်ခဲ့တဲ့ ကျေးရွာမီးလင်းရေးကော်မတီလူကြီးတွေ အဆုံးမသတ်တဲ့အတွက် နောက်ထပ် ကျေးရွာမီးလင်းရေးကော်မတီကို မယုံတော့တာလည်း ပါတယ်" ဟု ခတ္တာကွန်မြောက်ရွာ ဒေသခံတောင်သူတစ်ဦးက ပြောသည်။

ခတ္တာကွန်မြောက်ကျေးရွာသည် ယာမြေဖြင့် ပဲစဉ်းငုံ၊ ပြောင်း၊ နှမ်းစိုက်ပျိုးပြီး ကျောက်ဆစ်လုပ်ငန်း၊ ထန်းလုပ်ငန်းများ လုပ်ကိုင်သော ရွာတစ်ရွာဖြစ်သည်။ အဆိုပါ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအဖြစ် သစ်ညိုပင်ကျေးရွာ (၁၀၀KVA) လျှပ်စစ်ဓာတ်အား သွယ်တန်းခြင်း စုစုပေါင်းကုန်ကျစရိတ်(၂၆,၆၆၂,၈၀၀) ကျပ်၊ ဆည်ကြီးတောကျေးရွာ (၁၀၀KVA) လျှပ်စစ်ဓာတ်အား သွယ်တန်းခြင်း စုစုပေါင်း ကုန်ကျစရိတ်(၂၄,၃၉၅,၀၀၀)ကျပ်၊ တောင်မတောကျေးရွာ (၁၀၀KVA) လျှပ်စစ်ဓာတ်အား သွယ်တန်းခြင်း စုစုပေါင်းကုန်ကျစရိတ်(၅၈,၇၈၇,၅၀၀) ကျပ်၊ ခတ္တာကွန်မြောက်ကျေးရွာ (၁၀၀KVA) လျှပ်စစ်ဓာတ်အား သွယ်တန်းခြင်း စုစုပေါင်းကုန်ကျစရိတ်(၁၄၂,၅၅၉,၇၀၀)ကျပ်၊ ကြီးအုပ်ကျေးရွာ(၁၀၀KVA) လျှပ်စစ်ဓာတ်အားသွယ်တန်းခြင်းစုစုပေါင်းကုန်ကျစရိတ်(၃၂,၃၉၇,၀၀၀) ကျပ်၊ နိဗ္ဗာန်ဝ၊ ဘင်စီ (ရွှေမြင်တင်တောင်တန်းမီးလင်းရေး) (၁၀၀ KVA) လျှပ်စစ်ဓာတ်အား သွယ်တန်းခြင်း စုစုပေါင်း ကုန်ကျစရိတ် (၅၆,၈၉၇,၈၀၀)ကျပ်ဖြစ်ပြီး ဓာတ်အားလိုင်း ကုန်ကျစရိတ်၊ ထရန်စဖော်မာ တပ်ဆင်ကုန်ကျစရိတ်နှင့် တပ်ဆင်ရမည့် ထရန်စဖော်မာ ကုန်ကျစရိတ်များ ထည့်သွင်းတွက်ချက်ထားသော မြို့နယ်လျှပ်စစ် အင်ဂျင်နီယာဌာနမှ ခန့်မှန်းကုန်ကျစရိတ်များအရ သိရှိရသည်။

## သမီးရည်းစားနှစ်ဦး ချိန်းတွေ့စဉ် ရွှေထည်ပစ္စည်းများ လုယက်ခံရ

**ကျော်ဇေယျ**

**နေပြည်တော်၊ဇွန်-၆**

သမီးရည်းစားနှစ်ဦးချိန်းတွေ့နေစဉ် ဓားဖြင့်ထောက်ကာ လက်ဝတ်လက်စားများနှင့် ငွေကြေးများအား လုယက်သူနှစ်ဦးကို ဖမ်းဆီးရမိသောဖြစ်ရပ် မေလ ၃၀ ရက်က နေပြည်တော်အမှတ်(၁)ရဲစခန်း အပိုင်နယ်မြေတွင် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

နေပြည်တော် အမှတ်(၁)ရဲစခန်းပိုင်နယ်မြေအတွင်းရှိ××× ရွာမှ ကို×××နှင့် မ×××တို့သည် မေလ ၂၈ ရက် ညဂနာရီခွဲအချိန်ခန့်က ကံဦးရပ်ကွက်စတိုးဆိုင်မှ ပြန်လာပြီး အလျှင်လိုနှင့် အောင်ချမ်းသာရွာနှစ်ရွာကြားရှိလမ်းသစ်ဖောက်ထားသည့်ရေပြွန်အုတ်ခုံအနီးတွင် စကားပြောနေကြစဉ် အမည်မသိအမျိုးသားလေးဦးက မီးမှိတ်ထားသော ဆိုင်ကယ်ကိုယ်စီဖြင့်ရောက်ရှိလာသည်ဟုဆိုသည်။ ကို××× အား လက်သီးဖြင့်ထိုးပြီး ပြောက်ကြားဘောင်းဘီဝတ်ထားသူ ကလည်ပင်းအား ဓားဖြင့်ထောက်ကာ မ××× ဝတ်ဆင်ထားသော လက်စွပ်(၂)ကွင်း၊ ဆွဲကြိုး၊ လက်ကောက် (၄)ကွင်းနှင့်ငွေကျပ်တစ်သောင်း (စုစုပေါင်း ကာလတန်ဖိုး ကျပ်တစ်ဆယ့်လေးသိန်းတစ်သောင်းသုံးထောင်) အား လုယူပြီး "မအော်နဲ့။ ရဲစခန်း ပြန်မတိုင်နဲ့။ အသံတိတ်နေ့ပစ်လိုက်မယ်" ဟုခြိမ်းခြောက်ကာ ဆိုင်ကယ်ဖြင့် ထွက်ပြေးသွားသည်ဟု ဆို၏။ ဆိုင်ကယ်နှစ်စီးအနက် တစ်စီးအားနံပါတ် မှတ်မိကြောင်း ၎င်းတို့က ဆိုသည်။

ကို×××နှင့် မ××× တို့သည် နေပြည်တော်အမှတ်(၁)ရဲစခန်းသို့ သွားရောက်တိုင်ကြားရာ နေပြည်တော်အမှတ်(၁)ရဲစခန်း (ပ)၅၆/ ၂၀၁၂ ဥပဒေပုဒ်မ ၃၈၂(လုယက်မှု)အရ အမှုဖွင့်ပြီး ပြစ်မှုကျူးလွန်သည်ဟုဆိုသော လူနှစ်ဦးစီးနင်းသွားသည့် ဆိုင်ကယ်နံပါတ်များအား သဲလွန်စအဖြစ် ပြုလုပ်ကာ အဆင့်ဆင့် စုံစမ်းမေးမြန်းရာ ပြစ်မှုကျူးလွန်သူမှာ လေးဦးဖြစ်ပြီး ယခုအခါ နှစ်ဦးကို ဖမ်းဆီးရမိကြောင်း သိရသည်။

ဖမ်းဆီးရမိသော သူနှစ်ဦး၏ ထွက်ဆိုချက်အရ ရွှေထည်ပစ္စည်းများကို အပေါင်ဆိုင်များ၌ ပေါင်နှံထားကြောင်း သိရ၍ အပေါင်ဆိုင်သို့ လိုက်လံသိမ်းဆည်းခြင်း ပြုလုပ်ခဲ့ကြောင်းနှင့် ကျန်ရှိနေသေးသော ပြစ်မှုကျူးလွန်သူနှစ်ဦးအား လက်ရဖမ်းဆီးနိုင်ရေးအတွက် ဆောင်ရွက်လျှက်ရှိကြောင်း နေပြည်တော်အမှတ်(၁)ရဲစခန်းမှ စခန်းမှူး ရဲအုပ်ဝင်းညွှန့်ဦးက ပြောသည်။

## ဝါးမျှောချရာမှ လူတစ်ဦး ဓာတ်လိုက်သေဆုံး

**ကျော်ဇေယျ**

**နေပြည်တော်၊ဇွန်-၆**

နေပြည်တော်ကောင်စီ နယ်မြေ ဒေသအထက်ပေါင်းလောင်းလျှပ်စစ်စီမံကိန်းတွင် ဝါးများခုတ်ပြီး မျှောချရာမှ ဓာတ်အားလိုင်း ဓာတ်ကြိုးဖြင့် ထိပြီး ဓာတ်လိုက်ကာ လူတစ်ဦး သေဆုံးသော ဖြစ်ရပ် မေလ ၂၅ ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဓာတ်လိုက်သေဆုံးသူမှာ ရဲ မင်းထွန်း (၂၄နှစ်)၊ ထန်းတောကြီးကျေးရွာ၊ ယင်းမာပင်မြို့နယ် နေထိုင်သူဖြစ်ပြီး ၎င်းမှာ အထက်ပေါင်းလောင်းလျှပ်စစ် စီမံကိန်း၌နေထိုင်သူဖြစ်ကာ ကျပန်းအလုပ်လုပ်ကိုင်နေသော အလုပ်သမားတစ်ဦးဖြစ်သည်။ အဆိုပါနေ့ နံနက် ၈နာရီ မိနစ် ၃၀ အချိန်ခန့်က အလုပ်သမားများဖြစ်သောမျိုးမင်းဆွေ၊ဇင်လင်းအောင်၊ ဇော်လှိုင်းတို့နှင့်အတူ ဘိလပ်မြေလုပ်ငန်း၌ အသုံးပြုရန် လိုအပ်သောဝါးများကို တောင်ပေါ်တက်ခုတ်ခဲ့သည်ဟု ဆိုသည်။

ခုတ်ယူရရှိလာသော ဝါးများအား တောင်အောက်သို့ မျှောချစဉ် တောင်စောင်းအနီး လျှပ်စစ်စီမံကိန်းမှ ကျောက်ခွဲစက်သို့သွယ်တန်းထားသော 33 KV ဓာတ်အားလိုင်းမှ ဓာတ်ကြိုးဖြင့် ထိမိပြီး ဓာတ်လိုက်သေဆုံးသွားကြောင်း သိရသည်။ နေပြည်တော် ပျဉ်းမနားရဲစခန်းမှ သေမှုသေခင်းအမှတ် ၂၁/ ၂၀၁၂ အရစစ်ဆေးဆောင်ရွက်ခဲ့ရကြောင်း ရဲမှတ်တမ်းများအရ သိရသည်။

သေဆုံးသူ၏အလောင်းအား စစ်ဆေးရာတွင် ယာလက်ဖမိုးနှင့် ယာလက်ကောက်ဝတ်အောက်၌ဓာတ်လိုက်ခံထားသော ဒဏ်ရာအဖြစ် အရေပြား ပေါက်ပြဲဒဏ်ရာတွေ့ရပြီး အခြားပြင်ပ ဒဏ်ရာများ မတွေ့ရကြောင်းနှင့် အဆိုပါအလောင်းအား မှုခင်းဆေးပညာဖြင့် စစ်ဆေးဆောင်ရွက်နိုင်ရန် မှုခင်းဆေးစာဖြင့် ဆေးရုံသို့ပို့ဆောင်ခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်ရပ် မဖြစ်ပွားမီ ရက်သတ္တပတ်ခန့်ကလည်း အဆိုပါဖြစ်ပွားရာ နေရာနှင့် မလှမ်းမကမ်းတွင် ဓာတ်ပုံဆိုင်တစ်ခုမှ အလုပ်ပြန်လာသော အမျိုးသမီးငယ်တစ်ဦးကိုလည်း အမည်မသိလူငါးယောက်က ရွှေလက်စွပ် လုယူခဲ့သောဖြစ်ရပ်တစ်ခုဖြစ်ပွားခဲ့သည်။

**တိုက်ခန်းရောင်းမည်**

အမှတ်(၁၃၆)၊ ၄၇ လမ်း၊ အပေါ်ဘလောက်၊ ရတနာမြိုင်ကွန်ဒို၊ တိုက် (၁)၊ ဓာတ်လှေကားပါ၊ ဖုန်းပါ၊ အကြမ်းထည်၊ ၂၅ ပေ× ၅၇ ပေ၊ ၆ လွှာ၊ ထောင့်ခန်း (၁,၄၀၀)သိန်း၊ ဘေးခန်း (၁,၂၅၀)သိန်း၊ ဗိုလ်တထောင်မြို့နယ်။

ဆက်သွယ်ရန်- ၀၉ ၄၃၂၀၂၈၈၄၊

အိမ်ဖုန်း- ၅၅၄၁၀၀ Ext: 338

(ပွဲစားများလည်း ဆက်သွယ်နိုင်သည်)

**ယာဉ်မောင်းကျွမ်းကျင် -ကျား(၅)ဦး**

- အသက်(၂၅-၄၀)နှစ်အတွင်း
- လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး ၃ နှစ်ရှိရမည်။

**အထွေထွေဝန်ထမ်း -ကျား(၁၀)ဦး**

- အသက်(၂၀-၃၅)နှစ်အတွင်း
- အခြေခံပညာအထက်တန်းအဆင့်
- ကျန်းမာရေးကောင်းမွန်ပြီး သွက်လက်တက်ကြွသူ ဖြစ်ရမည်။
- နေစရာပေးမည်။

*အမှတ်(၄၃)၊ သမ္မာဒိဋ္ဌိလမ်း၊ တာမွေမြို့နယ်။ ဖုန်း-၀၉-၇၃၀ ၂၇၃၃၃*

**YJLS** YAMATO Japanese Language School

*Academic Japanese & Japanese for Communication*

***HIGH-LEVEL JAPANESE***

**ဂျပန်လူမျိုးဆရာ**(M.A Japanese Language)

★N.1/N.2 Class(Sat, Sun)

★N.3/Basic Class(Tue-Fri)

No. 172, 1st Floor (L), Baho Road, Sanchaung Tsp.

Ph. 09-73075973 (Tue-Sun, 9:00-17:00)

7 DAY NEWS JOURNAL
Vol.11, No.14 • JUNE 14 , 2012

# စစ်တွေနှင့် ကျော့ဖော့ဗဇားမြို့တွင် ကုန်စည်ပြပွဲများကျင်းပရန် ဘင်္ဂလားဒေ့ရှ် ဆွေးနွေး

**မောင်ကံ**

**မောင်တော၊ဇွန်-၅**

မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်ဖက်ကုန်သွယ်မှု တိုးတက်စေရေးအတွက် စစ်တွေမြို့နှင့်ကော့ဇဗားမြို့များတွင်ကုန်စည်ပြပွဲများ ကျင်းပရန် မေလ ၂၉ ရက်က စစ်တွေမြို့၌ပြုလုပ်သောဆဋ္ဌမအကြိမ်မြောက်မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်ရေးဆိုင်ရာ အရာရှိများ ပူးတွဲလုပ်ငန်းအဖွဲ့၏ဆွေးနွေးပွဲတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှဆွေးနွေးခဲ့ကြောင်း အစည်းအဝေးသို့တက်ရောက်ခဲ့သူတစ်ဦးက ပြောကြားသည်။

"နှစ်နိုင်ငံကုန်သွယ်မှု တိုးတက်ရေးအတွက် ယခုနှစ် စက်တင်ဘာလအတွင်းစစ်တွေမြို့မှာ ၃ ရက်တိုင် ဘင်္ဂလားဒေ့ရှ်ကုန်စည်ပြပွဲ ပြုလုပ်လိုကြောင်းနဲ့ အောက်တိုဘာလမှာဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ပဇားမြို့မှာ ကုန်စည်ပြပွဲကိုမြန်မာဘက်က လာရောက်ကျင်းပစေလိုကြောင်း ဘင်္ဂလားဒေ့ရှ် နိုင်ငံဘက်မှ ဆွေးနွေးခဲ့ပါတယ်" ဟု အထက်ပါပုဂ္ဂိုလ်က ပြောကြားသည်။

အဆိုပါ ကုန်စည်ပြပွဲများ ပြုလုပ်ရန် ဆွေးနွေးချက်ကို မြန်မာဘက်မှ မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်မှုအနေဖြင့် ပို့ကုန်/သွင်းကုန် ကုန်စည် (၁၀၀) ခန့်သာ ဆောင်ရွက်နိုင်ပြီး ကုန်သွယ်မှုနှင့် ကုန်ပစ္စည်းအမယ်များ နည်းပါးနေသေးကြောင်း၊ နှစ်ဖက်ကုန်ပစ္စည်းအမယ်စုံပါက ကုန်စည်ပြပွဲပြုလုပ်ရာတွင် ပြည်သူလူထုကလည်း စိတ်ဝင်စားမှုပိုမိုလာနိုင်ကြောင်း၊ စက်တင်ဘာလနှင့် အောက်တိုဘာလများမှာ အချိန်အားဖြင့် အလွန်နီးကပ်သည့်အတွက်ကုန်စည်ပြပွဲပြုလုပ်မည့်အစီအစဉ်များကို JTC (Joint Trade Committee) နှစ်နိုင်ငံကုန်သွယ်မှု ပူးတွဲကော်မတီအစည်းအဝေးတွင် ထည့်သွင်းဆွေးနွေးသွားရန် ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

# စစ်ကိုင်းတိုင်းဒေသကြီး ပထမဆုံးအလုပ်သမားအဖွဲ့အစည်းအဖြစ် ကြေးနီသတ္တုတွင်း အလုပ်သမားအဖွဲ့အစည်း တရားဝင်ဖွဲ့စည်း

**မျိုးမင်းဦး**

**မုံရွာ၊**

**ဇွန် - ၉**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နှစ်ပေါင်း ၂၄ နှစ်ကျော် ပျောက်ကွယ်ခဲ့သော အလုပ်သမားများ ရပိုင်ခွင့်နှင့် အကျိုးစီးပွား ကာကွယ်စောင့်ရှောက်သော အလုပ်သမားအဖွဲ့အစည်းများ အစိုးရသစ်လက်ထက်တွင် မုံရွာခရိုင်၊ ဆားလင်းကြီးမြို့နယ်၊ ကြေးစင်တောင်နှင့် စံပယ်တောင်ကြေးနီသတ္တုတွင်းအခြေခံအလုပ်သမားအဖွဲ့အစည်းမှာပထမဆုံးအသင်းအဖွဲ့အဖြစ် ယခုနှစ် ဇွန်လ ၂ ရက်တွင် တရားဝင်အသင်းအဖွဲ့အဖြစ် တည်ထောင်ခဲ့ကြောင်း သိရှိရသည်။

"အလုပ်သမားအဖွဲ့အစည်းလျှောက်တဲ့အချိန်မှာ ဝန်ထမ်း ၄၄၇ ဦးရှိတယ်။ အခု အသင်းဝင်ဝန်ထမ်း ၅၀၀ ကျော်ပြီ။ ကြေးစင်တောင်နဲ့ စံပယ်တောင်ကြေးနီသတ္တုတွင်းလုပ်ငန်းမှာ ဝန်ထမ်းအင်အား ၁,၀၀၀ ရှိတယ်။ အသင်းဝင်ဝန်ထမ်းတွေကို အလုပ်သမားအခွင့်အလမ်းဥပဒေ ၂၀၁၁ ခုနှစ်နဲ့အလုပ်သမားအဖွဲ့အစည်းနည်းဥပဒေနဲ့အညီလိုက်နာဆောင်ရွက်ဖို့လိုပါတယ်" ဟု ကြေးနီသတ္တုတွင်း အခြေခံအလုပ်သမားအဖွဲ့အစည်းအတွင်းရေးမှူး ဦးသောင်းညွန့်က ပြောသည်။

၁၉၈၂ ခုနှစ်မှစ၍ စံပယ်တောင်နှင့်ကြေးစင်တောင်ကြေးနီသတ္တုတွင်းအား တူးဖော်လုပ်ကိုင်ခဲ့ပြီး ယခုနှစ်အတွင်း တရုတ်နိုင်ငံ နိုရင်ကိုကုမ္ပဏီ၏ လုပ်ငန်းခွဲဖြစ်သော မြန်မာယမ်စီကုမ္ပဏီ၊ သတ္တုတွင်းဝန်ကြီးဌာနနှင့် ပြည်တွင်းစီးပွားရေး ရင်းနှီးမြှုပ်နှံသော ကုမ္ပဏီများပူးပေါင်းလုပ်ကိုင်လျက်ရှိကြောင်း သိရှိရသည်။

လက်ပန်းတောင်ကြေးနီတူးဖော်ရေးလုပ်ငန်းအား သတ္တုတွင်းဝန်ကြီးဌာန၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းကုမ္ပဏီကြီးများနှင့်တရုတ်နိုင်ငံ နိုရင်ကို ကုမ္ပဏီလုပ်ငန်းခွဲဖြစ်သော မြန်မာဝမ်ပေါင်ကုမ္ပဏီတို့ ပူးပေါင်းလုပ်ကိုင်လျက်ရှိကြောင်း သိရှိရသည်။

# စစ်တွေတွင် အိမ်ငှားခများ မြင့်တက်

**နိုင်စစ်တွေ**

**စစ်တွေ၊**

**ဇွန်-၆**

ရခိုင်ပြည်နယ်စစ်တွေမြို့တွင် အိမ်ငှားရမ်းခ ဈေးနှုန်းများမှာ မြင့်တက်နေပြီး မြို့ပေါ်ရပ်ကွက်များတွင် အိမ်တစ်ဆောင်လုံး ငှားရမ်းခအတွက် ကျပ်ငါးသောင်းမှ ခြောက်သောင်းထိရှိပြီး လုံးချင်းငှားရမ်းခြင်း မပြုနိုင်သူများမှာ နှစ်အိမ်ထောင်စပ် စုပေါင်းငှားရမ်းနေရကြောင်း စုံစမ်းသိရသည်။

မြို့စွန်ရပ်ကွက်ဖြစ်သည့်မင်းဂံရပ်ကွက်တွင်လည်း လုံးချင်းအိမ်ငှားရမ်းခမှာ ကျပ်နှစ်သောင်းမှ သုံးသောင်းထိရှိပြီး ကုမ္ပဏီအဖွဲ့အစည်းများ၊ အင်န်ဂျီအိုအဖွဲ့အစည်းများက အိမ်ကောင်းများကို ရှာဖွေငှားရမ်းလျက်ရှိရာ တစ်လလျှင် ကျပ်နှစ်သိန်းမှ သုံးသိန်းထိရှိကြောင်း သိရသည်။ စစ်တွေမြို့ပေါ်ရပ်ကွက်များတွင် နေအိမ်တိုးချဲ့ဆောက်လုပ်ရန် မြေကွက်များရှားပါးလာပြီး မြေကွက်ဈေးမှာလည်း လိုက်မမီသည့် ဈေးနှုန်းထိရောက်ရှိနေကြောင်း သိရသည်။ လမ်းမတော်၊ ဆင်ကူးလမ်းကဲ့သို့ ရပ်ကွက်များတွင်မူ မြေကွက်ဈေးနှုန်းများမှာကျပ်သိန်းတစ်ရာ့ငါးဆယ် နှင့် အထက်ရှိ မြို့လယ်ရပ်ကွက်များဖြစ်သည့် ကျေးပင်ကြီး၊ အိုးတန်း၊ မောလိပ်၊ ကျောင်းတက်လမ်းကဲ့သို့ ရပ်ကွက်များတွင် ပေလေးဆယ်ခြောက်ဆယ်တစ်ကွက်လျှင် ကျပ်သိန်းငါးရာမှ အထက်ရှိကြောင်း သိရသည်။

"ကျွန်တော့်အသိတစ်ယောက်အောင်မင်္ဂလာရပ်ကွက် မင်းဘာကြီးလမ်းမှာ ပေလေးဆယ်၊ ပေရှစ်ဆယ် မြေကွက်တစ်ကွက်ကို ပြီးခဲ့တဲ့နှစ်က သိန်းလေးရာ့ငါးဆယ်နဲ့ ဝယ်လိုက်တာ သုံးလလောက်အကြာမှာ သိန်းတစ်ထောင့်ငါးရာ လာပေးတယ်လို့ သိရတယ်"ဟု ဒေသခံတစ်ဦးက ပြောကြားသည်။

ယခင်က ဌာနအချို့ပိုင် မြေကွက်များအား ငှားရမ်း၍ စားသောက်ဆိုင်များဖွင့်လှစ်လုပ်ကိုင်နိုင်ခဲ့သော်လည်း ယခုအခါ ငှားရမ်းမှု ရုပ်သိမ်းလိုက်သဖြင့် စားသောက်ဆိုင်ကြီးအချို့ မြေနေရာအခက်အခဲများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

"စစ်တွေမြို့က လူဦးရေထူထပ်လာတယ်။ အိမ်ထောင်စုအသစ်တွေတိုးပွားလာပြီးအဆောက်အအုံတွေက တိုးချဲ့ဆောက်လုပ်ဖို့မြေကမရှိတော့ဘူး။ လွန်ခဲ့တဲ့ဆယ်နှစ်ကျော်ကျော်က အိုးအိမ်ဦးစီးဌာနက ဝန်ထမ်းအိမ်ရာတွေ ဆောက်လုပ်ပြီး ဝန်ထမ်းတွေကို နေရာချထားငှားရမ်းပေးခဲ့တယ်။ ယခုအဲဒီ အဆောက်အအုံတွေကိုတောင် လက်ပြောင်းလက်လွှဲလုပ်ပြီး ငှားရမ်းနေကြတာ တိုက်ခန်းတစ်ခန်းကို တစ်လငါးသောင်း၊ ခြောက်သောင်းထိ ရှိနေတယ်။ လူအများသက်သက်သာသာနဲ့ ငှားရမ်းနေထိုင်ဖို့ စုပေါင်းအိမ်ရာတွေ ဆောက်လုပ်ပေးနိုင်ရင် ပိုကောင်းမယ်"ဟု အငြိမ်းစားဝန်ထမ်းတစ်ဦးက ပြောသည်။

One More

၂၀၁၂ ၊ မေလ

၁၄,၃၀၄ ဦး

၁၄,၃၀၄,၀၀၀ ကျပ်

၁။ ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်ရှိ ကော့ပရံဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ ကျပ် သိန်း (၂၀)၊

၂။ မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့ရှိ ရတနာသိဒ္ဓိပရဟိတသာသနာပြု ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ ကျပ်သိန်း (၂၀)။

၃။ ရေဝတီတိုင်းဒေသကြီး၊ ခနုဖြူမြို့နယ်၊ ရေတွင်းကုန်းကျေးရွာရှိ အောင်ချမ်းသာဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် လူငယ်ဖွံ့ဖြိုးရေးပရဟိတကျောင်းတိုက်သို့ ကျပ် သိန်း (၂၀)။

၄။ ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့ရှိ ကရုဏာရင်ခွင်(ဇေနေတာ)မိဘမဲ့ကလေးများဂေဟာနှင့် နမ့်ဆန်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ ကျပ် သိန်း (၂၀)၊

၅။ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့ရှိ မာန်ပြေဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ ကျပ် သိန်း (၂၀)၊

၆။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံတောင်ပိုင်းမြို့နယ်ရှိ မဟာစရိယဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ ကျပ် သိန်း (၂၀)။

၇။ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်ရှိ ပါရဂူရန်တိနိကေတန် စာကြည့်တိုက်သို့ ကျပ် သိန်း (၂၀)၊

၈။ ပဲခူးတိုင်းဒေသကြီး၊ ကျေးပင်ရွာအုပ်စု၊ ပေပင်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ ကျပ် သုံးသိန်း လေးထောင်ကျပ် (၃၀၄,၀၀၀-ကျပ်) လှူဒါန်းသည်။

မှတ်ချက် - မေလအလှူရှင်များတွင် စင်ကာပူရောက်မြန်မာ ၁၄၃ ဦးပါဝင်သည်၊

# စာ(၁၅) မကွေးတိုင်းအတွင်း ရေနံစိမ်းတူးကုမ္ပဏီများ သယ်ယူခွင့်မျှောစာများဖြင့် ရပ်တည် မှ

"ရေနံတစ်တွင်းတူးရင် သိန်း ၂၀ ကနေ ၅၀ လောက်ကုန်တယ်။ ရေနံထွက်မထွက်က မသေချာဘူး။ မထွက်ရင် အရင်းတောင် ပြန်မရဘူး။ ဒါကြောင့် ကုမ္ပဏီတွေက မှောင်ခိုဈေးနဲ့ ရေနံစိမ်းဝယ်၊ သယ်ယူခွင့်မျှောစာလုပ်ပြီး မုံရွာက ကန်တွေဆီပို့ကြတာ"ဟု အထက်ပါကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရေနံတူးဖော်ရေးကုမ္ပဏီများက ရေနံတစ်ကြိမ်သယ်လျှင် ၅၅ ပီပါသာ မျှောစာဖြင့် တရားဝင်သယ်ယူခွင့်ပြုပြီး သတ်မှတ်ချက်ထက်ပိုတင်သော ဆီသယ်ယာဉ်များကို စစ်ဆေးအရေးယူလျက်ရှိကာ မျှောစာလုပ်ရာတွင် တစ်ပေပါအတွက် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ တစ်ပီပါ ၄,၅၀၀ ကျပ်ပေးရကြောင်း ယင်းကုမ္ပဏီများထံမှ စုံစမ်းသိရှိရသည်။

**သူရိယဝင်းကုမ္ပဏီလီမိတက်**
**ဝန်ထမ်းအမြန်အလိုရှိသည်**

၁။ **Accountant** မ (၂) ဦး
B.Com ဘွဲ့ရ၊ အသက်(၃၀)နှစ်ထက်မကြီးရ၊ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၂)နှစ်ရှိရမည်။ MS Excel & Computerized Accounting တတ်ကျွမ်းရမည်။

၂။ **Office Staff** မ (၅) ဦး
ဘွဲ့ရ၊ အသက်(၂၅)နှစ်ထက်မကြီးရ၊ ရုံးလုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၁)နှစ်ရှိရမည်၊ MS Office တတ်ကျွမ်းရမည်။

၃။ **Receptionist** မ (၂) ဦး
ဘွဲ့ရ၊ အသက်(၂၅)နှစ်ထက်မကြီးရ၊ လုပ်ငန်းအတွေ့အကြုံရှိရမည်၊ ရုပ်ရည်ပြေပြစ်သွက်လက်ပြီး ဆက်ဆံရေးကောင်းသူဖြစ်ရမည်။

၄။ **Sales Man** ကျား (၅) ဦး
အသက်(၂၅)နှစ်အောက်၊ ဘွဲ့ရ၊ သွက်လက်တက်ကြွပြီး အရောင်းလုပ်ငန်းတွင်စိတ်ဝင်စားမှုရှိရမည်။

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အကျဉ်း၊ ဓာတ်ပုံ(၃)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်း၊ ပညာ အရည်အချင်း၊ ရက်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာတို့နှင့်အတူ (၂)ပတ်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ
အမှတ်(၄၂)၊ ရွှေသရဖီရိပ်မွန်၊ ဘုရင့်နောင်လမ်းမကြီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

**ဝန်ထမ်းအလိုရှိသည်**

ဂျပန်ပို့ကုန်များဖြစ်သည့် Men Jacket, Down Jacket များကို ချုပ်လုပ်နေသော MGE Co., Ltd ဂျပန်အထည်ချုပ် စက်ရုံတွင် အောက်ပါဝန်ထမ်းများ အလိုရှိနေပါသည်။

၁။ Chief Supervisor, Supervisor, Assistance Supervisor (Sewing Line)
၂။ Assistance Supervisor (QC, Finishing)
၃။ Manager (Main Office)

အထက်ပါ အမှတ်စဉ် ၁ နှင့် ၂ ရာထူးအတွက် Men Jacket, Down Jacket များကို ချုပ်လုပ်နိုင်သည့် အတွေ့အကြုံ ရှိသူများ ဖြစ်ရပါမည်။ အမှတ်စဉ် ၃ ရာထူးအတွက် ရုံးလုပ်ငန်းအတွေ့အကြုံနှင့် ဌာနဆိုင်ရာအတွေ့အကြုံရှိသူ ဖြစ်ရပါမည်။

**ဆက်သွယ်ရန်လိပ်စာ။ ။ MGE Co., Ltd - အမှတ်(၆၉၁)၊လှူသန့်အင်း ကျေးရွာ-တိုက်ကြီးမြို့။**
**ဖုန်း-၀၉-၄၃၂၀၈၃၆၀၊ ၀၉-၄၃၁၁၅၈၉၂**

လျှောက်ထားလိုသူများသည် နံနက် ၈ နာရီမှ ညနေ ၇ နာရီအတွင်း အထက်ပါလိပ်စာအတိုင်း လာရောက်လျှောက်ထားနိုင်ပါသည်။ (နယ်မှ ဝန်ထမ်းများအတွက် အဆောင်စီစဉ်ပေးမည်။ အစားအသောက်အတွက် စီစဉ်ပေးမည်။)

**HAPPY RAT KILLER**
**ဟက်ပီး ကြွက်နှိမ်ဆေးသည် . . .**

- အဆိပ်ကြောင့်သေစေခြင်း မဟုတ်ပါ၊
- ကြွက်၏သွေးကို ကျဲစေပြီး ဆိမ့်ထွက်လာသော သွေးနီဥသည် ပုတ်စေသော ကိုယ်တွင်းရည်ကိုစုတ်၍ အနံ့နံခြင်းမဖြစ်တော့ပါ၊
- အမှုန့်မဟုတ်၍ လေလွင့်စင်ပြီး အစာ၊ သိုလှောင်ပစ္စည်းနှင့်ရောနှောခြင်း၊ ပေကျံခြင်းမရှိပါ။
- အနံ့အသက် မရှိခြင်း စွန်းစေခြင်း လုံးဝမရှိပါ၊
- ဖယောင်းဖြင့် ကာရံထား၍ မိုးဒဏ်၊ ရေဒဏ်ခံနိုင်သည်၊
- ချက်ချင်းသေစေသောဆေး (ACUTE) မဟုတ်၍ပြီးခြင်းသတ္တိ (RESISTANCE) မရှိပါ။
- သုံးရန်လွယ်ကူပြီး ထိရောက်မှုရှိပါသည်၊




Super Market စတိုးဆိုင်
ကုန်မာဆိုင် များတွင်ရရှိနိုင်ပါသည်။

အမှတ်(၄၃)၊ သမ္မာဒိဋ္ဌိလမ်း၊ တာမွေ၊ ရန်ကုန်။
ဖုန်း - ၀၁-၅၅၄၈၂၈၊ ၂၀၉၂၉၀၊ ၀၉-၇၃၀၂၇၇၃၃၊ ၀၉-၅၁၅၄၃၀၀၊ ၀၉-၅၁၅၄၆၀၀

# ထိုင်းနိုင်ငံရောက် မြန်မာလုပ်သားများ ယာယီနိုင်ငံကူးလက်မှတ်ထုတ်ပေးရေး ကာလတိုးပေးထား

**အောင်သူရ**

**ရန်ကုန်၊ ဇွန်-၆**

ထိုင်းနိုင်ငံတွင် ရောက်ရှိနေသော မှတ်ပုံတင်ပြီးသား လုပ်သားများအား ယာယီနိုင်ငံကူးလက်မှတ် ထုတ်ပေးရန် ဒီဇင်ဘာလအကုန်ထိ ကာလတိုးပေးထားကြောင်း အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဒုတိယဝန်ကြီး ဦးမြင့်သိန်းက ပြောသည်။

“၂၀၀၉ ကစပြီးခုနစ်သိန်းကျော်ထုတ်ပေးခဲ့ပြီးပြီ။ ရှစ်သိန်းကျန်သေးတယ်။ သူတို့ဆီမှာ မှတ်ပုံတင်ပြီးသား နိုင်ငံသားစိစစ်ရမယ်။ ယာယီနိုင်ငံကူးလက်မှတ်ထုတ်ပေးရမယ်။ ယခင်အတိုင်းဆိုရင် ဇွန်လ၁၄ ရက်ဆို သက်တမ်းကုန်ပြီ။ ပြီးခဲ့တဲ့ ဧပြီလ အင်းလေးမှာလုပ်တဲ့ နှစ်နိုင်ငံအစည်းအဝေးမှာ ဒီဇင်ဘာလကုန်ထိ တိုးပေးဖို့ သဘောတူခဲ့တာ” ဟု ဒုဝန်ကြီး ဦးမြင့်သိန်းက ပြောသည်။

ထိုသူများမှတ်ပုံတင်ပြုလုပ်ရန်အတွက် ထိုင်းနိုင်ငံအတွင်း အဖွဲ့ခြောက်ဖွဲ့စေလွှတ်၍ ဆောင်ရွက်ပေးမည်ဟုဝန်ကြီးကဆိုသည်။

ထိုင်းနိုင်ငံတွင် မည်သည့်အထောက်အထားမှ မရှိဘဲအလုပ်လုပ်နေသူငါးသိန်းကျော်ရှိကြောင်း အလုပ်သမားဝန်ကြီးဌာနမှ ထိပ်တန်းအရာရှိကြီးတစ်ဦးက ပြောသည်။

လက်ရှိ ထိုင်းနိုင်ငံတွင် ယာယီနိုင်ငံကူးလက်မှတ်ကိုင်ဆောင်၍ အလုပ်လုပ်နေသူများမှာ မည်သည့် နေရာမဆို လွတ်လပ်စွာသွားနိုင်ပြီး တစ်နေ့လျှင် အချိန်ပိုမပါဘတ် ၃၀၀ ထိ ရရှိနေကြောင်း ဘန်ကောက်မြို့ အထည်ချုပ်စက်ရုံတွင် အလုပ်လုပ်နေသူတစ်ဦးက ပြောသည်။

“အခြေခံ လစာက အခုရတာပျမ်းမျှ ဘတ် ၂၅၀လောက် ရနေကြတယ်။ တချို့စက်ရုံတွေမှာ ၂၆၆ ဘတ်ရနေပြီ။ သူတို့နိုင်ငံသားတွေရတဲ့ဘတ် ၃၀၀ ရအောင်တော့ ညှိနှိုင်းနေဆဲပါ၊ ချက်ချင်းဘယ်ပေးမလဲ” ဟု ဝန်ကြီးဦးမြင့်သိန်းက ပြောသည်။

ပြီးခဲ့သည် မေလ ၃၀ ရက်က ဒေါ်အောင်ဆန်းစုကြည် ထိုင်းနိုင်ငံသို့ ရောက်ရှိစဉ် ထိုင်းနိုင်ငံအစိုးရတာဝန်ရှိသူများနှင့် မြန်မာရွှေ့ပြောင်းလုပ်သားများ အရေး ဆွေးနွေးခဲ့ကြသည်။

သက်ဆိုင်ရာက ပြုစုထားသော စာရင်းအရ ထိုင်းနိုင်ငံတွင် သွားရောက်လုပ်ကိုင်နေသော မြန်မာလုပ်သားနှစ်သန်းနီးပါးရှိသည်ဟု သတင်းရရှိသည်။

## Free Classified — ဝန်ထမ်းအလိုရှိသည် — အခမဲ့ကြော်ငြာကဏ္ဍ

**ဝန်ထမ်းအလိုရှိသည်**

Myanmar Media Garden Media & Advertising Agency is looking for marketing Staff. Requirement are - good looking physically, at least 1-2 year experiment in this relevant job. (3) Post. Pls contact Ma Panei, email: mosat.star@gmail.com

---

**ဝန်ထမ်းအလိုရှိသည်**

ရုံးလုပ်ငန်းသုံး မော်တော်ယာဉ်မောင်းနှင်ရန် ယာဉ်မောင်း (၁) ဦးခေါ်ယူလိုခြင်း။

Substance Abuse Research Association (ပြည်တွင်း NGO) တွင်တာဝန်ထမ်းဆောင်ရန်။

အမှတ်(၁၈/က)ဂန္ဓမာလမ်း၊ သီရိမွန်အိမ်ရာ၊ မရမ်းကုန်းမြို့ နယ်၊ ရန်ကုန်မြို့။

**ဖုန်း - ၆၈၂၀၉၄**

---

**ဝန်ထမ်းအလိုရှိသည်**

NIBBAN ELECTRIC & ELECTRONICS

1. Sales Executive (5) M/F
2. Sales Girl (5) F
3. Service Engineer (3) M
4. Service Technician (5) M
5. Procurement Officer/ Purchaser (2) F
6. Warehouse Manager/ Supervisor (3) M/F
7. Store Keeper (3) M/F

အမှတ်(၁၆၄)၊ဗိုလ်ရွှေလမ်း၊လသာမြို့နယ်။

**ဖုန်း - ၃၈၉၅၂၃၊ ၅၈၅၁၀၃**

---

**ဝန်ထမ်းအလိုရှိသည်**

မဂ္ဂဇင်းတိုက်တွင် တာဝန်ထမ်းဆောင်ရန်

(၁) ဒီဇိုင်နာ ကျား/မ (၂) ဦး

မဂ္ဂဇင်း Layout ဒီဇိုင်းကျွမ်းကျင်သူဖြစ်ရမည်။

(၂) စာစီစာရိုက် မ (၂) ဦး

(၃) Marketing ကျား/မ (၂) ဦး

လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။

**ဖုန်း - ၂၁၀၈၀၀**

---

**ဝန်ထမ်းအလိုရှိသည်**

(1) Cashier မ (၂) ဦး

(2) Receptionist မ (၂) ဦး

(ကားလုပ်ငန်းနှင့်ပတ်သက်ပြီး နားလည်သူ၊ စိတ်ဝင်စားသူ)

(3) Accountant မ (၂) ဦး

(စာရင်းလုပ်ငန်း အတွေ့အကြုံရှိသူ၊ စာရင်းကိုင်ဘွဲ့၊ ဒီပလိုမာရရှိသူ)

အမှတ် (၉၀၊ ၉၂)၊ ၅၁ လမ်း (အလယ်)၊ ပုဇွန်တောင်မြို့နယ်။

---

**ဝန်ထမ်းအလိုရှိသည်**

Equalink Travel & Tours

Reservation & Ticketing Staff ကျား (၂) ဦး

အမှတ် (၄၄-ခ)၊ မြေညီထပ်၊ ၄၃ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

**ဖုန်း - ၀၁-၂၀၁၉၉၆**

---

**ဝန်ထမ်းအလိုရှိသည်**

Recruitment Manager Regent Education

1. Education Officer/ Customer Services Officer
2. Secretary
3. Marketing Executive/ Assistant
4. Accounts Officer
5. Course/ Teaching Assistant
6. Admin Assistant
7. Receptionist
8. Graphic Designer

B-13+23, Shwe Keinnayee Estate, Narnattaw Street, Kamaryut Township, Yangon

---

**ဝန်ထမ်းအလိုရှိသည်**

အဆောင်မှူး ဘွဲ့ရ မ (၂) ဦး

**ဖုန်း - ၅၁၂၄၂၁၊ ၀၉၅၁၁၈၂၅၃**

---

**ဝန်ထမ်းအလိုရှိသည်**

TNT ICT and Mobile Mart

Hardware Technician ကျား (၂) ဦး

ရုံးအကူ+အရောင်း ကျား (၂) ဦး

အရောင်းဝန်ထမ်း မ (၂) ဦး

အမှတ် ၂၃/၃၀၊ အောင်ဆန်းအားကစားပြိုင်ကွင်း တောင်ဘက်ခြမ်း (ရန်ကုန်ဘူတာကြီး ရှေ့တည့်တည့်)

**ဖုန်း - ၃၇၄၈၅၇**

---

**ဝန်ထမ်းအလိုရှိသည်**

အချက်အပြုတ်နှင့် မုန့်ဖုတ်ကျွမ်းကျင်သူ အလိုရှိသည်။ လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရမည်။ အစားအသောက်စိတ်ဝင်စားသူဖြစ်ရမည်။ ကျား (သို့) မ (၁) ဦး

Coffee Shop အတွက်အရောင်းကျွမ်းကျင်သူ - ကျား (သို့) မ (၄) ဦး (လုပ်ငန်းအတွေ့အကြုံ၊ အစားအသောက်ပြင်ဆင်တတ်ရမည်။)

**ဖုန်း - ၀၉၅၁၉၄၅၉၉**

---

**ဝန်ထမ်းအလိုရှိသည်**

ယာဉ်မောင်း (၂) ဦး

အိမ်၊ရုံးကား မောင်းရန်၊ လိုင်စင်သက်တမ်း (၃) နှစ်၊ ညှိနှိုင်းလစာ။

**ဖုန်း - ၀၁-၅၅၉၁၈၅**

---

**ဝန်ထမ်းအလိုရှိသည်**

Transporter ယာဉ်မောင်း (၂) ဦး။ Low Bed, High Bed ကျွမ်းကျင်စွာမောင်းနှင်နိုင်ရမည်။

**ဖုန်း - ၀၉-၄၉၂၅၆၆၀၇**

---

**ဝန်ထမ်းအလိုရှိသည်**

Accountant မ (၂) ဦး

B.com (or) LCCI Level-III အောင်မြင်ပြီးသူဖြစ်ရမည်။ CV form အပြည့်အစုံနှင့်တကွ နှစ်ပတ်အတွင်း လျှောက်ထားရန်။

**ဖုန်း - ၀၉-၄၃၀၆၈၁၁၁**

---

**ဝန်ထမ်းအလိုရှိသည်**

ရွှေရည်ဝင်း ကွန်ပျူတာစာစီစာရိုက်မိတ္တူဆိုင်အတွက် ကွန်ပျူတာစာစီစာရိုက် ကျွမ်းကျင်သူ မ (၁) ဦး

အမှတ် ၉/၁၁၊ အခန်း (၂)၊ မြေညီထပ်၊ ၃၆ လမ်း (အောက်)၊ ကျောက်တံတားမြို့နယ်။

**ဖုန်း - ၀၉၇၃၀၁၇၅၀၁**

---

**ဝန်ထမ်းအလိုရှိသည်**

Yadanarbon Fiber Co.,Ltd

(၁) Networking Assistance ကျား(၃)ဦး၊(တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိပြီး Networking နှင့်ပတ်သက်၍ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၂) နှစ်။

(၂) IT Technician ကျား (၂) ဦး (AGTI (IT), BE (IT) Fresh Graduate များလျှောက်ထားနိုင်။

Yadanarbon Fiber Co.,Ltd, ဟိုတယ်ရန်ကုန်ဝင်းအတွင်း၊ တိုက်အမှတ် (၁)၊ အခန်း (၁၀၁)။

**ဖုန်း- ၀၁-၆၅၅၇၇၈**

email: yadanarponfiber@gmail.com

---

**ဝန်ထမ်းအလိုရှိသည်**

ပြည်ပနိုင်ငံတွင်တာဝန်ထမ်းဆောင်ရန်အတွက်

မြေတူးစက်မောင်း ကျွမ်းကျင် ကျား (၂) ဦး

**ဖုန်း - ၀၉၄၂၀၀၃၄၂၂၄**

---

**ဝန်ထမ်းအလိုရှိသည်**

Head Office တွင် တာဝန်ထမ်းဆောင်ရန်

-Chief Accountant, (3)Post, Female.

-Assistant Accountant, (2) Post, Female.

No.12-B(43), Shwe Kainnayi Housing Complex, Nanattaw Street, Kamayut Township.

Ph: + 95-1-523072, 537466

---

**ဝန်ထမ်းအလိုရှိသည်**

UCS-United Courier Services Co.,Ltdတွင်

-Courierစာပို့ဝန်ထမ်း M(5) Posts

-Courier Serviceစာသိမ်း F(5) Posts

-Route Supervisor M(2) Posts

No.75, Oak Pone Seik Road, Thadargalay Junction, Mayangone.

Ph: 09 73073099

---

**ဝန်ထမ်းအလိုရှိသည်**

-တရုတ်စကားပြန် မ(၁)ဦး

GFT ENTERPRISE CO.,LTD. Office unit 17, MICASA Hotel Apartment, Yankin Township, Yangon, Myanmar.

Ph: (951) 650959, 650954

---

**ဝန်ထမ်းအလိုရှိသည်**

နေပြည်တော်တွင် နေထိုင်နိုင်သူဝန်ထမ်းတစ်ဦး အမြန်အလိုရှိသည်။ ကိုရီးယား၊ အင်္ဂလိပ်စာ ရေး၊ ဖတ်၊ ပြောနိုင်ရမည်။ ကွန်ပျူတာ နားလည်တတ်ကျွမ်းရမည်။

**ဖုန်း- ၀၉ ၈၇၆၁၃၂၄**

---

**ဝန်ထမ်းအလိုရှိသည်**

(1) Human Resources Officer M/F (3) Posts

-MBA or ABE (UK)

Waaneiza Worldwide Trading Co.,Ltd.

No.34, Manaw Hari Road, Dagon Township, Yangon, Myanmar.

Ph: 09 73048302

---

ဝန်ထမ်းအလိုရှိသည်

- Marketing Manager (ကျား-၁ ဦး)
- Admin Assistant (ကျား/မ-၁ ဦး)

Asia Central Link Travels and Tours Co.,Ltd.

No.(25/1), Shwe Ohn Pin Housing, Yan Shin Street, Yankin Township.

Ph: 959-73589999, 5158797

---

**ဝန်ထမ်းအလိုရှိသည်**

1. Sales Executive - Male(2) Posts - (Sales & Marketing)
2. Sales Executive - Male(1) Post - (Sales & Service)

No.(B5/9), Yadanar Street, Malikha Housing, Thing Gangyun Township.

Ph: +951 8551301

---

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ် ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ် ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။

# Ovaltine “ဒါလို့ဝှက်ချက်ပဲ” ဓါတ်ပုံပြိုင်ပွဲကျင်းပပြီးစီးခြင်း

Ovaltine မှ ကလေးများ၏ စွမ်းရည်ဖွံ့ဖြိုးမှုအတွက် ပြိုင်ပွဲများကို နှစ်စဉ်ကျင်းပလေ့ရှိပါသည်။ ၂၀၁၂ ခုနှစ်တွင်ထူးခြားစွာဖြင့် Ovaltine ၏ “ဒါလို့ဝှက်ချက်ပဲ” ဓါတ်ပုံပြိုင်ပွဲကို ဖေဖော်ဝါရီလမှ မတ်လတွင် နိုင်ငံတစ်ဝှမ်းလုံးအတွက် ကျင်းပပြုလုပ်ခဲ့ပါသည်။ ပါဝင်ယှဉ်ပြိုင်သည့်ကလေးငယ်များ၏ ချစ်စဖွယ်ဓါတ်ပုံများထဲမှ အကောင်းဆုံးဓါတ်ပုံ(၁၀)ပုံကို ရွေးချယ်ပြီး iPad2 များကို ဆုချီးမြှင့်ခဲ့ပါသည်။

ထို့အပြင် Ovaltine မှ Ovaltine ကိုယ်စားပြုကလေးများအဖြစ် ဆန်ကာတင်ရွေးချယ်ထားသူ (၁၀) ဦးအတွင်းမှ လိုအပ်သောအရည်အချင်းများနှင့် ပြည့်စုံပါက Ovaltine Presenters အဖြစ် ရွေးချယ်သွားမည်ဖြစ်ပါသည်။

ဆန်ကာတင်ရွေးချယ်ခံရသူ (၁၀)ဦးမှာ -

၁။ မစိမ့်ဝတီထွင့်
၂။ မနန်းအိမ်ခြွေဦး
၃။ မသုသဥ္စာစည်သူ
၄။ မဆုလဲ့ရတနာ
၅။ မကြည်နူးလှိုင်
၆။ မဆုမြတ်ကြည်ဖြူလင်း
၇။ မောင်အောင်မင်းခန့်
၈။ မောင်မင်းနိုင်ကိုကို
၉။ မောင်ထက်မြက်အောင်
၁၀။ မောင်ရဲလင်းကျော် တို့ဖြစ်ပါသည်။





# Education

7DAY NEWS JOURNAL

Vol.11, No.14 • JUNE 14 , 2012


# စာသင်ကျောင်းအချို့ အထွေထွေအသုံးစရိတ် အခက်ကြုံ

**ရန်ကုန်၊ ဇွန် - ၇**

မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းပညာ သင်ကြားနေသောအခြေခံပညာကျောင်းအချို့တွင် ကျောင်းအထွေထွေအသုံးစရိတ်နှင့်ပတ်သက်၍ အခက်အခဲကြုံတွေ့နေရကြောင်း သက်ဆိုင်ရာ ကျောင်းတာဝန်ရှိသူများထံမှ သတင်းရရှိသည်။

မူလတန်းအဆင့် အတွက် အခမဲ့ပညာရေးစနစ် ကျင့်သုံးလိုက်ခြင်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် အတွက် အလှူငွေမကောက်ခံရန် သတ်မှတ်လိုက်ခြင်းတို့သည် အခြေခံပညာကျောင်းအချို့ကျောင်းလုပ်ငန်းလည်ပတ်မှု အသုံးစရိတ်ကို သက်ရောက်မှုရှိစေကြောင်းသိရသည်။

"အသေးသုံး မရတာကြာပြီ။ တယ်လီဖုန်း၊ ရေဖိုး အကုန်လုံးကို မိဘဆရာအသင်း ရန်ပုံငွေကပဲ သုံးနေရတယ်။ အဲ့ဒါလည်း မိဘတစ်ဦးကို (ကျပ်) ငါးရာဆိုတော့ ကျောင်းသားတစ်ထောင်ရှိမှ (ကျပ်)ငါးသိန်း၊ တစ်နှစ်လုံးအတွက် သုံးတာ အဲ့ဒါပဲ။ ပရိဘောဂတွေ၊ တခြားလိုအပ်ချက်တွေ သုံးစရာပိုက်ဆံကမရှိဘူး။ အပိုလည်း ကောက်လို့မရဘူးဆိုတော့ ဆရာမတို့က ဒါနဲ့လည်ပတ်နေရတာပေ့ါ။ ရှိတဲ့ပိုက်ဆံနဲ့ပဲ လုံလောက်အောင် ချွေတာပြီး သုံးနေရတာပေ့ါ"ဟု ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ရှိ အထက်တန်းကျောင်းအုပ်ဆရာမကြီးတစ်ဦးကပြောသည်။

ယခု ပညာသင်နှစ်အတွက် ပညာရေးအသုံးစရိတ်ကို တိုးမြှင့်သုံးစွဲရန် သတ်မှတ်ထားသော်လည်း စာသင်ကျောင်းများ ပြုပြင်တည်ဆောက်ရန်နှင့် ဆရာများ တိုးချဲ့ခန့်ထားရန် စီစဉ်ထားခြင်းကြောင့် အခြေခံပညာကျောင်းများ၏ အထွေထွေအသုံးစရိတ်နှင့် အခြားဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုများအတွက် သက်ဆိုင်ရာမြို့နယ်ရပ်ရွာဒေသခံများ၏ ပံ့ပိုးကူညီမှုများ လိုအပ်နေခြင်းဖြစ်သည်။



ဓာတ်ပုံ-နေလင်းထွန်း

"ကျောင်းအသုံး စရိတ်အတွက်အခက်အခဲရှိတယ်။ ကျောင်းအပ်တဲ့အချိန်မှာတော့ အလှူငွေမကောက်ဘူးပေ့ါ။ နောက်ပိုင်းမှ ကျောင်းသားတွေ တတ်နိုင်သလောက် ပြန်ကောက်ရတာပါပဲ။ မြို့ပေါ်က နာမည်ကြီး ကျောင်းတွေကတော့ ချမ်းသာတဲ့ ကလေးတွေ တက်နေတာဆိုတော့ ပြဿနာသိပ်မရှိနိုင်ဘူး။ ချို့တဲ့ကျောင်းက မီးချောင်းပျက်တာ၊ ရေစက်ပျက်တာကအစ ပိုက်ဆံအခက်အခဲရှိပါတယ်"ဟု ပဲခူးမြို့ရှိ အခြေခံပညာအထက်တန်းကျောင်းတစ်ကျောင်းမှ အလယ်တန်းပြဆရာမကဆိုသည်။

အခြေခံပညာကျောင်းများ၏ ကျောင်းဝင်ခွင့်အတွက် သတ်မှတ်ငွေကြေးသာ ကောက်ခံရန်နှင့် မည်သည့်အပို ငွေကြေးမျှ ကောက်ခံခြင်းမပြုရန် စည်းကမ်းသတ်မှတ်ထုတ်ပြန်ထားပြီး လိုက်နာမှုမရှိသော ကျောင်းများကို အရေးယူဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိသော်လည်း အချို့သောကျောင်းများသည် အပိုငွေကြေးကောက်ခံမှုများ ရှိနေကြောင်း ကျောင်းသားမိဘအချို့ထံမှသိရသည်။

---

# မလေးရှား ကျောင်းသားဗီဇာများ စိစစ်တင်းကျပ်လာ

**ရန်ကုန်၊ ဇွန်-၉**

မလေးရှားနိုင်ငံတွင် သွားရောက် ပညာသင်ယူမည့် ကျောင်းသားများအတွက် ကျောင်းသားပြည်ဝင်ခွင့်များ စိစစ်တင်းကျပ်လာပြီး ဗီဇာရရှိရန် စောင့်ဆိုင်းရချိန်ကြာမြင့်လာကြောင်း မလေးရှားပညာရေးဝန်ဆောင်မှုလုပ်ငန်းတစ်ခုမှ သိရသည်။

နိုင်ငံရပ်ခြားတွင် သွားရောက်ပညာသင်မည့် မြန်မာကျောင်းသားများအတွက် ပြည်ဝင်ခွင့်လွယ်ကူသောနိုင်ငံဖြစ်သည့် မလေးရှားနိုင်ငံသည် ယခုအခါ ကျောင်းသားပြည်ဝင်ခွင့်အတွက် စတင်ကြပ်မတ်မှုများ ရှိလာခြင်းဖြစ်သည်။

"မြန်မာတစ်နိုင်ငံတည်း မဟုတ်ပါဘူး။ နိုင်ငံတကာက ကျောင်း သားတွေအတွက်ပါ နည်းနည်းတင်းကျပ်လိုက်တာပါ။ မြန်မာကျောင်းသားတွေအနေနဲ့ မလေးရှားမှာ ကျောင်းသွားတက်မယ်ဆိုရင် ပြည်ဝင်ခွင့်ကို ကြိုတင်ပြီးလျှောက်မှ အဆင်ပြေပါမယ်။ ကျောင်းတက်ချိန် နီးမှ လျှောက်မယ်ဆိုရင် အဆင်ပြေမှာ မဟုတ်ပါဘူး"ဟု အဆိုပါပညာရေးဝန်ဆောင်မှုလုပ်ငန်းမှ မန်နေဂျင်းဒါရိုက်တာကပြောသည်။

မလေးရှားနိုင်ငံတွင် ပညာသင်မည့် မြန်မာကျောင်းသားများအနေဖြင့် အလည်အပတ်ဗီဇာဖြင့် သွားရောက်နိုင်တော့မည် မဟုတ်ဘဲ ကျောင်းသားဗီဇာဖြင့်သာ ပြည်ဝင်ခွင့်လက်ခံတော့မည်ဖြစ်ပြီး ကျောင်းသားဗီဇာရရှိရန် ယခင်ကတစ်လခွဲခန့်သာ ကြာမြင့်နေရာမှ ယခုအခါ သုံးလခန့် စောင့်ဆိုင်းနေရကြောင်းသိရသည်။

မြန်မာကျောင်းသားအများစုသည် အနောက်နိုင်ငံများတွင် ပညာသင်ယူရန် မလေးရှားနိုင်ငံကို ကြားခံသင်ကြားရေးဌာနအနေဖြင့် သွားရောက်ကြလျက်ရှိပြီး နှစ်စဉ်မြန်မာကျောင်းသား နှစ်ရာ့ငါးဆယ်ကျော်သည် မလေးရှားတက္ကသိုလ်၊ ကောလိပ်များ၌ ပညာသင်လျက်ရှိကြောင်း သိရသည်။

## ပညာရေးသတင်းတိုများ

### Myanmar Business Plan ပြိုင်ပွဲကျင်းပမည်

**ရန်ကုန်၊ဇွန်-၈**

စီးပွားရေးပညာသင်ယူနေသူများနှင့် လူငယ်လုပ်ငန်းရှင်များအတွက် Myanmar Business Plan Contest 2012 ကို ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း UMFCCI မှ သတင်းထုတ်ပြန်ထားသည်။ ပြိုင်ပွဲတွင် အသက် ၂၃နှစ်အောက်နှင့် အသက် ၂၈ နှစ်အောက်ဟူ၍ နှစ်မျိုးခွဲခြားထားကာ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ဇွန်လ ၂၂ ရက် နောက်ဆုံးထား၍ ပြိုင်ပွဲဝင်ပုံစံနှင့် Business Plan Outline တို့ကို ပေးပို့နိုင်ကြောင်း သိရသည်။

### လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခမဲ့သင်တန်းများ ပုံမှန်ဖွင့်မည်

**ရန်ကုန်၊ဇွန်-၈**

သမ္မတအကြံပေးပညာရှင်များဖြင့် ဖွဲ့စည်းထားသော မြန်မာ့ဖွံ့ဖြိုးတိုးတက်ရေး အရင်းအမြစ်အဖွဲ့အစည်း (MDRI)၏ Centre for Strategic and International Studies (CSIS) မှ လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခမဲ့သင်တန်းများကို ပုံမှန်ဖွင့်လှစ်သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။ ၎င်းသင်တန်းကို ဒေါက်တာအောင်ထွန်းသက်၊ ဦးကိုကိုလှိုင်၊ ဒေါက်တာနေဇင်လတ်၊ MHRဦးအေးကျော်နှင့် ပညာရှင်များက သင်ကြားပို့ချမည်ဖြစ်ပြီး ဥရောပသမဂ္ဂ၏ ငွေကြေးထောက်ပံ့မှုဖြင့် ဆောင်ရွက်ခြင်းဖြစ်ကာ ပြည်လမ်း၊ ၆ မိုင်ခွဲရှိ MDRI ရုံးခန်းသို့ ဆက်သွယ်လျှောက်ထားနိုင်ကြောင်း သိရသည်။

### မြန်မာနိုင်ငံတွင် ဟိုတယ်၊ ခရီးဆိုင်ရာ ဝန်ဆောင်မှုသင်တန်းဖွင့်ရန် စင်ကာပူကောလိပ်တစ်ခု ဆွေးနွေး

**ရန်ကုန်၊ဇွန်-၈**

စင်ကာပူနိုင်ငံရှိ Shelton College International သည် ပြည်တွင်း၌ ဟိုတယ်နှင့်ခရီးသွားဝန်ဆောင်မှုသင်တန်းများ လာရောက်ဖွင့်လှစ်ရန် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။ ၎င်း အဖွဲ့အစည်းမှ အမှုဆောင်အရာရှိချုပ်သည် ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်မြို့များတွင် ဟိုတယ်ဝန်ဆောင်မှုသင်တန်းများ ဖွင့်လှစ်ရန်လာရောက်ဆွေးနွေးခဲ့ကြောင်းဇွန်လ ၈ရက်ထုတ်နိုင်ငံပိုင်သတင်းစာ၌ ဖော်ပြထားသည်။



(၁၀)နှစ်တာနုပျိုချင်သူများအတွက်
ဝက်ခြံ၊ တင်းတိတ်၊ မဲ့ခြောက်၊ နေလောင်ကွက်ရှိသူများ မျက်နှာအသားအရေ ပြန်လည်သစ်လွင်လှပလာစေမည့် Facial Package များ၊
Skincare ဖြင့် အသားအရေထိန်းသိမ်းလိုသူများအတွက်
June 14 ရက်မှ 16 ရက်အထိ နေပြည်တော်ဆေးခန်းတွင်
25% Discount
Only (3)days Special Discount 25%

KEMBANGAN-NAYPYITAW
Aesthetic & Wellness Centre
ဇ(၈)၊ ဇီဝကဆေးခန်းများ၊ သပြေကုန်းဈေးအနီး၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။
ဖုန်း - ၀၆၇ ၄၃၂၇၃၂ ~ ၃၊ ၀၉-၇၃၂၅၀၂၄၄

Direct entry to
Liverpool Hope University UK

Liverpool Hope University
- တက္ကသိုလ်ဘွဲ့ရကျောင်းသား ကျောင်းသူများ၊ IELTS ဖြင့် အောင်မြင်ထားသူများ တက်ရောက်နိုင်မည့် အခွင့်အလမ်း။
- နှစ်နိုင်ငံ မဟာဝိဇ္ဇာဘွဲ့နှစ်ခု လုပ်ခလစာရ အလုပ်သင် (၆)လ အပါအဝင် (၂)နှစ်တက်ရုံဖြင့် မဟာဝိဇ္ဇာနှစ်ထပ်ကွမ်းရနိုင်မည့် အခွင့်အလမ်း။
- Postgraduate နှင့် Undergraduate Course များဖြစ်သော Int'l MBA, Business, Marketing, HRM, Computer Science . . . . .

ZENITH MANAGEMENT CO. LTD.

16th June, 2012
(2:00 pm - 4:00 pm)
Traders Hotel (Konboung Hall)
ဆွေးနွေးပွဲသို့အခမဲ့တက်ရောက်ရန်
Ph: 09-5019163, 579104
mmn.zenith@gmail.com သို့ ကြိုတင် စာရင်းပေးသွင်းပါရန်။

Liverpool Hope University မှ Recruitment Director နှင့် Award Director တို့ကိုယ်တိုင် တိုက်ရိုက်လာရောက်ဟောပြောမည်။
အရည်အချင်းပြည့်မီသူများကို တက္ကသိုလ်ဝင်ခွင့် တိုက်ရိုက်လက်ခံပေးသွားမည်။

7 DAY NEWS JOURNAL
Vol.11, No.14 • JUNE 14 , 2012

# ရန်ကုန်နှင့် မော်လမြိုင်ရှိ တက္ကသိုလ်ဝင်တန်း ကျောင်းသားများ ပညာသင်ဆုလျှောက်နိုင်

**ရန်ကုန်၊ ဇွန် - ၇**

ရန်ကုန်နှင့်မော်လမြိုင်မြို့ရှိတက္ကသိုလ်ဝင်တန်း ကျောင်းသား၊ ကျောင်းသူများအနေဖြင့် SCG Sharing the Dream ပညာသင်ဆုအစီအစဉ်အတွက် ဇွန်လ ၂၀ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြောင်းသိရသည်။

ထူးချွန်ထက်မြက်ပြီး မိဘကျေးဇူးသိတတ်သော ကျောင်းသား ၉၉ ဦးအား ရွေးချယ်၍ တစ် ဦးလျှင် ကျပ်၁၅၆,၀၀၀နှင့် ကျောင်းသုံးပစ္စည်းများ ပေးအပ်မည့်အစီအစဉ်ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြောက်ဥက္ကလာပမြို့နယ်၊ သန်လျင်မြို့နယ်၊ တောင်ဒဂုံမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ မှော်ဘီမြို့နယ်၊ မြောက်ဒဂုံမြို့နယ်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်၊ လှိုင်သာယာမြို့နယ်နှင့် မွန်ပြည်နယ်ရှိ မော်လမြိုင်နှင့် ကျိုက်မရောမြို့တို့တွင် ပညာသင်ကြားနေသော တက္ကသိုလ်ဝင်တန်း ကျောင်းသားများအနေဖြင့် ပညာသင်ဆုအစီအစဉ်ကို လျှောက်ထားနိုင်မည်ဖြစ်သည်။

ပညာသင်ထောက်ပံ့ကြေး အစီအစဉ်အတွက် 'ကျွန်ုပ်၏အနာဂတ်အိမ်မက်' ခေါင်းစဉ်ဖြင့် ပညာသင်ဆုကို ဘာကြောင့် မိမိရသင့်ကြောင်း၊ မိဘကျေးဇူး သိတတ်ကြောင်း၊ ပညာရေးကို ဆက်လက်သင်ယူရန် ဆန္ဒပြင်းပြကြောင်းနှင့်မိမိအနာဂတ်စိတ်ကူးအိပ်မက်များ အကောင်အထည်ပေါ်အောင် ကြိုးစားအားထုတ်မည့်အကြောင်းကိုစာစီစာကုံးရေးသားရမည်ဖြစ်သည်။ ကိုယ်ရေးအချက်အလက်၊ နဝမတန်းအောင်မြင်ကြောင်းနှင့် သက်ဆိုင်ရာဆရာ၏ ထောက်ခံစာ၊ ဓာတ်ပုံနှစ်ပုံနှင့် မိမိအပါအဝင် မိသားစုဓာတ်ပုံတစ်ပုံ၊ မှတ်ပုံတင်မိတ္တူတို့ဖြင့် စာတိုက်သေတ္တာအမှတ်(၁၄၀၂)သို့ ပေးပို့လျှောက်ထားနိုင်ကြောင်းသိရသည်။

ကျောင်းသားများ ရွေးချယ်ရာတွင် ပညာထူးချွန်ထက်မြက်မှုသာမက ရည်မှန်းချက်ကြီးမားခြင်း၊ လိမ္မာယဉ်ကျေးခြင်း၊ မိဘကျေးဇူးသိတတ်ခြင်းနှင့် တာဝန်ယူတတ်ခြင်းတို့ကို ကြည့်ရှုဆုံးဖြတ်သွားမည်ဖြစ်ပြီး www.face book.com/scgsharingthe dream တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်သည်။

# Curtain တက္ကသိုလ် ပညာသင်ဆုများပေးအပ်မည်

**သီဟ ရန်ကုန်၊ဇွန် -၉**

ဩစတြေးလျနိုင်ငံ၏တက္ကသိုလ်တစ်ခုဖြစ်သည့် Curtain University မှအသိအမှတ်ပြုသည့်ဘွဲ့နှင့်ဒီပလိုမာအတန်းများအား စင်ကာပူနိုင်ငံရှိCurtain Singapore တွင်တက်ရောက်လိုသည့် ကျောင်းသား၊ကျောင်းသူများ အတွက် Merit Scholarship များပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုပေးအပ်မည့်ပညာသင်ဆုမှာ ဂုဏ်ထူးဝင်ဘွဲ့၏ဒုတိယ အသုတ်အတွက်ဖြစ်ကြောင်းသိရသည်။

ပေးအပ်မည့် ပညာသင်ဆုများမှာ အခြေခံအတန်း၊ဒီပလိုမာအတန်းနှင့် ဘွဲ့လွန်တန်းများအတွက်ဖြစ်သည်။

ပညာသင်ဆုလျှောက်ထားလို သူများသည် အခြေခံတန်းအတွက် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာရပ်လေးခုအတွက် ပျမ်းမျှရမှတ် ၈၀ ရရှိရမည်ဖြစ်ပြီး၊ IELTS ရမှတ် ၅ဒသမ၅ သို့မဟုတ်ယင်းနှင့်ညီမျှသည့် အင်္ဂလိပ်စာအရည်အချင်းရှိရမည်ဖြစ်ကာ စာလုံးရေငါးရာခန့်ရှိ အက်ဆေးရေးသားတင်ပြရမည်ဖြစ်သည်။

ဒီပလိုမာအတန်းအတွက် ပညာသင်ဆုလျှောက်ထားလိုသူများသည် တက္ကသိုလ်ဒုတိယနှစ်အမှတ်ကောင်းရမည်ဖြစ်ပြီးIELTS ရမှတ် ၅ဒသမ၅ ရရှိရမည်ဖြစ်ကာ စာလုံးရေ ၅၀၀ ခန့်ရှိသည့် အက်ဆေး ရေးသားတင်ပြရမည်ဖြစ်သည်။

ဘွဲ့လွန် ပညာသင်ဆု သင်တန်းလျှောက်ထားလိုသူများသည် ပထမဘွဲ့အတန်းတွင် ဘာသာစုံရမှတ်ပျမ်းမျှ၇၅ ရရှိရမည်ဖြစ်ကာ IELTS ရမှတ်၆ဒသမ၅(သို့မဟုတ်) တူညီသည့် အင်္ဂလိပ်စာ အရည်အချင်းရှိရမည်ဖြစ်ပြီး စာလုံးရေ ၈၀၀ခန့်ရှိသည့် အက်ဆေးတစ်ပုဒ်ရေးသားတင်ပြရမည်ဖြစ်ကြောင်းသိရသည်။

ပညာသင်ဆုလျှောက်ထားလိုသူများသည် ယခုလ ၁၈ ရက် နောက်ဆုံးထား၍ Crown Education တွင်လျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။

# မဟာဘွဲ့ကြိုကျောင်းသားများအတွက် စကော့တလန် တက္ကသိုလ်တစ်ခု ပညာသင်ထောက်ပံ့ကြေးပေးရန် စီစဉ်

**သီဟ ရန်ကုန်၊ဇွန် -၉**

စကော့တလန်ရှိတက္ကသိုလ်တစ်ခုမှမြန်မာကျောင်းသားများကို မဟာဘွဲ့အကြို(Pre Master)သင်တန်းများအတွက် ပညာသင် ထောက်ပံ့ကြေးပေးအပ်ရန် အစီအစဉ်ရှိကြောင်း သိရသည်။

စကော့တလန်ရှိUniversity of Stirlingမှပညာသင်ထောက်ပံ့ကြေးများပေးအပ်သွားမည်ဖြစ်ပြီး စီးပွားရေးဒီပလိုမာအတွက် ပညာသင်ထောက်ပံ့ကြေး ၂၀ရာခိုင်နှုန်းအား ကျောင်းသား ငါးဦးကိုလည်းကောင်း၊ နိုင်ငံတကာ စီးပွားရေးအခြေခံအတန်းအတွက် ပညာသင်ထောက်ပံ့ကြေး ၁၀ရာခိုင်နှုန်းအား ကျောင်းသားငါးဦးကိုလည်းကောင်း ပေးအပ်မည်ဖြစ်သည်။

ထို့အပြင် နိုင်ငံတကာသိပ္ပံဆိုင်ရာ အခြေခံအတန်းအတွက် ပညာသင်ထောက်ပံ့ကြေး ၁၀ ရာခိုင်နှုန်းအား ကျောင်းသားငါးဦးနှင့် မဟာဘွဲ့အကြိုသင်တန်းကာလ နှစ်ခုစာအတွက် ပညာသင်ထောက်ပံ့ကြေး ၅၀ရာခိုင်နှုန်းအား ကျောင်းသားတစ်ဦးကိုလည်းကောင်း အသီးသီးပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံမှ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ အနေဖြင့်အဆိုပါတက္ကသိုလ်သို့ဝင်ခွင့်ရရန်အတွက်IELTS(သို့မဟုတ်) TOEFL မှလွဲ၍အခြားမည်သည့် ဝင်ခွင့်စာမေးမျှဖြေဆိုရန် မလိုအပ်ကြောင်း သိရသည်။

မဟာဘွဲ့အကြိုသင်တန်းတက် ရောက်လိုသူများသည် ပထမဘွဲ့တစ်ခုနှင့် IELTS 6.0 ရရှိထားရန် လိုအပ်ကြောင်းသိရသည်။

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများသည် အဆိုပါတက္ကသိုလ်၏ ပထမနှစ်သို့ တိုက်ရိုက်တက်ရောက်ရန် အခက်အခဲရှိသဖြင့် နိုင်ငံတကာအခြေခံအတန်းသို့ ဦးစွာတက်ရောက်ရမည်ဖြစ်ကြောင်းသိရသည်။

နိုင်ငံတကာအသိအမှတ်ပြု ဒီပလိုမာများဖြစ်သည့် IDCS အပါအဝင်အခြားဒီပလိုမာရရှိထားသူ များသည် တက္ကသိုလ်ပထမနှစ်သို့ တိုက်ရိုက်တက်ရောက်နိုင်ကြောင်း သိရသည်။


the SUN INSTITUTE

ENGLISH CLASSES

မျက်မှောက်ပစ္စုပ္ပန်နှင့်လာလတ္တံ့သောအနာဂတ်အားတန်ဖိုးထားသူများ၊ ဘဝကိုအကျိုးရှိရှိဖြတ် သန်းလိုသူများ၊ ပညာရေးဆိုင်ရာဘွဲ့ကြို၊ ဘွဲ့လွန်လေ့လာဆည်းပူးလိုသူများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ တိုးတက်အောင်မြင်လိုသူများအတွက် အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှုမှာ အသက်ပမာအရေးပါလှပါသည်။

ဂလိုဘယ်လိုက်ဖေးရှင်းခေတ်၏ ခေတ်သစ်"အ"သုံးလုံးဟု တင်စားညွှန်းဆိုလာနေကြသော အင်္ဂလိပ်ဘာသာစကား၊ အိုင်တီနှင့်အင်တာနက် စသည့်အချက်(၃)ချက်သည်တို့သည် ပြည်တွင်းတွင်သာမက နိုင်ငံတကာသို့ ဆက်သွယ်ဖြန့်ကျက်ရာတွင် မရှိမဖြစ် လိုအပ်သည်မှာ အလွန်ထင်ရှားပါသည်။

အဆိုပါ "အ" သုံးလုံးတွင်ရေသောက်မြစ်ဖြစ်သော အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှုသည် ဘဝ၏တိုးတက်အောင်မြင်ရာ အခြေခံအုတ်မြစ်ဖြစ်သလို မိမိဘဝ၏ ပန်းတိုင်များဆီသို့ အမှန်တကယ် မောင်းနှင်တွန်းပို့ပေးသော ကျွမ်းကျင်မှုလေ့ကျင့်ခန်းများကို THE SUN INSTITUTE ၏ စစ်မှန်သော ဖြည့်ဆည်းနိုင်မှုကို အောက်ပါသင်တန်းများဖြင့် လိုအပ်သောအရည်အသွေးများကို ဖြည့်ဆည်းပေးလိုပါသည်။

မိမိ၏အင်္ဂလိပ်စာအရည်အသွေး တိုးတက်လာစေရန် THE SUN INSTITUTE မှ NATIVE SPEAKER များဖြင့် အောက်ပါ အင်္ဂလိပ်စာအတန်းများကို ဖွင့်လှစ်သင်ကြားပေးသွားပါမည်။

- "Consumption" - Reading, Listening
- "Production" – Writing, Speaking
- "Written" – Reading, Writing
- "Oral" – Listening, Speaking
- Business Correspondence – E-mail, Phone Calls, Presentations
- Business Reading – Newspapers, Reports, Journal Publications
- Academic – University Style Reading, Writing and Speaking, Academic Papers
- Casual Conversations – how to become friendly with another English Speaker

အင်္ဂလိပ်စာအတန်းများကို စနေ၊ တနင်္ဂနွေ နေ့လည် ၁၂ နာရီမှ ညနေ ၃ နာရီအထိ၊ တနင်္လာ၊ ဗုဒ္ဓဟူး ညနေ ၆ နာရီမှ ၈နာရီခွဲထိ ဖွင့်လှစ်သင်ကြားပေးသွားပါမည်။ သင်တန်းသားဦးရေ ၂၅ ယောက်သာ လက်ခံပါမည်။

အစရှိသော ကျွမ်းကျင်မှုလေ့ကျင့်ခန်းများဖြင့် 1.Beginner / 2.Lower Intermediate / 3.Middle Intermediate / 4.Upper Intermediate / 5.Fairly Proficient /6.Highly Proficient Level များ သတ်မှတ်ကာ ထိရောက်သောလက်တွေ့ လေ့လာသင်ကြားမှုစနစ်ဖြင့် ဖြည်းဆည်းပေးလိုပါသည်။

STRATEGIC ORGANIZATION MANAGEMENT (SOM)

ယနေ့ခေတ်ကြီးတွင် မိမိတစ်ဦးတစ်ယောက်အတွက်သာမက လူမှုအဖွဲ့အစည်းမှသည် နိုင်ငံအဆင့်၊ ကမ္ဘာလွှမ်းခြုံသော အဖွဲ့အစည်းများအဆင့်အထိ စီမံကိန်း၊ ကြီးငယ်မရွေး အချိန်မီစီမံဆောင်ရွက်အောင်မြင်ရေးအတွက် စနစ်တကျ စီမံခန့်ခွဲ၊ စံပြုထိုက်သော ခေါင်းဆောင်မှု၊ အရည်အချင်း၊ ထားရှိအပ်သော ခံယူချက်များ၊ မဟာဗျူဟာမြောက် စဉ်းစားတွေးခေါ်ကြံဆနိုင်စွမ်း၊ ပညာပေးလှုံ့ဆော်စည်းရုံးမှု စသည့်စွမ်းရည်များသည် မရှိမဖြစ်လိုအပ်သော အသက်သွေးကြောများပင်ဖြစ်ရာ လုပ်ငန်းသုံးအသိနှင့် အတတ်ပညာများ၊ အိုင်တီနည်းပညာလက်နက်များတို့ကို အချိုးကျကျ ပေါင်းစပ်ပြည့်ဝစေမှသာလျှင် ပီပြင်ပေလိမ့်မည်။ ထို့အတွက် သမားရိုးကျထက်များစွာ ခေတ်မှီ၍ စနစ်ကျနသောသင်ယူမှု ပုံစံနည်းနာများဖြင့် STRATEGIC LEADERSHIP ဘာသာရပ်အား LEVEL I,II,III စသည့်သင်ရိုးညွှန်းတန်းများဖြင့် THE SUN INSTITUTE မှ သင်ကြားပို့ချပေးရန် စီစဉ်လျက်ရှိပါသည်။ အောက်ဖော်ပြပါ ဘာသာရပ်ခွဲများနှင့် သင်ကြားပို့ချပါမည်။

LEVEL –I
1. TEAM BUILDING
2. CRITICAL THINKING FOR LEADERSHIP
3. LEADERSHIP
4. PERSONALITY DEVELOPMENT
5. TEAM DECISION
6. ESSENTIAL SKILLS
7. LEADING PEOPLE FOR CONTINOUS IMPROVEMENT
8. ORGANIZING AN EFFECTIVE MEETING
9. TIME MANAGEMENT

**STRATEGIC ORGANIZATION MANAGEMENT (SOM) Level (I) Week night (ညနေပိုင်း) သင်တန်းကို အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး (၆နာရီ မှ ၈နာရီ) ၁၂-၆-၂၀၁၂တွင် စတင်ဖွင့်လှစ်ပါမည်။**

PROJECT CYCLE MANAGEMENT(3 Months)
1. PROJECT CYCLE MANAGEMENT
2. ENTERPRISINGLEADERSHIP FOR DEVELOPMENT
3.SKILLS FOR ADVOCACY

RESEARCH METHODOLOGY(3 Months)

မည်သည့်နယ်ပယ်ကဏ္ဍတွင်မဆို လိုအပ်ချက်နှင့်ဖြည့်ဆည်းနိုင်စွမ်း ချိန်ခွင်လျှာ ညီညွတ်မျှတမှုသာလျှင် ကောင်းမွန်သော ယုံကြည်စိတ်ချနိုင်လောက်သော ယုံကြည်မှုနှင့် အခြေကိုတည်ဆောက်နိုင်မည် ဖြစ်ပါသည်။ အဆိုပါ အရေးပါလှသည့် လိုအပ်ချက်၊ တောင့်တချက်များအား အချိန်မီနားလည်သိရှိမှုသာလျှင် ချိန်ကိုက်သော ဖြည့်ဆည်းနိုင်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်ရာ ခေတ်နှင့်အညီ သင့်လျော်သော သုတေသနပြုစုခြင်းသည် ယနေ့ ကာလစိန်ခေါ်မှု၊ နက်နဲရှုပ်ထွေးခက်ခဲမှုတို့အတွက် အထူးအရေးပါလှသည်။ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေး၊ အားကစားဖွံ့ဖြိုးရေးနှင့် ပရဟိတ စသည့်ကဏ္ဍနယ်ပယ်စုံအတွက် ရည်ရွယ်သော RESEARCH METHODOLOGY CERTIFICATE COURSE သည် SUPPLY AND DEMAND နှစ်ဦးနှစ်ဖက် လိုအပ်ပြည့်ဝစိတ်ချမ်းသာစေမည့် ဟာမိုနီဖြစ်သော POLICY များ ပေါ်ပေါက်လာစေမည့် THE SUN INSTITUTE ၏ နိုင်ငံတည်ဆောက်ရေးကဏ္ဍစုံအား တစ်ထောင့်တစ်နေရာမှ အကျိုးပြုမည့် စနစ်တကျ ပံ့ပိုးမှုပင် ဖြစ်ပါသည်။

STRATEGIC COMMUNICATION

မျက်မှောက်ကာလတွင် သတင်းမီဒီယာကဏ္ဍသည် စတုတ္ထနှင့်အမျှ အလွန်အရေးပါလျက်ရှိရာ၊ အချိန်နှင့်တစ်ပြေးညီ လက်ခံရရှိနေကြသော မီဒီယာအမျိုးမျိုးမှ သတင်းအချက်အလက်မျိုးစုံတို့အား ဆိုလိုရင်း အဓိပ္ပါယ်ကိုသိရှိရန်နှင့် အလိုရှိရာသို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ထပ်ဆင့် တင်ဆက်နိုင်ရန်မှာ အဆိုပါ သတင်းအတတ်ပညာနှင့် လူထုဆက်သွယ်ရေးပညာတို့အား စနစ်တကျ သင်ယူတတ်မြောက်ခြင်းဖြင့် ပီပီပြင်ပြင် ရယူပိုင်ဆိုင်မည် ဖြစ်ပေသည်။ သို့ဖြစ်ပါ၍ THE SUN INSTITUTE မှ Strategic Communication ဘာသာရပ်ကို ဗျူဟာမြောက်လေ့လာသင်ယူနိုင်ရန် အောက်ဖော်ပြပါ ဘာသာရပ်ကြီး(၄) ခုကိုဘာသာရပ်ခွဲများဖြင့် ဖြည့်စွက်ပေးလိုပါသည်။

1. MEDIA & JOURNALISM
2. MEDIA FOR DEVELOPMENT
3. MEDIA AND PUBLIC RELATIONS
4. STRATEGIC COMMUNICATION SKILLS

SALES AND MARKETING

ဈေးကွက်စီးပွားရေးစနစ်ဖွံ့ဖြိုးလာမှုနှင့်အတူ တိုးတက်ပြောင်းလဲလာသော ဈေးကွက်သဘောတရားများကို နားလည်လာနိုင်စေရန်နှင့် ဈေးကွက်၏တောင်းဆိုမှု (MARKET DEMAND)၊ ဈေးကွက်ရှာဖွေမြှင့်တင် (PROMOTION)၊ မဟာဗျူဟာမြောက်ဈေးကွက်ရယူပိုင်ဆိုင်မှု (MARKETING STRATEGY) စသည့်ယှဉ်ပြိုင်မှုနှင့် အခွင့်အလမ်းများကို စနစ်တကျအသင့်ဂင်ရောက် ပါဂင်ဆောင်ရွက်နိုင်မည့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်များအား THE SUN INSTITUTE မှ SALES AND MARKETING CERTIFICATE COURSE ဖြင့် အချိန်မီထိရောက်ထက်မြက်စွာ ဖြည့်စွက်ပေးလိုပါသည်။

THE SUN INSTITUTE မှ ဖွင့်လှစ်ပို့ချမည့် အထက်ဖော်ပြပါ TRAINING တစ်ခုချင်းစီအတွက် ပညာဒါနအလှူရှင်များမှ ပညာသင်ဆုများ ပေးအပ်ထားသဖြင့် ပထမဦးဆုံးလာရောက်လျှောက်ထားသော သင်တန်းသား/သူများထဲမှ ပညာသင်ဆုများကို ရွေးချယ်ပေးအပ်သွားပါမည့် အကြောင်းသတင်းကောင်းပါးအပ်ပါသည်။

APPLICATION FORM များအား www.thesuninstitutemyanmar.org မှ Download လုပ်ယူ၍ thesun.institute@gmail.comသို့ E-mail မှ တစ်ဆင့်ပေးပို့လျှောက်ထားနိုင်သည်။

APPLICATION FORM များကို ၁၃-၆-၂၀၁၂ မှ စတင်၍ ရယူလျှောက်ထားနိုင်ပါသည်။ ဖောင်ပိတ်ရက်မှာ ၁၈-၆-၂၀၁၂ ဖြစ်ပါသည်။

**ရသာကွန်ဒို၊** အမှတ် (၄၅၈၊၄၆၀)၊ အခန်း-C ၊ ၄လွှာ ၊ မဟာဗန္ဓုလလမ်းနှင့် ၃၁ လမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၇၃၀ ၂၆၈၄၄၊ ၀၉ ၅၁၃ ၉၉၆၇၊ ၀၉ ၇၃၂ ၁၁၇၄၉၊ ၀၁ ၃၈၉ ၂၀၉

Technology

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL

Vol.11, No.14 • JUNE 14 , 2012

# ဆီးဂိမ်းဖွင့်ပွဲ နည်းပညာပံ့ပိုးမှုများဖြင့် ဆောင်ရွက်ရန် ငါးနိုင်ငံကျော် ကမ်းလှမ်း

**ယုဇနကိုကို**

**ရန်ကုန်၊ ဇွန်-၇**

မြန်မာနိုင်ငံက အိမ်ရှင်ကဖြစ် ၂၀၁၃ ခုနှစ်တွင် လက်ခံကျင်းပမည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ(ဆီးဂိမ်း) ဖွင့်ပွဲအခမ်းအနား၌ တင်ဆက်ပြသမည့် ဖျော်ဖြေမှုအစီအစဉ်များကို နောက်ဆုံးပေါ်နည်းပညာအကူအညီများရယူကာ ဖွင့်လှစ်တင်ဆက်သွားမည်ဖြစ်သဖြင့် ယင်းကဏ္ဍအတွက် ပြည်ပနိုင်ငံ ငါးနိုင်ငံကျော်က ကမ်းလှမ်းထားကြောင်း အားကစားဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ပြောသည်။



၂၀၁၁ ခုနှစ် ဆီးဂိမ်းပြိုင်ပွဲကို အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပစဉ်

ပထမဆုံးအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ဆီးဂိမ်းပြိုင်ပွဲ၏ ဖွင့်ပွဲအခမ်းအနားကို နောက်ဆုံးပေါ် နည်းပညာပိုင်းဆိုင်ရာပံ့ပိုးမှုများဖြင့် ဆောင်ရွက်ခွင့် အဆိုပြုထားသည့် နိုင်ငံများမှာ တရုတ်၊ မလေးရှား၊ ထိုင်း၊ စင်ကာပူနှင့် အနောက်ဥရောပမှ နိုင်ငံအချို့မှ နည်းပညာကုမ္ပဏီများဖြစ်ကြသည်။

ထို့အတွက် ပြည်ပနိုင်ငံများမှ ဆီးဂိမ်းအတွက် အဆိုပြုလျှောက်ထားခြင်းများကို ယခုလ ၁၂ ရက်တွင် အားကစားဝန်ကြီးဌာနမှ စိစစ်ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဘယ်နိုင်ငံကဖြင့် ကိုယ်နဲ့ခင်လို့ဆိုပြီး ရွေးချယ်မှာမဟုတ်ပါဘူး။ ဝန်ကြီးဌာနက ဆောင်ရွက်လိုတဲ့ အချက်အလက်တွေကို အနီးစပ်ဆုံး လက်ခံနိုင်မယ့် နိုင်ငံကိုပဲ ရွေးချယ်မှာပါ။ ဒီအတွက်ကို သက်ဆိုင်ရာပြည်တွင်း ပြည်ပကျွမ်းကျင်ပညာရှင်တွေဆီက အကြံဉာဏ်တွေပါ ရယူသွားပြီးမှ ဆောင်ရွက်မှာဖြစ်ပါတယ်" ဟု အထက်ပါတာဝန်ရှိသူက ဆက်လက်ပြောသည်။

အစိုးရက ၂၀၁၃ ဒီဇင်ဘာတွင် ကျင်းပမည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏ ဖွင့်ပွဲအခမ်းအနားတင်ဆက်မှုပုံစံကို ပြီးခဲ့သည့်နှစ်က အင်ဒိုနီးရှားနိုင်ငံ၌ ပြုလုပ်ခဲ့သည့် ဆီးဂိမ်းဖွင့်ပွဲကိုနမူနာယူကာ ပြုလုပ်သွားမည်ဟု သိရသည်။

"မနှစ်က အင်ဒိုနီးရှားနိုင်ငံက ဆီးဂိမ်းဖွင့်ပွဲက လုံးဝမထင်မှတ်လောက်အောင် ကောင်းမွန်ခဲ့တယ်။ ဒီလိုနိုင်ငံမျိုးက နည်းပညာပိုင်းဆိုင်ရာပြုလုပ်ချက်တွေက အထူးကောင်းမွန်ခဲ့တယ်။ ကြည့်ရှုသူတွေအတွက် အကောင်းဆုံးဖျော်ဖြေမှုကို ပေးနိုင်ခဲ့တယ်" ဟု ၂၀၁၂ ဆီးဂိမ်းဖွင့်ပွဲကို ရုပ်မြင်သံကြားမှတစ်ဆင့် တိုက်ရိုက်ကြည့်ရှုခဲ့ရသူ အသက် (၃၀) နှစ်အရွယ်ရှိ အမျိုးသားတစ်ဦးက ပြောသည်။

၂၀၁၂ ဒီဇင်ဘာက အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပခဲ့သည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၏ ဖွင့်ပွဲအခမ်းအနားတင်ဆက်မှုသည် နောက်ဆုံးပေါ်နည်းပညာများကို အသုံးပြုကာ ၎င်းတို့နိုင်ငံနှင့် အာဆီယံနိုင်ငံများ ကိုယ်စားပြုပုံရိပ်များကို ပုံဖော်ဖျော်ဖြေခဲ့သဖြင့် ပြည်တွင်း ပြည်ပတိုက်ရိုက်ကြည့်ရှုခဲ့ရသူ အများစုက အလွန်ကြိုက်နှစ်သက်ခဲ့ကြသည်။

# ပင်စင်လစာများကို စမတ်ကတ်များဖြင့် ပြောင်းလဲထုတ်ပေးမည်

**ကျော်သီဟ**

**ရန်ကုန်၊ ဇွန် - ၇**

ပင်စင်စားများ ပင်စင်ထုတ်ယူရာတွင် ယခင် အသုံးပြုနေကျ စာအုပ်အစား အီလက်ထရွန်နစ်ပေးမန့် (E-Payment) စမတ်ကတ်များဖြင့် ပင်စင်လစာများကို ထုတ်ပေးသွားမည်ဖြစ်ကြောင်း ပင်စင်ဦးစီးဌာနမှ သတင်းရရှိသည်။

"မြန်မာ့စီးပွားရေးဘဏ်တိုင်းမှာ ပင်စင်စားတွေရဲ့ လစာကို E-Payment နဲ့ပေးဖို့ ပုံစံတွေဖြည့်ခိုင်းတာပါ။ ပင်စင်စာအုပ်အစား စမတ်ကတ်နဲ့ထုတ်ပေးမှာပါ"ဟု ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းအောင်ကပြောကြားသည်။

E-Payment နှင့် ဘဏ်သို့ ပုံစံပေးသွင်းရန် တစ်စောင်လျှင် ၂၅ ကျပ်နှုန်းဖြင့် နှစ်စောင်ရေးသွင်းတင်ပြရခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ပင်စင်စားဦးရေရှစ်သိန်းခန့်ရှိနေပြီး အကြမ်းအားဖြင့် ကာကွယ်ရေးပင်စင်စားသုံးသိန်း၊ ဦးစီးဌာနပင်စင်စားသုံး

**စာ(၂၄)သို့**

# မြန်မာ-အိန္ဒိယ သတင်းအချက်အလက်နှင့် နည်းပညာဌာနတစ်ခု ပူးပေါင်းတည်ထောင်မည်

**ယုဇနကိုကို**

**ရန်ကုန်၊ ဇွန် - ၇**

မြန်မာနှင့်အိန္ဒိယနှစ်နိုင်ငံပူးပေါင်းပြီး သတင်းအချက်အလက်နှင့် နည်းပညာဌာနတစ်ခု တည်ထောင်ရန်အတွက် နှစ်နိုင်ငံ သဘောတူစာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြောင်းသတင်းရရှိသည်။

မြန်မာနိုင်ငံသို့ ပြီးခဲ့သည့် မေလနောက်ဆုံးပတ်က ရောက်ရှိခဲ့သည့် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ခရီးစဉ်တွင် ယင်းနိုင်ငံ အစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံသိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ တာဝန်ရှိသူတို့သည် ပြည်တွင်းတွင် သတင်းအချက်အလက်နှင့် နည်းပညာဌာနတည်ထောင်ရန်အတွက် လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။

ယခုကဲ့သို့ သတင်းအချက်အလက်နှင့်နည်းပညာဌာနတည်ထောင်ရာတွင် ပြည်တွင်း အိုင်စီတီကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် လူငယ်ပညာရှင်များ ပေါ်ပေါက်လာရန်အတွက် အဓိကထားသွားမည်ဖြစ်ပြီး ပြည်ပရင်းနှီးမြှုပ်နှံမှုများဝင်ရောက်လာနိုင်ရန်အတွက်ပါ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အထက်ပါဝန်ကြီးဌာနမှ စုံစမ်းသိရှိရသည်။

အိန္ဒိယနိုင်ငံအနေဖြင့် မြန်မာနိုင်ငံတွင် နည်းပညာဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအတွက် ယခင်က ကမ်းလှမ်းမှုများစွာရှိခဲ့သော်လည်း လက်တွေ့တွင်မူ အကောင်အထည်ဖော်နိုင်ခဲ့ခြင်းမရှိခဲ့ကြောင်း ပြည်တွင်းကွန်ပျူတာပညာရှင်တစ်ဦးဖြစ်သူဦးရဲမြတ်သူကပြောသည်။ အိန္ဒိယဝန်ကြီးချုပ်လာရောက်ခဲ့သည့် ခရီးစဉ်အပြီးတွင် ယင်းနိုင်ငံအနေဖြင့် သတင်းအချက်အလက်နှင့် နည်းပညာဌာနတည်ထောင်မှုအစီအစဉ်ကို ငါးနှစ်ကာလသတ်မှတ်ပြီး နည်းပညာပိုင်းအရနှင့်ငွေကြေးပိုင်းကို အကူအညီပေးသွားမည်ဖြစ်ကြောင်းသိရသည်။

အရောင်း၊အကြွေးနှင့်ကုန်စာရင်းထိန်းကွန်ပျူတာစနစ်




အရောင်းအဝယ်၊အကြွေးနှင့်ကုန်ပစ္စည်းစာရင်းများကိုမျက်ခြေမပြတ်သိရှိလိုသောလုပ်ငန်းရှင်များအတွက်ကုန်ရောင်းနှင့်အကြွေးစာရင်းထိန်းကွန်ပျူတာစနစ် iLedger® ကို iNTEGRA Systems Company ၄၂-ဒီ၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ဗဟန်း၊ရန်ကုန်မြို့တွင်ရရှိနိုင်ပါသည်။
ဆက်သွယ်ရန်ဖုန်းမှာ **01-557638, 09-73085653**

EASTERN
Computer Sales & Services
အမှတ်(၁၂၉)၊ ဆိပ်ကမ်းသာလမ်း(အောက်ဘလောက်)၊ ကျောက်တံတား၊ ရန်ကုန်။ Tel : 01-398224, 398490 , 398491
အမှတ်(၁၆၇)၊ ဆိပ်ကမ်းသာလမ်း(အလယ်)၊ ကျောက်တံတား၊ ရန်ကုန်။ Tel : 01-377259

ပြင်ဆင်ခြင်း ဂျာသက်ပန် လက်ခံမည်



**Laptop , Desktop ဝယ်သူတိုင်းအတွက် SAMSUNG GSM HandSet တစ်လုံးလက်ဆောင်**




ViewSonic Tablet VB71
Anroid OS 4.0.3
Storage = 8 GB
Size = 7" Inch
Camera = Webcam
Micro SD = Up to 32GB
**115,000 Ks**

lenovo



A1 Tablet
Anroid OS 2.3.4
Storage = 16 GB
Size = 7" Inch
Camera = front and back
Micro SD = Up to 32GB
**145,000 Ks**

kindle fire
Web, movies, apps, games, reading and more



Kindle Fire
Anroid OS 2.3
Storage = 8 GB
Size = 7" Inch
Camera = None
**190,000 Ks**

The new iPad



New iPad (USA)
16 GB Wifi = **456,000 Ks**
32 GB WiFi = **522,000 Ks**
16 GB WiFi(4G) = **520,000 Ks**
32 GB WiFi(4G) = **615,000 Ks**



Dual Core Cel 2.5,
MSI G41 Motherboard,
80 IDE HDD, 2GB DDR3,
JNP Casing+Power Supply,
ACER 18.5"LCD(G195HQV),
24xDVD RW(HP),
Keyboard Mouse
**243,500 Ks**



Dual Core G620 2.6GHz,
ASUS P8H61 MLE M/B,
500GB HDD, 2GB DDR3,
JNP Casing+Power Supply,
ViewSonic 18.5" LED(1938),
24xDVD RW(HP),
Keyboard Mouse
**318,000 Ks**



Core i3-2120 3.3GHz
Gigabyte H61M-S2PV M/B
500GB HDD, 2GB DDR3,
Orient Casing+Power Supply,
ACER 20" LED (S200),
*Gigabyte 545D3 1GB DDR3*
24xDVD RW(LiteOn),
Keyboard Mouse
**416,000 Ks**

Upgrade to Core i5 + 54000

## Acer နှင့် Asus က Windows အသုံးပြု သင်ပုန်းကွန်ပျူတာများ ပြသ

**တိုင်ပေ၊ ဇွန် - ၇**

တရုတ်တိုင်ပေမှ ကွန်ပျူတာကုမ္ပဏီများဖြစ်သော အေဆာနှင့် အောဆုတို့သည် မိုက်ကရိုဆော့ဖ်ကုမ္ပဏီ၏ နောက်ဆုံးထုတ် Windows 8 Operating System အသုံးပြုသော သင်ပုန်းကွန်ပျူတာသစ်များကိုပြသခဲ့ကြကြောင်း သိရသည်။ ထိုကုမ္ပဏီများသည် Windows 8 အသုံးပြု သင်ပုန်းကွန်ပျူတာများကို တိုင်ပေ၌ ယခုအပတ်အတွင်းကျင်းပသောအာရှ၏အကြီးဆုံးအိုင်တီပွဲတော် ကွန်ပျူတက်စ်တွင် ပြသခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့်နှစ်က ဥရောပတွင် အလုပ်နေရာပေါင်းရာချီကာ ဖြတ်တောက်လျှော့ချခဲ့သော အေဆာကုမ္ပဏီသည် ယခုနှစ်တွင် သင်ပုန်းကွန်ပျူတာဈေးကွက်သို့ ထိုးဖောက်ရန် W150 နှင့် W700 အမည်ပေးထားသော သင်ပုန်းကွန်ပျူတာသစ်များထုတ်ပြခဲ့သည်။ ထို့ပြင် ပြပွဲ၏သတင်းစာရှင်းလင်းပွဲတွင်လည်း Windows 8 အသုံးပြုနိုင်သော အသေးစားလက်ပ်တော့ကွန်ပျူတာသစ် Aspire S7 ကိုပြသခဲ့သည်။

ပြိုင်ဘက်အောဆုကလည်း Windows 8 အသုံးပြု ထုတ်ကုန်သစ်ငါးမျိုးပြသခဲ့သည်။ ယင်းတွင် Tablet 810 နှင့် 600 သင်ပုန်းကွန်ပျူတာနှစ်မျိုး၊ သင်ပုန်းကွန်ပျူတာနှင့်လက်ပ်တော့အဖြစ်ပါအသုံးပြုနိုင်သော Taichi၊ Transformer AiO နှင့် Transformer Book တို့ပါဝင်သည်။

မိုက်ကရိုဆော့ဖ်၏ Windows 8 သည် ပြိုင်ဘက် Apple နှင့် ဂူးဂဲလ်၏ Android စနစ်သုံးမိုဘိုင်းပစ္စည်းများကိုယှဉ်ပြိုင်နိုင်မည်ဟု မျှော်လင့်ထားသည်။ တရားဝင်မထုတ်ဖော်သေးသော်လည်း အောက်တိုဘာလတွင် Windows 8 ကို ဖြန့်ချိမည်ဟု သတင်းများကဖော်ပြသည်။



ယခုနှစ် ကွန်ပျူတက်စ်ပြပွဲတွင် ဆိုင်ခန်းပေါင်း ၅,၄၀၀ ၌ပြသမည့်ကုမ္ပဏီပေါင်း ၁,၈၀၀ ကျော်ပါဝင်ကာ ပြီးခဲ့သည့်နှစ်က ကုမ္ပဏီအရေအတွက်ထက် ၂ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။ ပြပွဲသို့ လာရောက်သော နိုင်ငံခြားမှ ဝယ်ယူသူ ၃၆,၀၀၀ ခန့်က ကုန်ပစ္စည်းမှာယူမှုတန်ဖိုး ကန်ဒေါ်လာ ၂၈၀ ဘီလီယံအထိရနိုင်မည်ဟု စီစဉ်သူများက ခန့်မှန်းထားသည်။

—*Ref: AFP*




## စင်ကာပူတွင် ပထမဆုံး 4G ကွန်ရက်ဝန်ဆောင်မှု စတင်မည်

**စင်ကာပူ၊ ဇွန် - ၆**

စင်ကာပူနိုင်ငံ၏မိုဘိုင်းအော်ပရေတာကုမ္ပဏီကြီးသုံးခုတွင် တစ်ခုအပါအဝင်ဖြစ်သော စင်ကာပူတယ်လီကွန်မြူနီကေးရှင်းလီမိတက်သည် ၎င်း၏ကွန်ရက်အသုံးပြုသော စမတ်ဖုန်းပိုင်ရှင်များအတွက် ပထမဆုံး 4G ကွန်ရက်ဝန်ဆောင်မှုကို စတင်တော့မည်ဟု ထုတ်ဖော်ပြောကြားလိုက်သည်။

အဆိုပါ 4G ကွန်ရက်တွင် အသုံးပြုနိုင်မည့် ဖုန်းဟန်းဆက်မော်ဒယ်သုံးမျိုးကိုလည်း ထုတ်ပြန်ထားပြီးဖြစ်သည်။ ကုမ္ပဏီသည် လာမည့်နှစ်စပိုင်းတွင် စင်ကာပူကျွန်းတစ်ခုလုံး၌ 4G ကွန်ရက်လွှမ်းခြုံတည်ရှိရန် အပြီးသတ်လုပ်ဆောင်သွားမည်ဟုဆိုသည်။

လက်ရှိတွင် 4G ကွန်ရက်မရှိသည့်နေရာများတွင်မူ ဖုန်းအသုံးပြုသူများသည် 3G ကွန်ရက်ကိုသာ အသုံးပြုနိုင်မည်ဖြစ်သည်။ 4G (သို့မဟုတ်) စတုတ္ထမျိုးဆက်မိုဘိုင်းဆက်သွယ်ရေးစံချိန်စံညွှန်းသည် ယခင် တတိယမျိုးဆက် 3G ဆက်သွယ်မှုထက် ပိုမြန်နှုန်းမြင့်သည်။

3G အသုံးပြုစမတ်ဖုန်းများထက် 4G အသုံးပြုစမတ်ဖုန်းများတွင် မိုဘိုင်းအင်တာနက်ချိတ်ဆက်မှုမြန်နှုန်း ငါးဆပိုမြင့်သည်။ 4G ဖုန်းများသည် သီအိုရီအရ ဒေါင်းလော့ဒ်မြန်နှုန်းမှာ တစ်စက္ကန့်လျှင် ၇၅ မဂ္ဂါဘိုက်အထိ မြှင့်တင်နိုင်ပြီး ပုံမှန်မြန်နှုန်းမှာ ၃ ဒသမ ၄ မဂ္ဂါဘိုက်နှင့် ၁၂ မဂ္ဂါဘိုက်တို့အကြား ရှိကြောင်းသိရသည်။

—*Ref: Xinhua*

## စီဒီအမ်အေ ၈၀၀ နှင့် ၄၅၀ ဖုန်းများတွင် My Ring Tune စနစ်သုံးနိုင်မည်

**ယုဇနကိုကို**

**ရန်ကုန်၊ ဇွန် - ၇**

ယခင်က ကျပ်ငါးသိန်းတန် စီဒီအမ်အေ ၈၀၀ မဂ္ဂါဟာ့ဇ်နှင့် စီဒီအမ်အေ ၄၅၀ မဂ္ဂါဟာ့ဇ် မိုဘိုင်းဖုန်းများတွင် My Ring Tuneစနစ်ကို ယခုလမကုန်မီ ထည့်သွင်းအသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း အဆိုပါစနစ်ကိုရောင်းချနေသည့် ဖော်ကျွန်းအင်တာနေရှင်နယ်ကုမ္ပဏီမှသိရသည်။

My Ring Tune သည် မိမိဖုန်းကို အခြားသူတစ်ဦးမှ ခေါ်ဆိုသည့်အခါ ယခင်ဖုန်းခေါ်လျှင် မြည်သည့်အော်တိုသံနေရာတွင်မိမိထည့်သွင်းထားသည့် သီချင်းသံကို ကြားနေရမည့်စနစ်တစ်ခုဖြစ်သည်။

မိမိကြိုက်နှစ်သက်သည့် သီချင်းကိုရွေးချယ်ထည့်သွင်းနိုင်ပြီး သီချင်းတစ်ပုဒ်လျှင် ကျပ်နှစ်ထောင်နှင့် လစဉ်ဝန်ဆောင်မှုမှာ ကျပ်သုံးထောင်ဖြစ်သည်။

ယခင်က ကျပ်တစ်ဆယ့်ငါးသိန်းတန် ဂျီအက်စ်အမ်နှင့် ငါးသိန်းတန်ဂျီအက်စ်အမ်ဖုန်းများတွင်သာ ဝန်ဆောင်မှုပေးခဲ့သော My Ring Tune စနစ်ကို စီဒီအမ်အေ ၈၀၀ မဂါဟာ့ဇ်ဖုန်းများအတွက် ရောင်းချပေးပြီး မကြာမီမှာပင် ကျန်တန်ဖိုးနည်းဖုန်းများအတွက် ဆက်လက်ဝန်ဆောင်မှုပေးသွားမည်ဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှသိရသည်။

မိမိ၏ ဖုန်းထဲသို့ထည့်သွင်းနိုင်သည့် My Ring Tune စနစ်သည် ဂီတအစည်းအရုံးမှ ခွင့်ပြုထားသည့်သီချင်းများကိုသာထည့်သွင်းအသုံးပြုနိုင်မည်ဟုလည်း ဖော်ကျွန်းအင်တာနေရှင်နယ်ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

မြန်မာ့ဆက်သွယ်ရေးနှင့် အဆိုပါကုမ္ပဏီတို့သည် ယင်းဝန်ဆောင်မှုကို ပြီးခဲ့သည့် ၂၀၀၉ ခုနှစ်ကစတင်ကာ ရောင်းချခဲ့ခြင်းဖြစ်သော်လည်း သုံးစွဲမှုနှုန်းမှာမူ ပြည်တွင်းမိုဘိုင်းဖုန်းအသုံးပြုသူအရေအတွက်နှင့်နှိုင်းယှဉ်လျှင် လွန်စွာနည်းပါးနေသေးကြောင်းလည်းစုံစမ်းသိရသည်။

## စာ(၂၃) - ပင်စင်လစာများကို စမတ်ကတ်များဖြင့် ပြောင်းလဲထုတ်ပေးမည် မှ

သိန်းနှင့် လုပ်ငန်းအဖွဲ့အစည်းပင်စင်စားနှစ်သိန်းခန့်ရှိကြောင်း ပင်စင်ဦးစီးဌာနမှသိရသည်။

ယခု မြန်မာ့စီးပွားရေးဘဏ်များတွင် ထုတ်ယူနေသော ပင်စင်စားများထဲ၌ လုပ်ငန်းအဖွဲ့အစည်းပင်စင်စားနှစ်သိန်းမှာ ယခု စမတ်ကတ်အသုံးပြုမည့်အစီအစဉ်တွင် ပါဝင်ခြင်းမရှိကြောင်းသိရသည်။


အစိုးရသစ်လက်ထက် တိုးမြှင့်ပင်စင်လစာများကို ပြီးခဲ့သည့် ၂၀၁၁ ဇူလိုင်လက စတင်ဆောင်ရွက်ခဲ့သည်။

7DAY NEWS JOURNAL
Vol.11, No.14 • JUNE 14 , 2012



# ဖယောင်းတိုင်လေးတွေ ထွန်းချင်သေးတဲ့ နေရာ

ဂျေလှသင်



မြတ်စွာဘုရားရှင်ကိုရည်စူးပြီး မီးပူဇော်တဲ့အခါ အလင်းရောင်အလှူဒါနကြောင့် ဘဝသံသရာမှာ အဝိဇ္ဇာအမှောင်ကို ဖြိုခွင်းနိုင်တဲ့ အကျိုးကိုရပါတယ်။ အမှောင်ထဲမှာစိုးရိမ်ထိတ်လန့်အကြောက်တရားများနဲ့လမ်းပျောက်နေတဲ့အခါ အလင်းရောင်ဟာကယ်တင်ရှင်ပါပဲ။ အဲဒီအလင်းရောင်ဟာ အသုံးမတတ်ရင်တော့ အိမ်တွေ၊ ဈေးတွေ၊ ရပ်ကွက်တွေကို ပြာပုံဘဝရောက်အောင် မီးလောင်တိုက်သွင်းနိုင်ပါတယ်။

အလင်းရောင်ဖြစ်တည်ရာ လျှပ်စစ်မီးနဲ့ ပတ်သက်လာရင် မြန်မာနိုင်ငံ တစ်ဝန်းလုံး သိချင်နေကြတဲ့ မေးခွန်းလေးတစ်ခု ရှိနေပါတယ်။ "သဘာဝဓာတ်ငွေ့တွေ ဘယ်ရောက်ကုန်လဲ" ဆိုတာပါပဲ။

ကျွန်မတို့နိုင်ငံရဲ့သယံဇာတတွေဟာ သဘာဝကပေးတဲ့ လက်ဆောင်တွေပါ။ အိမ်နီးချင်းနိုင်ငံတွေက မနာလိုရလောက်အောင်၊ တပ်မက်စရာကောင်းလောက်အောင် ပေါများပါတယ်။ ရေနံတွေ သဘာဝဓာတ်ငွေ့တွေဆိုရင် ရတနာသိုက်လို့ တင်စားရလောက်အောင်ရှိနေပါတယ်။ ဒါတွေရှိတဲ့ တိုင်းပြည်မှာ ပြည်သူတွေက ဘာလို့ အမှောင်ထဲမှာနေနေရတာလဲ။ ၂၄ နာရီ မီးလင်းနိုင်တဲ့အခြေအနေရှိပါရဲ့နဲ့မလင်းတာ မကျေနပ်စရာ ကိစ္စတစ်ခုပါပဲ။ ဒါကြောင့် ပြည်သူတွေ ဖယောင်းတိုင် မီးလေးတွေကိုင်ပြီး ဆန္ဒထုတ်ဖော်ကြပါတယ်။ ဒါပေမဲ့ ကျွန်မတို့ ပြည်သူတွေစာတတ်သွားပါပြီ။ ဟိုအရင်အချိန်တွေကလို "ဒို့အရေး" ဆိုပြီး လက်သီးလက်မောင်းတန်း ဆန္ဒမပြကြတော့ဘူး။

ပြည်သူတွေက ယဉ်ကျေးစွာ၊ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ကြတာကို သက်ဆိုင်ရာလုံခြုံရေးအဖွဲ့တွေကလည်း စည်းကမ်းတကျ ထိန်းသိမ်းကိုင်တွယ်သွားတာ တွေ့ခဲ့ရပါတယ်။ ရာစုနှစ်ဝက်နီးပါး ကာလအတွင်း လက်နက်ကိုင် အဖွဲ့အစည်းရဲ့ဂုဏ်သိက္ခာကို ပထမဆုံးအကြိမ် တွေ့လိုက်ရခြင်းပါပဲ။ နောက်ပြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာနရဲ့ ပြည်သူတွေကို မေတ္တာရပ်ခံချက်ဆိုတာ သတင်းစာထဲ တွေ့လိုက်ရတော့ အံ့ဩသွားမိပါတယ်။

ကျွန်မ အသက်က (၄၀) ကျော်ဆိုတော့ တစ်သက်နဲ့တစ်ကိုယ် တစ်ခါမှကို မကြားဖူးပါဘူးဘဲ ပြောပါရစေတော့။ လျှပ်စစ်စွမ်းအားက ထွက်တာ ဘယ်လောက်၊ သုံးတာဘယ်လောက်၊ ပျက်စီးတာက ဘာကြောင့်၊ အခုဘာလုပ်နေတယ်၊ဘယ်အချိန်ပြန်ကောင်းမယ်၊ ဒါကြောင့် အခုခဏလေး မီးအလှည့်ကျပေးမှဖြစ်မယ်၊ ဒါကြောင့် နားလည်ပေးပါ။ ဘာညာနဲ့ အစုံပါပဲ။ တောင်းပန်ထားတာ တွေ့လိုက်ရတယ်။ ပြည်သူကို အရေးလုပ်၊ အဖက်လုပ်ပြီး ရှင်းပြဖော်ရတဲ့အတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကို အထူးကျေးဇူးတင်ပါတယ်။

ကျွန်မတို့ ပြည်သူတွေရဲ့ လျှပ်စစ်မီးအချိန်ပြည့် ရရှိရေး ဖယောင်းတိုင်ထွန်းဆန္ဒထုတ်ဖော်ခဲ့ကြတာ အောင်မြင်ပါတယ်။ အခုဆိုရင် မိုးလည်းရွာလာပြီ။ ပျက်စီးသွားတဲ့ တာဝါတိုင်တွေလည်း ပြန်ကောင်းသွားပြီ။ နိုင်ငံခြားကမှာထားတဲ့ စက်ကြီးတွေလည်း ရောက်လာပြီ။ ဇွန်လဆန်းကစပြီး မီးအချိန်ပြည့်ပေးနိုင်တော့မယ်ဆိုတဲ့ စကားအတိုင်း ယခုဆောင်းပါးရေးနေတဲ့ ၃-၆-၂၀၁၂ နေ့မှာ မီးပြန်မှန်နေပါပြီ။ ပြည်သူကဆန္ဒထုတ်ဖော်တယ်။ အစိုးရက ပြည်သူ့ဆန္ဒကို အလေးထားတယ်။ ဒါဟာ ဒီမိုကရေစီနည်းကျကောင်းသော ပြောင်းလဲခြင်းပါပဲ။

ပြည်သူတွေကလည်း တစ်ခုတော့နားလည်ပေးရပါမယ်။ အစိုးရသစ်ဟာသက်တမ်းအားဖြင့်တစ်နှစ်ပဲရှိပါသေးတယ်။ ဥပမာလေးနဲ့ပြောရရင် ဟောင်းနွမ်းဆွေးမြေ့ခြစားနေတဲ့ အိမ်အိုအိမ်ဟောင်းကြီးတစ်လုံးကို လှပတင့်တယ်နေချင့်စဖွယ်ဖြစ်အောင် ပြုပြင်မယ်ဆိုရင်တောင် အချိန်လိုပါတယ်။ အချိန်အတိုင်းအတာ တစ်ခုပေးပြီးပြင်ရပါတယ်။

ကျွန်မတို့ တိုင်းပြည်ဟာ ဆင်းရဲတွင်းထဲမှာပါ။ အစိုးရသစ်ဟာ တိုင်းပြည်ရဲ့ ကောင်းမွေ၊ ဆိုးမွေအားလုံးကို အကြွေးများနှင့်တကွ လွှဲပြောင်းလက်ခံရရှိထားတာပါ။ ဒါပေမဲ့ တစ်နှစ်တာ ကာလလေးမှာ ကောင်းသောပြောင်းလဲခြင်းများ ဖော်ဆောင်နေတာတွေ့ရပါတယ်။ နိုင်ငံတော်သမ္မတကြီးရဲ့ မိန့်ခွန်းတွေကို လေ့လာကြည့်လိုက်ပါ။ ပြည်သူလူထုက အပြောင်းအလဲကို လိုချင်နေပြီဆိုတာ သူသိတယ်။ တိုင်းပြည်ကို ဆင်းရဲတွင်းထဲက လွတ်အောင် လုပ်ချင်တဲ့ဆန္ဒ သူ့မှာရှိတယ်။ သမ္မတကြီးဟာ အပြောကို အလုပ်နဲ့ သက်သေပြနေပါတယ်။ မြစ်ဆုံကိစ္စ၊ အင်န်အယ်လ်ဒီကို လွှတ်တော်ထဲရောက်အောင် လက်တွဲခေါ်တဲ့ကိစ္စ၊ အစစ်အမှန် ငြိမ်းချမ်းရေးအတွက် အားပါတဲ့ ကြိုးပမ်းချက်တွေ ဒါတွေဟာ စေတနာမှန်မှလုပ်လို့ရတဲ့ ကိစ္စတွေပါပဲ။

သမ္မတကြီးနေရာမှာ ကျွန်မတို့ ဝင်စဉ်းစားကြည့်ကြရအောင်ပါ။ လွှတ်တော်ထဲက လူများစုဟာ၊ အရင်အစိုးရထဲကနေ တိုက်ပုံပြောင်းဝတ်ထားတာ အားလုံးအသိပါ။ အဲဒီလွှတ်တော်ထဲမှာ စစ်မှန်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသွားနေတဲ့ သမ္မတကြီးကို အားလုံးက ထောက်ခံကြပါမလား။ မြန်မာ့နာမည်ကြီး စီးပွားရေးသမား(ခရိုနီ)တွေနဲ့ ပေါင်းပြီး အလုပ်ဖြစ်နေတဲ့ အုပ်စုက ပြောင်းလဲရေးကိုလိုချင်ပါ့မလား။ ပြောင်းလဲချင်တဲ့ အုပ်စုနဲ့ နောက်ကြောင်းပြန်ချင်တဲ့အုပ်စု လွန်ပွဲကလည်း လွှတ်တော်ထဲမှာရှိနေနိုင်ပါတယ်။ သမ္မတကြီးဟာ ကောင်းသောပြောင်းလဲခြင်းတွေကို အရှိန်အဟုန်နဲ့ လုပ်နေတယ်ဆိုတာ တစ်ကမ္ဘာလုံးက ချီးကျူးနေသလို ကျွန်မတို့ ပြည်သူတွေကလည်း အလေးအနက်ထား အသိအမှတ်ပြုရမယ်။ ထောက်ခံအားပေးကြရမယ်။ သမ္မတကြီးကို နားလည်ပေးရမယ်။

အစိုးရသစ်ကို ကျွန်မတို့အချိန်ပေးရပါမယ်။ စောင့်ကြည့်ရပါမယ်။ ကျွန်မတို့ ဖြစ်ချင်တာ တစ်ခုတည်းကြည့်ပြီး ဆန္ဒမစောသင့်၊ ဇွတ်မပြောသင့်ပါဘူး။ မလိုလားအပ်တဲ့ပြဿနာတွေ တိုးလာရင် အချိန်မရွေး နောက်ကြောင်းပြန်လှည့်နိုင်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ပြောသလို ဘယ်သူမှ တန်ခိုးရှင်၊ ဖန်ဆင်းရှင်မဟုတ်တော့ အားလုံးကို ချက်ချင်းကြီးကောင်းအောင်တော့မတတ်နိုင်ပါဘူး။ ဒါပေမဲ့ အကောင်းဆုံးဖြစ်အောင် အတတ်နိုင်ဆုံး ကြိုးစားပေးမယ်ဆိုသလိုပါပဲ။

တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးဟာ တိုင်းပြည်တိုးတက်ရေးအတွက် မရှိမဖြစ်မို့ အရေးတကြီးအရင် လုပ်ရမယ့် ကိစ္စဖြစ်နေပါတယ်။ ကျွန်မတို့က အချိန်ပြည့်မီးမရလို့ အဆင်မပြေမှုတွေကို ဆန္ဒထုတ်ဖော်နေကြတယ်။ ကချင်ပြည်နယ်က ကျွန်မတို့ရဲ့ သွေးသားတိုင်းရင်းသားတွေခမျာမှာတော့ လျှပ်စစ်မီးဆိုတာ အသာထား၊ အိမ်ဆိုတာဝေးလို့ အသက်နဲ့ခန္ဓာ အိုးစားမကွဲအောင်ကျည်ဆန်တွေ တိုက်ပွဲတွေနဲ့ဝေးရာကို ထွက်ပြေးနေကြရတယ်။ ဒုက္ခသည် စခန်းတွေမှာ ဒုက္ခမျိုးစုံ ခံနေကြရတယ်။

၂၀၁၁ မှ ၂၀၁၂ ထိ ၁၁ လကာလမှာ တိုက်ပွဲပေါင်း ၁၄၀၈ ပွဲဖြစ်ပြီးပါပြီ။ ၁၀၅ မမ ဟောင်ဝစ်ဇာ အမြောက်ဆန်တစ်လုံးကို သိန်း ၄၀ တန်ဖိုးရှိပါတယ်။ စစ်ပွဲရဲ့ ကုန်ကျစရိတ်တွေ၊ ဒုက္ခသည်စခန်းတွေအတွက် အသုံးစရိတ်တွေ မနည်းမနောပါပဲ။ ကျွန်မတို့ရဲ့ အောင်မြင်ခဲ့တဲ့ ဖယောင်းတိုင်မီးလေးတွေရဲ့ စွမ်းအားကို ကချင်ပြည်နယ် ငြိမ်းချမ်းရေးအတွက် ထွန်းချင်ပါတယ်။ ကချင်ပြည်နယ်မှာ သေနတ်သံတွေရပ်၊ သွေးတွေတိတ်၊ မျက်ရည်တွေအမြန်ဆုံး တိတ်အောင် ဖယောင်းတိုင် မီးလေးတွေနဲ့ ဆန္ဒပြုဆုတောင်းပေးချင်ပါတယ်။

၁၉၉၀ ရွေးကောက်ပွဲမှာ အင်န်အယ်လ်ဒီအပြတ်အသတ် အနိုင်ရခဲ့ပါတယ်။ အဲဒီအချိန်က နဝတ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးစောမောင်က လွှတ်တော်ခေါ်ပြီး တက်လာတဲ့အစိုးရကိုစနစ်တကျ အာဏာလွှဲပြီးရင် တပ်မတော်ဟာ စစ်တန်းလျားကို ပြန်မှာပါလို့ ကတိပေးခဲ့ပါတယ်။ မကြာခင်မှာဘဲ ဗိုလ်ချုပ်ကြီးစောမောင် ကျန်းမာရေးကြောင့် အနားယူလိုက်ရကြောင်း သတင်းစာထဲ ပါလာပါတယ်။ ကျွန်မတို့ တိုင်းပြည်လည်း ရေစုန်မျှောသွားလိုက်တာ မြင်တော်မူကြတဲ့အတိုင်းပါပဲ။

အခု ၂၀၁၂ မှာ သမ္မတကြီး ဦးသိန်းစိန်က အင်န်အယ်လ်ဒီကို လွှတ်တော်ထဲရောက်အောင် ကြိုဆိုခဲ့တယ်။ လူထုအားကိုးတဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ တူတာတွေ တွဲလုပ်လို့ ဒီမိုကရေစီ ခရီးကို စနေပါပြီ။ ရပ်လို့မဖြစ်။ နောက်ပြန်လှည့်လို့ မဖြစ်ပါ။ လွန်ခဲ့တဲ့ရက်အနည်းငယ်က သမ္မတကြီး နေမကောင်းဖြစ်တယ်ဆိုတဲ့ သတင်း ထွက်လာပါတယ်။ ပြန်ကောင်းသွားတဲ့ သတင်းလည်း သမ္မတရုံးက ထုတ်ပြန်ခဲ့ပါတယ်။ သမ္မတကြီးဟာ နှလုံးမှာ စက်တပ်ထားရတဲ့သူဆိုတာ သိလိုက်ရပါတယ်။ ဒါမျိုးက အချိန်မရွေးစိုးရိမ်စရာဖြစ်တတ်ပါတယ်။ လက်ရှိအခြေအနေမှာသမ္မတကြီးကျန်းမာရေးကြောင့်အနားယူရမယ့်ကိစ္စများမဖြစ်စေလိုပါ။ ဘာကြောင့်လဲ ဆိုတော့ သမ္မတကြီးလို လူမျိုးနောက်တစ်ယောက်ရှိမှာ မသေချာလို့ပါပဲ။

ထိုင်းနိုင်ငံမှာတော့ ဘုရင်ကြီး မကျန်းမာရင် ပြည်သူတွေက နန်းတော်ရှေ့မှာ ဖယောင်းတိုင်လေးတွေ ထွန်းပြီး ကျန်းမာအောင် ဆုတောင်းပေးကြတယ်။ ကျွန်မတို့လည်း တိုင်းပြည်အပေါ် စေတနာအပြည့်နဲ့ ပြုပြင်ပြောင်းလဲပေးနေတဲ့ တပ်မတော်သားရှားရှားမှရှား။ သမ္မတကြီးကျန်းမာစွာ တာဝန်ထမ်းဆောင်နိုင်အောင် ဖယောင်းတိုင်လေးတွေ ထွန်းပြီး ဆုတောင်းပေးသင့်ပါတယ်။

နောက်တစ်နေရာကတော့ အခုမှ ထွန်းမှာ မဟုတ်ပါဘူး။ လွန်ခဲ့တဲ့ နှစ် ၂၀ ကျော်ကာလကတည်းက တိုးတိုးတိတ်တိတ်ကျိတ်ပြီး ထွန်းခဲ့ရတဲ့ ဖယောင်းတိုင်မီးပါပဲ။ အမေစုရဲ့ မွေးနေ့၊ အမေစု အကျယ်ချုပ်မှ လွတ်မြောက်စေကြောင်း ဆုတောင်းပွဲတွေကို တစ်တိုင်းပြည်လုံးမှာရှိတဲ့ ဘုရားတွေရဲ့ အင်္ဂါထောင့်မှာ အတားအဆီးတွေ၊ အခက်အခဲတွေကြားက ထွန်းညှိခဲ့ကြရတယ်။ အခုတော့ အခြေအနေတွေက ပြောင်းလဲလာပြီမို့ ဒေါ်အောင်ဆန်းစုကြည်ကျန်းမာပါစေကြောင်း၊ ဒီမိုကရေစီခရီးလမ်းမှာ ခလုတ်မထိဆူးမငြိပါစေကြောင်းဆုတောင်းပေးဖို့အတွက် မမေ့မလျော့ထွန်းကြရမယ့် ဖယောင်းတိုင်မီးပါပဲ။

ဘယ်လောက်မှောင်မှောင် အလင်းရောင်ရှိရင် ကြောက်စိတ်ပြယ်ပါတယ်။ ဒေါသအမှောင်ဖုံးနေတဲ့ စစ်ပွဲတွေ အလင်းရောင် အကူအညီကြောင့် မြန်မြန်ပြီးပါစေ။ ဒီမိုကရေစီရှေ့ခရီးလုံလောက်သော အလင်းရောင်ရ သာယာဖြောင့်ဖြူးပါစေ။ ။

7 DAY NEWS JOURNAL
Vol.11, No.14 • JUNE 14 , 2012

# ဝန်ကြီးမဝင်ရ၊ ဒါ ဘယ်သူ့ကားထင်သတုံးကွနှင့် အဂတိတရားလေးပါး

■ မောင်သာချို



(တစ်)

တစ်ခါတုန်းကဟုပဲ ဆိုကြပါစို့။ ရန်ကုန်မြို့တစ်နေရာရှိ ယာဉ်အသွားအလာထူထပ်သောမီးပွိုင့်တစ်ခုတွင် မီးနီပြထားသည့်အခိုက် အိမ်သုံးကားတစ်စီးက မီးနီကိုဖွတ်ကျော်ဖြတ်ကာ မောင်းချသွားလိုက်ပါသည်။ ဒါကို မီးပွိုင့်အလွန် လမ်းဘေးတစ်နေရာတွင် တာဝန်ကျနေသည့် ယာဉ်ထိန်းရဲကလေးက မြင်သဖြင့် လှမ်း၍တားပါသည်။ စည်းကမ်းကိုဖောက်ဖျက်ထွက်လာသောယာဉ်ဖြစ်သည့်အတွက် လမ်းစည်းကမ်းယာဉ်စည်းကမ်းနှင့်အညီ အရေးယူရန် ကားလိုင်စင်အပါအဝင်လိုအပ်သောစာရွက်စာတမ်းများကိုတောင်းပါ၏။

ကားမောင်းသူက ထီမထင်သောမျက်နှာနှင့်။ သူက ယာဉ်ထိန်းရဲကလေး ဘာမှ ဆက်မလုပ်ရဲတော့အောင် စကားတစ်ခွန်းတည်းပဲပြောပါသည်။ ဒါ ဘယ်သူ့ကား ထင်သတုံးကွ. . တဲ့။ မသိ။ ဒါ ဘယ်သူ့ကားမှန်း ကျွန်တော်မသိ။ ထို့အတူ ယာဉ်ထိန်းရဲကလေးလည်းမသိ။ လမ်းပေါ်တွင် သွားလာလှုပ်ရှားနေသူတွေလည်း မသိ။ ဒါ ဘယ်သူ့ကားပါလိမ့်။ ဤသို့ဖြင့် ဘယာဂတိဆိုသော အကြောက်တရားဖြင့် တရားကိုစီရင်ကာ ထိုမော်တော်ကားအပြစ်မှ လွတ်မြောက်သွားခဲ့ပါလေသည်။

(နှစ်)

စပ်မိစပ်ရာ သတင်းအတိုအထွာကလေးနှစ်ပုဒ်ကို သတိရမိပါသည်။ တစ်ပုဒ်က အင်္ဂလန်နိုင်ငံကသတင်း။ ဗြိတိသျှဘုရင်မကြီး အယ်လိဇဘက်၌ သမီး တစ်ယောက်ရှိပါသည်။ အဲန်း. . . တဲ့။ ထိုမင်းသမီးက ကားမောင်းကြမ်းသူဖြစ်လေရာ ၂၀၀၀ ပြည့်နှစ် ဩဂုတ် ၂၇ ရက်နေ့က ကားကိုမိုင်နှုန်းထက်ကျော်၍ မောင်းပါသည်။ ၁ နာရီကို ၉၃ မိုင်နှုန်းနှင့်မောင်းလေသတဲ့။ ထိုစဉ်က အဲန်းမင်းသမီးမောင်းနှင်သွားရာလမ်းပေါ်၌ ၁နာရီကို မိုင် ၇၀ နှုန်းနဲ့ပဲခွင့်ပြုထားရာ ၂၃ မိုင်နှုန်း ပိုမောင်းထားခြင်းပင်ဖြစ်ပါသည်။ သို့ဖြင့် ရဲက တရားစွဲပါသည်။ ဒဏ်ရိုက်ပါ၏။ ပေါင် ၂၀၀ ကျော်အပြင် တရားရုံးစရိတ် ပေါင် ၃၀ ကိုပါ ထပ်ဆောင်း၍ ဒဏ်ရိုက်ခြင်းဖြစ်ပါ၏။ ဗြိတိသျှဘုရင်မကြီး အယ်လိဇဘက်၏ သမီးဖြစ်သော်လည်း ပေးဆောင်စေ။ အဲန်းမင်းသမီး ကျေကျေနပ်နပ်နှင့် ဒဏ်ငွေကို ပေးဆောင်သွားခဲ့သည်။

နောက်ထပ်သတင်းတစ်ပုဒ်ကမူ မလေးရှားနိုင်ငံက သတင်း။ မလေးရှားဝန်ကြီးချုပ် ဘာဒါဝီ၏ သတင်း။ ဝန်ကြီးချုပ်၏ နာမည်အပြည့်အစုံက အဗ္ဗဒလာအာမက် ဘာဒါဝီ။ တစ်နေ့သော် ယာဉ်ထိန်းရဲက ယာဉ်စည်းကမ်းဖောက်ဖျက်မှုဖြင့် ဝန်ကြီးချုပ်ကို တရားစွဲဆိုပါသည်။ စုစုပေါင်း အမှု ၁၁မှု။ မိုင်နှုန်းကျော်၍ မောင်းနှင်မှုက ၅မှု၊ ယာဉ်ကြောမှားယွင်းမှုက ၄မှု၊ ကားမရပ်ရသောနေရာတွင် ရပ်မှုက ၂မှု၊ စုစုပေါင်း ၁၁မှုဖြစ်ပါ၏။ သည့်အတွက် ဝန်ကြီးချုပ်ကို မလေးရှားရင်းဂစ် ၁,၀၀၀ ဒဏ်ငွေရိုက်ပါသည်။ ဝန်ကြီးချုပ်က ကျေကျေနပ်နပ်ကြီးကိုပင်လျှင် ဒဏ်ငွေကို ပေးဆောင်သွားပါလေ၏။

သည်သတင်းနှစ်ပုဒ်လုံးကို ကြည့်လျှင် အပြစ်တစ်ခု (သို့မဟုတ်) အမှားတစ်ခု ကျူးလွန်မိလေသောအခါ ယင်းကို ပြစ်ဒဏ်ပေးမည့်သူနှင့် ပြစ်ဒဏ်ကို ကျခံရမည့်သူနှစ်ဦးလုံးတို့သည် မည်သည့်အဟန့်အတားမှမရှိကျေနပ်စွာလိုက်နာကြသည့်စိတ်သဘောထားကြီးမြတ်မှုကို သတိပြုနိုင်ပါသည်။ အဲန်းမင်းသမီးကလည်း ငါဘုရင်မကြီးရဲ့သမီးပဲဟူ၍ ငါ့မြင်းငါစိုင်းပြီး စစ်ကိုင်းသို့ မရောက်။ အဗ္ဗဒလာအာမက်ဘာဒါဝီကလည်း ငါဝန်ကြီးချုပ်ပဲဟူ၍ ငါ့လှေငါထိုးပြီး ပဲခူးသို့မရောက်။

ယာဉ်ထိန်းရဲကလေးများကလည်း ဘုရင်မသမီးမို့၊ ဝန်ကြီးချုပ်မို့ဟုဆိုကာ အကြောက်တရားဖြင့် ဘယာဂတိကိုလိုက်စားပြီး အမှုကို မဆုံးဖြတ်။

(သုံး)

မြန်မာကြိုက် ပါးစပ်ရာဇဝင်တစ်ခုထဲ၌ သည်စိတ်အထားအသိမျိုးကို ကျွန်တော်တို့ဖတ်ဖူးကြပါသည်။

ခေတ်က ညောင်ရမ်းခေတ်။ ဘုရင်က သာလွန်မင်းတရားကြီး။ ဝန်ကြီးက ဗညားကျန်းတော။ တစ်နေ့တွင် ဘုရင်နှင့် ဝန်ကြီးတို့ စစ်ကိုင်းဘက်သို့သွားပြီး အင်းဝသို့ပြန်လာရာ တော်တော်ကြီးမှောင်မှ မြို့ရိုးအနီးသို့ရောက်ပါသည်။ ဤတွင် မာန်အောင်တံခါးမှူးအား တံခါးဖွင့်ခိုင်းရာ တံခါးမှူးက ညအမှောင်တွင် မည်သူမည်ဝါမှန်း ခွဲခြားမသိသဖြင့် ဖွင့်မပေးနိုင်ကြောင်း၊ ဝန်ကြီးဟုဆိုရုံနှင့်ဖွင့်ပေးရစတမ်းဆိုလျှင် လူဆိုးသူခိုးတို့ ဝန်ကြီးဟုဆိုကာ မြို့ထဲသို့ဝင်ရောက်လာမည်ကိုကြောက်ရကြောင်း စသည်ဖြင့် မြို့ရိုးပေါ်ကပြန်ပြောသဖြင့် အခြားအလွယ်တကူဖွင့်ပေးသော အောင်ထွန်းတံခါးမှူး၏ တံခါးပေါက်မှ ဝင်ခဲ့ရပါသည်။ ဤတွင် အုံ့ဩဖို့ကောင်းသည်မှာ နောက်တစ်နေ့ နံနက်၌ ဝန်ကြီးဗညားကျန်းတောက မြို့ရိုးတံခါးဖွင့်မပေးသည့် တံခါးမှူးကို ဆုချပြီး ဖွင့်ပေးသူကို အပြစ်တင်ခဲ့ခြင်းပင်ဖြစ်ပါသည်။ စည်းကမ်းအရ အမှောင်ထဲတွင် ဝန်ကြီးဝင်ခွင့်မရခဲ့သောပါးစပ်ရာဇဝင်အလှပဲဖြစ်ပါလေသည်။ ၁၂၆၈ ခုနှစ်ရန်ကုန်မြို့ လမ်းမတော်ရပ် မြန်မာ့ဩဘာစာအုပ်တိုက်ထုတ်အတ္ထုပ္ပတ္တိထူးစာအုပ်ထဲတွင် ဖတ်ရှုနိုင်ပါ၏။

(လေး)

စည်းကမ်းနှင့်ပတ်သက်လာလျှင် ဝန်ကြီးလည်း မဝင်ရသည့် ဘယာဂတိဝေးကွာသောဖြစ်ရပ်မှာ ဘယ်လောက်ကျက်သရေရှိလိုက်လေသလဲ။

အဲန်းမင်းသမီးလည်း ဒဏ်ငွေဆောင်ပေတော့။ ဝန်ကြီးချုပ်ဘာဒါဝီလည်း ဒဏ်ငွေဆောင်ပေတော့။ ဘယ်သူ့ကားပဲဖြစ်ဖြစ် တာဝန်ကျ ယာဉ်ထိန်းရဲသားကလေးက လှမ်းတားပြီး မီးနီကျော်ဖြတ်မောင်းနှင်မှုကို အကြောက်အရွံ့ကင်းစွာ ဒဏ်ရိုက်နိုင်ပြီး ဒဏ်အရိုက်ခံရသူကလည်း ကျေကျေနပ်နပ်နှင့်အော်ဒါငါ့အပြစ်ပါလားဟု လက်ခံသောလမ်းများကို ကျွန်တော်တို့နိုင်ငံမှာ အမြန်ဖောက်နိုင်ကြပါစေသားဟူ၍. . . ။ ။

---

# အရိုင်းမှအယဉ်၊ အယဉ်မှ အရိုင်း

မယ်ငွေဥ



မယ်ငွေဥ၏အိမ်သို့နေ့စဉ်ကြွသောဆွမ်းခံကိုယ်တော် ဆွမ်းခံမကြွသည်မှာ တစ်ပတ်ခန့်ရှိပြီ။

အခါတိုင်းဆိုလျှင် "ဒကာမကြီး -- ကျုပ်မနက်ဖြန် ဆွမ်းခံမကြွနိုင် ဘူး။ ဆွမ်းစားပင့်ထားတာရှိလို့။ စာမေးပွဲဖြေရမှာမို့" စသဖြင့် ကြိုတင်မိန့်သွားလေ့ရှိသည်။ ယခုတစ်ကြိမ်ကား ထူးထူးခြားခြား မမိန့်ကြားဘဲ တစ်ပတ်တိတိပင် ဆွမ်းခံ ပျက်ကွက်နေပြီ။ ဦးဇင်းလေး နေထိုင်မျာ မကောင်းလို့လေလား။ အတွေးက ဝင်လာသည်။ ယခင်ကတော့နေမကောင်းလျှင် ဒကာမကြီး ဘာမီတွန်ကလေးများ မရှိဘူးလား။ ကျုပ်နှာစေးနေလို့။ ပါရာစီတမောလေးများ မရနိုင်ဘူးလား။ ကျုပ် ကိုယ်လက်ကိုက်ခဲနေလို့ စသဖြင့် မိန့်တတ်ပါလျက် ယခုတစ်ကြိမ်မူမည်သည့် စကားမှ မိန့်တော်မမူဘဲ ပျောက်ချက်သားကောင်းလှသည်။

ဆွမ်းခံကိုယ်တော်ကလေးကား ယခုမှ ရဟန်းဖြစ်စ။ ကိုယ်ရင်ဘဝကပင် အိမ်မှာ ဆွမ်းခံခဲ့သည်မို့ သံယောဇဉ်က သားရဟန်းလို ဖြစ်နေပြီ။ ဦးဇင်းနှယ် ဖုန်းလေးဘာလေးမှမဆက်ဟု စိတ်ကအောက်မေ့ပြန်သည်။ ပြီးတော့မှ ကဲကဲ ဘာမှပူပန်ကြောင့်ကျ မရှိနဲ့။ မေတ္တာသာပို့ဟု ဦးဇင်းလေးဟောနေကြ ပြောနေကြတရားအတိုင်း ဖြေရပြန်သည်။

သည်လိုနှင့် တစ်နေ့တော့ ဦးဇင်းလေး ဖြုန်းစားကြီး ကြွလာတော်မူသည်။ ကြွလာပြန်တော့လည်း တစ်ပါးတည်းမဟုတ်။ သူ့နောက်မှ လူဆယ်ယောက်ခန့်ပါလာသည်။ "ဝင်ကြပါ၊ ဝင်ကြပါ၊ ထိုင်ကြပါ၊ ထိုင်ကြပါ" စသဖြင့် ခရီးဦးကြို ဖိတ်မန္တကပြုပြီး ထိုင်ကြတော့ မယ်ငွေဥ၏ အိမ်ခန်းကလေး ပြည့်သွားသည်။

"ဒါက ကျုပ်ခမည်းတော်။ ဒါက ကျုပ်ဦးလေး။ ဒါက ကျုပ်အစ်မရဲ့ အိမ်သား။ ဒါက ကျုပ်ဘကြီးရဲ့ ဇနီးဘက်ကတူ" စသဖြင့်မိတ်ဆက်ပေးသည်။ "အင်းပြောရရင် တစ်ရွာလုံး ဆွေမျိုးတွေချည်းဆိုသလို အေးအတူပူအမျှနေကြသူတွေ ဒကာမကြီးရေ။ အခုသူတို့တစ်တွေအားလုံး ဒုက္ခအပူတွေ့နေလို့။ ကျုပ်ရွာကို ရုတ်ချည်းပြန်ရတယ်။ ဒကာမကြီးတို့ ဆွမ်းဒကာ၊ ဒကာမတွေတောင် နှုတ်မဆက်နိုင်ဘူး" ဟု ဆိုသည်။

ဦးဇင်းလေး ဆက်မိန့်ကြားသောစကားများအရ သူတို့ရွာက အရှေ့ရိုးမတောင်ခြေမှာ ရှိသည်။ မိရိုးဖလာ ရိုးရာထုံးစံ ပဲစိုက်၊ နှမ်းစိုက်။ ပြောင်းစိုက်၊ စပါးစိုက်၊ ကြံစိုက်၊ ရိုးရိုးကုပ်ကုပ်တောင်သူအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုနေကြသူများဖြစ်သည်။

ယခုတော့ နှစ်ပေါင်းများစွာ ခေါမဦးချလုပ်ကိုင်လာကြသော တောင်ယာခင်းများကို ပုဂ္ဂလိက ကုမ္ပဏီတစ်ခုက အကြောင်းမကြားဘာမကြား ဆိုင်းမဆင့် ဘုံမဆင့် ခြံဝင်းခတ်သိမ်းလိုက်သည်။ ဦးဇင်းတို့ရွာတစ်ရွာတည်း သိမ်းခံထားသည်က ဧကသုံးရာကျော်။ ရှေ့တစ်လျှောက်လည်း အခြားရွာများကပါ ဆက်သိမ်းဦးမည်ဟု ဆိုသည်။

ဩော် ဒုက္ခ၊ ဒုက္ခ။ ဖြစ်ရသည့်ဖြစ်ထွေ။ နေရင်း ထိုင်ရင်း လယ်ထဲယာထဲမိုးကြိုးပစ်ခံရသည့်နှယ်။ ဒုက္ခက တစ်ခုတည်းမဟုတ်။ အဖော်နှင့်လာပြန်သည်။ ကံဆိုးမသွားရာ မိုးလိုက်လို့ ရွာသည်မဟုတ်။ လယ်သိမ်း၊ ယာသိမ်းခံရရာ အမှုအခင်းနောက်ထပ်ပါဟု ပြောရတော့မည်။ သိမ်းမည်ဟု သတ်မှတ်ထားသော မြေမှာ ကုမ္ပဏီက ရာဘာစိုက်မည်ဆိုသော်လည်း မစိုက်သေး။ သိမ်းမည့်မြေကို နယ်သတ်မှတ်ပြီးငုတ်ရိုက်ခြံခတ်ရုံမျှ ရှိသေးသည်။ ထို့ကြောင့် ယခုနှစ် တစ်ရာသီတော့ လုပ်ကိုင်စားလို့ ရသေးတန်ရဲ့ဟု တွေးကြကာ မိုးမကျမီ တောင်သူများက ထုံးစံအတိုင်း ကိုယ့်မြေကိုယ့်ကန်သင်းလုံးတော့မည် ကြံကြသည်။ နွားရှဉ်းပြင်၍ ကိုယ့်မြေထဲဝင် ထယ်ထိုးမည်ကြံတော့ တောင်သူများကို ကုမ္ပဏီက ပိုင်နက်ကျူးလွန်မှုနှင့် တရားစွဲသည်။ သည့်အတွက် ဦးဇင်းခမည်းတော်အပါအဝင် ရွာသားငါးဦး အမှုရင်ဆိုင်နေရသည်။ ထို့ကြောင့် ဦးဇင်းလည်း အမြန်ဆုံးရွာပြန်ပြေးပြီး ခမည်းတော်ဒုက္ခကို မျှဝေခံစားရသည်။ ထိုနောက် ကိုယ့်မြေကိုယ့်ပြန်ရရေး နည်းလမ်းရာဖို့ ရန်ကုန်တက်လာကြသည်။ အနည်းဆုံး တော့မတရားခံရတာကို အများသိအောင် ပြောနိုင် ဆိုနိုင်မည်။

"ကျုပ်တို့က မိဘဘိုးဘွားလက်ထက်ကတည်းက ခေါမဦးချလုပ်လာတာလေ။ ဘယ်ဘိုး ဘယ်ဘွား လက်ထက်က စတင်လုပ်ကိုင်ခဲ့ကြတဲ့ မြေယာတွေလည်းဆိုတာတောင် မသိတော့ပါဘူး။ ကျုပ်အဖေ၊ ကျုပ်အဘိုး၊ ကျုပ်အဘွား၊ ကျုပ်အဘေး၊ အားလုံးဒီမြေ ဒီရေပေါ်မှာ တောင်သူလယ်လုပ်ခေါမခုတ်တွေပဲ။ ငွေရှိသူက သိမ်းလို့ ကျုပ်တို့ လုပ်ကိုင်မစားရရင် ကျုပ်တို့တော့ မကြံတတ်အောင်ပါပဲ။ ဒီလိုသာဆိုရင် မြေးကလေးများ ရှင်ပြုဖို့ဆိုတာ ဝေလာဝေး။ ဦးဇင်းစာချတန်းတက်ဖို့ ပညာသင်စရိတ်တောင် ထောက်ပံ့နိုင်တော့မယ် မထင်ဘူး" ဟု ခမည်းတော်ကြီးက ငိုသံပါနှင့်ဆိုသည်။

သူတို့ ပြောကြဆိုကြသော စကားများထဲက (ခေါမဦးချလုပ်ကိုင်လာတာလေ) ဆိုသော စကားများကို မယ်ငွေဥ ခံစားနားလည်နိုင်ပါ၏။ ခေါမဦးချလုပ်ကိုင်လာသော လယ်ယာကိုင်းကျွန်းမြေဟူသည်ကား မိမိမွေးသော သားသမီးနှင့် ဘာမျှမခြား။ လယ်အရှေ့ကွင်းစပ်က ထန်းပင်ညီနောင်က အဘိုးစိုက်ခဲ့တာ။ အနောက်စပ်က မန်းကျည်းပင်။ ဒီအပင်ကအဘွားကိုယ်တိုင် စိုက်ခဲ့တာ။ မြောက်စပ်မှာရှိတဲ့ သရက်ပင်ကြီးက သားကြီးမွေးတဲ့နှစ်က အကိုင်းကျိုးအောင် သီးတာပေါ့ စသဖြင့် ခင်တွယ်စရာ သတိရစရာတွေချည်းဖြစ်သည်။ မယ်ငွေဥကား လယ်သမား ယာသမားတို့နှင့် ထပ်တူခံစားနိုင်ပါ၏။ ကိုယ်တိုင်ကလည်း ခေါမဦးချ လယ်သမား ယာသမားမျိုးရိုးက ဆင်းသက်လာသူပေကိုး။ အဘယ်သူကရော ခေါမဦးချ တောင်သူ လယ်လုပ်မျိုးရိုးက ဆင်းသက်လာ သူမဟုတ်အံ့နည်း။ ပခုံးနှစ်ဖက်ကြားခေါင်းပေါက်သူ ပုပုရွရွ လူမှန်သမျှ ကမ္ဘာဦးတောင်သူမျိုးရိုးက ဆင်းသက်လာသူများသာ ဖြစ်ကြချေ၏။ အကြောက်အကန် ငြင်းလိုက ငြင်းကြရော့။ ယခုခေတ်ကမ္ဘာပေါ်က သမ္မတ၊ ဝန်ကြီးချုပ်၊ ဝန်ကြီး၊ ဝန်ကလေး၊ သူဌေး၊ သူကြွယ်၊ အရာရှိကြီး၊ အရာရှိငယ် မှန်သမျှ အဘယ်သူကမှ လယ်သမား ယာသမားတို့အပေါ်က ကိန်းကြီး၊ ခန်းကြီး၊ ဆိုက်ကြီး၊ ဂိုက်ကြီး၊ ဟန်ကြီး၊ ပန်ကြီး၊ လူလည်ကြီး မလုပ်သင့်။ အားလုံး၏ မူလဇာစ်မြစ်ကို ဆန်းစစ်လျှင် ကမ္ဘာဦးမုဆိုး တောင်သူများက ဆင်းသက်လာသူများသာတည်း။

ရှေးရှေးလူသားတို့ ခေါမဦးချဆိုသည်ကား တကယ်ပင်ပန်းလှသည်။

စာ(၄၀) သို့

7 DAY NEWS JOURNAL

# Current Affairs

Vol.11, No.14 • JUNE 14 , 2012

# ရိုဟင်ဂျာဘင်္ဂလီကိစ္စကို နဂါးမင်းစစ်ဆင်ရေးကဲ့သို့ စစ်ဆင်ရေးမျိုး ပြန်လုပ်သင့်

## ပြည်ခိုင်ဖြိုးပါတီအထွေထွေအတွင်းရေးမှူးဦးဌေးဦးနှင့်တွေ့ဆုံခြင်း



အောင်သူရ၊ ငြိမ်းငြိမ်းနိုင်

**ရခိုင်ပြည်နယ်အတွင်း လတ်တလောဖြစ်ပေါ်နေသော အခြေအနေများနှင့်ပတ်သက်၍ နိုင်ငံရေးပါတီနှင့် လွှတ်တော်ကိုယ်စားလှယ်များ အသိုင်းအဝိုင်းကထောက်ပြပြောဆိုမှုများ နှေးကွေးအသံတိတ်နေခြင်းများနှင့် ပတ်သက်ပြီး ရခိုင်လူထုနှင့်စောင့်ကြည့်ကြသူများက ဝေဖန်လျက်ရှိသည်။**

**လွှတ်တော်အတွင်းအမတ်နေရာ(၇၆. ၄၂)ရာခိုင်နှုန်းဖြင့် နေရာအများဆုံးရရှိထားသည့်ပြည်ခိုင်ဖြိုးပါတီ အနေဖြင့်လည်း လူထုသိသာမြင်သာသော ထုတ်ပြန်မှုတုံ့ပြန်ပြောဆို ပါဝင်ဆောင်ရွက်မှုမရှိသေးပေ။**

**ထို့ကြောင့် 7 Day News က ဇွန် ၁၁ ရက် ညနေပိုင်းတွင် ပြည်ခိုင်ဖြိုးပါတီ အထွေထွေအတွင်းရေးမှူး ဦးဌေးဦးကို သွားရောက်တွေ့ဆုံကာ ဖြစ်ပေါ်နေသော ပဋိပက္ခများအပေါ် ပြည်ခိုင်ဖြိုးပါတီ၏ ရပ်တည်မှုနှင့်ပတ်သက်၍ မေးမြန်းထားပါသည်။**

**အခုနိုင်ငံတော်ကအရေးပေါ် အခြေအနေ ကြေညာထားရတဲ့အပေါ် ဦးဌေးဦးရဲ့အမြင်ကို သိပါရစေ။**

ကျွန်တော့်ပါတီရဲ့ သဘောထားကလည်း ကျွန်တော့်သဘောထားပါပဲ။ လတ်တလော ရခိုင်ပြည်နယ်မှာဖြစ်နေတဲ့ဖြစ်စဉ်တွေက ပြည်သူအများစုရဲ့ လိုလားချက်ကို ဆန့်ကျင်ပြီးဖြစ်နေတယ်လို့ကျွန်တော်မြင်တယ်။ ဒါကြောင့် ဒီမလိုလားအပ်တဲ့ဖြစ်စဉ်တွေနဲ့ ပတ်သက်လို့ ဒေသခံပြည်သူတွေရဲ့ လုံခြုံစိတ်ချရမှုလည်း လျော့တယ်။ နေ့စဉ် စားဝတ်နေရေး အပါအဝင် လူမှုရေး၊ စီးပွားရေးတွေအပေါ်မှာလည်း ဆိုးကျိုးတွေ သက်ရောက်နေတယ်လို့မြင်တယ်။ တချို့ဆိုရင်လည်း အသက်အိုးအိမ်စည်းစိမ် ဆုံးရှုံးမှုတွေကြုံရတယ်လို့ကြားတယ်။ ဒါကြောင့် ဒီဥစ္စာတွေဟာ စိတ်ချမ်းမြေ့စရာ အဖြစ်အပျက်တွေတော့ မဟုတ်ဘူး။ မကောင်းတဲ့ အဖြစ်အပျက်တွေပဲ။ ဒါတွေဟာ မလုပ်သင့်၊ မဖြစ်သင့် မဖြစ်ထိုက်တဲ့ ဥပဒေမဲ့ လုပ်ရပ်တွေလို့ပဲမြင်တယ်။ ဒါနဲ့ ပတ်သက်လို့လည်းပဲပြည်သူအားလုံးကလည်း လိုလိုလားလား မရှိဘူးလို့ယုံတယ်။ အခုကိစ္စမှာလည်း ပြည်သူတွေရဲ့ နေ့စဉ် ပုံမှန်ဘဝ ရရှိဖို့အတွက်ကိုနိုင်ငံတော်အစိုးရရယ်၊ ပြည်သူရယ်၊ ကျွန်တော့်ပါတီအဖွဲ့အစည်းတွေရယ် ကျွန်တော်တို့ လက်တွဲပြီး ပူးပေါင်းဆောင်ရွက်သွားမယ်လို့ ဆုံးဖြတ်ထားတယ်။

**ခုလို အရေးပေါ်အခြေအနေ ကြေညာချက်က အရပ်သားအစိုးရ အဖြစ်ပြောင်းလဲလာတဲ့အပေါ် တစ်စုံတစ်ရာ သက်ရောက်မှုရှိပါသလား။ ဦးတို့အနေနဲ့ စိုးရိမ်မှုရှိပါသလား။**

ဒါကတော့ အခြေအနေပေါ် မူတည်ပြီးတော့မှ နိုင်ငံတော်ဆိုတာ စီမံခန့်ခွဲရတာပဲလေ။ ဒီအခြေအနေမျိုး ဖြစ်လာရင် အရေးပေါ်အခြေအနေ မထုတ်ဘူးဆိုရင် ဆင့်ကဲဆင့်ကဲဖြစ်စဉ်တွေဆိုတာ အများကြီးလည်းဖြစ်လာတယ်။ ဒါကြောင့် ဆင့်ကဲဆင့်ကဲဖြစ်စဉ်တွေ မပေါ်ပေါက်ဖို့ဆိုရင် အရေးပေါ်အခြေအနေစီမံချက်က လိုကိုလိုတယ်။ ဒီအခြေအနေကနေ ပုံမှန်အခြေအနေရောက်လာအောင် ကျွန်တော်တို့အမြန်ဆုံး ရောက်လာအောင် လုပ်ရမှာပေါ့။ နောက် အခုကလည်း ဒီလိုဆောင်ရွက်မှုအခြေအနေနဲ့ပတ်သက်ပြီးတော့လည်း ပြည်သူတွေသိအောင် သတင်းခင်ပျားတို့လည်းပါတာပေါ့။ ပြည်သူတွေ အမှန်အတိုင်း သိအောင် ဒီလိုအခြေအနေမျိုးက သိမ်မွေ့တယ်။ သိမ်မွေ့တဲ့အတွက် တစ်ဖက်ဖက်ကို စောင်းပေးပြီးရေးရင် ဒီကိစ္စက ပိုပြီးအုံကြွစရာရှိတယ်။ ဒါကြောင့် အမှန်အတိုင်းတော့ သိကိုသိနေရမယ်။ အမှန်အတိုင်း သိအောင် နိုင်ငံတော်ကလည်း ထုတ်ပြန်ဖို့ကောင်းတယ်။ မီဒီယာတွေကလည်း ထုတ်ဖို့ကောင်းတယ်လို့ ကျွန်တော်မြင်တယ်။ အခု အရေးပေါ်အခြေအနေက အစိုးရအပေါ် သက်ရောက်မှုမရှိနိုင်ပါဘူး။ ဒါ သူ အကောင်းဆုံးဖြစ်အောင်လုပ်တာ။ ဘယ်အစိုးရမဆို ဒီလိုအခြေအနေမျိုးဆိုရင် စဉ်းစားပြီးလုပ်မှာပဲ။ ဒီလိုအခြေအနေမျိုးကို ထုတ်တဲ့အချိန်မှာ အားလုံး ဝိုင်းစဉ်းစားပြီးမှ ထုတ်တယ်လို့ပဲထင်တယ်။ လုပ်သင့်လုပ်ထိုက်တာကို ချက်ချင်း အချိန်မီမလုပ်ဘူးဆိုရင် ဒီထက်ပိုဆိုးလိမ့်မယ်။

**ဒီအခြေအနေမျိုးမှာ လွှတ်တော်ပြန်ခေါ်သင့်တယ်လို့ ဦးအနေနဲ့ ထင်ပါသလား။**

လွှတ်တော်ကို ပြန်ခေါ်သင့်တာထက်စာရင် လွှတ်တော်ကလည်း ကော်မတီရှိတာပေါ့။ ဒီကိစ္စတွေနဲ့ပတ်သက်လို့ပုံမှန်အခြေအနေမျိုး ရောက်လာအောင် ပြန်လည်ဖြေရှင်းသင့်တယ်လို့ လွှတ်တော်ကိုတင်ပြတာရှိတာပေါ့။ လွှတ်တော်ကလည်း လွှတ်တော်ပြန်ခေါ်မှ မဟုတ်ပါဘူး။ အစိုးရကိုတိုက်ရိုက်တင်ပြနိုင်တာရှိတယ်။ အစည်းအဝေးကြီးခေါ်မှမဟုတ်ပါဘူး။

**ရခိုင်မှာဖြစ်တဲ့ဖြစ်စဉ်တွေနဲ့ ပတ်သက်ပြီး ဘယ်လိုခေါင်းစဉ်တပ်ပါသလဲ။ ဘာသာရေး၊ လူမျိုးရေးလား စသဖြင့်ပေါ့။**

ကျွန်တော့်အနေနဲ့တော့ ဥပဒေမဲ့ဖြစ်ရပ်လို့ပဲ သဘောထားတယ်။ ပထမဖြစ်တာကတော့ ရာဇဝတ်မှုပဲ။ ဒီရာဇဝတ်မှုအပေါ် နောက်ဆက်တွဲ ဆင့်ကဲဖြစ်တာတွေကတော့ လှုံ့ဆော်မှုလည်းပါလာမယ်လို့ထင်တယ်။

**အခု ဖြစ်စဉ်မှာ ပါတီကြီးဖြစ်တဲ့ ပြည်ခိုင်ဖြိုးက ကြေညာချက် ထုတ်တာ၊ ပြောတာဆိုတာမတွေ့ရတော့ ဒီကိစ္စနဲ့ပတ်သက်ရင် ပြည်ခိုင်ဖြိုး ဘာလုပ်နေတယ်လို့ပြောရမလဲ။ ရပ်တည်ချက်ပေါ့။**

ကျွန်တော်တို့ရပ်တည်ချက်ကတော့ ဥပဒေမဲ့ဖြစ်စဉ်တွေ ဥပဒေမဲ့ဖြစ်ရပ်တွေကိုလုပ်တဲ့လူတွေကိုပဲ အရေးယူပေးဖို့ပဲရှိတာပေါ့။ ဥပဒေကြောင်းအရ အရေးယူရမယ်။ ဒါကတော့ ပြတ်ပြတ်သားသားကိုလုပ်ရမယ်။ ဆိုလိုတာက ဟိုဘက်ကို ညှာတယ်၊ ဒီဘက်ကို ညှာတယ်မဟုတ်ဘူး။ ဥပဒေမဲ့ဖြစ်ရပ်တွေ၊ ပြစ်မှုကျူးလွန်တဲ့လူတွေကိုပြစ်မှုအတိုင်းအတာအရအရေးယူရမယ်။ အရေးယူမှုနဲ့ပတ်သက်လို့လည်းလူထုသိအောင်ပြောဖို့လိုတယ်လို့မြင်တယ်။ ပုံမှန်အခြေအနေမျိုးဖြစ်လာအောင် ရှင်းလင်းပြောကြားတာတို့ထိန်းသိမ်းတာတို့ လုပ်ရမယ်။ အချိန်ယူရမယ်ထင်တယ်။(ထုတ်ပြန်ချက်က ရိုက်နေပြီ၊ မကြာခင်ထုတ်ပေးမယ်။)

**ဒီပြဿနာအစက အရင်အစိုးရလက်ထက်တွေမှာခြစားပြီးဒီဘက်ကူးလာတဲ့ နိုင်ငံခြားသားတွေကို လက်ခံခဲ့လို့ဖြစ်တာလို့ ဝေဖန်ကြတာတွေ ကြားရပါတယ်။ ဦးရဲ့အမြင်ကရော။**

ဒါက နိုင်ငံတော်နဲ့ ဆိုင်ပါတယ်။ အားလုံးကို သမာသမတ် အတိုင်းပြောရမယ်ဆိုရင် နိုင်ငံမဲ့ နိုင်ငံသားဆိုတာ မရှိသင့်ပါဘူး။ အဲဒီတော့ နိုင်ငံတွေ ဆက်စပ်နေတဲ့အတွက် တခြားနိုင်ငံက ဒီဘက်ကိုရောနှောပြီး ကူးလာတယ်ဆိုတာလည်းမဖြစ်သင့်ဘူး။ တကယ်လို့ ကိုယ့်ဆီမှာ နှစ်ပေါင်းများစွာနေလာပြီးတော့ တခြားနိုင်ငံကဆိုတာမျိုးလည်းမရဘူး။ လက်ခံလို့လည်းမဖြစ်ဘူး။ တခြားနိုင်ငံကလူကို လက်ခံရင် သူ့မှာ အပြစ်ရှိတာပေါ့။ ဒါနဲ့ပတ်သက်လို့စိစစ်ရမယ်။ အရင်တုန်းက ဒါနဲ့ပတ်သက်လို့လည်း နဂါးမင်းစစ်ဆင်ရေး၊ ဟင်္သာစစ်ဆင်ရေးဆိုတာတွေက ဒါစိစစ်တာပေါ့။ စိစစ်ပြီးတဲ့အချိန်မှာကျွန်တော်တို့ဘက်ကလည်း လက်ခံရမယ်ဆိုတာတွေနဲ့ ပတ်သက်လို့ လက်ခံရတာပေါ့၊ တရားဝင်လက်ခံခဲ့ရတာပေါ့။ ရာဇဝင်ကြောင်းကို ကြည့်မှပဲရမယ်။ သွင်ပြင်တွေကတူကြတာဆိုတော့ အရင်တုန်းက ဖြစ်ခဲ့တဲ့ အခြေအနေကိုအကုန်လုံးခြုံငုံပြီးတော့တိတိကျကျလိုက်နာပြီးတော့မှ လုပ်လို့ရမယ်လို့ထင်တယ်။ မလွှဲမသွေ လုပ်ရမှာပဲ။

**အခုဆို ရိုဟင်ဂျာတွေက အများကြီးရှိနေပြီဆိုတော့ စစ်ဆင်ရေး တစ်ခုအနေနဲ့ ပြန်လုပ်သင့်နေပြီလို့ထင်ပါသလား။**

ကျွန်တော်ထင်တယ်၊ လုပ်ရမယ်။ တစ်ပြည်လုံး သန်းခေါင်စာရင်းကောက်မယ်ဆိုရင် ဒါတွေလည်းပါလာမှာပေါ့။ ကျွန်တော်တို့ကလည်း ဒါကို စစ်ပါ၊ ဖြေရှင်းပါလို့တိုက်တွန်းထားတယ်။ ဒီနေရာတင် မကဘူး။ ကျန်တဲ့နေရာတွေမှာလည်းရှိနေတယ်။

**ဒီကိစ္စက လွှတ်တော်မှာ အကြီးအကျယ် ဆွေးနွေးရမယ့်ကိစ္စ ဖြစ်မလား။**

မှန်တယ်။ ဆွေးနွေးနေတယ်။ မပြီးပြတ်သေးတဲ့ ကိစ္စ။ လုပ်ငန်းတွေ ဆောင်ရွက်ဖို့ မပြီးပြတ်သေးဘူး။ ဆောင်ရွက်လာမယ်လို့ထင်တယ်။

**အခုက ရခိုင်ဘက်က လူမျိုးခြားယိုစိမ့်မှုပေါ့။ ကချင်နဲ့ရှမ်းဘက်မှာလည်း ဒါမျိုးတွေရှိနေတော့ ပြည်ခိုင်ဖြိုးအနေနဲ့ ဒီကိစ္စတွေအပေါ် ဘယ်လိုစဉ်းစားထားပါလဲ။**

မှန်တယ်။ ဒါကြောင့် ကျွန်တော်ပြောတာ တစ်နေရာတည်း မဟုတ်ဘူး။နေရာတိုင်းမှာရှိတယ်။ သာမန်အရပြောရရင် လ. ဝ. က နဲ့ဆိုင်တယ်။ တကယ်တော့ ဒါ နိုင်ငံတော်နဲ့ဆိုင်တယ်။ အကုန်လုံးက ပူးပေါင်းပြီးဆောင်ရွက်မှ ပိုပြီး တိကျမှုကို ရမယ်။ ပိုပြီး မှန်မှန်ကန်ကန်ဖြစ်မှာပေါ့။ ဒီကိစ္စကို အမှန်အတိုင်းဖြစ်အောင် စိစစ်ပြီး ဆောင်ရွက်တာ အကောင်းဆုံးပဲ။

**ဒီနိုင်ငံသားယိုစိမ့်မှုတွေက နိုင်ငံရဲ့ ရေရှည်အေးချမ်းမှုကို ထိခိုက်စေပါသလား။**

ဖိဖိစီးစီး နိုင်နိုင်နင်းနင်းလုပ်ရင် ထိခိုက်စရာမရှိပါဘူး။ အရေးကြီးတာက ဒီလုပ်ငန်းတွေက နိုင်ငံတော်ရဲ့ အေးချမ်းသာယာမှုကို မထိခိုက်ဘူး။ သို့သော် ဆင့်ကဲပြဿနာက ဖြစ်နိုင်တယ်။ ဆင့်ကဲပြဿနာကိုတော့ ဂရုစိုက်ရမှာပေါ့။

**ဘာများ ဖြည့်စွက်ပြောချင်ပါလဲ။**

မဖြစ်သင့်ဘူးပေါ့ဗျာ။ မကြိုက်ဘူးပေါ့ဗျာ။ မဖြစ်သင့် မဖြစ်ထိုက်တဲ့ကိစ္စ၊ ဥပဒေကြောင်းအရ ရှင်းရမယ့်ကိစ္စ။ အုပ်စုလိုက်ဖွဲ့ပြီးတော့မှတစ်ယောက်နဲ့တစ်ယောက် အပြိုင်ရှင်းရမယ့်ကိစ္စမဟုတ်ဘူး။ ဥပဒေရဲ့ အဆုံးအဖြတ်ကို နာခံရမယ်။ ဆင့်ကဲပြဿနာတွေက အများရောက်တတ်တယ်။ အားလုံးက ညီညီညွတ်ညွတ်နဲ့ စည်းစည်းလုံးလုံးနဲ့ အဖြေရှာပြီးတော့မှ၊ ငြိမ်းငြိမ်းချမ်းချမ်း အဖြေရှာပြီးတော့မှ မူလအခြေအနေအတိုင်း ပြန်လည်ရောက်ရှိရေးကို ဆောင်ရွက်သင့်တယ်လို့ပဲ ပြောချင်တယ်။ အချိန်တော့ယူရမယ်ထင်တယ်။

## ရခိုင်ရှိ အကြမ်းဖက်မှုဒုက္ခသည်များကိုကူညီရန် ငြိမ်းချမ်းရေးအဖွဲ့ ဖွဲ့စည်း

**မြတ်စုမွန်၊ ယုဇနကိုကို**

**ရန်ကုန်၊ဇွန်-၁၁**

ရခိုင်ပြည်နယ်တွင် ဆူပူအကြမ်း ဖက်မှုများကြောင့် ဒုက္ခရောက်နေသူများအား ကူညီထောက်ပံ့မည့် လေးဝတီငြိမ်းချမ်းရေးအဖွဲ့ကို ယနေ့ နေ့လယ် ၂ နာရီတွင် ရွှေတိဂုံဘုရားအနောက်ဘက်မုခ်ရှိ ရခိုင်ဓမ္မာရုံ၌ စတင်ဖွဲ့စည်းလိုက်သည်။

ယင်းငြိမ်းချမ်းရေးအဖွဲ့ကို စတင်ဖွဲ့စည်းသူများတွင် ပါဝင်သည့် ရခိုင်သံဃာတော်တစ်ပါးက “မခံချင်စိတ်ရှိတိုင်း နေ့တိုင်းဆိုင်းဘုတ်ကိုင်ပြီး တောင်းဆိုနေလို့မပြီးပါဘူး။ ရခိုင်မှာရှိတဲ့ လူတွေမှာ စားနပ်ရိက္ခာလိုအပ်ချက်တွေ ရှိနေတယ်။ ဆန်လိုတယ်။ စားစရာတွေလိုနေတယ်။ ကော်မတီဖွဲ့ပြီး ကူညီနိုင်ဖို့ကိစ္စတွေလုပ်ရမယ်”ဟု ပြောသည်။

၎င်းကဆက်လက်၍ “ရခိုင်တွေဟာ မြန်မာပြည်ကို အနောက်ဘက်ကနေ တံတိုင်းတစ်ခုလို ကာရံထားတယ်။ အဲဒီတံတိုင်းကျိုးရင် အလယ်ပိုင်းပြိုလဲသွားမယ်။ အကူအညီပေးနိုင်ဖို့ စုစည်းရမယ်။ သမ္မတပြောတဲ့မိန့်ခွန်းက ရခိုင်သားတွေအတွက် အားရှိပါတယ်”ဟု ပြောသည်။ ယင်းကော်မတီတွင်ဦးဆောင်ကော်မတီဝင်ကိုးဦးပါဝင်ပြီး တက်ရောက်လာသော ရခိုင်လူမျိုးစုစုပေါင်း ၃၀၀ ဝန်းကျင်က အဖွဲ့ဝင်များအဖြစ် လက်မှတ်ရေးထိုးခဲ့ကြသည်။ ယင်းကော်မတီက ရန်ကုန်မြို့ရှိ ရခိုင်အဖွဲ့အစည်းပေါင်း ၇၀ကျော်အပြင် ပြည်နယ်နှင့် တိုင်းများရှိ တိုင်းရင်းသားလူမှုရေးအဖွဲ့များနှင့်လည်းချိတ်ဆက်ကာ လှူဒါန်းမှုများကို လက်ခံပြီး ဒုက္ခရောက်နေသူများထံ ဆက်လက်လှူဒါန်းသွားကြမည်ဖြစ်ကြောင်း ကော်မတီဝင်တစ်ဦးက ရှင်းပြသည်။

ရခိုင်ပြည်နယ်တွင် ဖြစ်ပွားလျက်ရှိသည့် ဆူပူမှုများကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်နေသူများနှင့် စားနပ်ရိက္ခာလိုအပ်သူများထံ လှူဒါန်းလိုသူများသည် ကိုခိုင်သူရိန်၊ ဖုန်း- ၀၉ ၄၃၀၈ ၂၇၅၂၊ ကိုကျော်မြတ်ထူး- ၀၉ ၄၃၀၈ ၂၇၅၂ သို့ဆက်သွယ်နိုင်ကြောင်း သိရသည်။

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.14 ▪ JUNE 14 , 2012

# နိုင်ငံတော်သမ္မတ မိန့်ခွန်းကောက်နုတ်ချက်

**ဇွန်လ ၁၀ ရက်က နေပြည်တော်ရှိ သမ္မတအိမ်တော်တွင် ပြောကြားခဲ့သော နိုင်ငံတော်သမ္မတဦးသိန်းစိန်၏ ရခိုင်ပြည်နယ်တွင်းဖြစ်ပေါ်နေသော အခြေအနေများနှင့် ပတ်သက်သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်များကို ဖော်ပြလိုက်ပါသည်။**



■ ၂၀၁၂ ခုနှစ် မေလ ၂၈ ရက်က ဖြစ်ပွားခဲ့တဲ့ရခိုင်ပြည်နယ်၊ ကျောက်နီမော်ဖြစ်စဉ်ကို အခြေခံပြီး ရခိုင်ပြည်နယ်အတွင်း မတည်ငြိမ်မှုများ၊ အကြမ်းဖက်မှုများ ပိုမိုကျယ်ပြန့်စွာဖြစ်ပွားလာပါတယ်။ ဒါကြောင့် ဒီအခြေအနေဟာ ဘာသာရေးအဖွဲ့အစည်းများ၊ ဘာသာရေးခေါင်းဆောင်များ၊ နိုင်ငံရေးပါတီများအပါအဝင် ကျွန်တော်တို့အားလုံး စည်းစည်းလုံးလုံးနဲ့ သတိပြုပြီး ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရမယ့် အနေအထားရောက်ရှိလာတာကို တွေ့ရပါတယ်။

■ မိဘပြည်သူများရဲ့ အခက်အခဲများ၊ ပြဿနာများ၊ လိုလားချက်များကို အသင့်မြတ်ဆုံးနဲ့ အတတ်နိုင်ဆုံးဖြစ်အောင် ဖြေရှင်းဆောင်ရွက်ပေးဖို့ ကျွန်တော်တို့အစိုးရမှာ အပြည့်အဝ တာဝန်ရှိတယ်လို့ကျွန်တော်တို့ ခံယူထားပါတယ်။

■ ဖြစ်စဉ်များနဲ့ ဆောင်ရွက်မှုအခြေအနေများ၊ ထိခိုက်ဆုံးရှုံးမှုအခြေအနေများကိုလည်း မိဘပြည်သူများအား အချိန်နဲ့တစ်ပြေးညီ ချပြ အသိပေးလျက်ရှိပါတယ်။ ကျွန်တော့်အနေနဲ့လည်း ဒီဖြစ်စဉ်များဖြစ်စကပင် မိဘပြည်သူများထံ အခြေအနေအရပ်ရပ်ကို ရှင်းလင်းပြောကြားဖို့ စီစဉ်ခဲ့သော်လည်း အခြေအနေအရပ်ရပ် ကျယ်ပြန့်လာခြင်းမရှိနိုင်ဘူးလို့ ယူဆတဲ့အတွက်လည်းကောင်း၊ မိဘပြည်သူများစိတ်သောကမဖြစ်စေလိုတဲ့အတွက်လည်းကောင်း ယခင်က ရှင်းလင်းပြောကြားမှု မပြုခဲ့ခြင်းဖြစ်ပါတယ်။

■ လက်ရှိရခိုင်ပြည်နယ်အတွင်းမှာ ဖြစ်ပေါ်နေတဲ့ဖြစ်စဉ်များဟာ ဘာသာရေးနဲ့ လူမျိုးရေးကို အခြေခံပြီး မကျေနပ်မှု၊ မုန်းတီးမှု၊ လက်စားချေလိုမှုတွေကို ရှေ့တန်းတင်လို့ဆော်ဆောင်ရွက်မှုများကြောင့် မင်းမဲ့စရိုက်လုပ်ရပ်များ ကျယ်ပြန့်ကြီးမားလာတာဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ဒီလို လူမျိုးစွဲဘာသာစွဲတွေကို ရှေ့တန်းတင်ပြီး မဆုံးနိုင်တဲ့ မုန်းတီးမှုတွေ လက်စားချေလိုမှုတွေနဲ့ မင်းမဲ့စရိုက်တွေကို ရှေ့တန်းတင်လျက်၊ တစ်ဖက်နဲ့တစ်ဖက် အပြန်အလှန် အကြမ်းဖက်သတ်ဖြတ်နေကြမယ်ဆိုရင် ရခိုင်ပြည်နယ်တွင်သာမက ပိုမိုကျယ်ပြန့်ဖြစ်ပွားလာနိုင်စေတဲ့ အန္တရာယ်ရှိပါတယ်။ အခြားသောအမှောင့်ပယောဂများလည်း ပါဝင်ပူးကပ်လာနိုင်ပါတယ်။ ဒီလိုသာဖြစ်လာခဲ့ရင် အသွင်ကူးပြောင်းစသာရှိသေးတဲ့ကျွန်တော်တို့နိုင်ငံရဲ့ တည်ငြိမ်အေးချမ်းရေး၊ ဒီမိုကရေစီဖော်ဆောင်ရေးနဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအပေါ် ပြင်းပြင်းထန်ထန်ထိခိုက်ဆုံးရှုံးမှု ဖြစ်ပေါ်လာစေနိုင်တာကို မိဘပြည်သူအားလုံး အထူးသတိထားကြစေချင်ပါတယ်။

■တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး ရှိဖို့ဆိုတာဟာလည်း နိုင်ငံတော်အစိုးရအပေါ်မှာသာ တာဝန်ရှိတာ မဟုတ်ပါဘူး။ ပြည်သူများအပိုင်းကလည်း အသိတရားနဲ့ယှဉ်ပြီး ဥပဒေများကို လေးစားလိုက်နာကြဖို့ လိုပါတယ်။






**လုံခြုံရာသို့ ပြောင်းရွှေ့နေသော ရခိုင်တိုင်းရင်းသားများကို ဇွန်၁၁ရက်ကတွေ့ရစဉ်** ဓာတ်ပုံ-မောင်ကံ



# ရခိုင်ပြည်နယ်အတွင်း အရေးပေါ်အခြေအနေကြေညာ

## တစ်ပတ်အတွင်း မြို့နယ်ခြောက်ခုတွင် ညမထွက်ရအမိန့်ထုတ်

**မြတ်စုမွန်**

**ရန်ကုန်၊ဇွန်-၁၀**

ရခိုင်ပြည်နယ်တွင် ဆူပူအကြမ်းဖက်မှုများ ပိုမိုကျယ်ပြန့်လာပြီး ညမထွက်ရအမိန့် (ပုဒ်မ-၁၄၄) ထုတ်ပြန်ရုံဖြင့် အုပ်ချုပ်ရေးလုပ်ငန်းများကို ထိရောက်အောင် ဆောင်ရွက်နိုင်ခြင်းမရှိတော့သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရခိုင်ပြည်နယ်အတွင်းယနေ့မှစ၍ ဥပဒေကဲ့သို့ အာဏာတည်သည့် အရေးပေါ် အခြေအနေကို နိုင်ငံတော်သမ္မတက ထုတ်ပြန်ကြေညာလိုက်သည်။

ယင်းကြေညာချက်တွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ၁၄၄ ထုတ်ပြန်၍ ထိန်းသိမ်းဆောင်ရွက်နိုင်စွမ်းမရှိတော့သဖြင့်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၃၊ ပုဒ်မခွဲ(က)အရ တာဝန်ထမ်းဆောင်ရာတွင် ထိရောက်မှုရှိစေရန် တပ်မတော်၏ အကူအညီကို ရယူဆောင်ရွက်ရမည်ဟု ဖော်ပြထားသည်။

ရခိုင်ပြည်နယ်တွင် ဖြစ်ပွားနေသော လူမျိုးရေးမတည်ငြိမ်မှုများကြောင့် မြို့နယ် စုစုပေါင်းခြောက်မြို့နယ်တွင် ညမထွက်ရအမိန့်နှင့် အရေးပေါ်အခြေအနေများကို အစိုးရက တစ်ပတ်အတွင်း အသီးသီးထုတ်ပြန်ကြေညာခဲ့သည်။

ရခိုင်ပြည်နယ်ဘူးသီးတောင်မြို့၊ မောင်တောမြို့၊ စစ်တွေမြို့၊ ကျောက်ဖြူမြို့၊ သံတွဲမြို့နှင့် ရမ်းဗြဲမြို့များတွင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ကို မြို့နယ်အသီးသီး၏ အုပ်ချုပ်ရေးမှူးများ၏ အမိန့်အာဏာဖြင့် ရုံးတံဆိပ်နှိပ်၍ ယနေ့ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ထို့အပြင် ရခိုင်ပြည်နယ် မောင်တောမြို့နှင့် ဘူးသီးတောင်မြို့များတွင် ယခုလ ၈ ရက်က ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ ကို ထုတ်ပြန်ခဲ့သည်။

"အခုလေးတင်ပဲ ကြေညာသွားပြီ။ မာရှယ်လောထုတ်လိုက်မှပဲနည်းနည်းစိတ်အေးသွားတော့တယ်။ ကျွန်မတို့ဆီမှာ အစိုးရက မပိတ်ပေမယ့်ဈေးသည်တွေကတော့ သူတို့ဆိုင်တွေ သူတို့ပိတ်လိုက်ကြပြီ။ ပစ္စည်းတွေကို အိမ်တွေကို သယ်ထားကြပြီ" ဟု သံတွဲမြို့ အမှတ်(၄)ရပ်ကွက်မှ ဒေသခံအမျိုးသမီးတစ်ဦးက ပြောသည်။

နေဝင်မီးငြိမ်း ထုတ်ပြန်မှုများ ဖြစ်ပေါ်နေသော်လည်း လက်ရှိအချိန်တွင် ရခိုင်ပြည်နယ်သံတွဲမြို့၌ မည်သည့်ဆူပူမှုမျှမရှိဘဲ အေးဆေးတည်ငြိမ်လျက်ရှိကြောင်းသံတွဲမြို့အမှတ်(၁)ရပ်ကွက်မှ ဒေသခံတစ်ဦးက ပြောသည်။

ယခုကဲ့သို့ထုတ်ပြန်ကြေညာချက်သည် အစိုးရသစ်လက်ထက်တွင် ပထမဆုံးဖြစ်ပွားခဲ့သော အရေးပေါ် ထုတ်ပြန်ချက်များဖြစ်ပြီး ယခင်က ယင်းသို့ဥပဒေမျိုးကို ပြည်ထဲရေးဝန်ကြီးဌာနကသာထုတ်ပြန်ခဲ့သော်လည်း ယခုတွင် မြို့နယ်အုပ်ချုပ်ရေးမှူးများ၏ အခွင့်အာဏာဖြင့် ရုံးတံဆိပ်ရိုက်နှိပ်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

### ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၁၁)ပါ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်ကောက်နုတ်ချက်

၄၁၀။ တိုင်းဒေသကြီးတစ်ခုတွင်ဖြစ်စေ၊ ပြည်နယ်တစ်နယ်တွင် ဖြစ်စေ၊ ပြည်ထောင်စုနယ်မြေတစ်ခုတွင် ဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုတစ်စုတွင်ဖြစ်စေ အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နိုင်စွမ်းမရှိကြောင်း သိရှိလျှင် သော်လည်းကောင်း၊ သက်ဆိုင်ရာဒေသအာဏာပိုင် အဖွဲ့အစည်းက တင်ပြလျှင်သော်လည်းကောင်း နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့် ညှိနှိုင်းပြီး ဥပဒေကဲ့သို့ အာဏာတည်သည့် အမိန့်ထုတ်ပြန်၍ အရေးပေါ် အခြေအနေ ကြေညာနိုင်သည်။

၄၁၃။ ပုဒ်မ ၄၁၂ အရ အရေးပေါ် အခြေအနေ ကြေညာသည့် ကိစ္စရပ်တွင်-

(က) အရေးပေါ် အခြေအနေကြေညာချက် အကျိုးသက်ရောက်သည့် နယ်မြေဒေသအတွင်း မူလအခြေအနေသို့ အမြန်ပြန်လည်ရောက်ရှိစေခြင်းငှာဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ ယင်းအဖွဲ့အစည်းဝင်များ၊ နယ်ဘက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းများ၊ ယင်းအဖွဲ့အစည်းဝင်များက တည်ဆဲဥပဒေများနှင့် အညီ တာဝန်ထမ်းဆောင်ရာတွင် ထိရောက်မှုရှိစေရန် တပ်မတော်၏ အကူအညီကို ရယူဆောင်ရွက်နိုင်သည်။

(ခ) နိုင်ငံတော်သမ္မတသည် လိုအပ်ပါက စစ်အုပ်ချုပ်ရေး အမိန့်တစ်ရပ်ထုတ်ပြန်နိုင်သည်။ ယင်းစစ်အုပ်ချုပ်ရေးအမိန့်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အုပ်ချုပ်ရေးဆိုင်ရာ လုပ်ပိုင်ခွင့်နှင့် တာဝန်များကိုလည်းကောင်း၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် သက်ဆိုင်ရာတရားစီရင်ရေးဆိုင်ရာလုပ်ပိုင်ခွင့်နှင့် တာဝန်များကိုလည်းကောင်း သတ်မှတ်ပေးရမည်။ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် ယင်းလုပ်ပိုင်ခွင့်နှင့် တာဝန်များကို မိမိကိုယ်တိုင်ကျင့်သုံးဆောင်ရွက်ခြင်း (သို့မဟုတ်) သင့်လျော်သည့် စစ်ဘက်အာဏာပိုင်တစ်ဦးဦးကို ကျင့်သုံးဆောင်ရွက်စေခြင်းပြုနိုင်သည်။






# စာ(၁၁) အယ်ဒီတာ့ထံပေးစာ မှ

စိုက်ပျိုးစရိတ် မလုံလောက်မှုမှာ ခေတ်အဆက်ဆက် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့်ပြဿနာဖြစ်ပါသည်။ လယ်သမားများတွင် ကိုယ်ပိုင်စုဆောင်းထားသည့် အရင်းအနှီးရှိနိုင်ပါသည်။ အများစုမှာ မလုံလောက်သဖြင့် ချေးငှားရှာဖွေရပါသည်။ အစိုးရချေးသည့် စိုက်ပျိုးစရိတ်မှာ အမှန်လိုအပ်ချက်ထက် အဆများစွာ လျော့နည်းပါသည်။ ပြင်ပမှ အတိုးကြီးချေးငွေများ ချေးယူရခြင်း၊ အနိမ့်ဈေးဖြင့် သီးနှံပေါ်ပေးကြိုတင်ရောင်းချရခြင်း၊ ဈေးနိမ့်နေသည့် သီးနှံပေါ်ချိန်များတွင်သာ ရောင်းချနေရပြီး ဈေးမြင့်တက်မည့်ကာလအထိ ထိန်းသိမ်းမှုမပြုနိုင်ခြင်း စသည့်အခက်အခဲများသည်နှစ်စဉ်နှစ်တိုင်း မရိုးနိုင်အောင်ကြုံတွေ့နေရသည့်အခက်အခဲများပင်ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရက တောင်သူလယ်သမားများအား လုံလောက်သည့် စိုက်ပျိုးစရိတ် (တစ်ဧက ကျပ်တစ်သိန်းခွဲ) ကို အတိုးနှုန်းသက်သာစွာဖြင့် နှစ်ရှည်(၃နှစ်မှ ၅နှစ်) (တစ်နှစ်တစ်ကြိမ် အတိုးဆပ်စနစ်ဖြင့်) အထူးအစီအစဉ်တစ်ရပ် ချမှတ်ကာ ချေးငှားသင့်ပါသည်။ ပြင်ဆင်ပြဋ္ဌာန်းခဲ့သည့် လယ်ယာမြေဥပဒေအရယုံကြည်စိတ်ချစွာ ချေးငှားနိုင်ပြီဖြစ်ပါသည်။

သီးနှံဈေးနှုန်းများ တည်ငြိမ်စွာဖြစ်ပေါ်ရေးနှင့် အာမခံဈေးကွက်များဖြစ်ပေါ်ရေးကို တောင်သူလယ်သမားများ အမြဲ စိတ်အားထက်သန်နေစေရန် ရည်ရွယ်၍ အစိုးရမှ ဦးဆောင်ဖန်တီးဖော်ဆောင်ပေးရမည်ဖြစ်ပါသည်။ ငွေလဲနှုန်းကို အခြေခံ၍ ဖြစ်ပေါ်နေသည့် သီးနှံနှင့် သားငါးဈေးနှုန်းများသည် ငွေလဲနှုန်းကို ထုတ်လုပ်မှုနှင့် ရောင်းဝယ်မှု၏ မျှခြေတွင်ရောက်ရှိအောင် ဖန်တီးဖော်ဆောင်ပေးသင့်ပါသည်။ လယ်သမားများ အရှုံးဖြင့် ကာလရှည်ရင်ဆိုင်ကြုံတွေ့ရခြင်းသည် လယ်ယာစီးပွားအပေါ် အခြေခံသည့် နိုင်ငံတော်၏ စီးပွားရေးကို ထိခိုက်နစ်နာယုတ်လျော့စေပါသည်။ လယ်ယာကဏ္ဍ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာပါက အခြားကဏ္ဍများပါ ကျွဲကူးရေပါ ဆင့်ကဲလိုက်ပါပြောင်းလဲတိုးတက်လာမည်ဟု စာရေးသူ ယူဆယုံကြည်ပါသည်။

ဒုတိယ ကြုံတွေ့ရသည့် အခက်အခဲမှာ စိုက်ပျိုးရေးလုပ်ငန်းသုံး အရည်အသွေး ပြည့်မီသည့် သွင်းအားစုများ ဈေးနှုန်းသက်သာစွာဖြင့် လွယ်လင့်တကူ ဝယ်ယူရရှိရေးဖြစ်ပါသည်။ လယ်ယာကဏ္ဍတွင် အသုံးပြုသည့် စက်ကိရိယာများမှာ တရုတ်နိုင်ငံထုတ်ပစ္စည်းများဖြစ်ပါသည်။ ဈေးကွက်ယှဉ်ပြိုင်မှု မရှိခြင်းကြောင့် အရည်အသွေးနိမ့်သော်လည်း မဖြစ်မနေ အသုံးပြုနေရပါသည်။ အဆင့်မီ၊ အရည်အသွေးကောင်း၊ ဈေးနှုန်းသင့်သည့် လယ်ယာသုံးစက်ကိရိယာများ ပြည်တွင်းတွင် လိုအပ်သလောက် ထုတ်လုပ်နိုင်ရန် နိုင်ငံတော်အစိုးရက ဦးဆောင်စီစဉ်၍ အရစ်ကျစနစ်ဖြင့် ဖြန့်ဖြူးကာ စက်မှုလယ်ယာ စနစ်သို့ ပြုပြင်ပြောင်းလဲရမည်ဖြစ်ပါသည်။

ဓာတ်မြေဩဇာ၊ သီးနှံအားဆေးနှင့် ပိုးသတ်ဆေးများကို ယခင်ခေတ်များတွင် အစိုးရမှ တင်သွင်းခွင့်ကို ပုဂ္ဂလိကကဏ္ဍသို့ ပေးအပ်ခဲ့ရာ ဦးစားပေးအဖွဲ့အစည်းကြီးများနှင့် စီမံခန့်ခွဲသူနှင့် ရင်းနှီးသည့် ကုမ္ပဏီကြီးများသာ တင်သွင်းခွင့်ရရှိခြင်းကြောင့် ဈေးနှုန်းယှဉ်ပြိုင်မှုမရှိတော့ဘဲ ခြယ်လှယ်သတ်မှတ်ရောင်းဈေးများအတိုင်းသာ အခြေပြုဖြစ်ပေါ်ခဲ့ပါသည်။ တင်သွင်းသည့် သွင်းအားစုများ၏ အရည်အသွေးနှင့် စံချိန်စံညွှန်းများမှာလည်း စနစ်ကျသည့် အာမခံချက်များ ကင်းမဲ့ခဲ့ရပါသည်။

ဖြစ်ရပ်အမှန်ကို ထောက်ပြလိုပါသည်။ ၂၀၁၁ ခုနှစ်အတွင်း ဒေါ်လာဈေးကြောင့် စပါး၊ ဆန်နှင့်ပဲမျိုးစုံဈေးများ သိသိသာသာ ကျဆင်းခဲ့သော်လည်း ဓာတ်မြေဩဇာ၊ သီးနှံ အားဆေးနှင့် ပိုးသတ်ဆေးများ ဈေးမကျဖြစ်ခဲ့ရပါသည်။ ဒေါ်လာဈေး အတက်အကျပေါ် မူတည်၍ ပို့ကုန်/ သွင်းကုန် ဈေးနှုန်းများ ချိတ်ဆက်ဖြစ်ပေါ်သည်ဟု သိရှိထားသော်လည်း စိုက်ပျိုးရေးသွင်းအားစုပစ္စည်းများ သိသာစွာဈေးမကျခဲ့ခြင်းမှာ တင်သွင်းခွင့်ရသူအနည်းစုသည် ဒေါ်လာဈေးအမြင့်ဖြင့် တင်သွင်းထားသည့်သွင်းကုန်များ အရှုံးမတွေ့စေရန် ဈေးနှုန်းညှိနှိုင်းထိန်းသိမ်းထားခဲ့သည်မှာ ပေါ်လွင်သည့် သာဓကဖြစ်ပါသည်။ ပို၍ဆိုးသည့်အချက်မှာ အရည်အသွေးများ သိသာစွာကျဆင်းလာခြင်းဖြစ်ပါသည်။ ခေတ်မီဓာတ်ခွဲခန်းနှင့် အလှမ်းဝေးသည့် လယ်သမားများမှာ သိပ္ပံနည်းကျသိရှိရန် ခက်ခဲသော်လည်း မိမိအမြဲသုံးစွဲနေသည့် သွင်းအားစုများ ထိရောက်မှုအာနိသင်စွမ်းအား လျော့နည်းလာခြင်းကို လက်တွေ့ သိရှိခံစားခဲ့ကြရပါသည်။

လယ်ယာမြေပေါ်တွင်လယ်သမားများ ကြိုက်နှစ်သက်သည့်၊ အကျိုးအမြတ်ပိုမိုရရှိစေမည့် သီးနှံကို စိတ်တိုင်းကျ စိုက်ပျိုးထုတ်လုပ်ခွင့် ရရှိသင့်ပါသည်။ စီမံကိန်းလိုအပ်ချက်သီးနှံဖြစ်ပါက အတင်းအဓမ္မစိုက်ပျိုးခိုင်းခြင်းမဟုတ်ဘဲ စိုက်ပျိုးလိုသည့်ဆန္ဒ ဖြစ်ပေါ်စေမည့်ဈေးကွက်ဖြစ်စေရန်သာ ဖန်တီးဖော်ဆောင်ပေးရမည်ဖြစ်ပါသည်။

ရေရှည်လုပ်ငန်းစဉ်များအနေဖြင့် အရည်အသွေးမြင့်၍ ထွက်နှုန်းကောင်းသည့် ဈေးကွက်ဝင်သီးနှံများ ပြောင်းလဲစိုက်ပျိုးစေခြင်း၊ ခေတ်မီစိုက်ပျိုးရေးစနစ်သို့ ပြုပြင်ပြောင်းလဲခြင်း၊ ကုန်ကြမ်းအဆင့်မှ တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ပြုပြင်ပြောင်းလဲ၍ တင်ပို့ရောင်းချစေခြင်း၊ ထိရောက်သည့် စိုက်ပျိုးရေးရရှိစေရန် စီမံဆောင်ရွက်ပေးခြင်း၊ လမ်းပန်းဆက်သွယ်ရေးစနစ် ချောမွေ့ကောင်းမွန်စေခြင်း၊ ခေတ်မီအဆင့်မြင့်ကြိတ်ခွဲမှုစနစ်များသို့ ပြုပြင်ပြောင်းလဲခြင်း၊ ဈေးကွက်သစ်များ တိုးချဲ့ရှာဖွေခြင်း၊ သီးနှံများနှင့် သွင်းအားစုများအပေါ် အခွန်ကင်းလွတ်ခွင့်ပြုခြင်း၊ သီးနှံပို့ကုန်များအပေါ် မက်လုံးများ ဖန်တီးဖော်ဆောင်ပံ့ပိုးပေးခြင်း စသည့်လုပ်ငန်းစဉ်များကို စနစ်တကျ တစ်ဆင့်ပြီးတစ်ဆင့် အမြန်ဆုံးပြုပြင်ပြောင်းလဲတည်ဆောက်ရမည်ဖြစ်ပါသည်။

စာရေးသူ အစိုးရကို ပြစ်တင်ရေးသားစွပ်စွဲနေခြင်းမဟုတ်ပါ။ နိုင်ငံတော် သမ္မတကြီးနှင့် လွှတ်တော်များ၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်နေသည့် ပြုပြင်ပြောင်းလဲမှုများတွင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကသာ ထင်သာမြင်သာဖြစ်ပေါ်နေပြီး စီးပွားရေးပြုပြင်ပြောင်းလဲမှုမှာ လုံးဝနောက်ကောက်ကျနေပါသည်။ ယခင်ရှိရင်းစွဲအနေအထားထက်ပင် ကျုံ့ဝင်နေလျက်ရှိပါသည်။ စီးပွားရေးပျက်ယွင်း၍ ကဏ္ဍစုံမှ ဖြစ်ပေါ်ကြုံတွေ့လာရမည့်ပြဿနာအမျိုးမျိုးကြောင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ မအောင်မြင်ဖြစ်ကာ အခက်အခဲများကြုံတွေ့ရမည်ကို စိုးရိမ်စိတ်အရင်းခံကြောင့်သာ အခြေအနေမှန်များကို ရေးသားတင်ပြရခြင်းဖြစ်ပါသည်။

စီးပွားရေး ကဏ္ဍများတွင် ဖြစ်ပေါ်နေသည့် အခက်အခဲများမှာ ယခင် အစိုးရ၏ စီးပွားရေးပေါ်လစီများအပေါ် အခြေခံ၍ ဖြစ်ပေါ်နေခြင်းဖြစ်ပါသည်။ အစိုးရသစ်အနေဖြင့် အမွေခံ၍ ရယူရခြင်းဖြစ်ပါသည်။ သို့သော် ပြေလည်စေရန် ဖြေရှင်းပေးရမည့် တာဝန်ရှိပါသည်။ ဖြေရှင်းဆောင်ရွက်ရာတွင် အချိန်ယူဖြေရှင်းရမည့်ပြဿနာများရှိသလို အချိန်တိုအတွင်း မဖြစ်မနေ ဖြေရှင်းရမည့် ပြဿနာများလည်း ရှိပါသည်။ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုအပေါ် ထိခိုက်စေမည့်ပြဿနာများဖြစ်ပါက ချက်ချင်းလက်ငင်းကုစားရမည်ဖြစ်ပါသည်။ လိုအပ်ပါက အရေးပေါ်ကုထုံး(Shock Therapy) ကို ကျင့်သုံးရန်လိုအပ်ပါက အသုံးပြုရမည်ဖြစ်ပါသည်။ အထူးသဖြင့် ကျေးလက်ဒေသ အခြေခံစီးပွားရေးမှာ အချိန်ဆိုင်း၍မရတော့သည့် အခြေအနေဖြစ်ပါသည်။ ကာကွယ်ကူညီကုသမှု နောက်ကျသည်နှင့် အဆိုးဆုံးအခြေအနေသို့ ရောက်ရှိသွားနိုင်ပါသည်။

အထူးသတိချပ်စေလိုသည်မှာ ၂၀၁၂ ခုနှစ် မေလအတွင်း ကျင်းပခဲ့သည့် ဟောပြောပွဲတစ်ခုတွင် မိုးလေဝသနှင့် ဇလဗေဒ ပညာရှင်ဒေါက်တာထွန်းလွင်က ၂၀၁၂ ခုနှစ် မိုးရာသီ မိုးလေဝသ ကြိုတင်ခန့်မှန်းချက်မှာ စိုက်ပျိုးရေးလုပ်ငန်းများအတွက် စိတ်ပူပန်ရမည့်အခြေအနေဖြစ်ကြောင်း ခန့်မှန်းဟောပြောခဲ့ပါသည်။

(၂၃-၅-၂၀၁၂)နေ့ထုတ် The Voice ဂျာနယ် အတွဲ(၈)၊ အမှတ်(၂၃)ပါ 'မြန်မာငွေတန်ဖိုးလျှော့မှုဝါဒအပေါ် မူတည်ပြီး ဒေါ်လာဈေးလှုပ်' ခေါင်းစဉ်ပါ သတင်းတွင် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၏ မေလ ၇ ရက်နေ့ အစီရင်ခံစာအရ မြန်မာနိုင်ငံ၏ငွေတန်ဖိုးသည် ဖြစ်သင့်ဖြစ်ထိုက်သည်ထက် ၄၀ ရာခိုင်နှုန်းလျှော့ချတွက်ချက်ထားပြီး ထိုသို့တွက်ချက်ထားမှုသည် တိုင်းပြည်၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုကိုထိခိုက်နိုင်သည်ဟု သတိပေးထားသည်ဟု ဖော်ပြထားပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တောင်သူလယ်သမားများကို အမြန်ဆုံး ကူညီစောင့်ရှောက်ပါရန် အနူးအညွတ်ပန်ကြားမေတ္တာရပ်ခံအပ်ပါသည်။

**မောင်ဇေယျာဝတီ**


**TRADEMARK CAUTION**

Sanyang Industry Co., Ltd., a company incorporated in Taiwan R.O.C at 3, Chung Hua Rd, Hukou, Hsinchu, Taiwan Republic of China is the Owner and Sole Proprietor of the following Trademarks:-

SYM

Reg:No.4/6129/2006
Reg:No.4/4776/2009

In respect of : Int'l Class 4 : Industrial oil and greases; lubricating oil; gear oil; cylinder oil; oleine; engine oil; motor oil; grease for belts; grease for chains; vaseline oil for industrial use; oil for the preservation of leather; industrial wax; wax [ raw-material]; belting wax; carnauba wax; paraffin; circulating oil; clutch oil; transmission oil; carburetor cleansing oil; engine cleasing oil; lubricating oil for transmission belts; all included in Class 4.

In respect of : Int'l Class 11: Lighting apparatus for vehicles; lighting apparatus for automobiles; lighting apparatus for motorcycles; anti-glare apparatus; light bulbs for directional signals for automobiles; light bulbs for directional signals for motorcycles; anti-glare devices for vehicles; anti-glare devices for automobiles; heating apparatus for defrosting automobiles; heating apparatus for defrosting motorcycles; automobile reflectors; motorcycle reflectors; automobile headlights; motorcycle headlights; air conditioners for automobiles; air conditioners for motorcycles; lights for automobiles; lights for motorcycles; courtesy lights for automobiles; courtesy lights for motorcycles; all included in Class 11.

Reg:No.4/6130/2006
Reg:No.4/4777/2009

In respect of : Int'l Class 4 : Industrial oil and greases; lubricating oil; gear oil; cylinder oil; oleine; engine oil; motor oil; grease for belts; grease for chains; vaseline oil for industrial use; oil for the preservation of leather; industrial wax; wax [ raw-material]; belting wax; carnauba wax; paraffin; circulating oil; clutch oil; transmission oil; carburetor cleansing oil; engine cleasing oil; lubricating oil for transmission belts; all included in Class 4.

In respect of : Int'l Class 11: Lighting apparatus for vehicles; lighting apparatus for automobiles; lighting apparatus for motorcycles; anti-glare apparatus; light bulbs for directional signals for automobiles; light bulbs for directional signals for motorcycles; anti-glare devices for vehicles; anti-glare devices for automobiles; heating apparatus for defrosting automobiles; heating apparatus for defrosting motorcycles; automobiles reflectors; motorcycles reflectors; automobiles headlights; motorcycle headlights; air conditioners for automobiles; air conditioners for motorcycles; lights for automobiles; lights for motorcycles; courtesy lights for automobiles; courtesy lights for motorcycles; all included in Class 11.

In respect of : Int'l Class 12: Vehicles; automobiles; motorcycles; ATVs; senior people carts; electric motorcycles; sport motorcycles; electric scooters; electric bicycles; water motorcycles; parts and fittings; all included in Class 12.

In respect of : Int'l Class 37: Vehicle maintenance and repair; automobile maintenance and repair; motorcycle maintenance and repair; automobile washing; motorcycle washing; automobile rustproofing; motorcycle rustproofing; automobile greasing; motorcycle greasing; automobile cleaning; motorcycle cleaning; automobile service station services; motorcycle service station services; automobile tire retreading; motorcycle tire retreading; installation, maintenance and repair of machines in the field of automobiles; installation; maintenance and repair of machines in the field of motorcycles; all included in Class 37.

Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Marine Affairs(UK)
Email : MYINT.Advocate@mptmail.net.mm
Ph : 371 990

14.June.2012

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.11, No.14 • JUNE 14 , 2012

# ထီးတစ်လက် အိပ်မက်

## (ရသစာတမ်း)

**ချမ်းငြိမ်း**



(၁)

ခုတစ်လော ကျွန်တော့်ကို ဖမ်းစားနိုင်လွန်းတာကတော့ရောင်စုံထီးလှလှလေးတွေပါ။ ဒါကြောင့် ကျွန်တော်ဟာ ထီးလှလှလေးတွေရောင်းတဲ့ဆိုင်ရှေ့မှာ အတော်ကြာအောင်ရပ်နေမိတယ်။ ဆိုင်ထဲကိုမဝင်ဘဲ ဆိုင်ပြင်ကနေ ဆိုင်ထဲချိတ်ထားတဲ့ ထီးလှလှလေးတွေကို ငေးမောနေမိရဲ့။

ထီးကလေးတွေ အရောင်အသွေးစုံ၊ ဒီဇိုင်းအကွက်စုံ အသွင်ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ လှပနေတဲ့မြင်ကွင်းဟာ ကျွန်တော့်ရှေ့မှာ လွှမ်းခြုံထားပါတယ်။ ဆိုင်ရဲ့အခင်းအကျင်းကလည်း သေသေသပ်သပ်နဲ့ အဲဒီထီးလှလှလေးတွေကို ဝယ်သူ စွဲမက်သွားအောင် တန်းလေးတွေမှာ ချိတ်တန်ချိတ်၊ ပုံးထဲမှာ ထောင်လိုထောင်၊ ရှိုးကေ့စ်ထဲမှာ စီစီရီရီနဲ့ သိပ်လှတဲ့ ထီးမျိုးဆို တစ်လက်နှစ်လက်ဖွင့်ပြထားတာ ထီးဝယ်မယ့်သူ မပြောနဲ့ ဖြတ်သွားဖြတ်လာတွေတောင် အနည်းဆုံးတစ်ချက်တော့ငဲ့ကြည့်သွားရမြဲပါ။ အဆာဟိ၊ မစ်ကိုဂျပန်ထီးတွေသာမက တရုတ်ကဝင်တဲ့ထီး၊ ယိုးဒယားထီး၊ အိန္ဒိယထီး အတော့်ကိုစုံလင်တဲ့ဆိုင်လေးပါ။ တချို့ထီးကလေးတွေဆိုအနားစမှာ ဖဲလိုင်းတွန့်ကလေးတွေနဲ့ ကွပ်ထားတတ်တာ၊ ဝါ၊ စိမ်း၊ နီ၊ ပြာ၊ ခရမ်း စတဲ့ရောင်စုံထီးလေးတွေမှာ ပန်းပွင့်ကလေးတွေ စီခြယ်ထားတာ၊ အကွက်လေးတွေ၊ အတုံးလေးတွေ ပုံဖော်ထားတာ၊ တွဲဖက်ညီတဲ့အရောင်ချင်း ရောစပ်ထားတာဟာ ဝယ်လိုသူကို မျက်စပစ်နေသလိုပါပဲ။ အဲဒီလို မျက်စပစ်ခံရတဲ့အထဲမှာ ကျွန်တော်လည်း အပါအဝင်ဖြစ်ခဲ့တယ်။ ဟုတ်ပါတယ်။ ကျွန်တော့်မှာ ထီးမရှိခဲ့ပါဘူး။

မိုးတွေ ရွာလာတဲ့အချိန်မှာ ထီးတစ်လက်ဝယ်ဖို့ အရေးကြီးလာပါတယ်။ ဒါပေမဲ့ ကျွန်တော်ဝယ်ဖို့ရည်စူးထားတဲ့ထီးဟာ ကျွန်တော့်အတွက်လည်း မဟုတ်ပြန်ပါဘူး။ နည်းနည်းတော့ ရှုပ်သွားပြီထင်တယ်။ ကျွန်တော်ရှင်းပြပါ့မယ်။

(၂)

အလုပ်သွား အလုပ်ပြန် အမြဲလိုလို တွေ့ရလေ့ရှိတဲ့ သူမဟာထီးအဟောင်းလေးတစ်လက်ကိုဆောင်းနေတတ်တာ သတိပြုမိရဲ့. . ။ မူလက အရောင်ရင့်ရင့် ထီးတစ်လက်ဖြစ်ပေမယ့် ကာလအတန်ကြာတဲ့အခါ ရာသီဥတုဒဏ်ကြောင့်ဖြူဖပ်ဖြူရော်လိုက်စပြုနေပါပြီ။ သူမကို သတိထားဖြစ်တာကလည်း ထူးထူးခြားခြားကြီး မဟုတ်ပါဘူး။ လမ်းဆုံလမ်းခွ အဓိကကျတဲ့နေရာမှာ ဖြတ်သွားဖြတ်လာအဖြစ် မကြာခဏတွေ့တတ်လို့ပါပဲ။ အဲဒီလမ်းဆုံက နေရာတစ်ခုခု၊ ဆိုင်တစ်ဆိုင်ဆိုင်၊ ဒါမှမဟုတ် ကုမ္ပဏီတစ်ခုခုမှာ လုပ်သလားပဲ။ အသေအချာလည်း ကျွန်တော်မသိဘူး။ သိအောင်လည်း မကြိုးစားခဲ့ပါဘူး။ ဒီလိုပဲ မြင်တွေ့နေရတာပဲ။ သေချာတာ တစ်ခုကတော့ သူမဟာ ကျွန်တော့်ကို ဆွဲဆောင်စေခဲ့တယ်။ ဒါဆိုသူမဟာ လှလွန်းလို့လား။ ဒီလိုလည်းမဟုတ်ပြန်ပါဘူး။ ဆွဲဆောင်မှု ရှိတယ်ဆိုတာသိကြတယ် မဟုတ်လား၊ ခင်ဗျားတို့လည်း တစ်နည်းတစ်ဖုံ ကြုံဖူးကြမှာပါ။

ရိုးရိုးရှင်းရှင်း အပြင်အဆင်နဲ့ ဆံပင်ဂုတ်ဝဲနဲ့ ခေတ်နဲ့အညီ တစ်ခါတစ်ခါ ဘောင်းဘီရှည်ဝတ်ဆင်တတ်တဲ့ သူမမှာ ကျွန်တော့်ကို ဆွဲဆောင်စေခဲ့တာကတော့ မျက်ဝန်းနက်နက်လေးနဲ့ အမြဲလိုလို တင်းတင်းစေ့ထားတတ်တဲ့ နှုတ်ခမ်းလေးတွေပါ။ တစ်ခါတလေ မိန်းကလေးအဖော် တစ်ယောက်ယောက်နဲ့ ယှဉ်တွဲလျှောက်လာရင်း သဘောကျစရာတစ်ခုခုတွေ့လို့ ရယ်မောလိုက်တဲ့အခါ ဝင်းလက်သွားတဲ့သွားဖြူဖြူလေးတွေ၊ ချိုင့်ခွက်သွားတဲ့ ပါးချိုင့်လေးတွေကို မကြာခဏ ကျွန်တော်ငေးမောကြည့်နေတတ်တယ်။ ကျွန်တော့်ကိုလည်း သတိထားမိပုံမရပါဘူး။ သတိထားမိအောင်လည်း မနေထိုင်ခဲ့ပါဘူး။ ဘာမှမဖြစ်နိုင်တဲ့ဇာတ်လမ်းတစ်ခုကို တင်ဆက်ဖို့ရာလည်း မကြိုးစားခဲ့ပါဘူး။ ကျွန်တော့်မှာ ပြောမထွက်နိုင်တဲ့ အခြေအနေတချို့ရှိခဲ့တယ်။ မိန်းကလေးတစ်ယောက်ကို ဘယ်လိုချဉ်းကပ်ရမယ်ဆိုတာ ကျွန်တော်ကောင်းကောင်းသိပေမယ့် သူမကို ချဉ်းကပ်ဖို့ရာ မဖြစ်နိုင်တဲ့ အကြောင်းအချက်တချို့ရှိခဲ့တယ်။ ဒါကြောင့် ဖြတ်သွားဖြတ်လာ မကြာခဏ မြင်တွေ့ရခြင်းနဲ့ပဲ အချိန်ကို ကုန်ဆုံးစေခဲ့တယ်။ ဒီမှာတင်ထီးတစ်လက်လိုချင်တဲ့ဆန္ဒ အစပြုခဲ့တာပါ။

ကိုယ်ပိုင်ထီးတစ်လက်တောင် မည်မည်ရရ မရှိခဲ့တဲ့ ကျွန်တော်ဟာ အမြဲလိုလို ထီးအဟောင်းလေးဆောင်းနေတဲ့ သူမကို ထီးကောင်းလေးတစ်လက်၊ ထီးလှလှလေးတစ်လက် လက်ဆောင်ပေးချင်တဲ့ဆန္ဒဖြစ်ပေါ်လာပါတယ်။ ကျွန်တော့်ရဲ့ဆန္ဒဟာ အတော်လေးကို အူကြောင်ကြောင်နိုင်တယ်လို့ပဲပြောပြော အလိုလိုဖြစ်တည်လာတဲ့ ခံစားမှုအတွေးဖြစ်ခဲ့လို့ ဖျောက်ပစ်ဖို့ရာလည်း မကြိုးစားခဲ့ပါဘူး။ ဒီအချိန်ကစပြီး ရောင်စုံထီးလေးတွေ ရောင်းတဲ့ဆိုင်ရှေ့ရောက်လေတိုင်း မကြာခဏငေးနေမိတာ၊ လူတချို့ ထီးလှလှလေးဆောင်းလာရင် ငေးကြည့်နေတတ်တာမျိုးဖြစ်လာပါတယ်။

တကယ်တော့ ကာလတစ်ခုမှာ ဖြစ်တည်လာတဲ့ သံယောဇဉ်အရ ဘာမှမဖြည့်စွမ်းနိုင်တဲ့ဘဝမှာ တစ်ခုခုလုပ်ပေးချင်တဲ့ဆန္ဒမျိုးပါ။ တခြား ဘာမှမပါပါဘူး။

(၃)

ငွေကြေး အနည်းငယ်ရှိတဲ့ တစ်နေ့မှာ ထီးဆိုင်ထဲ ကျွန်တော်ဝင်ခဲ့တယ်။ ဟိုထီး ဒီထီးလျှောက်ကြည့်ရင်း စိတ်ကူးနဲ့ကိုက်ညီတဲ့ ထီးတစ်လက် ရှာဖွေနေမိတယ်။ လက်ကိုင်ရိုးရှည်ထီးကလေးတွေ၊ ခလုတ်ခေါက်ထီးတွေကအစ ဂျပန်ဖဲထီးအဆုံး စိတ်ကြိုက်တွေ့ရနိုးနိုးနဲ့ ထီးတွေတစ်လက်ပြီးတစ်လက်လျှောက်ကြည့်မိတယ်။ တစ်လက်စတည်း ဈေးနှုန်းတွေကိုလည်း မှတ်သားရပါသေးတယ်။ လက်ကိုင်ရိုးရှည် တရုတ်ထီးတစ်လက် နှစ်ထောင့်ငါးရာ၊ သုံးထောင်. . .၊ တရုတ်ခေါက်ထီးတစ်လက် သုံးထောင် သုံးထောင်ငါးရာ၊ ဂျပန်ဖဲထီးတစ်လက် ငါးထောင် ခြောက်ထောင်. . .၊ ထီးအတော်များများ လိုက်ကြည့်မိပေမယ့် ဆိုင်ကထွက်တော့ တစ်လက်မှမဝယ်ဖြစ်ပါဘူး။ အရောင်းစာရေးကောင်မလေးတွေကလည်း တီးတိုးတီးတိုး၊ ကွက်ကြည့်ကွက်ကြည့်နဲ့ ကျွန်တော့်စိတ်ထဲတကယ်ကွန်းခိုနေတဲ့ထီးတစ်လက်ကိုတော့ မတွေ့ခဲ့ပါဘူး။

ဒီလိုနဲ့ တစ်ပတ်လောက်ကြာသွားတယ်။ ရံဖန်ရံခါ တွေ့နေရတဲ့ သူမဟာလည်း ထီးအဟောင်းလေး ဆောင်းသွားမြဲ၊ ဖြတ်သွားဖြတ်လာ တွေ့မြဲပဲ။ လှပအပြုံးတွေ ဖူးပွင့်မြဲပဲပေါ့. . . ။

တစ်နေ့ ကျွန်တော်အလုပ်လုပ်နေတဲ့လုပ်ငန်းက အစ်မလိုရင်းနှီးသူတစ်ဦးနဲ့ အလုပ်ထဲစကားစမြည်ပြောဆိုကြတုန်းခြင်းတောင်းထဲမှာ ထည့်ထားတဲ့ထီးတစ်လက်မြင်လိုက်ရတယ်။ ခွင့်တောင်းပြီး ထီးကိုယူကြည့်တော့ သိလိုက်ပါပြီ။ ကျွန်တော်လိုချင်တဲ့ထီးဟာ ဒီထီးမျိုးပါပဲ။ မေးကြည့်တော့ ဂျပန်နိုင်ငံရောက်နေတဲ့ သူငယ်ချင်းမတစ်ယောက်က လူကြုံနဲ့ပေးပို့လိုက်တဲ့ ဂျပန်ထီးအစစ်ပါတဲ့။ ဟုတ်မှာပါ ထီးကလေးကို လက်ထဲကိုင်ဆကြည့်တဲ့အခါ အံ့သြလောက်အောင် ပေါ့ပါးနေပါတယ်။ ဖွင့်ကြည့်တော့လည်း ထီးအရွက်က အကောင်းစား၊ ထီးကိုင်းတွေကြည့်ပြန်တော့လည်း အလူမီနီယမ်လိုသတ္တုစပ်နဲ့လုပ်ထားတဲ့ပုံမျိုး၊ ပေါ့ပေါ့ပါးပါးနဲ့ အတော့်ကိုခိုင်မာတဲ့ထီးလေးပါ။ ထီးလက်ကိုင်ကလည်း စုစုလုံးလုံးလေး၊ ထီးအနားစမှာပါတဲ့ တံဆိပ်ကြည့်လိုက်တော့ ကျွန်တော် မဖတ်တတ်တဲ့ ဂျပန်စာလုံးလေးတွေနဲ့၊ အဲဒီအစ်မကို ခန့်မှန်းခြေ ဈေးမေးကြည့်တော့ မြန်မာငွေနဲ့ဆို တစ်သောင်းကျော်လောက်ရှိမယ်တဲ့။ ပေးရမှာပါ၊ ဂျပန်ထီး အစစ်ဆို ဒီလောက်တော့ရှိမှာပါ။

(၄)

ထီးဆိုင်ကိုပြန်သွားခဲ့တယ်။ ဆိုင်ထဲ ခပ်တည်တည်ဝင်သွားပြီး ဂျပန်ထီးအစစ်ရှိ၊ မရှိမေးတယ်။ ထီးပေါင်းစုံကိုင်ကြည့်ပြီး မဝယ်ဘဲထွက်သွားတဲ့ ကျွန်တော့်ကို မှတ်မိပုံရတဲ့ အရောင်းစာရေးမလေးက အံ့သြသလို မသင်္ကာသလိုကြည့်တယ်။ နောက်တစ်ခါ ထပ်မေးမှ ရှိုးကေ့စ်အောက်ဆုံးထပ်မှာထည့်ထားတဲ့ထီးအချို့ကိုထုတ်ပြတယ်။ အဲဒီထဲက စိတ်ကြိုက်တစ်လက်ကို ကျွန်တော် ဖွင့်ကြည့်လိုက်တယ်။ ဘာမှတော့ အထွေအထူး ကြည့်စရာမလိုပါဘူး။ ထီးရဲ့ပေါ့ပါးမှုက အစစ်မှန်း ကျွန်တော့်ကို သိစေတယ်။ ကျွန်တော့်တစ်လလုံးလစာရဲ့ သုံးပုံတစ်ပုံလောက် ပမာဏရှိတဲ့ငွေကိုပေးချေရင်း ထီးကိုယူပြီး ပြန်ထွက်ခဲ့တယ်။

နောက်တစ်နေ့. . အဲဒီနေ့ကတော့ မိုးမရွာပါဘူး။ ရှုပ်ယှက်ခတ်နေတဲ့ ကားဂိတ်လူတွေကြားထဲ လိုင်းကားစီးဖို့ရာ စောင့်ဆိုင်းနေတဲ့ သူမကိုတွေ့ရတယ်။ ရင်ခုန်သံတွေ မြန်လာတယ်။ မသိမသာ သူမအနား တိုးကပ်သွားတော့ ဖျတ်ခနဲလှမ်းကြည့်လိုက်တဲ့ မျက်ဝန်းအစုံမှာ အံ့သြမှုနဲ့အတူ ဇဝေဇဝါဖြစ်နေတာကိုမြင်ရတယ်။ "ဒီမှာ. . ထီး. . ထီး" အစီအစဉ်မကျစွာ ကျွန်တော့်နှုတ်ဖျားက စကားတချို့ထွက်ကျသွားတဲ့အခါ ထိတ်လန့်သွားဟန်နဲ့ခြေတစ်လှမ်းအဆုတ်. . . ထီးကို သူမလက်ထဲ အတင်းထိုးထည့်ပြီး ထွက်စပြုနေတဲ့လိုင်းကားတစ်စီးပေါ် ခုန်တက်လိုက်တယ်။ အယောင်အယောင်အမှားမှားနဲ့ ကျွန်တော်ပေးလိုက်တဲ့ထီးကို လက်ထဲကိုင်ထားရင်း မှတ်တိုင်မှာ သူမ ကျန်နေရစ်ပေါ့။ ကျေကျေနပ်နပ်ကြီး ကျွန်တော်ပြုံးလိုက်မိပါတယ်။

(၅)

ကျွန်တော်ထင်ပါတယ်။ လူအတော်များများဟာ လူတစ်ဦး၊ အရာဝတ္ထုပစ္စည်းတစ်ခု ရှိနေစဉ်အတွင်း အကျိုးပြုပုံ အသုံးတည့်ပုံကိုသာ စဉ်းစားတွက်ချက်ကြမြဲပါ။ ဒါပေမဲ့ အဲဒီလူတစ်ဦး၊ အရာဝတ္ထုပစ္စည်းတစ်ခု မရှိတော့တဲ့အခါကျမှ သူ့ရဲ့ အကျိုးပြုပုံ၊ အသုံးတည့်ပုံကို စဉ်းစားလေ့မရှိပါဘူး။ ဆိုရရင် ဘတ်စ်ကားပေါ်မှာ ထိုင်ရာက ထလိုက်တဲ့အခါ၊ ကျောင်းသားတစ်ဦး အတန်းသစ်တက်မယ့်အခါ၊ ရာထူးနေရာတစ်နေရာက ဖယ်ရှားပေးလိုက်တဲ့အခါ၊ လူပုဂ္ဂိုလ်တစ်ဦးကွယ်လွန်သွားတဲ့အခါ ကျန်ရစ်တဲ့ လူတွေကို တစ်နည်းတစ်ဖုံ အကျိုးပြုခြင်းမျိုးပါ။ ဘတ်စ်ကားပေါ် ထပေးလိုက်ရင် အခြားတစ်ယောက် ထိုင်ခုံရသွားတာ၊ အတန်းသစ် တက်သွားတဲ့ကျောင်းသားရဲ့ ဖတ်စာအုပ်ဟောင်း၊ ကျောင်းသုံးစာအုပ်အဟောင်းကအစ ကျောင်းဝတ်စုံအချို့ကို ဆက်လက်သုံးစွဲခွင့်ရတာ၊ ရာထူးဌာနတစ်နေရာက ဖယ်ရှားပေးလိုက်ရင် အခြားတစ်ယောက် ရာထူးရစေတာ၊ လူပုဂ္ဂိုလ်တစ်ဦး ကွယ်လွန်သွားတဲ့အခါ အိပ်ရာ၊ ခုတင်ကအစ အဝတ်အစားအသုံးအဆောင်တွေကို လှူဒါန်းခြင်းဖြင့် တခြားသူတွေ သုံးစွဲခွင့်ရတာတွေဟာ မရှိတဲ့အခါမှ အကျိုးပြုခြင်းပဲမဟုတ်လား။ ကိုယ့်မှာမရှိတော့တဲ့ အခါကျမှ စွန့်လွှတ်လိုက်တဲ့အခါကျမှ အခြားတစ်ယောက်မှာ အကျိုးဖြစ်ထွန်းတာ၊ အခြားတစ်ယောက်မှာပြည့်စုံသွားတာ ကြုံဖူးပါရဲ့လား။ လူအတော်များများဟာ ပကတိ အရှိတရားတွေကသာလျှင်အကျိုးပြုတယ်ထင်တတ်ကြပါတယ်။

တကယ်တော့ အဲဒီနေ့က သူမကို ပေးခဲ့တာ ထီးသက်သက် မဟုတ်ပါဘူး။ ကျွန်တော့်ရဲ့ မေတ္တာနဲ့ စာနာမှုတရား၊ လုံခြုံမှုတချို့နဲ့ လက်လွှတ်ဆုံးရှုံးမှုတွေပဲပေါ့။

(၆)

နောက်တစ်ပတ်အကြာ မိုးတွေ စွေနေတဲ့တစ်နေ့ သူငယ်ချင်းတစ်ယောက်နဲ့ လမ်းဖြတ်ကူးနေတဲ့ သူမကို ရုတ်တရက် မြင်လိုက်ရတယ်။ ကျွန်တော့်ရင်ထဲ လှိုက်ခနဲ. . . ။ မိုးဖွဲဖွဲအောက်မှာ သူမဟာ ကျွန်တော်ပေးခဲ့တဲ့ထီးကလေးကို ဆောင်းလို့ပေါ့။ တိုက်တိုက်ဆိုင်ဆိုင် လေပြင်းတစ်ချက်မွှေ့လိုက်တဲ့အခါ ထီးကို လက်နှစ်ဖက်နဲ့ တင်းတင်းဆုပ်ကိုင်ထားတာလည်းမြင်ရတယ်။ အဲဒီနေ့ကခါတိုင်းလိုပါပဲ ကျွန်တော့်မှာ ထီးမရှိခဲ့ပါဘူး။

မိုးရေထဲ
ကျွန်တော်ငေးနေမိတယ်။

> "ဘတ်စ်ကားပေါ် ထပေးလိုက်ရင် အခြားတစ်ယောက် ထိုင်ခုံရသွားတာ၊ အတန်းသစ်တက်သွားတဲ့ ကျောင်းသားရဲ့ ဖတ်စာအုပ်ဟောင်း၊ ကျောင်းသုံးစာအုပ်အဟောင်းကအစ ကျောင်းဝတ်စုံအချို့ကို ဆက်လက်သုံးစွဲခွင့်ရတာ၊ ရာထူးဌာနတစ်နေရာက ဖယ်ရှားပေးလိုက်ရင် အခြားတစ်ယောက် ရာထူးရစေတာ၊ လူပုဂ္ဂိုလ်တစ်ဦး ကွယ်လွန်သွားတဲ့အခါ အိပ်ရာ၊ ခုတင်ကအစ အဝတ်အစားအသုံးအဆောင်တွေကို လှူဒါန်းခြင်းဖြင့် တခြားသူတွေသုံးစွဲခွင့်ရတာတွေဟာ မရှိတဲ့အခါမှ အကျိုးပြုခြင်းပဲမဟုတ်လား"

7 DAY NEWS JOURNAL
Vol.11, No.14 ▪ JUNE 14 , 2012



# စည်းကမ်းကြီးတဲ့ အရာရှိဝန်ထောက်မင်းမှာ ပါးစပ်ပါသလား

ကျော်မြင့်

ကျွန်တော်သည် အစိုးရဌာနတစ်ခုမှ အငြိမ်းစားယူခဲ့သောဝန်ထမ်းတစ်ဦးဖြစ်ပါသည်။ အသက်အရွယ်အားဖြင့် ၆၂ နှစ်သို့ ရောက်ရှိလာပြီး ဘုရား တရား အားထားလာသောကာလဖြစ်ပါသည်။ အငြိမ်းစားဟုပြောသော်လည်း ဝင်ငွေရရန် ကုမ္ပဏီတစ်ခုတွင်အလုပ်လုပ်ရပါသည်။ကုမ္ပဏီတွင် အလုပ်လုပ်သဖြင့် စနေနေ့ အလုပ်ဆင်းရပါသည်။ ဝန်ထမ်းဘဝကဲ့သို့ စနေနေ့ ရုံးမပိတ်ပါ။ ကျွန်တော်နေသောအိမ်သည် ရွှေတိဂုံစေတီတော်ပတ်ဝန်းကျင်တွင် ရှိသဖြင့် တနင်္ဂနွေဥပုသ်ရက်များတွင် ရွှေတိဂုံစေတီတော်သို့သွားရောက်လေ့ရှိပြီး တရားဘာဝနာပြုလုပ်ပါသည်။ ရွှေတိဂုံစေတီတော်သို့ တနင်္ဂနွေဥပုသ်ရက်များတွင် သွားရောက်ခဲ့ရာမှ ဘုရားမြောက်မုခ်ဓာတ်လှေကားတွင် ကျွန်တော်နှင့် အသက်အရွယ်ဝန်းကျင် လူတစ်ဦးကို တွေ့နေကျဖြစ်ရာမှ တွေ့ဖန်ဆုံဖန်များလာသောအခါ ပြုံးပြနှုတ်ဆက်စကားပြောရာမှ ခင်မင်သောမိတ်ဆွေများဖြစ်သွားပါတော့သည်။

ထိုမိတ်ဆွေသည် ရောဝတီတိုင်းမြောင်းမြမြို့မှ ဆန်စက်လုပ်ငန်းရှင်တစ်ဦးဖြစ်သည်။ ယခုအခါ သူ၏သားဖြစ်သူ အငယ်ကိုလုပ်ကိုင်စေပြီး ရန်ကုန်ရှိ သူ၏အကြီးဆုံးသား ဆရာဝန်ထံတွင်လာနေသည်။ ရံဖန်ရံခါ သားအငယ်ရှိသည့် မြောင်းမြသို့ပြန်သည်။ ကျွန်တော်သည် လွတ်လပ်ရေးရပြီးနောက် ၁၉၅၁ ခုနှစ်တွင် ရောဝတီတိုင်း ပုသိမ်မြို့၌ မွေးခဲ့သည်။ ထိုမိတ်ဆွေသည် ၁၉၃၉ ခုနှစ်တွင် မြောင်းမြမြို့၌ မွေးဖွားခဲ့သည်။ မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးရသဖြင့် ထိုမိတ်ဆွေသည် အင်္ဂလိပ်မျက်နှာဖြူအစိုးရမင်းများ ကြီးစိုးသော ကာလကို ဖြတ်သန်းခဲ့သော သူတစ်ဦးဖြစ်သည်။

ယနေ့ တနင်္ဂနွေရက်ဖြစ်သဖြင့် ကျွန်တော်သည် ညနေ ၄နာရီခန့်တွင် ရွှေတိဂုံစေတီတော်သို့ သွားရောက်ခဲ့ရာ ဘုရားမြောက်ဘက်မုခ်ဓာတ်လှေကားအရောက်တွင်မမျှော်လင့်ဘဲ ထိုမိတ်ဆွေနှင့် တွေ့လိုက်ရပါတော့သည်။ ကျွန်တော့်ကိုမြင်သောအခါပြုံးပြလိုက်ပြီး "ချိန်းထားရင်လွဲနေဦးမယ် ခုတော့ မောင်ရင်နဲ့ တည့်တည့်တွေ့နေကြပြီ" ဟုပြောလိုက်ပါတော့သည်။ နှစ်ဦးအတူ ဓာတ်လှေကားစီးပြီးလာကြရာ စောင်းတန်းသို့ ရောက်လာပါတော့သည်။ စေတီတော်ရင်ပြင်သို့ ဆက်လက်မသွားဘဲစောင်းတန်းမှ ပတ်ဝန်းကျင်ရှုခင်းကို ကြည့်နေကြရာမှ ကျွန်တော်က မိတ်ဆွေအား နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင်ပြည်ပမှ လာရောက်ရင်းနှီးမြှုပ်နှံရေးသည် အရေးပါသဖြင့် ယင်းလုပ်ငန်းတွင် အဂတိလိုက်စားမှုကင်းဝေးရေးအတွက် အရေးပါသောအချက်ဖြစ်သည်၊ နိုင်ငံတော်မှ ဝန်ထမ်းများအား လစာတိုးပေးခြင်းသည် ကောင်းမွန်သောအချက်ဖြစ်သည်ဟုပြောလိုက်ရာ ခေါင်းတညိတ်ညိတ်ဖြင့် သဘောတူသည့်လက္ခဏာပြသပါသည်။

"မောင်ရင်က အစိုးရဝန်ထမ်းဘဝကလာတော့ စီးပွားရေးလောကအကြောင်းမသိပါဘူး။ စီးပွားရေးသမား တရုတ်ကြီးကိုစိန်ပြောတဲ့ စည်းကမ်းကြီးတဲ့ အရာရှိဝန်ထောက်မင်းမှာ ပါးစပ်ပါသလားကိုကြားဖူးသလား" ဟုမေးမြန်းရာ ကျွန်တော်က မသိပါဟုပြန်ပြောလိုက်ပါသည်။ သူပြောပြသော အဖြစ်အပျက်ကို စာဖတ်သူများအတွက် တင်ပြလိုက်ရပါသည်။

မြောင်းမြမြို့တွင် တရုတ်လူမျိုးအချို့သာ ခေါက်ဆွဲကြော်၊ ထမင်းကြော်၊ အကြော်အလှော်များရောင်းချသည့်ဆိုင်များလုပ်ကိုင်ကြသည်။ တရားဝင်အရက်သေစာရောင်းချခွင့်မရှိသော်လည်း တောအရက်၊ ချက်အရက်ကိုပါ ခေါက်ဆွဲကြော်၊ ထမင်းကြော်၊ အကြော်အလှော်များနှင့် တွဲဖက်ရောင်းချကြပါသည်။ စပါး လာရောက်ရောင်းချသော မြောင်းမြပတ်ဝန်းကျင် ကျေးရွာများမှ ပွဲစား၊ စပါးကုန်သည်၊ စပါးလာရောင်းသည့် လယ်သမားများနှင့် စည်ကားသောဆိုင်များမှာ ခေါက်ဆွဲကြော်၊ ထမင်းကြော်၊ အကြော်အလှော်များနှင့် အရက်ရရှိသောဆိုင်များဖြစ်ပါသည်။

ကျွန်တော့် ထိုမိတ်ဆွေကြီးနေထိုင်ရာမြောင်းမြမြို့သို့ ခရိုင်အုပ်ချုပ်ရေးဝန်ထောက်အသစ်တစ်ဦး တာဝန်ဖြင့် ပြောင်းရွှေ့လာခဲ့သည်။ စည်းကမ်းကြီးသည်ဟုလည်းပြောကြသည်။ ရောက်ရှိ၍ မကြာမီ ခေါက်ဆွဲကြော်၊ ထမင်းကြော်၊ အကြော်အလှော်ရောင်းချသောဆိုင်များတွင် တရားဝင်ခွင့်ပြုချက်မရှိဘဲ အရက်မရောင်းရအမိန့်ထုတ်တော့မည်ဟု သတင်းများထွက်ပေါ်လာပါတော့သည်။ ထို့ကြောင့် ဆိုင်ပိုင်ရှင်များသည်ရောင်းချခွင့်လိုင်စင်၊ အခွန်အခများ ထပ်မံပေးဆောင်ရပါက စီးပွားရေးတွက်ခြေကိုက်မှု နည်းပါးမည်ဖြစ်ပါသည်။ ထိုအခါ ဆိုင်ဖွင့်သူများကညည်းတွားကြပါသည်။ ယခင်က အရာရှိဝန်ထောက်မင်းသည် မိမိတို့ဆိုင်သို့ လာရောက်စားသောက်သဖြင့် ညှိနှိုင်းရန်လွယ်ကူခဲ့သော်လည်း ယခု ပြောင်းလာသော အရာရှိဝန်ထောက်မင်းအသစ်သည် အသောက်အစားကင်းသဖြင့် ဆိုင်ရောင်းချသူများ ခက်ခဲနေကြသည်။ စပါးပေါ်ချိန်သာ လူစည်ကားပြီး ကျန်ကာလတွင် မြောင်းမြမြို့ပေါ်မှ စားသုံးသူများကိုအားထားရပြီး လခထုတ်ရက်တွင် ဝန်ထမ်းများကို အားထားရောင်းချရသည့်ဆိုင်များဖြစ်ကြပါသည်။

ခေါက်ဆွဲကြော်၊ ထမင်းကြော်၊ အကြော်အလှော်ရောင်းချသော ဆိုင်ပိုင်ရှင်များသည် မြောင်းမြ တရုတ်ဘုံကျောင်း အလှူတွင်တွေ့ဆုံကြရာမှ မြောင်းမြမြို့သို့ ပြောင်းရွှေ့လာသည့် ခရိုင်ဝန်ထောက်မင်းအသစ်အကြောင်းကိုပြောကြရာ ခေါက်ဆွဲကြော်၊ ထမင်းကြော်၊ အကြော်အလှော်ရောင်းချသော ဆိုင်ပိုင်ရှင်လည်းဖြစ် သစ်လုပ်ငန်းလုပ်ကိုင်သူ စီးပွားရေးသမားလည်းဖြစ်သူ တရုတ်ကြီးကိုစိန်က ဘာမှ ဝင်ရောက်ပြောဆိုခြင်းမပြုပေ။ ထိုအခါ ကျန်လူများက ကိုစိန် ဘာကြောင့် ဘာမှမပြောတာလဲဟု အံ့သြနေကြပါသည်။ ထိုအခါ တရုတ်ကြီးကိုစိန်က သူသိချင်တာတစ်ခုပဲရှိသည်။ "စည်းကမ်းကြီးသည်ဟုပြောနေသောယခုပြောင်းလာသည့်ခရိုင်ဝန်ထောက်မင်းအသစ်သည်ပါးစပ်ပါသလား" ဟုမေးလိုက်ရာ ကျန်လူများက "ကိုစိန်ရာ လူပဲဗျ။ ပါးစပ်ပါတာပေါ့" ဟု ပြောလိုက်ပါတော့သည်။ ထိုအခါ "ခရိုင်ဝန်ထောက်မင်းအသစ်သည်ပါးစပ်ပါရင်ကိုစိန်အဆင်ပြေအောင်အားလုံးလုပ်လို့ရပါတယ်။ ပူမနေစမ်းပါနဲ့" ဟု ပြောလိုက်ပါတော့သည်။ ပြောသည့်အတိုင်းပင် ခေါက်ဆွဲကြော်၊ ထမင်းကြော်၊ အကြော်အလှော်ရောင်းချသောဆိုင်များတွင် တရားဝင်ခွင့်ပြုချက်မရှိဘဲ အရက်မရောင်းရအမိန့်ထွက်ပေါ်မလာတော့ပေ။

ခရိုင်ဝန်ထောက်မင်းအသစ်သည် တရုတ်ကြီးကိုစိန်၏ ခေါက်ဆွဲကြော်၊ ထမင်းကြော်၊ အကြော်အလှော်ရောင်းချသောဆိုင်တွင် တရုတ်ကြီးကိုစိန်နှင့်အတူ ခေါက်ဆွဲကြော်၊ အကြော်အလှော်များ စားသုံးနေသည်ကိုလခထုတ်သည့်ရက် ညနေတိုင်းတွင်တွေ့မြင်ရပါတော့သည်။ တစ်ခါတည်းမှာပင် တရုတ်ကြီးကိုစိန်က မိမိဆိုင်၏ လက်ရာသာမက ခရိုင်ဝန်ထောက်မင်းအသစ်အား မိမိဆိုင်ပတ်ဝန်းကျင် အခြားတရုတ်ဆိုင်များမှ စားသောက်ဖွယ်ရာများကိုပါ မှာယူကျွေးမွေးပါတော့သည်။

ခရိုင်ဝန်ထောက်မင်း အသစ်က တရုတ်ကြီးကိုစိန်ခေါက်ဆွဲကြော်သည် အရသာနှင့်ပြည့်စုံသည်ဟုလည်း သူ့မိတ်ဆွေ အပေါင်းအသင်းများအား မကြာခဏပြောလေ့ရှိသည့် အဖြစ်သို့ ပြောင်းလဲသွားပါတော့သည်။

ကျွန်တော့်မိတ်ဆွေကြီး မည်မျှ စည်းကမ်းကြီးသည်ဆိုသော အင်္ဂလိပ်အစိုးရ၏ အရာရှိ ဝန်ထောက်မင်းသည် စီးပွားရေးသမားနှင့်တွေ့၍ မည်သို့ပြောင်းလဲသွားသည်ကို ဖော်ညွှန်းပြောပြနေခြင်းဖြစ်ပါသည်။

ကျွန်တော်သည် တရုတ်ကြီးကိုစိန်၏ "မင်းတို့ပြောတဲ့ စည်းကမ်းကြီးတဲ့ အရာရှိဝန်ထောက်မင်းအသစ်မှာ ပါးစပ်ပါသလား" ကို အလွန်သဘောကျသွားသည့်အပြင် "ယူသူရှိ၍ ပေးသူရှိသည်၊ ပေးသူရှိ၍ ယူသူရှိသည်" တို့သည် အပြန်အလှန်ဆက်စပ်နေသည်ဟု သုံးသပ်နေမိပါတော့သည်။ ။

## JOKE

### ဟိုဘက်နားမှာ

လူစည်ကားသော စားသောက်ဆိုင်တစ်ဆိုင်တွင် လူများပြည့်ကျပ်နေပြီး ခေတ်ဆန်ဆန်ဝတ်ထားသော မိန်းကလေးတစ်ဦးက စားပွဲထိုးအားခေါ် ကာ အိမ်သာဘယ်နားမှာလဲဟုမေးမြန်းသည်။

စားပွဲထိုးက "မင်းပြောတာ ငါမကြားရဘူး၊ ကျယ်ကျယ်ပြော" ဟု ဆိုလိုက်သည်။ အမျိုးသမီးကလည်း စားပွဲထိုးနား အနီးကပ်ပြောသည်။ "အမျိုးသမီးရေအိမ် ဘယ်နားမှာလဲ" ဟုမေးမြန်းသောအခါ စားပွဲထိုးက "ဟိုဘက်နားမှာ" ဟုလက်ကိုရမ်းရင်းပြောလိုက်သည်။

အမျိုးသမီးလည်း စားပွဲထိုး၏ တစ်ဖက်ကို ထသွားကာ သူမ၏ပါးစပ်ကို စားပွဲထိုး၏ အခြားနားတစ်ဖက်နားကပ်၍ "အမျိုးသမီးရေအိမ်ဘယ်နားမှာလဲ" ဟု အော်ပြောလေရာ စားပွဲထိုး အမျိုးသား၏အဖြေမှာ "ဟိုဘက်နားမှာ" ဟူ၍ သာ။

### အိုး ... နိုး

လူငယ်တစ်ဦးမှာ သူ့ရည်းစားကို လက်ထပ်လိုသော်လည်း မည်သို့ဖွင့်ပြောရမည်ကို မစဉ်းစားတတ်ဘဲရှိနေရာ သူ့ဖခင်အား ယခုလိုဖွင့်ဟ မေးမြန်းသည်။

"အဖေ အဖေ့ကိုလက်ထပ်လာအောင် အမေ့ကို အဖေဘာပြောလိုက်လဲဟင်" ဟုမေးရာ ဖခင်ဖြစ်သူက "ဘာမှမပြောရပါဘူးကွာ၊ အိုး. . နိုးလို့ပဲ ငါရေရွတ်လိုက်ရပြီး နောက်နေ့ငါတို့လက်ထပ်လိုက်ကြတာပဲ" ဟု ပြောပါတော့သည်။

**အယ်ဒီတာချုပ်-** သောင်းစုငြိမ်း။ **အမှုဆောင်အယ်ဒီတာများ-** အားမာန်၊ ငြိမ်းငြိမ်းနိုင်။ **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ -** စောစည်သူမိုး၊ **သတင်းအယ်ဒီတာများ-** အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။
**အကြီးတန်းသတင်းထောက်-** မြတ်စုမွန်၊ ဇာဇာနို၊ ယုဇနကိုကို။ **နိုင်ငံတကာသတင်းဘာသာပြန်-** ရဲမင်း၊ ကျော်မျိုးဦး။ **စာပြင်အယ်ဒီတာ-** လှထွင့်ဦး။ **သတင်းထောက်များ-** ကျော်သီဟ၊ အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဗိုလ်ဗိုလ်ဝင်း၊ ပြည်သိမ်း၊ သန်းငွေ၊ အေးသူစံ၊ ကိုကိုကြီး။ **အငယ်တန်းသတင်းထောက် -** အေးမြတ်သူ၊ ကြူကြူဟန်။ **နေပြည်တော်သတင်းထောက်-** ထူးသန့်။ **မန္တလေးသတင်းထောက်များ-** စိုင်းသာအောင်၊ ညီညီဇော်။
**နယ်သတင်းထောက်များ-** မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွှန့်(ရေနံချောင်း)၊ မောင်ကံ ။ **စာမျက်နှာဖွဲ့စည်းမှု-** ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက်။ **ကွန်ပျူတာစာစီ-** စန်းစန်း၊ နွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်။ **သရုပ်ဖော်-** စိုးသော်တာ။
**ဓာတ်ပုံသတင်းထောက်-** ဂျေမောင်မောင်(အမရပူရ)။ **ပြင်ပဆက်သွယ်ရေး-** သက်ပိုင်ဌေး။ **လိုဂိုဒီဇိုင်း-** ကျောက်ဆည်။ **ဘဏ္ဍာရေး-** ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး။ **ကြော်ငြာတာဝန်ခံ-** မိုးပပ၊ လင်းလင်းဦး။ **ထုတ်ဝေသူ-** ဦးမျိုးလှိုင်အောင်။
**ပုံနှိပ်စက်-** သုဝဏ္ဏသီဂီပုံနှိပ်တိုက်။ **ဖလင်-** Sunn Colour Separation. **စောင်ရေ-** ၁,၀၀၀။ **ရောင်းဈေး-** ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - Diamond Centre (G-12) မြေညီထပ်၊ တိုက် (B)၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၂၃၉၁၁~၁၈၊ ၀၉ ၇၃၂၂၄၅၄၁ ၊ Website : www.7daynewsjournal.com , E-mail : editor@7daynewsjournal.com
7DAY NEWS Hotline : 73032006

7 DAY NEWS JOURNAL

# Business

Vol.11, No.14 • JUNE 14 , 2012

## ယာဉ်ကြောပိတ်ဆို့မှုများကြောင့် အငှားယာဉ်များ ဈေးတိုးတောင်းလာ

**ယုဇနကိုကို**

**ရန်ကုန်၊ ဇွန် - ၇**

ရန်ကုန်မြို့တွင်း မောင်းနှင်သည့် မော်တော်ယာဉ်များ များပြားလာခြင်းကြောင့် ယာဉ်ကြောပိတ်ဆို့မှုများ ဆက်တိုက်ဖြစ်ပေါ်လာခြင်းနှင့် တစ်ပြိုင်နက်တည်းတွင် မြို့တွင်းပြေးဆွဲနေသည့် တက္ကစီဈေးနှုန်းများလည်း ပိုမိုမြင့်တက်လာသည်ဟု ခရီးသည်များကပြောသည်။

ရန်ကုန်မြို့၏ တစ်နေ့ထက်တစ်နေ့ ပိုမိုပြီး ပိတ်ဆို့လာသည့် ယာဉ်ကြောများကြောင့် အငှားယာဉ်များကို အသုံးပြုမှု မြင့်တက်လာနေခြင်းကလည်း အဆိုပါ တက္ကစီငှားရမ်းခများ ပိုမိုများပြားလာစေခြင်းများထဲမှ အကြောင်းရင်းတစ်ရပ်ဖြစ်ကြောင်း ကျွမ်းကျင်ယာဉ်မောင်းများက ပြောသည်။

"ခုနောက်ပိုင်း လမ်းတွေ အဆမတန်ပိတ်လာတော့ မီးပွိုင့်တအား ပြဿနာရှိတဲ့နေရာမျိုးတွေကို တက္ကစီသမားတွေ ရှောင်ချင်လာကြတယ်။ ခရီးသည်တွေကလည်း ပွိုင့်ကြာတဲ့ပြဿနာကြောင့်ကားငှားတာလေ။ အဲ့ဒီကြားထဲမှာ တက္ကစီခတွေတက်လာတော့တာပဲ"ဟု ရန်ကုန်မြို့တွင်း ယာဉ်မောင်းလုပ်သက် ရှစ်နှစ်ရှိပြီဖြစ်သည့် မထသအထူးယာဉ်လိုင်းမှယာဉ်မောင်းတစ်ဦးက ပြောသည်။



ဓာတ်ပုံ - ဇေမောင်မောင်(အမရပူရ)

မြို့တွင်း ပြေးဆွဲနေသည့် စီးတီးတက္ကစီများ ယခုကဲ့သို့ ငှားရမ်းခဈေးနှုန်းများ တက်လာရခြင်းမှာလည်း ထိုကဲ့သို့ ယာဉ်ကြောပိတ်ဆို့မှုများတွင် အချိန်များစွာ ကုန်ရခြင်းဖြစ်ပြီး ယင်းကြောင့် ပင်ယခင်ထက် ခရီးသည်ရရှိမှုနှုန်းလျော့ကျလာခြင်းဖြစ်သည်ဟု တက္ကစီယာဉ်မောင်းများကပြောကြသည်။

"ကျွန်တော်တို့တက္ကစီယာဉ်မောင်းတွေဘက်ကဆိုရင်လည်း မီးပွိုင့်တွေမှာ တအားအချိန်ပေးရတယ်။ ပြီးရင် ဆီဖြည့်၊ ဂက်စ်ဖြည့်အချိန်ပေးရတယ်။ အဲ့ဒါတွေကြောင့် ခရီးသည်ရရှိမှုက အရင်ထက် ပိုနည်းလာတယ်။ ဒီလိုအခက်အခဲတွေရှိလာတော့ တက္ကစီငှားခက အရင်နှုန်းနဲ့ မဖြစ်တော့ပြန်ဘူး"ဟု အငှားယာဉ်မောင်း ဦးမောင်လေးကပြောသည်။

ရန်ကုန်မြို့၏ အဓိကယာဉ်သွားလမ်းမကြီးများပေါ်တွင်သာ ယာဉ်ကြောပိတ်ဆို့မှုပြဿနာများ တောက်လျှောက်ဖြစ်ပေါ်ခဲ့သော်လည်း ယခုလက်ရှိအချိန်တွင်မူ ယခင်က ယင်းပြဿနာလုံးဝမရှိခဲ့သော နေရာများတွင်ပါ ကြုံတွေ့လာနေရပြီဖြစ်ကြောင်း စုံစမ်းသိရှိရသည်။

"အရင်က လှည်းတန်းတို့၊ ရွှေဂုံတိုင်တို့၊ တာမွေတို့လောက် ကားတွေပိတ်ခဲ့တာက အခုဆို ပါရမီမီးပွိုင့်တို့၊ ဘူတာရုံလမ်းပွိုင့်တို့လိုပွိုင့်သေးသေးလေးတွေကပါ ဒီပြဿနာကို ကြုံနေရပြီ။ ဒါတွေကြောင့် လိုင်းကားစီးဖို့ အဆင်မပြေတဲ့သူတွေက ကားငှားလာကြတယ်။ ဒီယာဉ်ကြောပိတ်တဲ့ပြဿနာကြောင့်ပဲ တက္ကစီခတွေလည်း တက်လာကြတယ်။ အရင် တစ်ထောင့်ငါးရာတန်ခရီးလောက်ကို နှစ်ထောင့်ငါးရာခေါ်ပြီး နှစ်ထောင်နဲ့ဈေးဖြစ်နေကြပြီ" ဟု ရန်ကုန်မြို့တွင်း နေထိုင်သူ ပုဂ္ဂလိကုမ္ပဏီဝန်ထမ်း အမျိုးသမီးတစ်ဦးက သူမ၏ နေ့စဉ်အတွေ့အကြုံကိုပြောသည်။ **စာ(၃၄)သို့**

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၈၃၄ | ၈၄၈ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၈၃၄ | ၈၄၈ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၆၅၁ | ၆၆၁ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၀၄၅ | ၁၀၆၁ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၆. ၄ | ၂၆. ၅၅ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၂၉ | ၁၃၀ | ကျပ် |
| ၁ ယူနစ် (ပို့ကုန်ရငွေ) | ၈၄၂ | ၈၄၃ | ကျပ် |

၂၀၁၂ ဇွန် ၁၀ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၄၆၂ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၉၈၈ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၇၉. ၄၆ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၃၆၉၈ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၅၅. ၄၁၅ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၈၃ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၇၃. ၅၉ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၁၈၃ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၁. ၆၇ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၃၇၅. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၉၄၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၃. ၂၃ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၅၈ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၁. ၀၀၇၉ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၉၇၂ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၀၂၆၂ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၂. ၅၂၄ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၈ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁,၅၉၁. ၄၀၀ |
| ရေနံစိမ်း | စည် | ၉၉. ၄၇၀ |
| ငွေ | ၁ အောင်စ | ၂၈. ၄၇၁ |
| ကြေးနီ | ပေါင် | ၃၂၈. ၅၀၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၂. ၂၉၉ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၂ ဇွန် ၉ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

## ပြည်ပမှ အေးခဲကြက်သားတင်ပို့သည့်အပေါ် မွေးမြူရေးလုပ်ငန်းရှင်များ သဘောမတူ

**သန်းဌေး**

**ရန်ကုန်၊ ဇွန်-၅**

ပြည်ပမှ အေးခဲကြက်သားများ ဝင်ရောက်လာမှုက အသားတိုးကြက်မွေးမြူထုတ်လုပ်သူများအတွက် လုပ်ငန်းရပ်တည်နိုင်ရေးကို အခက်အခဲဖြစ်ပေါ်စေကြောင်း မြန်မာနိုင်ငံ မွေးမြူရေးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကုန်ထုတ်စရိတ်ကမြင့်လာတော့ ခြံဖမ်းဈေးတစ်ပိဿာနှစ်ထောင့်ခြောက်ရာ၊ နှစ်ထောင့်ခုနစ်ရာဆိုရင် မကိုက်တော့လို့ ခြံပိုင်ရှင်တွေက တစ်သုတ်ရှုံးလိုက်၊ တစ်သုတ်မြတ်လိုက် ဖြစ်နေတာ ဒီအေးခဲကြက်သားတွေ ဝင်လာတော့ သူတို့ရပ်တည်နိုင်ရေး ခက်လာတယ်"ဟု ၎င်းက ပြောသည်။

ယခုနှစ် မေလဆန်းတွင် ဘရာဇီးနိုင်ငံမှ အေးခဲကြက်သားများသည် စင်ကာပူနိုင်ငံမှတစ်ဆင့် ပြည်တွင်းသို့တရားမဝင်ဝင်ရောက်ကာ ရန်ကုန်မြို့တွင် ဈေးကွက်ပေါက်ဈေးထက် လျှော့ချ



ရောင်းချမှုများ ရှိနေသည်။ မော်လမြိုင်မြို့တွင်လည်း ထိုင်းနိုင်ငံမှ ကြက်သားနှင့် ကလီဇာများ တရားမဝင် တင်သွင်းကာ ဈေးလျှော့ရောင်းချမှုများ ရှိနေကြောင်း ၎င်းက ပြောသည်။

"ကြက်အရှင် ခြံဖမ်းဈေးနှုန်းက တစ်ပိဿာကို သုံးထောင်ပေါက်နေချိန်မှာ အပြင်ကဝင်လာတဲ့ အေးခဲကြက်သားက သုံးထောင့်နှစ်ရာငါးဆယ်နဲ့ ရောင်းနေတယ်။ ဒီမှာ လက်လီဈေးက လေးထောင်ကျော်ဆိုတော့ ဈေးကွက်ဖျက်တဲ့ သဘောမျိုးဖြစ်နေပြီ" ဟု အသားတိုးကြက်ခြံပိုင်ရှင်တစ်ဦးကလည်း ပြောသည်။

အာဆီယံလွတ်လပ်သော ကုန်သွယ်မှု ဇရိယာ (AFTA)အား ၂၀၁၅ ခုနှစ်တွင် အာဆီယံနိုင်ငံများကြား၌ စတင်ကျင့်သုံးသောအခါ တစ်နိုင်ငံမှ ထွက်ကုန်အား တစ်နိုင်ငံသို့ အကောက်ခွန်မပေးဆောင်ရဘဲ လွတ်လပ်စွာတင်ပို့ခွင့်အား သဘောတူထားကြသည်။ အဆိုပါ ကာလသို့ ရောက်ရန် ၂ နှစ်ခွဲ လိုသေးချိန်တွင် ယခုကဲ့သို့ ပြည်ပမှ တရားမဝင်တင်သွင်းကာ ဈေးကွက်ပြိုင်ဆိုင်မှုများ ကြုံတွေ့နေရခြင်းဖြစ်ကြောင်း ၎င်းက ပြောသည်။

ထို့ကြောင့် မွေးမြူသူများ တွက်ခြေကိုက်ပြီး စားသုံးသူများလည်း ဈေးနှုန်းသက်သာစွာ စားသုံးနိုင်ရေးအတွက် သူများနိုင်ငံများနည်းတူ မွေးမြူရေးနည်းစနစ်၊ အစာကျွေးနည်း၊ အဆင့်မြင့်ကြက်သတ်ရုံနှင့်အေးခဲကြက်သားထုတ်စက်ရုံများပါ တည်ဆောက်ရတော့မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ မွေးမြူရေးအဖွဲ့ချုပ်မှ သတင်းရရှိသည်။



7 DAY NEWS JOURNAL
Vol.11, No.14 • JUNE 14 , 2012

# ကုန်သွယ်မှုဆိုင်ရာစာချုပ်များကြောင့် ဆေးဝါးဈေးကွက်မထိခိုက်စေရန် ပညာရှင်များ ဖွဲ့စည်းမည်

**ဝတ်ရည်အောင်**

**ရန်ကုန်၊ ဇွန် - ၇**

ကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်များ ချုပ်ဆိုရာတွင် စာချုပ်ပါအချက်အလက်များကြောင့် နိုင်ငံအတွင်း ဆေးဝါးဈေးကွက်များ ပိုမိုခက်ခဲမှုများမရှိစေရန် အလွှာစုံမှ ပညာရှင်များနှင့် အဖွဲ့များဖွဲ့စည်းရန် ဆောင်ရွက်မည်ဖြစ်ကြောင်းသတင်းရရှိသည်။

ကုန်သွယ်မှုဆိုင်ရာများ ပိုမိုဖွံ့ဖြိုးလာတော့မည့်အချိန်တွင် နှစ်နိုင်ငံကြား သဘောတူစာချုပ်များ ချုပ်ဆိုသည့်အခါ ဖွံ့ဖြိုးပြီးနိုင်ငံများမှ ပိုမိုအလေးသာသည့် သဘောတူညီချက်များ ထည့်သွင်းလေ့ရှိခြင်းကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နစ်နာမှုများမဖြစ်စေရန် ထိုကဲ့သို့ အဖွဲ့များ မဖြစ်မနေဖွဲ့စည်းသင့်ကြောင်း ဘန်ကောက်မြို့တွင်ပြုလုပ်ခဲ့သည့် အရှေ့တောင်အာရှနိုင်ငံကိုးနိုင်ငံ အလုပ်ရုံဆွေးနွေးပွဲရလဒ်များကို အခြေခံပြီး UNAIDS မှ ဒေါက်တာစိုးနိုင်က ပြောသည်။

"ဖွဲ့စည်းဖို့တော့ လုပ်နေပြီ။ အဲဒီ့ထဲမှာ ဌာနဆိုင်ရာက တာဝန်ရှိသူတွေအပြင်ဆေးကုမ္ပဏီတွေ၊ ဆေးထုတ်လုပ်တဲ့စက်ရုံတွေနဲ့ အလွှာအသီးသီးကသူတွေပါဝင်ဖို့လိုအပ်ပါတယ်"ဟု ဒေါက်တာစိုးနိုင်ကဆက်လက်ပြောသည်။

ထိုအလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ယူအင်န်အဖွဲ့အစည်းများနှင့် လူထုအခြေပြုအဖွဲ့အစည်းများတက်ရောက်ခဲ့ကြသည်။

"ဆေးဝါးဆိုင်ရာသဘောတူ လက်မှတ်ထိုးတဲ့အခါမှာ လက်မှတ်ထိုးတဲ့နိုင်ငံက ဆေးဝါးဈေးကွက်ကိုချုပ်ကိုင်ပြီး တခြားနိုင်ငံက ဆေးတွေမဝယ်နိုင်အောင် ဘယ်လိုအချက်အလက်တွေထည့်ထားလဲဆိုတာ ပညာရှင်အဖွဲ့တွေရှိရင်သိလာနိုင်မယ်။ အဲဒီ့အဖွဲ့တွေတင်မဟုတ်ဘဲ နောက်ပိုင်းလူထုကလည်း ဘယ်လိုသဘောတူစာချုပ်က ကိုယ်သုံးနေတဲ့ဆေးဝါးတွေရဲ့ဈေးနှုန်းတွေကို ပြောင်းလဲစေနိုင်တယ်ဆိုတာတွေပါ သိလာရင် ထိန်းချုပ်တာမျိုးကို မခံရတော့ဘူးပေါ့"ဟု ဒေါက်တာစိုးနိုင်ကဆက်လက်ပြောသည်။

မြန်မာနိုင်ငံတွင် မူပိုင်ခွင့်ဆိုင်ရာဥပဒေများ ပြဋ္ဌာန်းနိုင်ရန် စီစဉ်နေပြီဖြစ်ပြီး လက်ရှိကျင့်သုံးနေသည့်ကမ္ဘာလုံးဆိုင်ရာမူပိုင်ခွင့်ဥပဒေများတွင် ဆေးဝါးဆိုင်ရာတင်သွင်းရောင်းချခွင့်များကို သတ်မှတ်ချက်များ အနည်းငယ်ဖြေလျှော့ထားသည့်အတွက် ဆေးဝါးများအား ဈေးသက်သာသည့် နိုင်ငံများမှ တင်သွင်းခွင့်ရရှိထားပြီး ဈေးနှုန်းချိုသာသော အိန္ဒိယမှ အများဆုံးတင်သွင်းဖြန့်ချိနေကြောင်းသိရသည်။

သို့သော် တစ်ခါတစ်ရံတွင် လက်မှတ်ရေးထိုးလိုက်သည့်ကုန်သွယ်မှုသဘောတူစာချုပ်များအရ တင်သွင်းခွင့်အား နိုင်ငံတစ်နိုင်ငံ၊ ကုမ္ပဏီတစ်ခုတည်းကသာရရှိသွားခြင်းကြောင့် ဈေးနှုန်းများမြင့်ခြင်း၊ ဈေးကွက်အတွင်း ပစ္စည်းပြတ်လပ်မှုဖြစ်ပွားစေခြင်းများလည်းရှိနိုင်ကြောင်း အဆိုပါဆရာဝန်ကဆက်လက်ပြောသည်။

လူထုကလည်း ကုန်သွယ်မှုသဘောတူစာချုပ်များသည် မိမိအပေါ် မည်ကဲ့သို့သက်ရောက်မှုရှိစေကြောင်းလည်း အသိပေးဖြန့်ဝေမှုများလိုအပ်ခြင်းနှင့်ပတ်သက်၍ "ဥပမာ-အိန္ဒိယမှာ တစ်ခါက ဆေးဝါးကုန်သွယ်မှုလက်မှတ်ထိုးတဲ့အခါ အဲဒီ့သဘောတူညီမှုက အေအာရ်ဗီဆေးရဲ့ဈေးကို မြင့်တက်စေတဲ့အခါ အေအာရ်ဗီသောက်နေတဲ့သူတွေ ဆန္ဒပြကြတယ်။ အစိုးရဘက်ကလည်း ဒီလိုသဘောမတူမှုတွေရှိတဲ့အတွက် ကုန်သွယ်မှုစာချုပ်ကို လက်မှတ်မထိုးနိုင်ဘူးဆိုတဲ့ ငြင်းပယ်မှုမျိုးကိုလုပ်နိုင်တယ်" ဟု အထက်ပါဆရာဝန်က ဆက်လက်ပြောကြားသည်။

### စာ(၃၃) - ယာဉ်ကြောပိတ်ဆို့မှုများကြောင့် အငှားယာဉ်များဈေးတိုးတောင်းလာ မှ

ရန်ကုန်မြို့တွင်းရှိ ကားဈေးကွက်ကျွမ်းကျင်သူအချို့က မြို့တွင်း ယာဉ်ကြောပိတ်ဆို့မှု ပြဿနာသည် အထူးယာဉ်လိုင်းများ များပြားလာခြင်း၊ အစိုးရ၏ ကားတင်သွင်းခွင့် မူဝါဒများကြောင့် ပြည်တွင်းသို့ ရောက်ရှိလာသော မော်တော်ယာဉ်များ များပြားလာခြင်းနှင့် ယာဉ်အိုယာဉ်ဟောင်းများ လဲလှယ်ရေး အစရှိသည့်အချက်များသည် အထက်ပါပြဿနာကို ကြုံတွေ့နေကြရသည့် အဓိကစိန်ခေါ်မှုများဖြစ်နေသည်ဟုသုံးသပ်ပြောကြားကြသည်။

"အခုပြဿနာကို ဖြေရှင်းဖို့က ခုံးကျော်တံတားတွေ အများကြီးဆောက်ရမယ်။ ကားလမ်းတွေကို ဖာတဲ့အဆင့်မဟုတ်ဘဲ အစအဆုံး ပိုပြီးအဆင့်မြှင့်တင်တဲ့ ဆောင်ရွက်မှုတွေ လုပ်ရမယ်။ နောက်ဆုံးတော့ အခြေခံလူတန်းစားတွေကို ထိတဲ့သဘောပဲ။ ခရီးသည်မကတက္ကစီသမားတွေလည်း အခြေခံလူတန်းစားတွေပဲ။ အစိုးရက အဖက်ဖက်က အဆင်ပြေအောင် လုပ်ပေးဖို့လိုပါတယ်" ဟု အထက်ပါကားအရောင်းပြခန်းမှ တာဝန်ရှိသူကပြောသည်။

လက်ရှိအစိုးရတက်ပြီးနောက်ပိုင်း ပြည်တွင်းသို့ ရောက်ရှိလာသည့် မော်တော်ယာဉ်အရေအတွက်စုစုပေါင်းမှာ ၄၈,၁၉၃ စီးဖြစ်ပြီး ယင်းပမာဏမှာ ပြီးခဲ့သည့် မေလ ၃၁ ရက်အထိ နောက်ဆုံးဝင်ရောက်ခဲ့သောစာရင်းဖြစ်ကြောင်း အကောက်ခွန်လုပ်ငန်းမှ သိရသည်။

# ရွှေဈေးပြန်မြင့်၍ ရောင်းအားက ဝယ်အားထက်များ

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇွန်-၇**

ရွှေဈေးနှုန်း ပြန်လည်မြင့်တက်လာသောကြောင့် ယခုရက်ပိုင်းတွင် ဈေးကွက်အတွင်း ရွှေပြန်သွင်းသူများနေကြောင်း ရွှေလုပ်ငန်းရှင်များက ပြောသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ကမ္ဘာ့ရွှေဈေးနှုန်းများ ပြန်လည်မြင့်တက်လာခြင်းကြောင့် ပြည်တွင်းရွှေဈေးနှုန်းများမှာ ယခုရက်ပိုင်းတွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ၇၁၁,၀၀၀ ကျပ်ထိ ဈေးနှုန်းများ ပြန်လည်မြင့်တက်လာခဲ့သည်။

"ရွှေဈေးက ကျသွားရာက နေခုနစ်သိန်းအထက်ကို ရောက်လာတော့ ပြန်ကျမယ်အထင်နဲ့ ဈေးတက်တုန်းဆိုပြီး ပြန်ရောင်းတာကြောင့် ရောင်းတဲ့သူများနေတာ။ ဝယ်တဲ့သူနဲ့ ပြန်ရောင်းတဲ့ ဈေးကွက်မှာ ပြန်ရောင်းတဲ့ဘက်က ပိုများနေတာ တွေ့ရတယ်" ဟု ရွှေဆိုင်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ပြည်တွင်းရွှေဈေးနှုန်းများကို ယခုနှစ်တွင် ကျပ်ခုနစ်သိန်းအောက် မကျနိုင်ဟု နှစ်ဆန်းပိုင်းက ရွှေလုပ်ငန်းရှင်အများစု ခန့်မှန်းခဲ့ကြသော်လည်း ကမ္ဘာ့ရွှေဈေးနှုန်းများ ကျဆင်းမှုကြောင့် ပြည်တွင်းရွှေဈေးနှုန်းများသည် အခေါက်ရွှေတစ်ကျပ်သားလျှင် ၆၉၀,၀၀၀ ကျပ်အောက်ထိပင် ပြီးခဲ့သည့် မေလတွင်းက ကျဆင်းခဲ့သည်။

ထို့ကြောင့် ယခုရွှေဈေးတက်ရိပ်ပြချိန်တွင် ဈေးပြန်ကျမည်စိုး၍ ပြန်ရောင်းသူများနေခြင်းဖြစ်ကြောင်း ရွှေဆိုင်လုပ်ငန်းရှင်များက ဈေးကွက်အနေအထားကို သုံးသပ်ပြောသည်။

ကမ္ဘာ့ရွှေဈေးနှုန်းများသည် တစ်ပတ်အတွင်း၌ တစ်အောင်စလျှင် ဒေါ်လာ ၅၀ နီးပါးမြင့်တက်လာ၍ ပြည်တွင်းရွှေဈေးနှုန်းများသည်လည်း အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၂၀,၀၀၀ ဝန်းကျင်မြင့်တက်လာခဲ့သည်။

ရွှေပြန်ထုတ်သည့် ဈေးကွက်သည် ပိဿာလိုက်ချိဝယ်ထားသူများပြန်ထုတ်မှုများနေပြီး ဖြတ်စနှင့် အထည်ဈေးတွင် ဝယ်ယူမှုရှိနေသေးသော်လည်း ပြန်ထုတ်သည့်ဈေးကွက်နှင့်ယှဉ်လျှင် ဝယ်လိုအားနည်းနေကြောင်း ရွှေလုပ်ငန်းရှင်များက ပြောသည်။










# 7DAY BOOK REVIEW




## Eternal Light မဂ္ဂဇင်း

သက်ကြီးစာပေပညာရှင်များကို အခမဲ့ဆေးကုသပေးရန် ရည်ရွယ်ထုတ်ဝေသော Eternal Light မဂ္ဂဇင်း ဇွန်လထုတ် ထွက်ရှိလာသည်။ လူငယ်နှင့် အလုပ်အကိုင်ဟူ၍ သီးသန့်ကဏ္ဍတင်၍ ထွက်ရှိလာသော ယခုမဂ္ဂဇင်းတွင် ယနေ့ခေတ်လူငယ်များနှင့် ပတ်သက်သည့် ဆောင်းပါးနှင့် အင်တာဗျူးများ ပါဝင်သည်။ လူထုစိန်ဝင်း၏ 'အလုပ်နှင့်ဂုဏ်'၊ အောင်သင်း၏ 'အားထုတ်မှ အားထွက်မည်'၊ နေဇင်လတ်၏ 'မချိပြုံးပြုံး ချိုပြုံးပြုံး' စသည့်ဆောင်းပါးများပါဝင်ပြီး အနုပညာလောကမှ ထင်ရှားသူများဖြစ်သည့် ဆောင်းဦးလှိုင်၊ မင်းထင်ကိုကိုကြီး၊ ရဲတိုက်၊ ကြည်ဖြူသျှင်၊ မို့မို့မြင့်အောင်တို့၏ အလုပ်အကိုင်နှင့် ပတ်သက်သော အယူအဆ အတွေးအမြင်များကို ဖတ်ရှုရပါမည်။

ထို့အပြင် လူငယ်နှင့်အောင်မြင်မှုအကြောင်းများ၌ဦးတင်ဦး (ကျူရှင်)၊ ချစ်စံဝင်း၊ မောင်ခင်မင်(ဓနုဖြူ)၊ ဒေါက်တာစိုးလွင်တို့၏ အောင်မြင်ခြင်းဆိုင်ရာ ဆောင်းပါးများနှင့် အင်တာဗျူးများကို ဖတ်ရှုရပါမည်။ ထူးထူးခြားခြားအနေဖြင့် ဒေါ် အောင်ဆန်းစုကြည်၏ အချိန်ကာလနှင့် ကိုက်ညီသော **မှတ်သုံးအတွေး** ဆိုသည့် ရသစာတမ်းကို ဖတ်ရှုရပါမည်။ စာအုပ်အမှာ၌ 'အင်တာနက်၊ အိုင်ဖုန်း၊ အိုင်ပက်၊ တက်ဘလက်တွေ ခေတ်စားပြီးအသုံးများလာတဲ့ခေတ်မှာ လူငယ်တွေဟာ အိုင်တီလောကထဲမှာ နစ်မြုပ်၊ ဖေ့စ်ဘွတ်တွေနဲ့ အချိန်ကုန်မိုးလင်းမိုးချုပ် ဒါတွေပဲလုပ်နေကြတော့ လောကကြီးမှာ ရှင်သန်မှုအတွက် လိုအပ်ချက်တစ်ခုဖြစ်တဲ့ အလုပ်လုပ်ရမယ်ဆိုတာကို မေ့လျော့နေကြတယ်လို့ ကျွန်တော်ခံစားမိပါတယ်။ လူငယ်တိုင်း ဒီလိုဖြစ်နေမယ်လို့ ဆိုလိုတာတော့မဟုတ်ပါဘူး။ ဒါပေမဲ့ ဒီနေ့ဖြစ်ပေါ်နေတဲ့ လူငယ်တွေရဲ့ Lifestyle ကိုပြောပြရင်းနဲ့ ဒီလိုဘဝမျိုးထဲမှာ မေ့မြော၊ တွေဝေ၊ ငေးမောနေတဲ့ လူငယ်တွေရဲ့ ဘဝမှာ အလုပ်ဆိုတဲ့ အလုပ်တစ်ခုခုကို မိမိရရလုပ်ဖို့လိုတယ်ဆိုတာ သတိပေးလိုက်ပါရစေ" ဟု ပါမောက္ခခင်မောင်ဝင်း(အသည်း)က ရေးသားထားပါသည်။

စာအုပ်ကို အမြို့မြို့အနယ်နယ်ရှိ စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။




## ကြယ်စင်များ၏ ရှုမျှော်ခင်း ဝတ္ထုတိုစု (နတ်မှူး)

သရုပ်မှန်နှင့် သရုပ်မှန်လွန် ဝတ္ထုတိုများကို ရေးဖွဲ့လေ့ရှိသူနတ်မှူး၏ ဝတ္ထုတိုစုစည်းမှုစာအုပ်ဖြစ်သည်။ ဝတ္ထုတိုအများစုမှာ လစဉ်ထုတ်မဂ္ဂဇင်းများတွင် အသီးသီးဖော်ပြခဲ့သည်။ လှောင်အိမ်ကြိုက်တဲ့ငှက်၊ ဆူရှီ၊ ဘဝတန်ဖိုး၊ သစ်ပင်လူ၊ နောက်ဆုံးအိမ်မက်၊ လမင်းကိုနမ်းရှိုက်ခွင့်၊ အနီနှင့်အဖြူ၊ ဘက်၊ ကြယ်စင်များကို စိုက်ပျိုးခြင်း၊ အက်တလတ်(စ်) သို့မဟုတ် မိုးကောင်းကင်ကိုအောင်နိုင်သူ၊ ပဥ္စလက်မှော်ဆရာ ခရမ်းပြာဂျစ်ပစီ၊ ပရဝိဟာရ၊ လက်ထဲက ငှက်တစ်ကောင်၏ အနာဂတ်၊ ပြောင်းလဲခြင်း ရှုမျှော်ခင်း၊ ခွေး၊ နက်ထည်၊ မိုးကဗျာ မြေသီချင်းချစ်ခြင်းဖြင့် လွှမ်းခြုံစေစသည့် ဝတ္ထုတိုများတွင် နတ်မှူး၏ဟန်အတိုင်း သရုပ်မှန်လွန်ရေးဖွဲ့မှုနှင့် သရော်တော်တော်ရေးဖွဲ့မှုများကို ဖတ်ရှုရပါမည်။ ဆူရှီဝတ္ထုတိုတွင် လူသားတို့၏ အလိုရမ္မက်ကြီးပုံ၊ အစားအသောက်ကြူးပုံတို့ကိုရေးဖွဲ့ထားပြီးနောက်ဆုံး၌ အလှည့်ကျမန္တဲ့ကြိစတမ်းဟူသော သဘောသက်ဝင်အောင်လူသားများကို သတိပေးသည့်အနေဖြင့် ရေးဖွဲ့ထားသည်ကိုဖတ်ရှုရပါမည်။ အနီနှင့်အဖြူ ဝတ္ထုတိုတွင် ဒုတိယကမ္ဘာစစ်အတွင်းက မြန်မာနိုင်ငံသို့ လာရောက်စစ်မှုထမ်းခဲ့သော ဂျပန်စစ်သားကလေး၏ အတွေ့အကြုံကိုတည်၍ လူမျိုးဆက်အတွင်း ပြောင်းလဲလာသောစိတ်နေစိတ်ထားနှင့် ပြုမူချက်များကို ရောယှက်ရေးဖွဲ့ထားသည်။

ဂျပန်စစ်သားကလေးသည် မြန်မာပြည်၌ တာဝန်ထမ်းဆောင်ရင်း အသက်အန္တရာယ်ကြုံတွေ့ခိုက် ဘုန်းတော်ကြီးတစ်ပါး၏ စောင့်ရှောက်ခြင်းခံရပုံ၊ စောင့်ရှောက်ထားသည့် ရွာမှ ရွာသူရွာသားများ၏ ရိုးသားဖြောင့်မတ်မှုနှင့် ကိုယ်ချင်းစာတရားကို ကိုယ်တိုင်ကြုံရပုံ၊ စစ်ကြီးပြီး၍ ဂျပန်နိုင်ငံပြန်သွားပြီး စီးပွားရေးလုပ်ရာမှ အောင်မြင်ထင်ရှားသည့် လုပ်ငန်းရှင်တစ်ဦးဖြစ်လာသည့်အခါ ကျေးဇူးရှိခဲ့သော ထိုရွာမှ ကလေးငယ်ဆယ်ဦးအား ဂျပန်နိုင်ငံသို့ ခေါ်ဆောင်ကာ ပညာသင်ပေးပုံ၊ ယင်းမှ ထိုကလေးငယ်ဆယ်ဦးသည် ကျေးဇူးရှိခဲ့သည့်ရွာမှ ကလေးများမဟုတ်ကြဘဲ လှည့်ဖြားခံရပုံကို မြုပ်ကွက်လေးဖြင့် ရေးဖွဲ့ထားသည်။ လင်းလွန်းခင်စာပေတိုက်က တန်ဖိုး ၂၅၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

## Knowledge ပဟုသုတ


### ဆန်စပါးနဲ့ပတ်သက်ပြီး ဘာတွေသိသလဲ

စပါးစိုက်ပျိုးခြင်းသည် ဘီစီ ၅၀၀၀ ခန့်က စတင်ခဲ့ပြီး အာရှတိုက်တွင် စပါးစိုက်ဧကပေါင်းသန်း ၂၅၀ ရှိသည်။ စပါးကိုအန္တာတိကမှအပ ဥရောပ၊ အာရှတိုက်အားလုံးတွင်စိုက်ပျိုးကြသည်။ တစ်ကီလိုဂရမ်အလေးချိန်ရှိသော ဆန်အိတ်တစ်အိတ်တွင်ဆန်စေ့ပေါင်း ၆၄,၀၀၀ ကျော်ပါရှိသည်။

ချက်ကိုစလိုဗက်ကီးယားသမ္မတနိုင်ငံ၌ မင်္ဂလာဆောင်များတွင် ဆန်စေ့အစားပဲစေ့များကိုသာကြဲပက်သည့်အလေ့အထရှိသည်။ ကမ္ဘာပေါ်ရှိဆန်များ၏ ၉၀ ရာခိုင်နှုန်းကျော်သည်အာရှတိုက်တွင်သာစိုက်ပျိုးပြီး စားသုံးကြသည်ဟုဆိုသည်။ အာရှတိုက်သားတစ်ဦးသည်ပျမ်းမျှအားဖြင့် တစ်နှစ်လျှင်ဆန် ၁၅၀ ကီလိုဂရမ်စားသုံးပြီးဥရောပတိုက်သားတစ်ဦးသည်တစ်နှစ်လျှင်ဆန်၅ကီလိုဂရမ်သာစားသုံးသည်။

*__Source: Reader's Digest*



### ARIES — မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

ဥစ္စာစီးပွားတိုးတက်မည်။ ထူးခြားသောသတင်းစကားကောင်းများကြားသိရမည်။ ငွေကြေးကံကောင်းမည်။ သူတစ်ပါးကိစ္စ ကြားဝင်တာဝန်ယူခြင်း၊ အာမခံခြင်းရှောင်ပါ။ အကြွေးတောင်း၍ အထူးကောင်းသည်။ လက်လွှန်ထားသောငွေ၊ ပစ္စည်းများပြန်ရမည်။ မမျှော်လင့်ဘဲ ပစ္စည်းကောင်းများ၊ ရှားပါးသောပစ္စည်းကောင်းများ လက်ဝယ်ရရှိမည်။ အလွန်စန်းပွင့်မည်။ သွားလေရာ လာလေရာ မျက်နှာပွင့်မည်။



### TAURUS — ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

စိတ်ချမ်းမြေ့စရာများကြုံမည်။ စုပေါင်းလုပ်ငန်း အကျိုးပေးမည်။ ငွေကြေးနှင့် ပတ်သက်သောကံကောင်းသည်။ ပညာသင်တန်းနှင့်ပတ်သက်သောကံကောင်းသည်။ နေရာအပြောင်းအလဲနှင့် တိုးတက်မှုများ ဆက်တိုက်ဖြစ်ပေါ်မည်။ မိသားစုတွင် ချမ်းမြေ့ကြည်နူးဖွယ်ရာများ တွေ့ကြုံနေရမည်။ ခရီးယာယီကိစ္စများအဆင်ပြေမည်။ လူလွတ်များ မေတ္တာရေးကံအထူးကောင်းသည်။



### GEMINI — မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

ဘာသာရေးနှင့်ပတ်သက်သောကိစ္စများ ထူးထူးခြားခြားလုပ်ဖြစ်မည်။ ထူးခြားသောလက်စွပ် လက်ဆောင်ရတတ်သည်။ အကြီးအကဲများ၊ မင်းစိုးရာဇာများ၏ မစမှုကြုံမည်။ ပညာရေးတွင် အထူးအောင်မြင်မည်။ အခါတိုင်းထက်ပို၍ ငွေဝင်မည်။ အင်္ဂါနေ့၊ ကြာသပတေးနေ့မွေးသောသူများနှင့် ပေါင်းဖော်၍ အကျိုးရှိမည်။ နားအူ၊ နားကိုက်ဖြစ်တတ်သည်။



### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

သူတစ်ပါးထံမှ ငွေချေးငှားမြှုပ်နှံက အရှုံးပေါ်တတ်သည်။ ကိုယ်ပိုင်ငွေကြေးနှင့်လုပ်မှ အောင်မြင်မည်။ သူတစ်ပါးငွေအား ကိုယ်ပိုင်ငွေကြေးသဖွယ် သုံးစွဲနေက အရှုံးပေါ်တတ်သည်။ လူမျိုးခြားမှ စတင်ကာ လုပ်ငန်းသစ်များ လုပ်ကိုင်ရန်ကမ်းလှမ်းလာပါက လက်ခံပါ။ အလှူမင်္ဂလာကိစ္စများ ဦးဆောင်ဦးရွက်ပြုရမည်။ မတော်တဆထိခိုက်ရှနာဖြစ်တတ်သည်။



### LEO — သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

စတင်လိုက်သည့်ကိစ္စမှန်သမျှ ချောချောမောမော အောင်မြင်ခြင်းရှိမည်။ ငွေကြေးကံကောင်းမည်။ မိသားစုနှင့်ပတ်သက်သည့် ဥစ္စာစီးပွားကိစ္စများ ပြောဆိုအဆင်ပြေခြင်းများကြုံရမည်။ သူတစ်ပါးကြောင့် ဖြစ်ပေါ်နေသောပြဿနာများ ဖြေရှင်းအဆင်ပြေမည်။ မိသားစုတွင် ယာဉ်ကားနှင့်ပတ်သက်သောကိစ္စများ ပြောဆိုဆောင်ရွက် အဆင်ပြေခြင်းကြုံမည်။



### VIRGO — ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

မြှုပ်နှံထားသည့်ငွေကြေးများမှ ကောင်းသောအကျိုးအမြတ်ရရှိမည်။ စီးပွားကံမြင့်မားမည်။ အင်္ဂါနံ၊ ကြာသပတေးနံပစ္စည်းများမှ ကောင်းသောအကျိုးအမြတ်ရရှိမည်။ ဤကာလအတွင်း ပြုသောအလှူဒါနများမှ ကုသိုလ်ကောင်းစွာရရှိမည်။ အိမ်ပြင် အိမ်ဆောက်လုပ်ငန်းများ စီစဉ်ဆောင်ရွက်အောင်မြင်မည်။ စနေသားသမီးများမှ သယ်ဆောင်လာသောပြဿနာများ ဖြေရှင်းအဆင်ပြေမည်။



### LIBRA — တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

ပြန်မရ ဆုံးပြီဟုယူဆထားသော ငွေကြေးဥစ္စာများ လက်ဝယ်ပြန်ရမည်။ မိသားစုတွင် ယာဉ်၊ ကား၊ စက်ပစ္စည်းများ ပိုင်ဆိုင်မှုကိစ္စအတွက် စကားပြောဆိုရမည်။ သစ်၊ သံ၊ သွပ် အစရှိသည်များ အဝင် မတော်။ ပညာ၊ လုပ်ငန်းတွဲဖက်အကျိုးပေးမည်။ လုပ်ငန်းခွင်ရှိသူများ မိမိအလုပ်ကိစ္စများသာမက တစ်ပါးသူ၏ အလုပ်ကိစ္စများကိုပါ တာဝန်ယူဆောင်ရွက်နေရမည်။



### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

ပညာကံကောင်းသည်။ ထူးခြားသည့် ပညာသင်တန်းများတက်ရောက်ရမည်။ ဘာသာစကားများ လေ့လာအကျိုးပေးမည်။ လူမျိုးခြားနှင့်ဆက်စပ် လုပ်ကိုင်သော လုပ်ငန်းများ ဆောင်ရွက်အကျိုးပေးမည်။ ပြည်ပခရီး သွားရောက်ရန်စီစဉ်ထားက သေချာပေါက်သွားရမည်။ ရွေးချယ်ရန်အခွင့်အရေး နှစ်မျိုးပေါ်ပေါက်က ပိုမိုခက်သောလမ်းကြောင်းကိုရွေးပါ။



### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

ရွှေထည်ပစ္စည်း လက်ဝတ်ရတနာများထွက်တတ်သည်။ စနေနေ့၊ ဗုဒ္ဓဟူးနေ့ မွေးသောသူများနှင့်ပူးပေါင်း၍ ငွေကုန်များမည်။ စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်မည်။ ဆုံးဖြတ်ချက်မှားယွင်းတတ်သည်။ မိမိစကားအမှားကို ထောက်ပြ၍ ပြဿနာရှာဖွေသူများနှင့်တွေ့မည်။ ခရီးဝေးသွားခြင်းများ တတ်အားသရွေ့ ရှောင်ပါ။ သွားပါက အလွန်အန္တရာယ်များမည်။ စကားများရခြင်းများ မိသားစုတွင်ကြုံမည်။



### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

အခါတိုင်းထက်ပို၍ ငွေဝင်မည်။ စကားအောင်မည်။ အိမ်သို့ ရောက်ရှိလာသည့်ဧည့်သည်များသည် ထူးခြားသောသတင်းကောင်းနှင့် ကောင်းခြင်းမင်္ဂလာများ သယ်ဆောင်လာသူဖြစ်မည်။ မိမိအပေါ် အကျိုးပြုသောသူများနှင့်တွေ့မည်။ တနင်္လာနံ ကျောက်၊ ငွေဝင်ခြင်းရှိမည်။ တောင်အရပ်မှ သတင်းစကားကောင်းများလက်ခံရမည်။ မကြာခဏ ခရီးသွားပေးပါ။ ထူးထူးခြားခြားအဆင်ပြေမည်။



### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

ခရီးယာယီသွား၍ အဆင်ပြေမည်။ လူလွတ်များ မေတ္တာရေးကံအထူးကောင်းသည်။ တနင်္လာနေ့၊ ကြာသပတေးနေ့မွေးသောသူများနှင့် မေတ္တာမျှနေသူများရှိက မေတ္တာရေးလမ်း အထူးချောမွေ့မည်။ အိမ်ထောင်ရေးကိစ္စအထိ ဆုံးဖြတ်ချက်များ ချမှတ်နိုင်သည်။ အိမ်ထောင်သည် အမျိုးသားများ အိမ်ထောင်ဖက်အမျိုးသမီး၏ ဩဇာပေးသမျှ နာခံနေရမည်။



### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

အနောက်အရပ်မှ ချစ်သူတွေ့မည်။ အချစ်မှ ရရှိသည့်ခွန်အားနှင့် ထူးခြားသောအောင်မြင်မှုများ ဖန်တီးနိုင်မည်။ ကာလအတန်ကြာ ပျက်ယွင်းနေသောပစ္စည်းများ ပြုပြင်သုံးစွဲ၍ အကျိုးရှိမည်။ ခြံမြေကိစ္စနှင့် ပတ်သက်သော စကားများပြောဆိုရမည်။ စကားအောင်မည်။ မိသားစုတွင် အလှူအတန်းကိစ္စများ ထူးခြားစွာဆောင်ရွက်ရမည်။

7DAY NEWS JOURNAL
Vol.11, No.14 • JUNE 14 , 2012

# လုပ်ငန်းရှင်စိတ်ဓာတ် အမြစ်တွယ်လာသော တရုတ်နိုင်ငံ

**ကြည်နေဝင်းမင်း**



Photo - AFP

မကြာသေးမီအချိန်အထိ ကွန်မြူနစ်စနစ်ဖြင့် အုပ်ချုပ်နေသော တရုတ်နိုင်ငံတွင် အရင်းရှင်စနစ်ဆိုသော စကားလုံးမှာ နားခါးစရာဖြစ်ခဲ့သည်။ ထိုအချိန်တုန်းက ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းစတင်ရန်မဖြစ်နိုင်ခဲ့သလို ကြွယ်ဝချမ်းသာဖို့အရေးလည်း မစဉ်းစားနိုင်ခဲ့ပေ။

သို့သော် ယခုအချိန်တွင် ထိုအရာများ အားလုံးပြောင်းလဲသွားခဲ့ပြီဖြစ်သည်။ လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်ကစတင်ခဲ့သောစီးပွားရေးပြုပြင်ပြောင်းလဲမှုများကတရုတ်နိုင်ငံတွင် လုပ်ငန်းရှင်စိတ်ဓာတ်များ မွေးဖွားပေးခဲ့သည်။ ယခုဆိုလျှင် တရုတ်နိုင်ငံသား အများစုက ၎င်းတို့၏ အားလပ်ချိန်များတွင် ရှေ့ဆက်တိုးတက်ရေးအတွက်စာဖတ်ခြင်း၊ တွေးတောဆင်ခြင်ခြင်း၊ သင်ယူခြင်းများ လုပ်ဆောင်နေကြသည်။ မိမိတို့၏ စိတ်ကူးအကြံဉာဏ်များအကောင်အထည်ဖော်ရေးအတွက် ဆွေးနွေးပွဲများ တက်ရောက်ခြင်း၊ တက်ကျမ်းများ ဖတ်ခြင်းနှင့် ဝတ္ထုများပင် ဖတ်ရှုလေ့လာလာကြသည်။ အရင်းရှင်စနစ်ဟု ခေါ်သော ကစားပွဲအသစ်၏ ဥပဒေသများကို လေ့လာလာကြသည်။

ဤသို့ဗဟုသုတ ဆာလောင်မွတ်သိပ်မှုကို အသုံးချရင်း ဝင်ငွေရရန်ကြိုးပမ်းနေသော ကုမ္ပဏီများတွင် ဟင်တိုင်ဒါတန်ရွှေလုပ်ငန်းကုမ္ပဏီလည်း ပါဝင်ပြီး လူအများအပြားအား ရွှေသတ္တုကို ဝယ်ယူရင်းနှီးမြှုပ်နှံလာစေရန် ဆွဲဆောင်နေသည်။ ၎င်းကုမ္ပဏီမှနေပြီး ရက်သတ္တပတ်နှစ်ပတ်၊ သုံးပတ်လျှင်တစ်ကြိမ်ဆိုသလို ဗဟုသုတအတန်ကြွယ်ဝပြီး လူရည်လည်ပြီးသား ဘေဂျင်းမြို့သူ၊ မြို့သားများအားအတွက် ရွှေသတ္တုဝယ်ယူရင်းနှီးမြှုပ်နှံရင်း ငွေရှာနိုင်ပုံကို သင်ပြပေးသည်။

ယင်းသို့ ရွှေရောင်လွှမ်းသောအခမ်းအနားတစ်ခုတွင် ရင်းနှီးမြှုပ်နှံရန် အလားအလာရှိသူများအား သက်သောင့်သက်သာရှိသော ဆိုဖာခုံများတွင် နေရာပေးထားပြီး အီတလီကော်ဖီ (သို့မဟုတ်) တရုတ်ရေနွေးကြမ်းများဖြင့် ဧည့်ခံထားသည်။ ယင်းအခမ်းအနားအား ဘေဂျင်းမြို့၏ စီးပွားရေးအချက်အချာကျရာ မြို့လယ်ခေါင်ကော်ဖီဆိုင်တွင် ကျင်းပခြင်းဖြစ်ပြီး စကားလုံး အသုံးအနှုန်းကြွယ်ဝသူ ဇန်ဝေရှမ်းက အခမ်းအနားကို ဦးဆောင်ပါသည်။

"အရင်မျိုးဆက်တွေက ငွေကြေးရင်းနှီးမြှုပ်နှံဖို့ဆိုတာကိုမစဉ်းစားနိုင်ခဲ့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့သူတို့ဟာဆင်းရဲကြပါတယ်။ စားစရာလုံလောက်ပါ့မလား။ ဝတ်စရာ အဝတ်ရှိပါ့မလားဆိုတာကို စိုးရိမ်နေခဲ့ရပါတယ်"ဟု မစ္စတာဇန်ကဆိုသည်။ "အခုစီးပွားရေးကတစ်ဟုန်ထိုး ဖွံ့ဖြိုးလာပြီဆိုတော့ အဲဒီစားရေးသောက်ရေးပြဿနာမရှိတော့ဘူး။ လူတွေမှာ ပိုက်ဆံရှိလာပြီဆိုတော့ ဒီပိုက်ဆံကို ဘယ်လိုရင်းနှီးမြှုပ်နှံမလဲဆိုတာကို စဉ်းစားလာကြပြီ"ဟု ၎င်းကဆိုသည်။

မစ္စတာဇန်နှင့်အဖွဲ့က ရင်းနှီးမြှုပ်နှံသူများ ၎င်းတို့ကုမ္ပဏီထုတ်ကုန်များတွင် ရင်းနှီးမြှုပ်နှံလာကြလိမ့်မည်ဟု မျှော်လင့်သော်လည်း ၎င်းတို့စုဝေးမှုအား ရွှေအကြောင်းသိကောင်းစရာပွဲများဟုသာ ခေါ်ဆို သည်။ "ဒါလက်ချာပေးတာမဟုတ်ပါဘူး။ နားနားနေနေ အပန်းဖြေတဲ့ သဘောပါပဲ။ အတူတကွစုပေါင်းပြီး ရွှေနဲ့ပတ်သက်ပြီးဘယ်လိုရင်းနှီးမြှုပ်နှံကြမလဲဆိုတာကို စုပေါင်းလေ့လာကြတာပါပဲ" ဟုပရိသတ်များ ကော်ဖီဆိုင်ထဲနေရာယူနေစဉ်မှာပင် မစ္စတာဇန်က ပြောပြသည်။

ဤကဲ့သို့သောပွဲများတွင် မစ္စတာဇန်အဓိက အသုံးပြုသော ပစ္စည်းများမှာ ရွှေချောင်းအတုများ၊ ပိုက်ဆံအတုများနှင့် ပြင်ပကမ္ဘာမှ တကယ့်အဖြစ်အပျက်များကို ဖန်တီးခြင်းမျိုး ဖြစ်သည်။ ယင်းပွဲတွင် တက်ရောက်လာသူများအား ရွှေချောင်းအတုနှင့် ငွေအတုများကို ပမာဏတစ်ခုအထိ ပေးအပ်ထားသည်။ ထို့နောက် တကယ့်ပြင်ပ ကမ္ဘာတွင် ရွှေဈေးနှုန်းကို ထိခိုက်သော သတင်းအချက်အလက်များကို ပြောပြပြီး မည်ကဲ့သို့ ရင်းနှီးမြှုပ်နှံမည်ကို ရွေးချယ်စေခြင်း ဖြစ်သည်။

အိုစမာဘင်လာဒင် သေဆုံးခြင်း၊ လစ်ဗျားအား နေတိုးလေယာဉ်များက ဗုံးကြဲခြင်း၊ အချို့ဥရောပနိုင်ငံများ၏ ငွေကြေးစိတ်ချရမှု အခြေအနေများကို လျှော့ချခြင်း စသည့်အဖြစ်အပျက်များနှင့် ရင်းနှီးမြှုပ်နှံသူများ ထည့်သွင်းတွက်ချက်ရသည့် အခြေအနေများကို ဖန်တီးသည်။ သပ်သပ်ရပ်ရပ်၊ စမတ်ကျကျ ဝတ်စားထားသော မစ္စတာဇန်၏ လက်ထောက်အကူလူငယ်များကလည်း ဂဏန်းပေါင်းစက်လေးများ လက်ထဲမှာ ကိုင်ရင်းအပေါင်း၊ အနုတ်အတွက်အချက်တွင် အခက်အခဲဖြစ်နေသူများကို လိုက်လံကူညီနေသည်။

မစ္စတာဇန်တစ်ယောက် သူ့အလုပ်ကို သူကောင်းကောင်းလုပ်နိုင်ခဲ့ပါသည်။ ယင်း'ရွှေအကြောင်းသိကောင်းစရာ' အစီအစဉ်အပြီးတွင် လူပေါင်း ၂၀ က ယွမ်ငွေတစ်သန်း (ကန်ဒေါ်လာ ၁၅၉,၀၀၀) အထိ ရွှေဝယ်ယူရင်း နှီးမြှုပ်နှံမည်ဟု ဆိုကြပါသည်။

ဟုတ်ပါလိမ့်မည်။ လွန်ခဲ့သော ဆယ်စုနှစ်တစ်ခုအတွင်း ရွှေဈေးသိသိသာသာ တက်သွားခြင်းကလည်း ရင်းနှီးမြှုပ်နှံသူများကို ရွှေဝယ်ယူရန် ကူညီဆုံးဖြတ်ပေးခြင်း ဖြစ်ပါလိမ့်မည်။

ဟောပြောပွဲများမှာ ငွေရှာနည်းသင်ယူရန် တစ်ခုတည်းသောနည်းလမ်း မဟုတ်ပါ။ ယင်းအတွက် တက်ကျမ်းများလည်း ထောင်နှင့်သောင်းနှင့်ချီ၍ ရှိနေပါသည်။

ဘေဂျင်းမှ အရောင်းကိုယ်စားလှယ်တစ်ဦးဖြစ်သူ လျူပင်းမှာ ထိုစာအုပ်များ၏ ပညာပေးနိုင်မှုစွမ်းအားကို ယုံကြည်သူတစ်ဦးဖြစ် သည် ။ ကွန်ပျူတာဝန်ဆောင်မှုများ ရောင်းချသူအဖြစ် အသက်မွေးဝမ်းကျောင်းပြုသူ လျူပင်း ရောင်းဝယ်ခြင်း အနုပညာပြည့်ဝကုံလုံစေရန် တက်ကျမ်းပေါင်းများစွာကို ဖတ်ရှုလေ့လာခဲ့သည်။ ယင်းတို့ထဲမှ တစ်အုပ်မှာ ဘရိုင်ယန်ထရေစီ ရေးသားသော 'Psychology of selling' စာအုပ်ဖြစ်ပြီး ခေါင်းစဉ်ခွဲများတွင် ကုန်ပစ္စည်းများကို မည်ကဲ့သို့ လွယ်ကူကူ ရောင်းချမည်နည်း၊ မည်မျှမြန်မြန်ရောင်းချမည်နည်း စသောအချက်များ ပါဝင်သည်။

မစ္စတာလျူသည် ယခုအခါ ၎င်း၏ဖောက်သည်များနှင့် တယ်လီဖုန်းစကားပြောလျှင်ပင် မတ်တတ်ရပ်၍ စကားပြောလေ့ရှိသည်။ ဂျပန်လူမျိုး အရောင်းကျွမ်းကျင်သူတစ်ဦး၏ စာအုပ်ကိုဖတ်ပြီး နောက်ယင်းအလေ့အကျင့်ကို မွေးမြူခဲ့ကြောင်း မစ္စတာလျူက ဆိုသည်။ တစ်ရက်တွင် အိမ်ပြန်ပြီး အိမ်နေရင်း အဝတ်အစားများ လဲလှယ်ပြီးချိန်မှာပင် ဖောက်သည်တစ်ဦးထံမှ ဖုန်းဝင်လာရာ နက်ခ်တိုင်အပါအဝင် ရုံးဝတ်စုံပြည့်ပြန်လည်ဝတ်ဆင်ပြီးမှသာ စကားလက်ခံပြောဆိုခဲ့သည်။ သို့မှသာ အစစ်အမှန် အရောင်းကိုယ်စားလှယ်တစ်ဦးကဲ့သို့ ခံစားမိသောကြောင့် ဖြစ်သည်။

ဝတ္ထုများကလည်း ဆင်းရဲတွင်းမှ ရုန်းထွက်ပြီး အရင်းရှင်စနစ်ကျင့်သုံးလာသည့် တရုတ်နိုင်ငံသစ်တွင် ချမ်းသာကြွယ်ဝရေးအိပ်မက်မက်သူများကို စိတ်ကူးဉာဏ် ကွန့်မြူးလာစေသည်။

စာအုပ်အများအပြားမှာလည်း ဆင်းရဲသော လယ်သမားများဘဝမှနေပြီး ကုမ္ပဏီများတွင် ရာထူးအဆင့်ဆင့်တက်ပြီး ထိပ်တန်းရောက်ရှိသွားသူများ အကြောင်းကို ရေးသားကြသည်။

"စာအုပ်ကို အပျော်သက်သက်ဖတ်တယ်ဆိုတာ အခုနောက်ပိုင်းခေတ်မစားတော့ပါဘူး။ ကိုယ့်စိတ်ထဲမှာ အားရကျေနပ်မှုရသွားအောင်လို့ စာဖတ်ကြတာပါ"ဟု တရုတ်နိုင်ငံမှ ပင်ဂွင်းစာအုပ်ဆိုင်များအကြီးအကဲ ဂျိုလပ်စဘီကဆိုပါသည်။

*—Ref: Entrepreneurial Spirit taks hold in china*

**AGENT/DISTRIBUTOR REQUIRED**

Established Singapore lighting manufacture (since 1979) looking for suitable agent/distributor/partner to market its range of industrial-commercial/indoor-outdoor lighting products to the Myanmar market. Interested parties please forward resume to:

Managing Director
wooson@singnet.com.sg

**Associate/Partners Required**

We are looking for associate/partners in the education industry to market, promote, organise and conduct educational/training/workshops programmes related to Counselling, Psychology, Psychotherapy and allied health care fields in Myanmar. Interested parties please forward resume to:

Managing Director
Regional Human Skills
wooson@singnet.com.sg

7 DAY NEWS JOURNAL
Vol.11, No.14 • JUNE 14 , 2012

# ကမ္ဘာ့ပထမဆုံး နေစွမ်းအင်သုံး လေယာဉ် ဒုတိယအကြိမ် စမ်းသပ်ပျံသန်းမှု အောင်မြင်

**လန်ဒန်၊ ဇွန် - ၅**

ကမ္ဘာ့ပထမဆုံး နေရောင်ခြည်စွမ်းအင်သုံး လေယာဉ်သည် ၎င်း၏ဒုတိယအကြိမ် စမ်းသပ်ပျံသန်းမှုအဖြစ် စပိန်နိုင်ငံမှ မော်ရိုကိုခရီးစဉ်ကို အောင်မြင်စွာ ပျံသန်းခဲ့ပြီး မော်ရိုကိုရှိ ရာဘတ်လေဆိပ်တွင် ဆင်းသက်ခဲ့သည်။

အဆိုပါ Solar Impulse နေစွမ်းအင်သုံး လေယာဉ်သည် မက်ဒရစ်မှ မော်ရိုကိုသို့ ၁၉ နာရီအကြာမောင်းနှင်ခဲ့ပြီး အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့ခြင်းဖြစ်သည်။ ဂျမ်ဘိုဂျက်လေယာဉ်တစ်စင်းအရွယ်ရှိသော ထိုလေယာဉ်သည် ဆိုလာဆဲလ် ၁၂,၀၀၀ မှရသော နေစွမ်းအင်ကို လျှပ်စစ်မော်တာလေးလုံးဖြင့် မောင်းနှင်ခြင်းဖြစ်သည်။ လေယာဉ်သည် ပြီးခဲ့သည့် မေလက ဆွစ်ဇာလန်နိုင်ငံတွင် ကီလိုမီတာ ၂,၅၀၀ (မိုင် ၁,၅၅၀) ခရီးကို ပျံသန်းခဲ့ပြီး ယင်းမှာ ၂၀၁၄ ကမ္ဘာလှည့်ပျံသန်းမှုခရီးစဉ်အတွက် စမ်းသပ်ပျံသန်းခဲ့ခြင်းဖြစ်သည်။

လေယာဉ်ကို ကာဗွန်ဖိုင်ဘာသားဖြင့် ပြုလုပ်ပြီး အရွယ်အစားမှာ အဲယားဘတ်စ် A340 လေယာဉ်အရွယ်ရှိသော်လည်း အလေးချိန်မှာ မိသားစုသုံးကားတစ်စီး၏ အလေးချိန်သာ ရှိသည်ဟုဆိုသည်။ Solar Impulse လေယာဉ်ပျံသန်းရေးစီမံကိန်းကို ၂၀၁၃ တွင် မိုးပျံပူဖောင်းပညာရှင် မစ္စတာပီးကက်နှင့် ဆွစ်လူမျိုး လေယာဉ်မှူး အင်ဒရေဘော့ရှ်ဘတ်တို့က စတင်ခဲ့ခြင်းဖြစ်သည်။

*—Ref: BBC*




Photo - AFP






# Commodity Watch

7DAY NEWS JOURNAL
Vol.11, No.14 ▪ JUNE 14 , 2012

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 2.6 (1155) (G620) | 51,850 |
| Intel P4 Core i3 3.1 GHz (1155,2100) | 96,050 |
| Intel P4 Core i5 3.1 GHz (1155)(3450) | 158,950 |
| Intel P4 Core i7 3.1 GHz (115,2600) | 240,550 |
| **Motherboard** | |
| MSI G41M-P28 (775) | 51,850 |
| MSI H67MA-E35(1155) | 85,850 |
| MSI Z77A-GD45(1155) | 161,500 |
| ASUS P877-V Pro(1155) | 215,050 |
| ASUS P8H61MLX Plus (1155) | 56,100 |
| ASUS P8H61 Pro (1155) | 80,750 |
| ASUS P8H61 USB3 (1155) | 76,500 |
| ASUS P877-MLE (1155) | 101,150 |
| Gigabyte G41MT-S2 (775) | 51,000 |
| Gigabyte H61M-S2(B3)(1155) | 63,750 |
| Gigabyte H67M-D2(B3)(1155) | 76,500 |
| **PC Memory** | |
| 2 GB DDR3 (1333) Kingston | 12,750 |
| 4 GB DDR3 (1333) Kingston | 21,250 |
| **Harddisk** | |
| 500 GB Western Digital SATA | 72,250 |
| 1TB Seagate SATA | 97,750 |
| 2TB Seagate SATA | 124,950 |
| **PCI Express Card** | |
| MSI N430GT 2GB PCI Express Card | 65,450 |
| ASUS ENGTX520 1GB PCI Express Card | 45,900 |
| ASUS ENG 430 1GB PCI Express Card(64 bit) | 51,850 |
| ASUS EHA 6850 1GB DDR5 PCI Express Card | 154,700 |
| ASUS EAH 5450 1GB DDR3 PCI Express Card | 35,700 |
| ASUS EAH 5450 512MB PCI Express Card | 30,414 |
| Gigabyte Geforce 210 TC 1GI 1GB PCI Express Card | 35,000 |
| Gigabyte ATI RedeonHDR6450 1GBD3 PCI Express Card | 55,250 |
| **Memory Stick** | |
| TOSHIBR 4GB | 6,000 |
| Silicon Power 4GB (322) | 5,034 |
| Silicon Power 4GB (836) | 5,034 |
| Kingston 4GB | 4,500 |
| Kingston 8GB | 6,500 |
| Kingston 16GB | 13,000 |
| Kingston 32GB | 26,500 |
| **UPS** | |
| Numeric (600VA) UPS | 36,550 |
| Numeric(1000VA) UPS | 68,000 |
| SVC (600VA) UPS | 29,000 |
| SVC (1200VA) UPS | 59,000 |
| Power Pro (650VA)UPS | 34,500 |
| Power Pro (1200VA)UPS | 63,000 |
| Power Tree (650VA)UPS | 35,000 |
| Power Tree (1250VA)UPS | 60,000 |
| **DVD Writer** | |
| ASUS DVD Writer (SATA) | 21,250 |
| HP DVD Writer SATA | 22,000 |
| Liteon DVD Writer SATA | 22,950 |
| အိတ်ဆောင်တိပိဋကအဘိဓာန် | 160,000 |

Technoland ဆိုင်မှ ဇွန်လ(၉) ရက်က ကောက်ယူထားသော ဈေးနှုန်းဖြစ်သည်။

## Note Book

| Acer | |
|---|---|
| Intel Core i7 2.0Ghz 4GB DDR3,640 HDD,1GB VGA,14.0" | 640,000 |
| Intel Core i5 2.30Ghz 4GB DDR3,640 HDD,1GB VGA,14.0" | 528,000 |
| Intel Core i3 2.10Ghz 2GB DDR3,500 HDD,14.0" | 399,000 |
| Intel DualCore 1.6Ghz 2GB DDR3,640 HDD,256VGA,14.0" | 338,400 |
| Intel Atom 1.66Ghz 2GB DDR3, 320GB HDD,10.1" | 256,000 |
| **Dell** | |
| Intel Core i7 2.0Ghz 6GB DDR3, 640 HDD,1GB VGA,15.6" | 880,000 |
| Intel Core i5 2.30Ghz 6GB DDR3, 640 HDD, 15.6" | 552,000 |
| Intel Core i3 2.10Ghz 4GB DDR3, 500 HDD, 14.0" | 488,000 |
| Intel Atom 1.66Ghz 1GB DDR3, 250 HDD, 10.1" | 304,000 |
| **Lenovo** | |
| Intel Core i7 2.10Ghz 8GB DDR3,750 HDD,2GB VGA,15.6" | 847,200 |
| Intel Core i5 2.3Ghz 2GB DDR3,750 HDD,1GB VGA,14" | 535,200 |
| Intel Core i3 2.2Ghz 2GB DDR3,500 HDD, 14" | 407,200 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Toshiba (LCD) | 32BX10T | 205,000 |
| Panasonic(LCD) | 32SC4S | 240,000 |
| Sony (LCD) | 32BX | 250,000 |
| Toshiba (TV) | LZE 21-28 | 90,000 |
| **DVD** | | |
| EVD (coeco) | 8082 | 19,000 |
| EVD(Sony) | DVK75 | 19,000 |
| LG | DV276 | 19,000 |
| EVD (AEK) | 8TMI | 30,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 160,000 |
| Sanyo | SR811 | 450,000 |
| Hitachi | 19AGV7 | 225,000 |
| Panasonic | NR.BT223 | 225,000 |
| **Washing** | | |
| Panasonic | XPB-90-99885 | 130,000 |
| | MAS 70 V2 | 180,000 |
| Toshiba | 120 R | 120,000 |

မှတ်ချက်– အထက်ပါဈေးနှုန်းများမှာ ဇွန်လ(၉) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့်OK မြန်မာဆိုင်တို့မှကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၄,၉၅၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၄,၈၀၀ |
| ဘိလပ်မြေ (မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၀၀၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၄,၆၅၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၁၀၅ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၈၈ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၁၀၀ |
| အုတ် (၁၀ ပေါက်အုတ်)(အထိုင်ဈေး) | တစ်လုံး | ၂၀၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၃,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၇,၅၀၀ |
| ကျောက် | တစ်ကျင်း | ၅၇,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၆၆၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၇၂၀-၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၁,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၉၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.4mm) | ၁ ပေ | ၁,၁၀၀ |
| Posco ကြယ်စိမ်း(၆။၇။၈ ပေ) | ၁ ပေနှုန်း | ၄၉၀ |
| Posco ကြယ်စိမ်း(၉။၁၀ ပေ) | ၁ ပေနှုန်း | ၄၉၅ |
| Posco ကြယ်စိမ်း(၁၁။၁၂ ပေ) | ၁ ပေနှုန်း | ၅၀၀ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ ၆။၇။၈။၉။၁၀။၁၁။၁၂) | ၁ ပေ | ၅၃၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် ၆။၇။၈) | ၁ ပေနှုန်း | ၃၁၅ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၀၀ |

အထက်ပါဈေးနှုန်းများမှာ ဇွန်လ(၉) ရက်တွင် ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(အင်းသီး) | ၁ သေတ္တာ | ၄,၀၀၀ ဝန်းကျင် |
| ပန်းဂေါ်ဖီ | ၁ ထုပ် | ၄၀၀-၆၅၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၄၀၀-၅၀၀ |
| မုန်လာဥနီ | ၁ ပိဿာ | ၁,၂၀၀- ၁,၅၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၁,၀၀၀ |
| ခရမ်းသီး | ၁ လုံး | ၄၀-၈၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၃,၀၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၁,၀၀၀-၁,၂၀၀ |
| ငရုတ်သီး(ပီနံ) | ၁ ပိဿာ | ၂,၄၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၂,၀၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၁,၀၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ ဇွန်လ(၉) ရက်က ကောက်ယူထားသောလက်ကားဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၇၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၂၀၀ |
| ဆန်(ဇီယာ) | တစ်ပြည် | ၅၀၀-၉၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၆၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၈၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၃၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၅၅၀-၇၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၅၀၀-၂,၀၀၀ |
| သကြား | တစ်ပိဿာ | ၁,၁၀၀-၁,၂၅၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၂၀၀ |
| အာလူး | တစ်ပိဿာ | ၇၀၀-၈၀၀ |
| နို့ဆီ | တစ်ဘူး | ၆၀၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၅၅၀-၇၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၈၀-၉၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၃၅၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၅၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၂,၀၀၀-၄,၃၀၀ |
| ငါးခူ | ၁ ပိဿာ | ၂,၅၀၀-၄,၃၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၂,၀၀၀-၄,၅၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၂,၅၀၀-၄,၅၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၅၀၀-၂,၀၀၀ |
| ငါးရှဉ့် | ၁ ပိဿာ | ၂,၀၀၀-၄,၅၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၂၀၀-၁,၆၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၃,၂၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၂၀၀-၁,၈၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၃,၅၀၀-၂၈,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၇၀၀-၂,၈၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၀၀၀-၃,၄၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၅၀၀-၆,၅၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၅၀၀-၅,၅၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၂,၅၀၀-၈,၅၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၂,၀၀၀-၄,၅၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၁,၆၀၀-၂,၅၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၅၀၀-၄,၅၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၆,၅၀၀-၇,၅၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၇,၅၀၀-၁၀,၀၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၃,၀၀၀-၂၇,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀-၃,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၀၀၀-၁,၅၀၀ |

ဇွန်လ(၉) ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ | ဒီဇယ် | Octane ဒီဇယ် | Premier ဒီဇယ် |
|---|---|---|---|---|
| June(3) | 3,550 | 3,950 | 4,100 | 4,100 |
| June(4) | 3,550 | 3,950 | 4,100 | 4,100 |
| June(5) | 3,550 | 3,950 | 4,100 | 4,100 |
| June(6) | 3,550 | 3,950 | 4,100 | 4,100 |
| June(7) | 3,550 | 3,950 | 4,100 | 4,100 |
| June(8) | 3,550 | 3,950 | 4,100 | 4,100 |
| June(9) | 3,550 | 3,950 | 4,100 | 4,100 |


ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းများပြောင်းလဲမှု အနည်းငယ်ရှိနိုင်သည်။

7 DAY NEWS JOURNAL
Vol.11, No.14 • JUNE 14 , 2012

# Puzzle&Classified

# 7DAY PUZZLE

**ပဟေဠိ အမှတ်စဉ်(၁၈၆)**



**အလျားလိုက်**

၅။ ကြည်နူးချမ်းမြေ့ဖွယ်ရာနေရာအဖြစ် တင်စားကြတဲ့ဥယျာဉ်တစ်ခု

၆။ ထိခိုက်ဒဏ်ရာရပြီးမှအောင်ပွဲခံရတဲ့ အားကစားနည်းတစ်မျိုး

၈။ အားပေးသူများခြင်းကြောင့် ထိပ်ဆုံးရောက်နေဆဲဈေးကွက်တစ်ခု

၉။ အခြေခံလူတန်းစားအများစုနဲ့မကင်းတဲ့အရာတစ်ခု

၁၁။ အသက်အရွယ်မရွေးကြုံတွေ့ရတဲ့စိတ်ခံစားမှု

၁၂။ ကူးယူရေးသားခြင်း

**ဒေါင်လိုက်**

၁။ ကြီးထွားနေတဲ့ဈေးကွက်တစ်ခု

၂။ ကမ္ဘာ့နိုင်ငံအားလုံး အလေးထားကြတဲ့အကြောင်းကိစ္စတစ်ခု

၃။ လူအများစုလုပ်ကိုင်လေ့ရှိကြတဲ့ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းတစ်ခု


၄။ ဘယ်အရာကိုမဆိုတရားမဝင်ရောင်းချတဲ့နေရာတစ်ခု

၇။ ဝန်ထမ်းတိုင်းလိုလိုကြုံဆုံရတဲ့အချိန်

၁၀။ ကောင်းမွန်စွာအသက်ရှူဖို့အတွက်အရေးပါဆုံးအရာ

**ပဟေဠိ အမှတ်စဉ်(၁၈၅) အတွက် အဖြေမှန်သူမရှိပါ**

**ပဟေဠိ အမှတ်စဉ်(၁၈၅)အဖြေမှန်**




**အမည်** .................................... **မှတ်ပုံတင်အမှတ်** ....................................

**နေရပ်လိပ်စာ** ..........................................................................

အချိန်မီပေးပို့လာသော အဖြေမှန်သူများထဲမှ SMART Dictionary ၏ ပံ့ပိုးကူညီမှုဖြင့် အဖြေမှန်သူ (၇)ဦးကို မဲနှိုက်ရွေးချယ်ပြီး၊ ထိုထဲမှတစ်ဦးကို ထပ်မံမဲနှိုက်ရွေးချယ်ကာ SMART Electronic Dictionary ချီးမြှင့်မည်ဖြစ်ပြီး ကျန်၆ ဦးကို 7Day News မှ မေတ္တာလက်ဆောင်ဆုများ ချီးမြှင့်မည်ဖြစ်ပါသည်။ Puzzle မေးခွန်းများကို ယခင်အပတ်ထွက်ရှိပြီး 7Day News မှသတင်း၊ ဆောင်းပါးများမှ စကားစုများ၊ စာလုံးများအပြင် ပြင်ပဉာဏ်စမ်းမေးခွန်းတစ်ခုစီ ထည့်သွင်းမေးမြန်းမည်ဖြစ်ကြောင်း Puzzle ဝါသနာရှင်များသို့ အသိပေးအပ်ပါသည်။ အဖြေလွှာများကိုမူရင်းသာလက်ခံမည်ဖြစ်ပြီး၊ နယ်ဝေးမှ ဖြေဆိုသူများမှာ Fax ဖြင့် ပေးပို့နိုင်သည်။

**အဖြေလွှာများကို ၁၅-၆-၂၀၁၂ သောကြာနေ့၊ မွန်းလွဲ ၂နာရီနောက်ဆုံးထား၍ ဂျာနယ်တိုက်သို့ပေးပို့ရမည်။**

ဤအစီအစဉ်ကို **Electronic Dictionary** မှ ပံ့ပိုးကူညီပါသည်။


# Free Classified

## အခမဲ့ ကြော်ငြာကဏ္ဍ

**ခရုအိမ်**

အဆင့်မြင့်ခန်းဆီးလိုက်ကာနှင့် ကုရှင်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း။ တိုက်-A, G-5, Pearl Condo, ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်။

**PH:09-73037776, 09-73204374**

**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်**

သန်လျင်မြို့နယ်၊ မြို့ဟောင်းအရှေ့ရပ်ကွက်၊ သောက်တော်တွင်းလမ်းသွယ် ၃၀'×၇၀'(ပျဉ်ထောင်နှစ်လုံးပါ)နှင့်၄၅'×၇၅'(ပျဉ်ထောင်တစ်လုံး)မြေကွက်။

**ဖုန်း- ၀၉ ၅၀၉၁၇၈၀**

**ရောင်းမည်**

BRAND NEW CONDITION, HONDA INSIGHT HYBRID 2009 Model (1800 Km/ Grade 6 AA) Silver Colour, 4D/5....

**Ph: 09 5175776**

**English (U.M.N)**

အင်္ဂလိပ်စကားပြော (၃)လအတတ် Visa, Job Interview, IELTS, SEAMEN For General English.

**Ph: 09 5006680**

**မြေကွက်ရောင်းမည်**

နေပြည်တော်ပျဉ်းမနားမြို့တွင်းရှိ စီးပွားရေးလုပ်ကိုင်ရန် သင့်လျော်သော မြေကွက်ကျယ်ကို တစ်စတုရန်းပေလျှင် ငွေကျပ်နှစ်သောင်းနှုန်းဖြင့် ရောင်းလိုပါသည်။

**ဖုန်း- ၀၉ ၄၉၂၀၃၀၃၀**

**သင်ကြားသည်**

Grade 11 ဇီဝဗေဒဘာသာရပ် တစ်ဦးချင်းမှ စာသင်ဝိုင်းများ စနစ်တကျ(သင်၊ကျက်၊မေး၊စစ်)သင်မည်။

**ဖုန်း- ၀၉ ၄၅၀၀၂၂၉၆၉**

**မိုမိုကို အလှပြုပြင်ရေး**

ဆံပင်ကောက်၊ ဖြောင့်၊ ခေါင်းလျှော်၊ ညှပ်၊ မျက်နှာပေါင်းတင် စသည်တို့ကို သက်သာသောနှုန်းထားဖြင့် စိတ်တိုင်းကျဝန်ဆောင်မှုပေးသည်။

**ဖုန်း- ၀၉ ၄၉၂၉၃၅၁၅**

**သင်တန်း**

ကိုရီးယား Grammar 4 Skills, EPS-TOPIK (မေးခွန်း ၂၀၀၀)၊ TOPIK (သံရုံးစာမေးပွဲ)မေးခွန်းဟောင်းများကို သင်ကြားသည်။ ဒေါ်စုဝင်းမော် B.A(Korean)

**ဖုန်း- ၀၉ ၄၃၁၃၅၀၈၈**

**Student Guide**

သူငယ်တန်းမှဆယ်တန်း(တက္ကသိုလ်ဝင်တန်းထိဘာသာစုံဆရာဝန်ကိုယ်တိုင်သင်မည်။

**ဖုန်း- ၀၉ ၅၄၁၃၉၀၇**

**ဝန်ဆောင်မှု**

Colorstones ဗလာစာအုပ်များကို 6dz အထက်မှာယူပါက ရန်ကုန်မြို့တွင်း အိမ်အရောက် ပို့ပေးပါသည်။

**ဖုန်း- ၀၉ ၇၃၀၇၇၂၃၃**

**သင်ကြားသည်**

သူငယ်တန်းမှ ဒုတိယတန်းကျောင်းသူ၊ ကျောင်းသားများအတွက် အိမ်အရောက်စာသင်ပေးခြင်း၊ Study Guide လုပ်ပေးသည်။

**ဖုန်း- ၅၈၄၉၃၃**

**တိုက်ခန်းရောင်းမည်**

-ဝေဇယန္တာလမ်းမပေါ် 1F, (15'x 60'),1BR, ကြွေပြားခင်း 430ls ပြင်ဆင်ပြီး။

-စမ်းချောင်း၊ မအူပင်လမ်း GF, (18'x50')Hall, 2.5ls

**Ph: 09 420063858**

**သင်ကြားသည်**

သူငယ်တန်းမှ ဆယ်တန်းအထိ ကျက်စာဝိုင်း၊ ၉ တန်းနှင့် ၁၀ တန်း ကျက်စာသီးသန့်Guide၊ မူလတန်းဘာသာစုံ၊ အလယ်တန်း ကျက်စာ Guide။

**ဖုန်း- ၀၉ ၄၂၀၁၃၁၇၈**

**စာသင်ဝိုင်း**

၁၀တန်း သင်္ချာသီးသန့်၊ သင်ရိုးကုန်၊ မေးခွန်းဟောင်းစုံ၊ အိမ်အရောက်စာသင်ဝိုင်း

**ဖုန်း- ၀၉ ၅၁၃၄၅၅၈**

**သင်ကြားသည်**

၃တန်းမှ ၈တန်းအထိ သင်္ချာသီးသန့်နှင့် ၄၊ ၅၊ ၆တန်း ဘာသာစုံ Guide အိမ်လိုက်သင်ကြားသည်။

**ဖုန်း- ၀၉ ၄၂၀၀၀၂၃၀၀**

**ဝန်ဆောင်မှု**

ဂျပန်မြက်၊ ဘဲစားမြက်၊ သစ်ပင်၊ ပန်းခြံအလှစိုက်ပေးခြင်း။ ခြံမြေအတွင်း ဂေါက်ကွင်းတည်ဆောက်ပေးခြင်းတို့ကို ပြုလုပ်ပေးသည်။

**ဖုန်း- ၀၉ ၄၂၀၈၇၆၆၈**

**Special Study Guide**

တက္ကသိုလ်ဝင်တန်း ဘာသာစုံ Special study guide တစ်ဦးချင်း အိမ်လိုက်သင်သည်။

**ဖုန်း- ၀၉ ၄၃၁၈၄၀၉၄**

**Music သင်တန်း**

စန္ဒရား၊တယော၊ဂစ်တာ၊ဒရမ်တစ်ဦးချင်း အတတ်သင်သည်။ ကလေးများနှင့် အမျိုးသမီးများအတွက်လည်း သီးသန့်သင်တန်းရှိသည်။

**ဖုန်း- ၀၉ ၄၂၀၅၅၀၈၈**

**IGCSE Physics Class**

2013 May Exam ဖြေမည့်ကျောင်းသားများအတွက် ပုံမှန်တန်းခွဲနှင့် အနီးကပ်တန်းခွဲများကို May လတွင် ဖွင့်လှစ်ပါမည်။

**ဖုန်း- ၀၉ ၈၅၈၁၇၆၁**

**တိုက်ခန်းရောင်းမည်**

ပထမထပ်(ပြင်ဆင်ပြီး) သမာဓိလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ ပိုင်ရှင် ကိုယ်တိုင်ရောင်းမည်။

**ဖုန်း- ၀၉ ၅၁၁၅၃၆၈**

**Guide လုပ်ပေးသည်**

GTC (1st Year to BE), (Civil, Mechanical) ဘာသာစုံ Guide လုပ်ပေးသည်။

**ဖုန်း- ၀၉ ၇၃၀၃၇၁၅၄**

**သင်ကြားသည်**

English 4 Skills အထူးအိမ်လိုက်သင်ကြားပေးသည်။

**ဖုန်း- ၀၉ ၅၀၈၀၇၂၀**

**သင်သည်**

၉၊ ၁၀ တန်း(ဘောဂဗေဒသီးသန့်) စာသင်သက်(၁၀)နှစ်ကျော်ရှိEco, MPA, DBL, DCS ဆရာမှ တစ်ဦးချင်း/အဖွဲ့လိုက်သင်သည်။

**ဖုန်း- ၀၉ ၄၂၀၀၈၃၉၁**

**Easy Mobile**

ဖုန်းအဝယ်မမှားရအောင်ဈေးနှုန်းကို ဦးစွာစုံစမ်းပါရန် မေတ္တာရပ်ခံပါတယ်။

**ဖုန်း- ၀၉ ၇၃၀ ၂၁၀၁၁**

**ရောင်းမည်**

လှိုင်သာယာမြို့နယ်၊ မလိခလမ်း၊ အခွန်လွတ်ဈေးရှေ့ပေ(၂၀×၂၀၀)၊ လက်ရှိအဆောင်ငှားထားသည်။

**ဖုန်း- ၀၉ ၇၃၀၅၉၀၇၀**

**သင်ကြားသည်**

၈၊ ၉၊ ၁၀ တန်း တစ်ဦးချင်း၊ ဝိုင်း အတတ်သင်သည်။

**ဖုန်း- ၂၄၃၃၂၄**

**ဘာသာစုံ Guide**

ဆယ်တန်းတွင် 3D, 4D ရခဲ့သော ကျောင်းသူနှစ်ဦးက ကျောင်းသား၊ သူများကို ထူးချွန်စွာအောင်မြင်ရန် Guide လုပ်ပေးပါမည်။ မကြာငုံခင်၊ မသဉ္ဇာအောင်

**ဖုန်း- ၄၀၀၉၃၁**

**အမြန်ရောင်းမည်**

မြေကွက်အမြန်ရောင်းမည်။ အကွက်ကြီးအမှတ် (၈၀)၊ ဒဂုံဆိပ်ကမ်းမြို့နယ်။ မြေကွက်အမှတ် (၆၅၃)၊ အကျယ် ပေ(၄၀×၆၀)၊ ဂရန်ပါပြီး။

**ဖုန်း- ၀၉ ၄၉၂၁၄၀၄၃၁**

**ဂုဏ်ရတနာ**

အုတ်၊သဲ၊ကျောက် အိမ်ဆောက်ပစ္စည်းမျိုးစုံတို့ကို NGOနှင့် ဘာသာရေးအတွက် အထူးရောင်းချပေးပါမည်။

**ဖုန်း- ၅၅၃၃၁၉**

**သင်ကြားသည်**

၅တန်းမှ ၁၀တန်းထိ Teaching (or) Study Guide လုပ်ပေးသည်။ ဇီဝဗေဒ အထူးသင်သည်။

**ဖုန်း- ၀၉ ၄၂၀၀၁၆၆၀၅**

**Vector Education Services**

England နိုင်ငံတွင် ပထမဆုံး ဖွင့်လှစ်သည့် မြန်မာနိုင်ငံသား၊ (UK) Graduateများ ဦးစီးသော နိုင်ငံတကာစံချိန်မီအဆင့်မြင့်အထက်တန်းအဆင့် ဘော်ဒါဆောင်။

**Ph: 09 5161943**

**09 8635517**

**ကြောင်ရောင်းမည်**

အမွေးပွ Persian ကြောင်ပေါက်လှလှလေးများ ရောင်းရန်ရှိသည်။

**ဖုန်း- ၀၉ ၄၂၀၀၁၆၈၃၁**

**သဘာဝသမားတော်**

အသည်း အထူးကုဆေးခန်း၊ အသည်းရောင် ဘီပိုး/စီပိုး၊ အသည်းကြီး၊ အသည်းခြောက်၊ရေဖျင်း၊ အသည်းအဆီဖုံး။

**ဖုန်း- ၀၁-၆၄၄၀၉၀**

**ရောင်းမည်**

မရမ်းကုန်း၊ ခဝဲခြံမှတ်တိုင်အနီး (၉၄×၁၇၅ပေ) ဘိုးဘွားပိုင်၊ မီတာ(၅)လုံးပါ။

**ဖုန်း- ၀၉-၇၃၀၈၇၆၈၇**

**ငှားသည်**

မြို့တွင်း/မြို့ပြင် ကားမျိုးစုံ စီးလုံးငှားသည်။

**ဖုန်း- ၀၉-၅၀၄၆၇၂၄**

7 DAY NEWS JOURNAL
Vol.11, No.14 ▪ JUNE 14 , 2012

# စာ(၂၆) အရိုင်းမှအယဉ်၊ အယဉ်မှ အရိုင်း မှ

တောအရိုင်းမြေကိုစိုက်ဖြစ်၊ ပျိုးဖြစ်၊ စိုက်နိုင်၊ ပျိုးနိုင်အောင် မြေအရိုင်းကို မြေယဉ်ဖြစ်အောင် လုပ်ရ၏။ ဒီနေရာ၊ ဒီခင်တန်း၊ ဒီလျှို၊ ဒီမြောင်၊ ဒီကွင်းကဖြင့်စိုက်ပျိုးရန် သင့်တော်တန်ကောင်းရဲ့ဟု မြေနေရာရွေးချယ်သတ်မှတ်မည်။ ပြီးတော့ တောအရိုင်းမြေပေါ်မှာ ရှိနေသော သစ်ပင်ချုံနွယ်ပိတ်ပေါင်းများကို ရှင်းလင်းရန် လက်မှာကိုင်ထားသော ဓားမထိပ်ဦးကို မြေမှာစိုက်ချလိုက်သည်ကို ဓားမဦးချမြေဟုခေါ်ခြင်းဖြစ်သည်။

မယ်ငွေဥကိုယ်တိုင် ဘိုးဘွားလက်ထက်က လုပ်ကိုင်စားသောက်လာသော မြေကွက်ကို ဖခင်ဖြစ်သူနှင့်အတူ ဧကဝက်ခန့်တိုးချဲ့ရာတွင် လုပ်ကိုင်ဖူးသည်။ သစ်ပင် ချုံနွယ်ပိတ်ပေါင်းရှင်းရသည်။ အမြစ်လှန်ရသည်။ ငုတ်ကျန်တူးရသည်။ ခုတ်ပြီးသား ချုံပင်ကိုင်းပင်တွေကို အခြောက်ခံ မီးရှို့ရသည်။ ကျောက်တုံး၊ ကျောက်ခဲဖယ်ရသည်။ ကျောက်ခဲဖယ်သည့်အလုပ်ကို လွယ်လွယ်မထင်သင့်။ မြေအမျိုးအစားကိုလိုက်၍ ကျောက်တုံး၊ ကျောက်ခဲကြီးကြီး ငယ်ငယ် ရွယ်ရွယ် လတ်လတ် ဆိုဒ်ကြီး၊ ဆိုဒ်သေးမျိုးစုံကို တူရွင်းနှင့် တူးတန်တူး။ ပေါက်တူးနှင့် ပေါက်တန်ပေါက်။ ပေါက်ချွန်းနှင့် နှက်တန်နှက်။ ပုဆိန်နှင့်ခွဲတန်ခွဲ။ ကုတ်နှင့်ကော်တန်ကော်။ တွန်းတန်တွန်း။ မ တန်မ။ လယ်မြေယာမြေအစွန်းထိ လူအား၊ နွားအားနှင့်ပို့ရသည်။ ကုန်းကမူအဖုအထစ်ကိုမြေညှိရသည်။ ထယ်ထိုးရသည်။ ထယ်အထပ်ထပ်ထိုးပြီးမှ ထွန်းလိုက်ရသည်။ မြေအရိုင်းမှ အယဉ်ဖြစ်အောင် လုပ်ကြရသည်မှာ ခက်ခဲပင်ပန်းလှသည်။ တစ်နေ့တစ်ရက်နှင့် မပြီး။ တစ်လ၊ တစ်နှစ်နှင့် မပြီးတာမျိုးလည်း ရှိနိုင်သည်။ တစ်ခါတစ်ရံ တစ်နှစ်မှ သုံးနှစ်အထိ အချိန်ယူကြရသည်။ လူရောနွားပါ စိတ်ရှည်သည်းခံရုန်းကြရသော အလုပ်မျိုးဖြစ်သည်။

လူတို့သည် ကြီးကျယ်ခမ်းနားသော ဘဝကိုရလျှင် မိမိစားသော အာဟာရထမင်း၊ ပေါင်မုန့်ဘယ်ကလာသည် မသိတတ်ကြတော့။ ထမင်းကား ထမင်းအိုးထဲက လာသည်။ Rice Cooker ထဲကလာသည်။ ပေါင်မုန့်ကား ပေါင်မုန့်ဖိုထဲက လာသည်။ စူပါမားကက်ကလာသည်ဟု ထင်နေသူတွေ ရှိကောင်းရှိနိုင်၏။ ထမင်းကားလယ်ကွင်းထဲက လာ၏။ ပေါင်မုန့်ကား ဂျုံခင်းထဲက လာ၏။ မိမိစားသောအာဟာရတို့၏ မူလဘူတဇာတိသည် လယ်သမား ယာသမားတို့၏ လုပ်အားဘဝဆီကလာ၏။ ရွှံ့တော၊ ဗွက်တော၊ မြေတော၊ ကင်းတော၊ ဆူးတော၊ ညှောင့်တော၊ မျှော့နက်တောက လာ၏။

မေးကြည့်၊ မြန်းကြည့်၊ စုံစမ်းကြည့်၊ လေ့လာကြည့်၊ ကိုယ်တိုင်တစ်ကွက် တစ်ဧက ပြုပြင်ယူကြည့်။ မြေအရိုင်းမှ မြေအယဉ်ဖြစ်အောင် ရှေးဟောင်းနည်းဖြင့် ပြုပြင်မလား။ ခေတ်သစ်စက်ကိရိယာများဖြင့် ပြုကြ၊ ပြင်ကြမလား။ မြေပြု၊ မြေပြင်စရိတ် တစ်ဧကလျှင် ကျပ်ငွေသုံးသိန်းမှ ငါးသိန်းအထိ ကုန်ကျနိုင်သည်။ မြန်မာပြည်မှာစိုက်ပျိုးနိုင်သော မြေ၏ ထက်ဝက်သာ ပြုပြင်ရသေးသဖြင့် နိုင်ငံတကာက စိုက်ပျိုးရေးရင်းနှီးမြှုပ်နှံရန်ပင် စိတ်ဝင်စားကြသည်ဟုလည်း ကြားရသည်။ စိုက်ပျိုးနိုင်သော မြေတွေရှိလျက် မစိုက်မပျိုးနိုင်သေးတာ မကောင်း။ စိုက်ပျိုးနိုင်တာ ကောင်း၏။ များများစိုက်၊ များများထွက်လျှင် တိုင်းသူပြည်သားလူအများတို့ ပေါပေါများများ စားရသည်ပေါ့။ ပိုလို့၊ လျှံလို့ ပြည်ပကို ရောင်းချကြရလျှင် တိုင်းပြည်ဝင်ငွေတိုးသည်ပေါ့။ ပြည်တွင်းကဖြစ်ဖြစ် ပြည်ပကဖြစ်ဖြစ် ငွေထုပ်ပိုက်ပြီး လယ်ယာစိုက်ပျိုးရေးအလုပ်ကို စက်ယန္တရားတွေနှင့် ခေတ်မီမီလုပ်နိုင်ကြလျှင် ကောင်းသည်ပေါ့။ အလွန့်အလွန်ကောင်းသည်ပေါ့။ လူသာခုခေါ်၊ နတ်သာခုခေါ် ကိစ္စပေပဲ။ ဘာတဲ့။ ဘာတဲ့။ ဂျီဒီပီတိုးသည်ပေါ့။ တစ်ဦးချင်း ဝင်ငွေ တိုးသည်ပေါ့။ တစ်နိုင်ငံလုံး ဝင်ငွေတိုးသည်ပေါ့။ ဂျီဒီပီ တိုးတက်ဖို့ကို မယ်ငွေဥတို့လည်း လိုလားပါ၏။ တောင့်တပါ၏။ ကြိုဆိုပါ၏။

သို့သော်၊ -သို့သော် --

ငွေရှင်၊ ကြေးရှင် သူဌေးခွင်ကျသူများ ငွေပေါလွန်းလျှင် (သို့တည်းမဟုတ်) ဒီထက်ပို၍ ချမ်းသာလိုလျှင် (သို့တည်းမဟုတ်) ကိုယ့်လောဘ ကိုယ်မသတ်တတ်လျှင် မြေရိုင်းကို မြေယဉ်ပြင်၍ စိုက်ကြပျိုးကြသင့်သည်။ မူလတောင်သူများဘိုးစဉ်ဘောင်ဆက် အရိုင်းမှ အယဉ်သို့ ပြင်ယူခဲ့ရသော မြေများကို ခြံခတ်သိမ်း။ ငုတ်စိုက်သိမ်း။ ဝင်းခတ်သိမ်းယူကြသည်ကိုတော့ သင့်၏ မသင့်၏ တွေးတောသင့်သည်။ လုပ်ထိုက်၏၊ မလုပ်ထိုက်၏ စဉ်းစားသင့်သည်။ တရား၏၊ မတရား၏ ဆင်ခြင်သင့်သည်။

ငယ်စဉ်က မယ်ငွေဥတို့ရွာမှာ ဦးကြီးသာထွန်းဆိုသော ဦးကြီးတစ်ယောက်ရှိဖူးသည်။ ဦးကြီးသာထွန်းကား ရိုင်းဖြောင့်သူ ဖြစ်သည်။ ကိုယ်တိုင် တရားနှင့်အညီနေထိုင် ကျင့်ကြံတတ်သလို သူတစ်ပါး မတရားသဖြင့် လုပ်လျှင်လည်း တုတ်ထိုးအိုးပေါက် ဒွဲဒိုးကြီး ဝေဖန်ထောက်ပြတတ်သည်။

တစ်ခါက သူ၏ငယ်ပေါင်းသူငယ်ချင်း တစ်ယောက် သူတစ်ပါး ဇနီးမယားနှင့် သတင်းသဲ့သဲ့ကြားသောအခါ "မင်းနှယ်ကွာ လွတ်လွတ်ကင်းကင်း ကြံစမ်းပါ။ မလွတ်မကင်းကြီးဆိုတော့ မင်းကွာ. . . ဟင်းဟင်း. . မယားခိုး" ဟု ဆိုသတည်း။ ဟုတ်၏။ မှန်၏။ မည်သည့် အလုပ်ဖြစ်ဖြစ် သူတစ်ပါးကို မထိခိုက်စေသင့်။ လွတ်လွတ်ကင်းကင်း ကြံသင့်လှ၏။

မြန်မာပြည်မှာ မြေတွေ ပေါမှ ပေါ။ များမှ များ။ စိုက်ပျိုးနိုင်သော မြေ၏ထက်ဝက်ခန့်သာ ရှေးနည်းရိုးရာဖြင့် တောင်သူလယ်သမားများ လုပ်ကိုင်စားရသေးသည်။ မြေလွတ်မြေရိုင်းတွေ ရှိသည်။ ရေနက်ကွင်းတွေ ရှိသည်။ ပလပ်မြေတွေ ရှိသည်။ ကြေးတိုင်နှင့် မြေစာရင်းက ပိုင်သလား။ သစ်တောလက်အောက်မှာ ရှိသလား။ သက်ဆိုင်သူများနှင့် ညှိနှိုင်းဆောင်ရွက်လျှင် ဖြစ်နိုင်သည်။ စီမံခန့်ခွဲမှုသာ လိုသည်။ ငွေရှိလျှင် လုပ်ကြပါ။ ငွေရှင်တွေ၊ မြေလွတ်မြေရိုင်းတွေ ပြုပြင်ယူကြလျှင် အလုပ်လက်မဲ့တွေ အလုပ်ပေးရာ ရောက်မည်။ မရှိဆင်းရဲသားတွေကို မျှဝေရာ ကျမည်။ ယခုကဲ့သို့ ဆင်းရဲသူ ဆင်းရဲသား၊ တောင်သူလယ်သမားများ လုပ်ကိုင်စားသောက်ဆဲ မြေကို အတင်းအဓမ္မ သိမ်းယူကြပြီးမှ စီးပွားဖြစ်လုပ်ကိုင်ကြမည်ဆိုလျှင် ဒီပွဲကြည့် မကောင်းသူဟုဆိုချင်သည်။ သေသေချာချာ လေ့လာကြည့်တော့ မြေသိမ်း၊ ယာသိမ်း၊ လယ်မြေသိမ်းကိစ္စကား ဒေသတစ်ခုတည်း မဟုတ်တော့။ မြန်မာပြည့်အနှံ့အပြား နေရာဒေသတွင်းမှာဖြစ်နေသည်။ ဧကသောင်းနှင့်သိန်းနှင့် ချီပြီး လယ်သိမ်း ယာသိမ်း သတင်းတွေ၊ သတင်းဂျာနယ်အမျိုးမျိုးမှာ ဖတ်မကုန်၊ မှတ်မကုန်တော့။ နိုင်ငံမှာ ၈၀ ရာခိုင်နှုန်းခန့်သော လူများစုကြီးမှာ ကျေးလက်နေ တောင်သူလယ်လုပ် ဓားမခုတ်တွေသာ ဖြစ်သည်။ သူတို့လက်ရှိလုပ်ကိုင်စားသောက်နေသော မြေယာအများအသိမ်းခံရလျှင် အလုပ်လက်မဲ့တွေမည်မျှပေါ်များလာမည်နည်း။ ဒီကြားထဲမှာ ခေတ်အဆက်ဆက်က စားကျက်မြေဟု သတ်မှတ်ထားသော မြေများကို သိမ်း၍ ရောင်းစားသည့်အဖြစ်မျိုးလည်း ကြားရပြန်သည်။ ဤသည်ကတော့ လူဆီက လုသည် မဟုတ်။ ကျွဲ၊ နွားဆီကလုခြင်းဖြစ်သည်။ စားကျက်မြေကား ကျွဲ၊ နွားစားရန်အတွက်သာ ရည်ရွယ်ရင်း ရှိသည်။

"ကျွန်မတို့တော့ ဒီမြေတွေ အသိမ်းခံရရင် ဘာလုပ်ကိုင်စားရမယ် မသိတော့ပါဘူး။ ကလေးတွေလည်း ကျောင်းမထားနိုင်တော့ဘူး" ဟု လယ်သူမငယ်တစ်ဦးက ဆိုသည်။

"ကျုပ်တို့ ကြံစိုက်ဖို့ အစိုးရဆီက ချေးငွေတွေယူပြီးသား။ မြေဆီ(ဓာတ်မြေဩဇာ) ဖိုးတွေလည်း ထုတ်ထားတယ်။ ဒီချေးငွေတွေ ပြန်ဆပ်ဖို့တောင် ဘယ်လိုပြန်ဆပ်ရမယ် မသိတော့ဘူး။ ရှေ့တစ်လျှောက် စားဝတ်နေရေးဆိုတာလည်း မစဉ်းစားရဲဘူး။ တစ်ရွာလုံး ကြံရာမရ ဖြစ်ကုန်ပြီ" ဟု လယ်သူမကြီးတစ်ဦးက ညည်းတွားလေသည်။

မယ်ငွေဥကား စိတ်လက်မချမ်းမသာ ဖြစ်ရုံမှတစ်ပါး ဘာမျှ မတတ်နိုင်။ သူတို့ ပြောသမျှ နားထောင်ရုံသာ တတ်နိုင်၏။ နားထောင်ရင်း သူတို့၏ ဘဝအမောတွေက မယ်ငွေဥကို ကူးစက်လောင်မြိုက်စေတာတော့ သေချာသည်။

"သိမ်းမယ့် စီမံကိန်းက အများကြီး ဒကာမကြီးရဲ့။ ဦးဇင်းတို့တစ်ရွာတည်းမဟုတ်ဘူး။ ရွာနီးချုပ်စပ်က ရွာတွေအားလုံးလိုလိုပဲ။ ကေငါးသောင်းအထိ သိမ်းမယ်ပြောတယ်။ ဒီလိုသာဆိုရင်တော့ အားလုံးဘဝပျက် ဒုက္ခရောက်ကြရပြီ။ မူလက ရိုးရိုးကျင့် မြင့်မြင့်ကြံ။ သမ္မာအာဇီဝ လုပ်ကိုင်စားနေကြသူတွေ။ လယ်မဲ့ယာမဲ့အလုပ်လက်မဲ့ကဖြစ်ကုန်ကြပြန်။ နဂိုကတည်းကစာပေပညာဗဟုသုတကလည်း နည်းပါးကြပြန်ဆိုတော့ တိုက်စား၊ ခိုက်စား၊ လုစား၊ ယက်စား၊ လူဆိုး၊ သူခိုး၊ ဓားပြတွေ ဖြစ်ကုန်ကြမှာ အစိုးရိမ်ဆုံးပါပဲ။ ဘာပဲဖြစ်ဖြစ် အရာရာဓမ္မနဲ့အညီဖြစ်စေချင်တယ်" ဟုဦးဇင်းက နောင်ရေးပူပန်စွာဆိုလာသည်။

အော်--ဦးဇင်းမိန့်တော်မူမှ သတိရသည်။ ဟုတ်ပေသားပဲ။

အရိုင်းကို အယဉ်ပြင်ပြီး ရိုးရိုးသားသား လုပ်ကိုင်စားသူတွေ။ ဒီလူတွေ လူယဉ်က လူရိုင်းဖြစ်ကုန်မှဖြင့်။ ။

TRADEMARK CAUTION

Google Inc., a company incorporated in Delaware, USA at 1600 Amphitheatre Parkway, Mountain View, CA 94043 USA is the Owner and Sole Proprietor of the following Trademark:-

ADSENSE

Reg:No.4/1932/2006

In respect of Int'l Class 35 :Dissemination of advertising for others via the Internet.

In respect of : Int'l Class 42: computer services, namely, providing temporary use of a non-downloadable computer inter face in order to create online personalized information services; data mining and data analysis services; providing access to a proprietary collection of information; creating searchable indexes of information, web sites and other information sources; providing use of a non-downloadable computer interface in order to provide information concerning a wide range of text, electronic documents, databases, graphics and audiovisual information; search engine services; consulting in connection with all the above.

In respect of : Int'l Class 16 : Books; manuals; notebooks; notepads.

Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.


U Myint Lwin, Advocate, LL.B, DBL

Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)

myint.advocate@mptmail.net.mm
myint-ip-law@myanmar.com.mm
www.mipadvocate.com

Ph : 371990 14.June.2012

## ယခင်တစ်ပတ် 7Day Puzzle ပဟေဠိအမှတ်စဉ်(၁၈၄) အဖြေမှန်




စွန့်ပစ်ပစ္စည်းရောင်းချရေးကြော်ငြာ
အမေရိကန်သံရုံး၊ ရန်ကုန်

အမေရိကန်သံရုံးမှ စွန့်ပစ်ပစ္စည်းများကို သံရုံးအတွင်း ဇွန်လ(၁၉)ရက်၊ ၂၀၁၂၊ အင်္ဂါနေ့ နံနက် (၉း၀၀)မှ (၁၂း၀၀)နာရီထိ ရောင်းချမည်ဖြစ်ပါသည်။ ပစ္စည်းများကို အတွဲလိုက် ရောင်းချမည်ဖြစ်ပြီး ဈေးအမြင့်ဆုံး ပေးသူအား ရောင်းချမည်ဖြစ်ပါသည်။ (လေလံဈေးကို FECဖြင့်သာ လက်ခံပါမည်)။ လေလံအောင်သူများကို ဇွန်လ(၁၉)ရက်၊ ၂၀၁၂ (၄း၀၀ နာရီ)တွင် ကြော်ငြာပေးမည်။ ဇွန်လ(၂၀)ရက်၊ ၂၀၁၂၊ ဗုဒ္ဓဟူး နံနက် (၁၀း၀၀) နာရီတွင် ငွေသွင်းပြီး ပစ္စည်းများကို ထုတ်ပေးမည်ဖြစ်ပါသည်။

နံနက် (၁၀း၀၀) မှ (၁၂း၀၀)နာရီ အထိသာ ငွေသွင်းလက်ခံမည်ဖြစ်သည်။ ပစ္စည်းများကို ဇွန်လ(၂၀)ရက်၊ ၂၀၁၂၊ ဗုဒ္ဓဟူး (၁၂း၀၀)မှ (၄း၃၀)နာရီနှင့် ဇွန်လ(၂၁)ရက်၊ ၂၀၁၂၊ ဗုဒ္ဓဟူး (၈း၃၀)မှ (၄း၀၀) နာရီတွင် အပြီးထုတ်ရမည် ဖြစ်ပါသည်။

ရောင်းချမည့် ပစ္စည်းများမှာ Packing Box, Gas Pump အဟောင်း, Car Battery အဟောင်း, Workshop စွန့်ပစ်ပစ္စည်းနှင့် အခြားစွန့်ပစ်ပစ္စည်းများ ဖြစ်ပါသည်။

Contact : မြင့်သန်း 536509 Ext- 4115

# စာ(၄၁)ဇောတိကဓာတ်ငွေ့ပိုက်လိုင်းကြောင့် ထိခိုက်သည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရန် ထိုင်းကုမ္ပဏီပျက်ကွက် မှ

ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ၎င်းတို့ လုပ်ဆောင်ရမည်များကို အသေးစိတ်အချက်အလက်များဖြင့် ဖော်ပြထားသည်။

"ဂေဟစနစ်ကို ထိခိုက်နိုင်တယ်။ အသံဆူမှုတွေကြောင့်ပါ။ နောက်တစ်ခုက အနံ့ပါ။ လူတွေဆီက ပါလာတဲ့အနံ့ကြောင့် အနံ့ရတဲ့တိရစ္ဆာန်တွေ အဲဒီနေရာကို သေချာပေါက်မလာတော့ဘူး။ ပင်ကိုဗီဇအရ သူတို့ရဲ့ အန္တရာယ်ကို သူတို့ကာကွယ်ကြတယ်။ ပိုက်လိုင်းဖြတ်ခွင့်က သဘာဝတောမတည်ထောင်ခင်ကတည်းက ခွင့်ပြုခဲ့တာပါ။ ဖြတ်သွားတယ်လို့ ပြောလို့ရတယ်။ ပြောချင်တာ မြန်မာနိုင်ငံမှာ လာရင်းနှီးမြှုပ်နှံတဲ့ ရင်းနှီးမြှုပ်နှံသူတွေက payment for environment ကိုမေ့နေကြတယ်"ဟုအထက်ပါပုဂ္ဂိုလ်ကပြောသည်။ တနင်္သာရီသဘာဝကြိုးဝိုင်းသစ်တောကို ယခင်ပိုက်လိုင်းများဖြတ်စဉ်က သစ်တောများ ပြုန်းတီးပြီး မြေဆီလွှာတိုက်စားခြင်းကြောင့် ရေလွှမ်းမိုးမှုများရှိခဲ့ကြောင်း၊ ထို့ကြောင့် ယင်းသို့ ဖြစ်ပျက်မည်ကို စိုးရိမ်နေကြကြောင်း မွန်ပြည်နယ်ဒေသခံများ စိုးရိမ်လျက်ရှိကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

တနင်္သာရီသဘာဝကြိုးဝိုင်းသစ်တောကို ၂၀၀၅ ခုနှစ်တွင် နယ်နိမိတ်သတ်မှတ်ပြီး မုတ္တမဓာတ်ငွေ့သယ်ယူပို့ဆောင်ရေးကုမ္ပဏီနှင့် တနင်္သာရီပိုက်လိုင်းကုမ္ပဏီတို့ပူးပေါင်းပြီး အနှစ်သုံးဆယ်လုပ်ဆောင်ရန်အတွက် အကူအညီပေး ဆောင်ရွက်မည်ဟု သိရသည်။

မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း
အလှူငွေနှင့် စာအုပ်စာစောင် လှူဒါန်းပွဲကျင်းပမည်

မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းသည် နိုင်ငံတစ်ဝန်းလုံး၌ ဖွင့်လှစ်ထားရှိသော စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိပါသည်။ ထိုကဲ့သို့ စာကြည့်တိုက်များ ထောက်ပံ့ကူညီနိုင်ရေးအတွက် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း၏ အလှူငွေနှင့် စာအုပ်စာစောင် လှူဒါန်းပွဲအခမ်းအနားကို ၂၀၁၂ ခုနှစ်၊ ဇူလိုင်လအတွင်း ကျင်းပပြုလုပ်ရန် စီစဉ်ထားရှိပါသဖြင့် ပါဝင်လှူဒါန်းလိုကြသော စေတနာရှင်ပြည်သူများသည် အောက်ပါလိပ်စာသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်-

(၁) ညွှန်ကြားရေးမှူး(ထုတ်လုပ်)
မြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ဖုန်း - ၀၁- ၃၇၁၃၄၂၊ ၂၀၁၉၃၆

(၂) မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း
ဖုန်း - ၀၁- ၃၉၈၇၅၆

Environment
7 DAY NEWS JOURNAL
Vol.11, No.14 • JUNE 14 , 2012

# ဖောဓိတစ်ထောင်မြောက်ဘက်တောင်တန်းအချို့ မြေလွှာပျက်ရွှေ့အက်ကွဲမှု တစ်နှစ်ထက်တစ်နှစ် ကြီးမားလာဟုဆို

**ရန်နိုင်ကျော်**
**မုံရွာ၊ဇွန် - ၅**

မုံရွာမြို့အနီးမှ ဖောဓိတစ်ထောင် ရုပ်တော်မူ ရုပ်ပွားတော်ကြီး မြောက်ဘက် ငါးမိုင်ခန့်အကွာရှိ တောင်တန်းကြီးများတွင် မြေလွှာပြတ်ရွေ့မှု တစ်နှစ်ထက်တစ်နှစ် ကြီးမားလာကြောင်း အဆိုပါဒေသခံများ၏ ပြောပြချက်အရသိရှိရသည်။

"ညောင်ပင်ကန်ရိုးအနီးက အလယ်မြွာတောင်တန်းမှာ လွန်ခဲ့တဲ့ သုံးလလောက်က တောင်ထိပ် ကစပြီး မြေလွှာတွေ ပြတ်ရွေ့သွားတာ တောင်ထိပ်မှာ တောင်နှစ်တောင်လို ဖြစ်နေတယ်။ ဒီနှစ် နောက်ဆုံး ပြတ်ရွေ့တဲ့ အလယ်မြွာတောင်တန်းက အကျယ်ကပေ တစ်ရာကျော်ပြီး အရှည်က ပေခြောက်ရာကျော်တယ်။ တောင်ကြီးမကွဲခင်တုန်းက ရွာကကလေးတွေက တောင်ကြီးကအသံတွေ ထွက်လာပြီးမှာအခုလိုတောင်ကြီး ကွဲသွားတာ။ လွန်ခဲ့တဲ့ သုံးနှစ်လောက်က မြေလွှာပြတ်ရွေ့သွားတဲ့ သစ်ပင်ထူးဘက်က တောင်ကြီး က တစ်နှစ်ထက်တစ်နှစ် မြေလွှာပြတ်ရွေ့တဲ့နေရာပိုကြီးလာတယ်။ ဒီနှစ်လူနေတဲတွေနဲ့ နှစ်ဧကနီးပါးအထိ ရောက်လာတဲ့အတွက် လူနေတဲတွေ စိုးရိမ်နေရတယ်။ ဆောင်းအကုန် နွေအကူး အပူချိန် မြင့်တက်မှု ပြောင်းလဲချိန်မှာ အခုလို တောင်ကွဲတာ၊ မြေလွှာပြတ်ရွေ့တာပိုများတယ်" ဟု ခတ္တာကွန် မြောက်ကျေးရွာမှ ဒေသခံတောင်သူ ဦးဇော်ဝင်းကပြောသည်။

"အပူချိန်သိသိသာသာ မြင့်တက်ချိန်မှာ တောင်ကွဲတာ ပိုများလာတယ်။ တောင်ထိပ်က နှစ်ပိုင်းကွဲသွားပြီး အက်ကွဲကြောင်းကြီးက တစ်နှစ်ထက်တစ်နှစ် ပိုကျယ်လာသလို အက်ကွဲကြောင်းထဲ ခဲချလိုက်ရင် အက်ကြောင်းထဲက ခဲသံက တော်တော်နဲ့ မဆုံးဘူး။ တောင်ကြီးပြတ်ရွေ့တဲ့ အက်ကြောင်းကြီးက တစ်နှစ်ထက်တစ်နှစ် ပိုကျယ်လာတော့ လူနေတဲတွေရော စိုက်ပျိုးတဲ့ ယာမြေတွေမှာပါအက်ကြောင်းကွဲကြီးတွေဖြစ်နေတယ်"ဟုဖောဓိတစ်ထောင်ရုပ်တော်မူရုပ်ပွားတော်ကြီးမြောက်ဘက် ငါးမိုင်ခန့်အကွာ သစ်ပင်ထူးနှင့် တောင်ကြားကျေးရွာအနီး တောင်တန်းကြီးပြတ်ရွေ့အက်ကွဲမှုကိုဒေသခံ တောင်သူတစ်ဦးက ပြောကြားသည်။



ဖောဓိတစ်ထောင်အနီးမှ မြေလွှာအက်ကွဲကြောင်းတစ်ခုကို တွေ့ရစဉ် ဓာတ်ပုံ-မျိုးမင်းဦး

ဖောဓိတစ်ထောင်တောရ သာသနာပြုစခန်းကြီး၏ မြောက်ဘက်ရှိတောင်တန်းကြီးများသည် သက်ရင့်ကျောက်များဖြင့် ဖွဲ့စည်းထားသော တောင်အမျိုးအစားများဖြစ်ပြီး တောင်တန်းကြီးသုံးလုံးမှာ အရှေ့မှအနောက်သို့ မြေလွှာပြတ်ရွေ့မှုများ ဖြစ်ပေါ်လျက်ရှိကာ တစ်နှစ်ထက်တစ်နှစ် ပိုမိုကြီးမားလာကြောင်း သိရှိရသည်။ နှစ်ပေါင်းကြာမြင့်စွာတည်ရှိခဲ့သည်ဟုဆိုသော ကျောက်မြောင်းရိုးအတွင်း ကျောက်ကွဲမှာ ချောင်းရိုးအတွင်း ကျောက်ဖြာအက်ကွဲပြတ်ရွေ့ခြင်းဖြစ်ပြီးကျောက်အက်ကွဲသည့်နေရာမှတစ်နှစ်ပတ်လုံး စိမ့်ရေများ ထွက်ရှိနေကြောင်း ဒေသခံများ၏ပြောကြားချက်အရ သိရှိရသည်။

ပြီးခဲ့သည့် ၂၀၁၀ နှစ်ကုန်ရက်ပိုင်းအတွင်း မုံရွာမြို့နယ် ခတ္တာကွန်မြောက်ကျေးရွာ အနောက်ဘက်သနပ်ခါးခြံ၌ မြေဆီလွှာ ပြတ်ရွေ့ခြင်းကြောင့် အကျယ်နှစ်ပေခန့် တောင်မြောက်အလျားပေနှစ်ရာကျော် အက်ကြောင်းကြီးများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။ အဆိုပါ တောင်တန်းကြီးများ မြေလွှာပြတ်ရွေ့ခြင်းကြောင့် အနီးပတ်ဝန်းကျင်ရှိ လူနေအိမ်များနှင့် အဆောက်အအုံများ ပျက်စီးဆုံးရှုံးမည်ကို စိုးရိမ်နေရကြောင်း ဒေသခံများ၏ ပြောကြားချက်အရ သိရသည်။

## နှစ် ၂၀ အတွင်း ဘရာဇီးရှိ အမေဇုန်မိုးသစ်တော၌ သစ်ခုတ်လှဲမှု အနိမ့်ဆုံးလျော့ကျ

**ရီယိုဒီဂျနေရိုး၊ ဇွန် - ၆**

ဘရာဇီးနိုင်ငံရှိ အမေဇုန်မိုးသစ်တောများ၌ သစ်တောခုတ်လှဲမှုနှုန်းမှာ နှစ်ပေါင်း ၂၀ အတွင်း အနိမ့်ဆုံးနှုန်းထားသို့လျော့ကျလာကြောင်းဘရာဇီးအစိုးရက ပြောသည်။

ဘရာဇီး အမျိုးသားအာကာသသုတေသန အင်စတီကျူဒ်မှ လေ့လာချက်အရပြီးခဲ့သည့် ၂၀၁၀ ဩဂုတ်လမှ ၂၀၁၁ ဇူလိုင်လအတွင်း မိုးသစ်တောများခုတ်လှဲမှုပမာဏ ၆,၄၁၈ စတုရန်းကီလိုမီတာရှိခဲ့ပြီး ယင်းမှာ နှစ်အလိုက်ခုတ်လှဲမှုနှုန်းမှ ၈ ရာခိုင်နှုန်း ကျဆင်းခြင်းဖြစ်ကြောင်းဆိုသည်။

ထို့အပြင် ယင်းနှုန်းမှာ မှတ်တမ်းဝင်သမိုင်းအရ အနိမ့်ဆုံးဖြစ်ပြီး သစ်ခုတ်လှဲမှုနှင့် သစ်တောထိန်းသိမ်းမှု၊ ကြီးထွားလာမှုတို့ကြား ဟန်ချက်ညီမျှလာခြင်းကြောင့်ဖြစ်သည်ဟု ဘရာဇီးပတ်ဝန်းကျင်ရေးရာဝန်ကြီး အစ္စဘယ်လာတက်ဆေးရားကပြောသည်။ ဘရာဇီးနိုင်ငံရှိ အမေဇုန် မိုးသစ်တောများသည် ကမ္ဘာ့အကြီးဆုံးမိုးသစ်တောအဖြစ် သတ်မှတ်ခံထားရသည်။

—Ref: AP

## Environment Cartoon




## ဇော်တိကဓာတ်ငွေ့ပိုက်လိုင်းကြောင့် ထိခိုက်သည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရန် ထိုင်းကုမ္ပဏီပျက်ကွက်

**အိဖြူမွန်**
**ရန်ကုန်၊ ဇွန် - ၆**

တနင်္သာရီသဘာဝကြိုးဝိုင်း သစ်တောမြေနေရာတွင် ဇော်တိက သဘာဝဓာတ်ငွေ့ပိုက်လိုင်းဖြတ်သန်းဖောက်လုပ်မှုကြောင့်ပျက်စီးသွားသော သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကိုပြန်လည်ထိန်းသိမ်းရန် အတွက် သဘာဝပတ်ဝန်းကျင်ဝန်ဆောင်မှုများ ထောက်ပံ့ပေးမည်ဟု ထိုင်းနိုင်ငံ အခြေစိုက် PTTEP ရေနံနှင့်သဘာဝဓာတ်ငွေ့ကုမ္ပဏီမှ ကတိပြုခဲ့သော်လည်း ဆောင်ရွက်ရန် ပျက်ကွက်မှုများရှိနေကြောင်း တနင်္သာရီသဘာဝကြိုးဝိုင်း သစ်တောစီမံကိန်းဒါရိုက်တာ ဦးတင့်ဆွေကပြောသည်။

ထိုင်းနိုင်ငံအခြေစိုက် PTTEP ရေနံနှင့်သဘာဝဓာတ်ငွေ့ကုမ္ပဏီမှ တနင်္သာရီသဘာဝကြိုးဝိုင်းသစ်တောတွင် ဇော်တိက ရေနံပိုက်လိုင်းဖြတ်သန်းမည့်စီမံကိန်းတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို သက်ရောက်နိုင်မှုများနှင့် လူမှုရေးထိခိုက်နိုင်မှုများကို ၂၀၀၉ ခုနှစ်တွင် အပြီးသတ်ကောက်ယူခဲ့သည်။ ယင်းကောက်ယူမှုတွင် ပိုက်လိုင်းဖြတ်သန်းမှုကြောင့်ပျက်စီးသော သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများကို ပြန်လည်ကုစားခြင်းများ ဆောင်ရွက်ပေးမည်ဟု ဖော်ပြထားသော်လည်း စီမံကိန်းဖော်ဆောင်သည့် တစ်နှစ်တာကာလအတွင်း ကတိပြုမှုများ အကောင်အထည်ဖော်ရန်ပျက်ကွက်နေကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

ဇော်တိကပိုက်လိုင်းသည် တနင်္သာရီသဘာဝကြိုးဝိုင်း သစ်တောတွင် ၃၈ ကီလိုမီတာ ဖြတ်သန်းဖောက်လုပ်မည်ဖြစ်သည်။ ပိုက်လိုင်းဖြတ်သန်းမည့် နေရာများတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများကို ထိုင်းနိုင်ငံမှ စွမ်းအင်ပိုက်လိုင်းတည်ဆောက်ရေး၌ ယိုစိမ့်မှုနှင့် မတော်တဆဖြစ်မှုများကို စိစစ်သည့် ကျွမ်းကျင်ပညာရှင်များက ကောက်ယူထားသည်။ ကောက်ယူထားသော သဘာဝပတ်ဝန်းကျင်ထိခိုက်မှုသုတေသနစာတမ်းတွင် တည်ဆောက်ရေးလုပ်ငန်းများကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်နိုင်ကြောင်း၊

စာ(၄၀) သို့






# Tourism

7 DAY NEWS JOURNAL

Vol.11, No.14 • JUNE 14 , 2012

# ထိန်းသိမ်းထားသည့် ရှေးဟောင်းဒေသနေရာများတွင် ဟိုတယ်အဆောက်အအုံများမဆောက်ရန် ဒုသမ္မတမှာကြား

**အောင်သူရ**

**ရန်ကုန်၊ ဇွန် - ၁၀**

ရှေးဟောင်းဥပဒေအရထိန်းသိမ်းထားသောနေရာများတွင် ဟိုတယ်များနှင့်အဆောက်အအုံများမဆောက်လုပ်ရန် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက မှာကြားသွားကြောင်း သတင်းရရှိသည်။

မေလ ၉ ရက်က ပုဂံဒေသရှိ အုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် အရပ်ဘက်အဖွဲ့အစည်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် အထက်ပါအတိုင်းပြောကြားခဲ့သည်ဟု အဆိုပါအစည်းအဝေးသို့တက်ရောက်ခဲ့သူ ခရီးသွားလုပ်ငန်းအဖွဲ့မှ အဆင့်မြင့်အရာရှိကြီးတစ်ဦးက ပြောသည်။

"တူရွင်းတောင်ကို လာကြည့်ပြီး သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းဖို့၊ ယာမြေလုပ်ကိုင်နေတဲ့ ဒေသခံတွေရဲ့ဘဝကို ပြောင်းလဲမသွားဖို့၊ ဒီမှာရှိတဲ့ အဆောက်အအုံတင်မကဘဲ ပတ်ဝန်းကျင်ကိုထိန်းသိမ်းဖို့ပြောသွားတယ်"ဟု ပုဂံဒေသရှိရှေးဟောင်းယဉ်ကျေးမှုဌာနမှ အဆင့်မြင့်အရာရှိကြီးတစ်ဦးကပြောသည်။

အဆိုပါတူရွင်းတောင်ခြေတွင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဘုတ်အဖွဲ့က ဟိုတယ်ဇုန်ပြုလုပ်ရန် သက်ဆိုင်ရာသို့ လျှောက်ထားနေဆဲဖြစ်သည်။ "အစ်ကိုတို့ဖြစ်စေချင်တာ ဇုန်-၄ မှာ အရင် ဟိုတယ်တွေ ဆောက်လုပ်စေချင်တယ်။ အဲဒါမှ မြို့သစ်နဲ့ ဘေးနားကရွာတွေပါ စည်ကားလာလိမ့်မယ်။ အဲဒီမှာပြည့်သွားမှ တခြားနေရာစဉ်းစားတာကောင်းလိမ့်မယ်" ဟုပုဂံဒေသခံမြန်မာနိုင်ငံဧည့်လမ်းညွှန်အသင်း ဒုဥက္ကဋ္ဌ(၁)ဦးဇော်ဝင်းချိုကပြောသည်။ ပုဂံဒေသတွင် ရှေးဟောင်းနယ်မြေအဖြစ် စုစုပေါင်း ၁ ဒသမ ၉ စတုရန်းမိုင်ကျယ်ဝန်းပြီး ရှေးဟောင်းအဆောက်အအုံများ တည်ရှိရာဇုန်၊ရှေးဟောင်းမြေယာဇုန်နှင့် ကာကွယ်ထိန်းသိမ်းရေးဇုန်ဟူ၍ သုံးမျိုးသတ်မှတ်ထားသည်။

## လာမည့်ခရီးသွားရာသီတွင် ပုဂံ၌ မော်တော်ယာဉ်ငှားခများ ဈေးတက်မည်

**အောင်သူရ**

**ရန်ကုန်၊ ဇွန် - ၁၀**

လာမည့်ခရီးသွားရာသီတွင် ပုဂံဒေသရှိ ကမ္ဘာလှည့်ခရီးသွားများပို့ဆောင်ပေးနေသော မော်တော်ယာဉ်ငှားရမ်းခဈေးနှုန်းများ ဈေးတက်မည်ဟုသတင်းရရှိသည်။

"မနေ့က အစည်းအဝေးမှာဆုံးဖြတ်ကြတာ Dinner (ညစာ) ပါရင် Transfer တစ်ကြောင်းစာထပ်ကောက်မယ်။ မြို့သစ်နဲ့ဝေးတဲ့ ဟိုတယ်တွေမှာတည်းရင် နောင် Aureum တို့၊ ဂေါက်ကွင်းတို့မှာ တည်းပြီး ဧည့်လမ်းညွှန်က အဲဒီဟိုတယ်တွေနဲ့ နီးတဲ့နေရာမှာ မတည်းရင် Transfer တစ်ကြောင်းစာ ထပ်ကောက်မယ်"ဟု ပုဂံဒေသ ခရီးသွားလုပ်ငန်းလုပ်ကိုင်သူတစ်ဦးကပြောသည်။

Transfer တစ်ကြောင်းအတွက် သတ်မှတ်ထားသောဈေးမှာ ကျပ် ၇,၀၀၀ ဖြစ်ကြောင်း အဆိုပါ ခရီးသွားလုပ်ငန်းလုပ်ကိုင်သူက ဆက်လက်ပြောသည်။

ထိုကဲ့သို့ ဈေးနှုန်းသတ်မှတ်ရန်အတွက် နိုင်ငံခြားခရီးသည် သယ်ယူပို့ဆောင်ရေး ကော်မတီမှ ကြီးမှူး၍ ဇွန်လ ၉ ရက်တွင် သီရိစန္ဒာဟိုတယ်၌ အစည်းအဝေးတစ်ခုပြုလုပ်၍ သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

ထို့အပြင် ပုဂံဒေသရှိ ဧည့်လမ်းညွှန်များကလည်း ဧည့်လမ်းညွှန်ဝန်ဆောင်ခနှုန်းအား အက်ဖ်အီးစီ ၃၀ ထိပေးရန် တောင်းဆိုခဲ့ကြောင်း ပုဂံဒေသခံ မြန်မာနိုင်ငံဧည့်လမ်းညွှန်အသင်း ဒုဥက္ကဋ္ဌ(၁) ဦးဇော်ဝင်းချိုကပြောသည်။

"အခုရနေတဲ့၁၅ဒေါ်လာတို့ ဒေါ်လာ ၂၀ တို့က လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်က သတ်မှတ်လိုက်တဲ့နှုန်းလေ။ နောက်အရင်တုန်း က တစ်ဒေါ်လာကို တစ်ထောင်ကျော်ရတယ်။ အခုက ရှစ်ရာကျော်ဖြစ်နေတော့ တိုးတောင်းဖို့ဖြစ်လာတာပါ"ဟု ဦးဇော်ဝင်းချိုက ရှင်းပြသည်။ ယခုနှစ် မေလနှင့် ဇွန်လတို့တွင် ယခင်နှစ်များကဲ့သို့မဟုတ်ဘဲ ပုဂံဒေသသို့ ကမ္ဘာလှည့်ခရီးသွားများ ဝင်ရောက်လျက်ရှိကြောင်း သတင်းရရှိသည်။



**ပုဂံဒေသသည် ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်စားမှုအများဆုံးဖြစ်နေဆဲဖြစ်သည်**

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

## ကမ္ဘာလှည့်ခရီးသွားများ ရန်ကုန်တွင် လည်ပတ်မှုလျော့ချ



**ဘန်ကောက်၊ ဇွန် - ၈**

ရန်ကုန်မြို့တွင် ဟိုတယ်ဈေးနှုန်းများ အဆမတန်မြင့်တက်လာခြင်းကြောင့် ခရီးသွားလုပ်ငန်းကုမ္ပဏီများက ခရီးသွားများ၏ ရန်ကုန်မြို့တွင် လည်ပတ်မည့်ရက်ကို လျှော့ချစေပြီး အထက်မြန်မာပြည်ရှိ လည်ပတ်စရာ နေရာများသို့ လွှဲပြောင်းပေးနေကြောင်း ဘန်ကောက်မြို့တွင် ခရီးသွားလုပ်ငန်း အစည်းအဝေး တက်ရောက်နေသော မြန်မာခရီးသွားလုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံအပေါ် ပိတ်ဆို့တားဆီးမှုများကို လျှော့ပေါ့ပေးလိုက်ပြီးနောက် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများက မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်း လုပ်ကိုင်ရန် အခွင့်အလမ်းများ လာရောက်ရှာဖွေနေကြ၍ စီးပွားရေးသမားများနှင့် ခရီးသွားများ မြင့်တက်လာစဉ် ရန်ကုန်မြို့၏ ဟိုတယ်ဈေးနှုန်းများမှာလည်း ၃၀၀ ရာခိုင်နှုန်းအထိမြင့်တက်သွားသည်။

မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်တွင် ဟိုတယ်ခန်းများလိုအပ်ချက်ရှိနေပြီး ဟိုတယ်အခန်းခများမှာ ဒေါ်လာ ၆၀ မှ ၂၀၀ အထိ ထိုးတက်သွားခဲ့ကြောင်း သိရသည်။ ရန်ကုန်မြို့တွင် ဟိုတယ်အခန်းပေါင်း ၂၅,၀၀၀ ရှိသော်လည်း ယင်းတို့ထဲမှ ၁၀ ရာခိုင်နှုန်းကို ရုံးများ၊ ဆေးခန်းများအဖြစ်အသုံးပြုနေပြီး မြန်မာနိုင်ငံတွင် လာရောက်အလုပ်လုပ်ကိုင်နေသူ နိုင်ငံခြားသားများကလည်း ကာလရှည်ငှားရမ်းအသုံးပြုနေကြောင်း သိရသည်။

သို့သော် ရင်းနှီးမြှုပ်နှံသူများ ဟိုတယ်အသစ်များတိုးချဲ့ဆောက်လုပ်နေပြီး ရှေ့နှစ်တွင် ဟိုတယ်အခန်းပေါင်း ၁,၄၀၀ တိုးလာနိုင်သည်။ ယင်းတွင် ဟောင်ကောင်မှ Rose Garden ဟိုတယ် (၃၁၅ ခန်း)၊ စင်ကာပူ ရင်းနှီးမြှုပ်နှံမှု Shangrila (အခန်း ၇၀၀ ကျော်)၊ ထိုင်းနိုင်ငံမှ St. Luke's ကုမ္ပဏီမှ (ဘန်ဂလို ၃၀)၊ ထိုင်းနိုင်ငံမှပင် Pearl Laguna(၁၀၀ ခန်း)နှင့်ထိုင်းနိုင်ငံ ရင်းနှီးမြှုပ်နှံမှု Center Point Tower(အခန်းပေါင်း ၂၇၀)ကိုလာမည့်နှစ်တွင် စတင်အသုံးပြုနိုင်မည်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။ —Ref: TTR Weekly

7 DAY NEWS JOURNAL
Vol.11, No.14 • JUNE 14 , 2012


# The Cartoon Logo

























7 ရက် သတင်းဂျာနယ် DAY NEWS JOURNAL
Vol.11, No.14 • JUNE 14 , 2012


# အရှေ့အလယ်ပိုင်းဒေသတွင် နျူကလီးယားလက်နက်များ မလိုလားကြောင်း အီရန်ကို တရုတ်ပြောကြား

**ဘေဂျင်း၊ ဇွန် - ၆**

အရှေ့အလယ်ပိုင်း မည်သည့်နိုင်ငံမဆို နျူကလီးယားလက်နက်များရယူရန် ကြိုးစားခြင်းကို ဘေဂျင်းက ဆန့်ကျင်ကြောင်း တရုတ်ဝန်ကြီးချုပ်ဝမ်ကြားပေါင်က ဘေဂျင်းသို့ ရောက်ရှိနေသော အီရန်သမ္မတ အာမက်ဒီနီဂျက်အား ပြောကြားလိုက်ကြောင်း တရုတ်အစိုးရ ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

“ဘယ်အရှေ့အလယ်ပိုင်းနိုင်ငံကမဆို နျူကလီးယားလက်နက်ရယူမှုကို တရုတ်နိုင်ငံက ဆန့်ကျင်ပြီး အီရန်နျူကလီးယားကိစ္စကိုလည်း သံတမန်ရေးလမ်းကြောင်းကနေ သမာသမတ်ကျကျ ကိုင်တွယ်ဖြေရှင်းသွားသင့်တယ်လို့ ရပ်တည်ထားပါတယ်” ဟု တရုတ်ဝန်ကြီးချုပ်က အီရန်သမ္မတအားပြောကြားသည်။

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ နှစ်စဉ် ကျင်းပသည့်ထိပ်သီး အစည်းအဝေးပြင်ပတွင် မစ္စတာဝမ်ကြားပေါင်က ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။


Photo - AFP

အီရန်သည် အဏုမြူဗုံးထုတ်လုပ်ရန်ကြိုးစားနေသည်ဟု အနောက်နိုင်ငံများက ယုံကြည်နေသော်လည်း အီရန်က ငြင်းဆိုထားသည်။ ပြီးခဲ့သည့် မေလအတွင်းမှာပင် ယူရေနီယမ်သန့်စင်ရန် အီရန်၏ ရည်ရွယ်ချက်နှင့်ပတ်သက်၍ ကမ္ဘာ့အင်အားကြီးခြောက်နိုင်ငံက အီရန်နှင့် ဆွေးနွေးခဲ့ကြသည်။ သို့သော် ရုရှားနှင့် တရုတ်နိုင်ငံက အီရန်အပေါ် ချမှတ်သည့် မည်သည့်ပိတ်ဆို့တားဆီးမှုများကိုမဆို လက်သင့်မခံခဲ့ပေ။ တရုတ်နိုင်ငံသည် အီရန်ရေနံကိုအများဆုံးဝယ်ယူသူတစ်ဦးဖြစ်ကြောင်း အေအက်ဖ်ပီသတင်းတွင်ဖော်ပြသည်။ —*Ref: AFP*


Photo - AFP

# တရုတ်နိုင်ငံရှိ မဟာတံတိုင်းကြီး ထင်မှတ်ထားသည်ထက် ပိုရှည်လျားနေ

**လန်ဒန်၊ ဇွန် - ၆**

တရုတ်ပြည်မကြီး၏ နာမည်ကျော်ရှေးဟောင်းလက်ရာ မဟာတံတိုင်းကြီးသည် ယခင်မှတ်ယူထားသည်ထက် ပို၍ ရှည်လျားသည်ကိုတွေ့ရှိရကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။ နောက်ဆုံးပြုလုပ်ခဲ့သည့် တိုင်းတာမှုများအရ မဟာတံတိုင်းကြီးမှာအရှည် ၂၁,၁၉၆ ဒသမ ၁၈ ကီလိုမီတာ (၁၃,၁၇၀ ဒသမ ၆၉၅၆မိုင်) ရှည်လျားသည်ဟုသိရသည်။ ၂၀၀၉ ခုနှစ်က အကြိုတိုင်းတာချက်တစ်ခုအရ တံတိုင်းအရှည်မှာ ၈,၈၅၀ ကီလိုမီတာသာရှိခဲ့သည်။ မဟာတံတိုင်းကြီးကို ဘီစီ ၅ ရာစုတွင် တရုတ်နိုင်ငံမြောက်ပိုင်းနယ်စပ်ကို ကာကွယ်ရန် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ယခုတစ်ကြိမ်တွင် မဟာတံတိုင်း၏ အရှည်အတိအကျကို တရုတ်နိုင်ငံယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးအဖွဲ့က ရှေးဟောင်းသုတေသန တိုင်းတာမှုများကို အခြေခံကာ ထုတ်ပြန်ပေးခဲ့ခြင်းဖြစ်သည်။

တိုင်းတာမှုများအရ မဟာတံတိုင်းကြီး၏ ၈ ဒသမ ၂ ရာခိုင်နှုန်းခန့်သာ ပြုပြင်ထိန်းသိမ်းထားပြီး ကျန်နေရာများမှာ ထိန်းသိမ်းမှုမရှိဘဲ ယိုယွင်းနေဆဲဖြစ်ကြောင်း ဆိုသည်။ မဟာတံတိုင်းကြီးသည် ကမ္ဘာ့အံ့ဖွယ်များ စာရင်းတွင် ပါဝင်ပြီး ယင်းကို ၁၉၈၇ ခုနှစ်တွင် ယူနက်စကိုအဖွဲ့ကြီးက ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်တစ်ခုအဖြစ် သတ်မှတ်ခဲ့သည်။ —*Ref: BBC*

# ဂျပန်၊ အမေရိကန်၊ ဩစတြေးလျ သုံးနိုင်ငံရေတပ် စစ်ရေးလေ့ကျင့်

**အိုဆာကာ၊ ဇွန် - ၆**

ဂျပန်၊ အမေရိကန်ပြည်ထောင်စုနှင့်ဩစတြေးလျ သုံးနိုင်ငံသည် ဇွန်လ ၆ ရက်မှစတင်၍ ဂျပန်နိုင်ငံအနောက်တောင်ပိုင်း ပင်လယ်ပြင်တွင် သုံးရက်ကြာ ရေတပ် စစ်ရေးလေ့ကျင့်မှု တစ်ခုပြုလုပ်ခဲ့ကြောင်းသိရသည်။ ဂျပန်ရေတပ်တာဝန်ရှိသူတစ်ဦးက သုံးနိုင်ငံ ပူးတွဲ ရေတပ်စစ်ရေးလေ့ကျင့်မှုကို ဂျပန်၏ ကျူရှူးကျွန်းဒေသမှ အရှေ့တောင်ပိုင်း ပင်လယ်ရေပြင်၌ ဇွန်လ ၆ ရက်တွင် စတင်ခဲ့ကြောင်းဆိုသည်။

သုံးရက်ကြာ စစ်ရေးလေ့ကျင့်မှုအတွင်း ဂျပန်ရေတပ်မှ ရေငုပ်သင်္ဘောများ၊ စစ်သင်္ဘောများ၊ ကင်းလှည့်လေယာဉ်ပျံများနှင့် အမေရိကန် ဩစတြေးလျရေတပ်အဖွဲ့ဝင်များ ပါဝင်မည်ဖြစ်ကာ ရေငုပ်သင်္ဘောများကို နောက်ယောင်ခံလိုက်ခြင်း၊ တိုက်ခိုက်ခြင်းတို့ကို လေ့ကျင့်မည်ဖြစ်သည်။ ယခုတစ်ကြိမ်သည် အဆိုပါသုံးနိုင်ငံအတွက် ၂၀၀၇ မှစ၍ ပဉ္စမအကြိမ်ပူးတွဲစစ်ရေးလေ့ကျင့်မှုဖြစ်ကြောင်း သိရသည်။

—*Ref: Xinhua*

# အိန္ဒိယအနောက်ဘင်္ဂေါလ်ပြည်နယ် အပူလှိုင်းကြောင့် လူ ၁၆ ဦးသေဆုံး

**နယူးဒေလီ၊ ဇွန် - ၅**

အိန္ဒိယနိုင်ငံမြောက်ပိုင်းနှင့်အရှေ့ပိုင်းကုန်းမြင့်ဒေသများတွင် ပုံမှန်ထက် အပူချိန်များမြင့်တက်ကာ အနောက်ဘင်္ဂေါလ်ပြည်နယ်၌ အပူလှိုင်းရိုက်ခတ်မှုများကြောင့် လူ ၁၆ ဦး သေဆုံးခဲ့ရကြောင်း ပရက်စ်ထရပ်စ်အော့ဖ်အိန္ဒိယ သတင်းတွင်ဖော်ပြသည်။

မြို့တော်နယူးဒေလီတွင်လည်း အမြင့်ဆုံး အပူချိန် ၄၂ ဒသမ ၄ ဒီဂရီရှိရာမှ နောက်တစ်နေ့တွင် ၄၁ ဒသမ ၉ ဒီဂရီ အထိ လျော့ကျခဲ့ကာ အနိမ့်ဆုံး အပူချိန်မှာ ၂၉ ဒသမ ၇ မှ ၂၉ ဒီဂရီအထိ ကျဆင်းခဲ့သည်ဟုသိရသည်။ နိုင်ငံအရှေ့ပိုင်း အနောက်ဘင်္ဂေါလ်ပြည်နယ်တွင်မူ ပျမ်းမျှအပူချိန် ၄၅ ဒီဂရီအထိရှိခဲ့ပြီး သုံးရက်အတွင်း အပူဒဏ်ကြောင့် သေဆုံး သူ ၁၆ ဦးအထိရှိခဲ့သည်။

မြောက်ပိုင်းပြည်နယ် ဥတ္တရပရာဒက်ရှ်တွင်လည်း နေ့ခင်းအပူချိန် ၄၅ ဒီဂရီအထိရှိ နေရာအနှံ့အပြားတွင်ဖြစ်ပေါ်ခဲ့သည်။ ပြည်နယ်အတွင်း အပူဆုံးနေရာဒေသမှာ အာလာဟာဘတ်မြို့ဖြစ်၍ ၄၆ ဒသမ ၉ ဒီဂရီအထိ စံချိန်တင်ပူပြင်းခဲ့ကြောင်း မိုးလေဝသဌာနကထုတ်ပြန်သည်။

—*Ref: AP*

# တရုတ်တိုင်ပေ၌ ရစ်ချ်တာစကေး ၅ ဒသမ ၇အဆင့်ရှိ ငလျင်တစ်ခုလှုပ်

**တိုင်ပေ၊ ဇွန် - ၆**

ပြင်းအား ရစ်ချ်တာစကေး ၅ ဒသမ ၇ မဂ္ဂနီကျူဒ်ရှိသော ငလျင်တစ်ရပ်သည် တရုတ်တိုင်ပေအရှေ့တောင်ပိုင်း ပင်လယ်ပြင်တွင် ဇွန်လ ၆ ရက်က လှုပ်ခတ်ခဲ့ကြောင်း အမေရိကန်ဘူမိဗေဒတိုင်းတာရေးအဖွဲ့က ထုတ်ဖော်ပြောကြားလိုက်သည်။




သတင်းပေါ်ထွက်ချိန်အထိ ထိခိုက်ဒဏ်ရာရရှိမှုသတင်းမသိရသေးဘဲ ငလျင်မှာ တိုင်ပေအရှေ့တောင်ပိုင်း တိုင်တန်အရပ်မှ ၄၉ ကီလိုမီတာ(မိုင်၃၀) အကွာရှိ ပင်လယ်ရေအောက် ငါးကီလိုမီတာ (၃မိုင်)အနက်၌ လှုပ်ခတ်ခြင်းဖြစ်ကြောင်း အမေရိကန်ဘူမိအဖွဲ့က ဆိုသည်။ ငလျင်ဗဟိုချက်မှာ တိုင်ပေမြို့တော် အရှေ့တောင်ဘက် ၁၃၅ ကီလိုမီတာ(၈၄ မိုင်)အကွာတွင်ရှိသည်ဟုသိရသည်။

တရုတ်တိုင်ပေကျွန်းသည် ငလျင်ကြောများ ဆုံရာအနီးတွင်ရှိနေပြီး မြေငလျင်များ ပုံမှန်လှုပ်ခတ်လေ့ရှိသောနေရာတစ်ခုလည်းဖြစ်သည်။ ၁၉၉၉ စက်တင်ဘာလက ရစ်ချ်တာစကေး ၅ ဒသမ ၇ ရှိ ငလျင်တစ်ရပ်ဖြစ်ပွားရာ လူ ၂,၄၀၀ ခန့်သေဆုံးခဲ့ပြီး တိုင်ပေသမိုင်း၌ လူအသေအပျောက်အများဆုံးငလျင်ဖြစ်ခဲ့သည်။

—*Ref: AFP*



## Leader's Profile

## နစ်ဆန်းနှင့် ရေးနော့ ကားကုမ္ပဏီကြီးနှစ်ခု၏ ဥက္ကဋ္ဌ

# ကားလို့စ်ဂိုဆင်

ရဲမင်း

မစ္စတာကားလို့စ်ဂိုဆင်သည် ဘရာဇီးနိုင်ငံတွင် မွေးဖွားသော ပြင်သစ်စီးပွားရေးသမားဖြစ်ပြီး လက်ရှိတွင် ဂျပန်အခြေစိုက်နစ်ဆန်းကားကုမ္ပဏီ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်တာဝန်ယူထားသလို ပြင်သစ်အခြေစိုက် ရေးနော့ကားကုမ္ပဏီ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်လည်းဖြစ်သည်။ ထို့အပြင် ဂိုဆင်သည် ရေးနော့-နစ်ဆန် မဟာမိတ်အဖွဲ့ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်လည်းဖြစ်သည်။

ကားလို့စ်ဂိုဆင်ကို ၁၉၅၄ ခုနှစ် မတ်လ ၉ ရက်တွင် ဘရာဇီးနိုင်ငံနယ်မြို့တစ်မြို့၌ မွေးဖွားခဲ့ပြီး တစ်နှစ်သားအရွယ်တွင် မိသားစုနှင့်အတူ ရီယိုဒီဂျနေရိုးမြို့သို့ ပြောင်းရွှေ့ခဲ့သည်။ အသက် ၆ နှစ်တွင် ၎င်း၏အဘိုး မွေးဖွားခဲ့ရာ လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့သို့ မိခင်နှင့်အတူ ပြောင်းရွှေ့နေထိုင်ခဲ့ပြီး အထက်တန်းပညာရေး သင်ယူခဲ့သည်။ ယင်းနောက် ကားလို့စ်သည် တက္ကသိုလ်ဝင်တန်းကို ပြင်သစ်နိုင်ငံပါရီမြို့တွင် သွားရောက်သင်ယူခဲ့ပြီး Ecole ပိုလီတက္ကနစ်မှ အင်ဂျင်နီယာဘွဲ့ရရှိခဲ့သည်။

ဘွဲ့ရပြီးနောက် ဂိုဆင်သည် မီချီရှင်တာယာကုမ္ပဏီတွင် ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး အသက် ၃၀ အရွယ်တွင် ယင်းကုမ္ပဏီတောင်အမေရိကလုပ်ငန်းများ လုပ်ငန်းလည်ပတ်ရေးအမှုဆောင်အရာရှိချုပ်ဖြစ်လာသည်။ ကုမ္ပဏီတွင်ရှိသော ပြင်သစ်နှင့် ဘရာဇီးနိုင်ငံသားများ၏မတူညီသောယဉ်ကျေးမှုပုံစံများကို ပေါင်းစပ်၍ အရှုံးပေါ်နေသော ကုမ္ပဏီအား ၂နှစ်အတွင်း အမြတ်ပေါ်အောင် အလှည့်အပြောင်းဖြစ်စေခဲ့သည်။

ယင်းနောက် ဂိုဆင်သည် Michelin မြောက်အမေရိကလုပ်ငန်းများ၏ အကြီးအကဲဖြစ်လာသည်။ ၁၉၉၆ ခုနှစ်တွင်မှ ဂိုဆင်ကို ရေးနော့ကားကုမ္ပဏီက ငှားရမ်းခဲ့ပြီး ကုမ္ပဏီ၏ ဒုတိယအမှုဆောင်ဥက္ကဋ္ဌအဖြစ် တောင်အမေရိက လုပ်ငန်းများကို ကိုင်တွယ်စေခဲ့သည်။ ၁၉၉၉ ခုနှစ်တွင် ရေးနော့ကားကုမ္ပဏီက ဂျပန်ကားထုတ်လုပ်သူ နစ်ဆန်းတွင် ၃၈ ဒသမ ၈ ရာခိုင်နှုန်း ပါဝင်ရင်းနှီးမြှုပ်နှံခဲ့သည်။ နစ်ဆန်းကုမ္ပဏီ၏ လုပ်ငန်းလည်ပတ်ရေး အမှုဆောင်အရာရှိရာထူးကို ၁၉၉၉ ခုနှစ်တွင် ပူးတွဲရယူခဲ့သော ဂိုဆင်သည် ၂၀၀၀ ပြည့်နှစ်တွင် နစ်ဆန်းကားကုမ္ပဏီဥက္ကဋ္ဌဖြစ်လာခဲ့သည်။ ၂၀၀၁ ခုနှစ်တွင် အမှုဆောင်အရာရှိချုပ် ရာထူးကိုပါ ဂိုဆင်က ရယူခဲ့သည်။

မစ္စတာကားလို့စ်ဂိုဆင်နစ်ဆန်းကားကုမ္ပဏီသို့ရောက်ရှိလာချိန်တွင် နစ်ဆန်းမှာ ကြွေးမြီကန်ဒေါ်လာ ၂၀ ဘီလီယံတင်ရှိနေပြီး အလှည့်အပြောင်း ဖြစ်စေရန်မဖြစ်နိုင်ဟုပင် ဆိုခဲ့ကြသည်။ သို့သော် ယင်းနှစ်ကုန်တွင် အမြတ်မရပါက ကုမ္ပဏီမှ နုတ်ထွက်မည်ဟု ကတိပေးပြီး ဂိုဆင်က ကုမ္ပဏီကို မညှာမတာကိုင်တွယ်ခဲ့သည်။ ဂျပန်စီးပွားရေးယဉ်ကျေးမှုကို ချိုးဖျက်၍ နစ်ဆန်းအလုပ်သမား ၂၁,၀၀၀ ဖြုတ်ပစ်ကာ ဂျပန်နိုင်ငံတွင်ရှိသော နစ်ဆန်းစက်ရုံငါးရုံမှ တစ်ရုံကိုပိတ်ပစ်လိုက်သည်။ ကုမ္ပဏီအတွက် မလိုအပ်ဟု ယူဆသောပိုင်ဆိုင်မှုများကို ထုခွဲရောင်းချခဲ့ရာ တစ်နှစ်အတွင်းမှာပင် အသားတင်အမြတ်ငွေကန်ဒေါ်လာ ၂ ဒသမ ၇ ဘီလီယံ ရရှိခဲ့သည်။ ယခုအခါ နစ်ဆန်းကုမ္ပဏီမှာ ကားကုမ္ပဏီများတွင် အမြတ်အစွန်းအများဆုံး ရရှိသောကုမ္ပဏီတစ်ခုဖြစ်လာသည်။

ကားထုတ်လုပ်ရေးလုပ်ငန်း၏ ‘ရှော့ခ်စတား’ ဟုတင်စားခြင်းခံရသော မစ္စတာကားလို့စ်ဂိုဆင်သည် ဂျပန်လူမျိုးများကပင် ဩချလောက်အောင် အလုပ်လုပ်သူဖြစ်သည်။ *—Ref: Wikipedia*

## နောက်ကျောဖုံး - နျူဆွေးနွေးပွဲများနှင့်ပတ်သက်၍ ဥရောပသမဂ္ဂကို အီရန် ပြစ်တင်ပြောကြား မှ

မစ္စတာအလီဘာဂါရီ၏ စာထဲတွင် မော်စကို ဆွေးနွေးပွဲများ မတိုင်မီ အီရန်နှင့် အင်အားကြီး ခြောက်နိုင်ငံ(အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်၊ ဂျာမနီ၊ ရုရှား၊ တရုတ်)ကြား၌ ကွာဟမှုကြီးမားချက်ကို ပြသနေကြောင်း အေအက်ဖ်ပီ သတင်းတွင် ဖော်ပြသည်။ အီရန်နိုင်ငံနှင့် ဆက်ဆံရေးများတွင် မစ္စအက်ရှ်တန်၏ နိုင်ငံခြားရေးဌာနက အင်အားကြီး ခြောက်နိုင်ငံအားကိုယ်စားပြုပေးလျက်ရှိသည်။ ယခုဆွေးနွေးပွဲမှာ အီရန်နျူကိစ္စနှင့်ပတ်သက်၍ တတိယအကြိမ်မြောက် ဆွေးနွေးပွဲဖြစ်ပြီး ယခင်ကျင်းပခဲ့သော တူရကီနိုင်ငံ အစ်စတန်ဘူလ်မြို့နှင့် အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ဆွေးနွေးပွဲများတွင် မည်သည့်တိုးတက်မှုမှ မရရှိခဲ့ပေ။

*—Ref: AFP*

## နောက်ကျောဖုံး - လူလိုက်ပါမည့် အာကာသခရီးစဉ်အတွက် တရုတ်အာကာသသိပ္ပံပြင်ဆင် မှ

ယခုအာကာသခရီးစဉ်မှာ တရုတ်နိုင်ငံ၏ အာကာသလေ့လာရေးသမိုင်းတွင် ထူးခြားသည့် ခရီးစဉ်ဖြစ်ပြီး ယခင်လူလိုက်ပါသောအာကာသခရီးစဉ်များကဲ့သို့ မဟုတ်ဘဲ ယခုတစ်ကြိမ်တွင် အာကာသယာဉ်မှူးများကို အာကာသစူးစမ်းရေးယာဉ်သို့ အရောက်ပို့ဆောင်သွားမည့် ခရီးစဉ်ဖြစ်သည်ဟု လူလိုက်ပါသော အာကာသအစီအစဉ်အတွက် ဒီဖိုင်နာချုပ် ဇူကျန်ပင်းက ဇွန်လ ၉ ရက်တွင် ပြောကြားခဲ့သည်။

လာမည့် ရက်ပိုင်းအတွင်း တရုတ်သိပ္ပံပညာရှင်များက အာကာသယာဉ်နှင့် ဒုံးပျံ စမ်းသပ်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။

*—Ref: China Daily*

## နောက်ကျောဖုံး - ပြင်သစ် သမ္မတသစ်၏ ဆိုရှယ်လစ်များက ပါလီမန်ရွေးကောက်ပွဲကို ထိန်းချုပ်သွားဖွယ်ရှိ မှ

နိုင်ငံ၌ပြုပြင်ပြောင်းလဲမှုများဖော်ဆောင်နိုင်ရေးအတွက် ပါလီမန်တွင် အပြတ်အသတ် လူများစုနေရာရရှိရန် မဲဆန္ဒရှင်များက ၎င်းအားမဲပေးရန် ဟော်လန်ဒီက အလိုရှိနေသည်။

ပြင်သစ်နိုင်ငံ အနေဖြင့် ဥရောပကြွေးမြီအကျပ်အတည်း ဖြေရှင်းရေးတွင် ပါဝင်ကိုင်တွယ်နေရသလို စီးပွားရေးဖွံ့ဖြိုးမှု ရပ်တန့်နေခြင်း၊ အလုပ်လက်မဲ့မြင့်တက်နေခြင်းပြဿနာများနှင့်လည်း ရင်ဆိုင်နေရသည်။ ပါလီမန်တွင်သာ လူများစုနေရာ ရရှိခဲ့ပါက ကျောင်းဆရာ၊ ဆရာမအသစ် ၆၀,၀၀၀ ခန့်အပ်ရေးနှင့် ဝင်ငွေအများဆုံး ရရှိသူများထံမှ အခွန်၇၅ရာခိုင်နှုန်းကောက်ခံရေး အစီအစဉ်များကို မစ္စတာဟော်လန်ဒီက အကောင်အထည်ဖော်ရန် ကတိပြုထားသည်။

*—Ref: AFP*

## နောက်ကျောဖုံး - တူရကီနိုင်ငံတွင် အင်အားပြင်း ငလျင်လှုပ်ခတ် မှ



တူရကီနိုင်ငံသည် ငလျင်ပြတ်ရွေ့ကြော အများအပြားရှိရာဒေသတွင် တည်ရှိသည်။ ၂၀၁၁ အောက်တိုဘာလ ၂၃ ရက်တွင် နိုင်ငံအရှေ့ပိုင်း၌ လှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်ကြောင့် လူပေါင်း ၆၀၀ ကျော်သေဆုံးခဲ့ရသည်။

*—Ref: AFP*

ZIZAWA HEALTHCARE

**Vacancy Announcement**

A leading healthcare company distributing Pharmaceuticals, Medical Equipments and Devices is looking for the following candidates for business expansion. Submit a professional resume to the following address not later than June 22, 2012.

**Pharmaceutical Division (Yangon)**

1) **Marketing Executive** : (1) Post
MBBS, BDS, BPharm (Knowledge or experience with marketing will be a plus)
2) **Supervisor,** Medical Sales Promotion Team : (2) Posts
Minimum 5 Year Experience in the respective field
3) **Medical Sales Representative** : (4) Posts
Any Graduate (Knowledge in Pharmaceuticals will be a plus)

**Medical Equipment & Device Division (Yangon)**

1) **Sales Executive** : (4) Posts
MBBS, BDS, BVS, BNSc, B.Med.Tech
2) **Product Specialist** : (3) Posts
B.Med.Tech (Radiology) / (Physiotherapy) / (Medical Technology)
3) **Service Engineers** : (3) Posts
BE, B.Tech (MC,EC, IT)

**Consumer Division (Yangon)**

1) **Marketing Executive** : (1) Post
Any graduate with minimum 2 Year experience in respective field
2) **Sales Executive** : (1) Post
Any graduate with minimum 2 year experience in respective field
3) **Sales Representative** : (6) Post
Any graduate with good communication skill and pleasant personality
4) **Creative Designer** : (1) Post
Minimum 1 year experience
5) **Driver** : (3) Posts
Minimum 3 Year experience, Age : 30-55

Zizawa Healthcare
218, Bogyoke Aung San Road,
Botahtaung Township, Yangon

7 DAY NEWS JOURNAL
Vol.11, No.14 • JUNE 14 , 2012

# “ဒါဟာ အမျိုးသားစည်းလုံးညီညွတ်မှုရဲ့ သင်္ကေတ ဖြစ်ပါတယ်”

## အယ်လိဇဘက်ဘုရင်မကြီး နန်းသက် ၆၀ ပြည့် စိန်ရတုသဘင်အကြောင်း ဗြိတိသျှဝန်ကြီးချုပ်ဒေးဗစ်ကင်မရွန်းနှင့် မေးမြန်းခြင်း

ကျော်မျိုး

ဗြိတိန်ဘုရင်မကြီး အယ်လိဇဘက်-၂ ဟာ ယခုနှစ် ၂၀၁၂ မှာဆိုရင် နန်းစံသက်နှစ် ၆၀ ပြည့်ခဲ့ပြီမို့ ယခုအခါ သူမရဲ့ နန်းတက်စိန်ရတုသဘင် အခမ်းအနားများကိုဗြိတိန်တစ်ဝန်းမှာ ဝှဲချီးကျင်းပနေပြီဖြစ်ပါတယ်။ ၁၉၅၂ မှာ သူမရဲ့ဖခမည်းတော်ဂျော့ဘုရင်-(၆)နတ်ရွာစံတော်မူပြီးနောက် အယ်လိဇဘက်-၂ဟာ ဗြိတိန်ထီးနန်းကို ၁၉၅၃ဇွန် ၂ရက်မှာဆက်ခံစိုးစံခဲ့တာပါ။ ဘုရင်မကြီးဟာ ထိုစဉ်က သက်တော် ၂၆ နှစ်သာ ရှိပါသေးတယ်။ ဗြိတိန်ဟာ ဒုတိယကမ္ဘာစစ်ကြီးအပြီး ကိုလိုနီနိုင်ငံအများအပြားကို လွတ်လပ်ခွင့်ပေးလိုက်ရပေမယ့်လည်း ဩစတြေးလျ၊ နယူးဇီလန်တို့လို ဗြိတိသျှခနေသဟာယအဖွဲ့ဝင် လွတ်လပ်တဲ့အချုပ်အခြာ အာဏာပိုင်နိုင်ငံများရဲ့ စည်းမျဉ်းခံဘုရင်အဖြစ် ဗြိတိန်မှာလိုပဲ ဘုရင်မကြီး အယ်လိဇဘက်ကို ရုပ်ပြနိုင်ငံဦးသျှောင်အဖြစ် ထားရှိဆဲဖြစ်ပါတယ်။

ဘုရင်မကြီးဟာ ထီးနန်းဆက်ခံပြီးနောက် ကြင်ရာတော်မင်းသားကြီး ဖိလစ်နဲ့အတူ ခရီးအများအပြား ထွက်လေ့ရှိပြီး သူမရဲ့လက်ထက်မှာ ယခုအချိန်အထိ ဗြိတိသျှဝန်ကြီးချုပ်ဆယ့်နှစ်ဦးကို ကြုံကြိုက်ခဲ့ရပြီး ဖြစ်ပါတယ်။ ဒ့ါကြောင့် ယူရိုသတင်းဌာနဟာ ဗြိတိန်သမိုင်းမှာ နန်းစံသက် ၆၃ နှစ်ရှိခဲ့တဲ့ ဗစ်တိုရီးယားဘုရင်မကြီးပြီးရင် နန်းသက်အရှည်ဆုံးဖြစ်သလို မကြာခင်မှာဘဲ စံချိန်သစ်တင်နိုင်ဖွယ်ရှိတဲ့ ဘုရင်မကြီး အယ်လိဇဘက်နဲ့ ပတ်သက်လို့ ဗြိတိန်ရဲ့ လက်ရှိဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းရှိရာ ဒေါင်းနင်းလမ်း အမှတ်(၁၀)ကို သွားရောက်မေးမြန်းခဲ့ပါတယ်။ ယခုအချိန်မှာ ဘုရင်မကြီးရဲ့ နန်းတက်စိန်ရတုသတင်းအခမ်းအနားတွေကို စီးပွားရေးကျဆင်းမှုကာလအတွင်း လေးရက်ကြာအောင် ကျင်းပတဲ့အတွက် ဝေဖန်မှုတချို့ ရှိနေပေမယ့်လည်း ဝန်ကြီးချုပ်ကင်မရွန်းကတော့ ဘုရင်မကြီးဟာ အမျိုးသားစည်းလုံးညီညွတ်မှုရဲ့ သင်္ကေတပဲလို့ပြောပါတယ်။ ဒ့ါကြောင့် ယူရိုသတင်းရဲ့ အလီရှိတ်ခိုလက်ဆလာမီက ဝန်ကြီးချုပ်ဒေးဗစ်ကင်မရွန်းနဲ့အမေးအဖြေပြုလုပ်ထားတာတွေကို အပြည့်အစုံ ပြန်လည်တင်ဆက်ပေးလိုက်ရပါတယ်။



Photo - AFP

**ဝန်ကြီးချုပ်ခင်ဗျာ။ ဘုရင်မကြီးကို ဝန်ကြီးချုပ် ပထမဆုံးမြင်ဖူးတာ ကိုးနှစ်သားအရွယ်ကနော်။ အဲဒီတုန်းက ဘယ်လိုခံစားခဲ့ရသလဲဆိုတာနဲ့ ယနေ့မှာ သူမရဲ့ ဆယ့်နှစ်ဦးမြောက် ဝန်ကြီးချုပ်ဖြစ်လာခဲ့ရတာ ဘာနဲ့တူပါသလဲ။**

ဟုတ်ကဲ့။ သူမကို စတွေ့ဖူးတော့ ကျွန်တော်ကိုးနှစ်သား အရွယ်ပေါ့။ ကျွန်တော်လည်း သူ့ရဲ့ ဝန်ကြီးချုပ် ဖြစ်လာမယ်လို့ တစ်ခါမှမမျှော်လင့်ခဲ့ဖူးပါဘူး။ ကလေးလေးတစ်ယောက်ဖြစ်နေခဲ့တာ၊ သိပ်စိတ်လှုပ်ရှားခဲ့တာ (သူမကိုမြင်ရတဲ့ အခွင့် အရေးရတော့) အံ့ဩမှင်တက်ခဲ့မိတာတွေကိုတော့ ကျွန်တော်မှတ်မိသဗျာ။ ဒါပေမဲ့ ကိုယ်ဘယ်တော့မှ မေ့မရတာကတော့ ကားထဲက ထွက်လာပြီး ဘက်ကင်ဟမ်နန်းတော်ထဲဝင်ကာ (နန်းတော်) အပေါ်ထပ်ကိုတက်လို့ အစိုးရတစ်ဖွဲ့ ဖွဲ့နိုင်မလားလို့ ဘုရင်မကြီးက ကျွန်တော့်ကို မေးတဲ့အချိန်ပါပဲ။ ကျွန်တော့်ကိစ္စက အဲဒီမှာ ညွန့်ပေါင်းအစိုးရတစ်ဖွဲ့တော့ ဖွဲ့ဖြစ်မှာပါလို့ ပြောရတော့မှာ။ ဒ့ါကြောင့် အစိုးရဖွဲ့ဖို့ အကောင်းဆုံးလုပ်မှာပါ။ စီမံနိုင်ခဲ့ရင် ပြန်လာတွေ့ပါမယ်လို့ သွားလျှောက်တဲ့အချိန်ပါပဲ။ ဒါပေမဲ့ကံကောင်းထောက်မစွာပဲ ကျွန်တော်လုပ်နိုင်ခဲ့ပါတယ်။ ညွန့်ပေါင်းအစိုးရတစ်ရပ် ဖွဲ့နိုင်ခဲ့ပါတယ်။

**ဟုတ်ကဲ့ ဝန်ကြီးချုပ်ရဲ့အမြင်မှာပေါ့လေ။ နိုင်ငံတစ်နိုင်ငံအနေနဲ့ ဗြိတိန်အတွက် နန်းတက်စိန်ရတုသဘင်ပွဲ (လုပ်ရခြင်း) ရဲ့ ထူးခြားမှုက ဘာများဖြစ်မလဲ။ ဘုရင်မကြီးရဲ့ နန်းသက်အတွင်း ဒီနိုင်ငံဟာ ဘယ်လိုဖြတ်သန်းလာခဲ့သလဲလို့ ပြောနိုင်မလဲ။**

ဒီတိုင်းပြည်က လမ်းကြောင်းအရှည်ကြီးကို ဖြတ်သန်းလာခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ်ပေါင်း ခြောက်ဆယ်ကိုပြန်စဉ်းစားလိုက်ရင် ကျွန်တော်တို့ဟာ ဒုတိယကမ္ဘာစစ်ပြီးခါစမှာပဲ ရှိသေးတယ်။ အချိုးကျရိက္ခာ ခွဲဝေစားသောက်ရခြင်းနဲ့ပြဿနာတွေ၊ အခက်အခဲတွေ ရှိခဲ့တယ်။ အဲဒီကစလို့ ကျွန်တော်တို့တိုင်းပြည် အသွင်ပြောင်းလဲခဲ့တယ်။ ကျွန်တော်တို့ (အခု) ဂုဏ်ယူအောင်ပွဲခံနေခြင်းဟာ တကယ်တော့ အချက်နှစ်ချက်ရှိတယ်။ ပထမအချက်က ထူးခြားတဲ့ပုဂ္ဂိုလ်ရေးမှတ်တမ်းစံချိန်ပေ့ါ။ ထီးနန်းကို နှစ်ပေါင်း ၆၀ စိုးစံနိုင်ခဲ့မှု၊ အဲဒါကို မှတ်တမ်းထိုးနိုင်မှု၊ တာဝန်ထမ်းခဲ့မှု၊ ပြည်သူတွေအတွက်၊ ခနေသဟာအဖွဲ့ကြီးအတွက်၊ ကမ္ဘာကြီးအတွက် မဆုတ်မနစ်ဆောင်ရွက်ခဲ့မှု မှတ်တမ်းပေ့ါ။ ပြီးတော့ လူတွေအနေနဲ့လည်း ဒီမှတ်သားလောက်တဲ့ နှစ် ၆၀ ကြာပြည်သူ့တာဝန်ထမ်းရွက်ခဲ့မှုမှာ သူခြေတစ်လှမ်းမှားခဲ့တယ်လို့တောင် မတွေးနိုင်ရတာမျိုးပေ့ါ။ ကျွန်တော်တို့ဟာ ဗြိတိန်မှာ ထူးခြားတဲ့ တစ်စုံတစ်ခုကို အောင်ပွဲခံဂုဏ်ပြုနေကြတယ် ထင်ပါတယ်။ အဲဒါဟာ (ဗြိတိသျှ) ထီးနန်းရဲ့ အဆောက်အအုံပါပဲ။ နိုင်ငံသားအားလုံးဟာ သူတို့ရဲ့သမိုင်းကိုရောင်ပြန်ဟပ်နိုင်တဲ့ အဖွဲ့အစည်းအဆောက်အအုံတွေနဲ့တည်ငြိမ်မှုတို့ ပေါင်းစပ်ထားတာကို လိုချင်ကြရုံသာမက ဒီမိုကရေစီ ရွေးချယ်ခွင့်နဲ့ လွတ်လပ်ခွင့်တို့ကိုလည်းလိုချင်၊ ရှိချင်ကြပါတယ်။ ဗြိတိန်မှာတော့ ကျွန်တော်တို့ နည်းလမ်းကောင်းတွေ့ထားတယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒါဟာ လူတိုင်းရဲ့နည်းလမ်းတော့မဟုတ်ပါဘူး။ ဒါပေမဲ့ အဲဒီ (အထက်က) အရာနှစ်ခုကို ပေါင်းစပ်ထားပုံ ကျွန်တော်တို့ရဲ့ နည်းလမ်းပေ့ါ။ (ဗြိတိသျှ) ထီးနန်းဟာ အဲဒါနဲ့ပတ်သက်လို့ ကျွန်တော်တို့ကို အလွန်ကောင်းမွန်စွာ တာဝန်ထမ်းဆောင်ပေးထားပါတယ်။ ဒါဟာ နိုင်ငံရေးရဲ့ အထက်မှာပါ။ ဒါဟာ အမျိုးသားစည်းလုံးညီညွတ်မှုရဲ့ သင်္ကေတဖြစ်ပါတယ်။ ပြီးတော့ ခင်ဗျားမြင်တဲ့အတိုင်း ဒီအောင်ပွဲခံဂုဏ်ပြုပွဲတွေက ပြည်သူတွေကို အတူတကွဆွဲခေါ်လာပါတယ်။

**ဝန်ကြီးချုပ်ဟာ ဘုရင်မကြီးနဲ့ အပတ်စဉ်တိုင်းတွေ့တယ်နော်။ ဗြိတိန်နဲ့ ပြင်ပကမ္ဘာက လူတော်တော်များများက ဒါဟာ ရယ်စရာ ဗြိတိသျှအစဉ်အလာတစ်ခုဟုတ်၊ မဟုတ် သိချင်ကြပါတယ်။ ဒါမှမဟုတ် အဲဒါ ဟုတ်များ ဟုတ်နေလား။**

ဟင့်အင်း။ ဒါက အဖွဲ့အစည်းအခြေခံဥပဒေရဲ့ အရေးပါတဲ့ အစိတ်အပိုင်းပါ။ ဘာ့ကြောင့်လဲဆိုတော့ ဘုရင်မကြီးဟာ နိုင်ငံ့ဦးသျှောင်ပါပဲ။ ကျွန်တော်တို့ဟာ ရွေးကောက်ခံဝန်ကြီးချုပ်နဲ့ အစိုးရက ဆုံးဖြတ်ချက်တွေ ချမှတ်ပြီး ဘုရင်မကြီးကတော့ ရုပ်ပြအဆောင်အယောင် နိုင်ငံ့ဦးသျှောင်ဆိုတဲ့ အခြေအနေထဲမှာ ရှိနေပြီးသားပါ။ ဒါပေမဲ့ ဝန်ကြီးချုပ် တစ်ယောက်အတွက် ဘုရင်မကြီးကို အပတ်တိုင်း သွားရောက်ဖူးမြော်ပြီး ဒီက ကမ္ဘာတစ်ဝန်းက ပြဿနာတွေ၊ စိန်ခေါ်မှုတွေ သွားရောက်ချပြတာ၊ အစိုးရက နိုင်ငံ့ဦးသျှောင့်အတွက် ဘာတွေလုပ်နေတယ်ရှင်းပြတာ။ ဒါတွေက အရေးပါတဲ့ တာဝန်တစ်ရပ်ပါပဲ။ ပြီးတော့လည်း မြင်တွေ့ထားတဲ့ ဘုရင်မကြီး၊ အားလုံးကိုသိထား၊ ကြားထားဖူးပြီး ကမ္ဘာတစ်ဝန်းလည်းခရီးထွက်ထားဖူးပြီး၊ နိုင်ငံ့ခေါင်းဆောင်တိုင်း၊ အစိုးရအကြီးအကဲတိုင်းကိုသိတဲ့ ဘုရင်မကြီးဟာ သိပ်ကောင်းတဲ့အကြံဉာဏ်တချို့ပေးနိုင်ပါတယ်။ သိပ်ပြီးသက်ဆိုင်တဲ့ မေးခွန်းတွေ မေးနိုင်စွမ်းရှိပါတယ်။

**အိုလံပစ်ပွဲကြီးကလည်း နီးလာနေပြီဆိုတော့ ဒီပွဲကြီးဟာ လန်ဒန်မြို့တော်အတွက် ဗြိတိန်ဆိုတဲ့တိုင်းပြည်တစ်ခုအတွက် ဘာများ အဓိပ္ပာယ် သက်ရောက်မှာပါလဲ။**

ဒီနှစ်ဟာ ဗြိတိန်အတွက် တကယ့်နှစ်ဆိုတာ အထင်အရှားပါပဲ။ ဒီနှစ်က ကမ္ဘာကို ကျွန်တော်တို့ကိုယ်တိုင် ပြသနိုင်တဲ့နှစ်ပါပဲ။ လန်ဒန်အရှေ့ပိုင်းမှာ အိုလံပစ်ပွဲကြီးဟာ နေရာတစ်ခုအသွင်ပြောင်းနေပါပြီ။ ရုပ်ပိုင်းအရ အသွင်ပြောင်းလဲမှုလည်းစဖြစ်နေပါပြီ။ ဒါပေမဲ့ အဲဒါထက်ပိုအရေးကြီးတာက ကမ္ဘာကြီးကို ဖွင့်ပြပြီးကဲ. . ကြည့်ကြဆိုပြီး “ဒီမှာ တိုင်းပြည်တစ်ခု။ ဟုတ်တယ် ကျုပ်တို့မှာ စီးပွားရေးအခက်အခဲတွေရှိပေမယ့်ကျုပ်တို့တံခါးဝမှာဥရောပဈေးကွက်ရှိနေတယ်။ ကျုပ်တို့ အမေရိကနဲ့ ဂျပန်တို့ရဲ့ အချိန်ဇုန်တွေကြားမှာရှိနေတယ်။ ကျုပ်တို့မှာ အင်္ဂလိပ်ဘာသာစကားရှိတယ်။ စီးပွားရေးလုပ်ငန်းသုံး ဘာသာစကားပေ့ါ။ ကမ္ဘာမှာ အကောင်းဆုံးတက္ကသိုလ်တွေထဲက တချို့ရှိတယ်။ သွက်လက်တဲ့ စီးပွားရေးမြင်ကွင်း၊ ခမ်းနားတဲ့ယဉ်ကျေးမှု၊ အနုပညာ၊ သိပ္ပံပညာနဲ့ ကျန်တာအားလုံးရှိနေတယ်” လို့ပြောနေပါတယ်။ လာလည်ကြပါ။ လာကြည့်ကြပါ။ ဒါဟာ ဗြိတိန်အတွက် ကြီးမားတဲ့ အခွင့်အလမ်းတစ်ရပ်ဖြစ်သလို ဒါကလည်း လူငယ်တွေအတွက် ယှဉ်ပြိုင်မှုရှိတဲ့ အားကစားနယ်ထဲ ပြောင်းဝင်ဖို့ဖြစ်မယ်။ အနာဂတ်အတွက် တကယ်တာရှည်ခံမယ့် အမွေအနှစ်ကိုချန်ထားရစ်မယ့် နည်းလမ်းပဲလို့ ကျွန်တော် မျှော်လင့်မိပါတယ်။

*—Ref: "Queen hardly put a foot wrong in 60 years" Cameron. Euronews.*



7DAY NEWS JOURNAL

# Entertainment

Vol.11, No.14 • JUNE 14 , 2012

## ကေပေါ့ပ်အရောင်းရဆုံး အယ်လ်ဘမ်များ စာရင်းတွင် Wonder Girls နှင့် Big Bang ဦးဆောင်

**ဆိုးလ်၊ ဇွန် - ၅**

ကိုရီးယားပေါ့ပ်ဂီတ၏ ထိပ်သီးအဖွဲ့များဖြစ်သော Big Bang နှင့် Wonder Girls တို့၏ နောက်ဆုံးထွက်အယ်လ်ဘမ်သစ်များသည် အရောင်းရဆုံး အယ်လ်ဘမ်များ စာရင်းတွင် ထိပ်ဆုံးမှ ရပ်တည်နေကြောင်း သိရသည်။ Big Bang မှာ ၎င်းတို့၏ အယ်လ်ဘမ်သစ် Monster ဖြင့် အရောင်းရဆုံး စာရင်းများတွင် နံပါတ်တစ် နေရာ ရနေကာ Wonder Girls မှာ Like This အယ်လ်ဘမ်ဖြင့် ဒုတိယနှင့် တတိယနေရာများတွင် အသီးသီး ရပ်တည်နေခဲ့သည်။ ဂူးဂဲလ်၏ Youtube ဗီဒီယိုဝက်ဘ်ဆိုက်အပေါ် လွှင့်တင်ထားသော Big Bang ၏ Monster အယ်လ်ဘမ်သီချင်းမှာ တစ်နေ့တည်း ကြည့်ရှုမှု အကြိမ်ရေသုံးသန်းကျော်ရှိခဲ့ရာ ကေပေါ့ပ်ဂီတသမိုင်းတွင် အချိန်တိုအတွင်း ကြည့်ရှုသည့် ပရိသတ်အများဆုံး စံချိန်သစ်ရခဲ့သည်။

Wonder Girls အဖွဲ့၏ Like This အယ်လ်ဘမ်ဗီဒီယိုမှာ You-Tube တွင်တစ်နေ့ထဲ၌ကြည့်ရှုသူ ၁ ဒသမ ၃ သန်းကျော်ရှိခဲ့ သည်။ Big Bang အဖွဲ့သည် လက်ရှိတွင် ဂျပန်နိုင်ငံ၌ ဖျော်ဖြေပွဲများ ပြုလုပ်နေပြီး ကိုရီးယားပြည်တွင်း၌ အယ်လ်ဘမ်သစ်အတွက်အရောင်းမြှင့်တင်မှုများ မပြုလုပ်ရသေးသော်လည်း ယခုကဲ့သို့ အောင်မြင်မှုရခဲ့ခြင်းဖြစ်သည်။

—Ref: Korea Herald



## ကိုယ်တိုင်ဒါရိုက်တာလုပ်ကာ 'ကိုတေလေ'ကို အသက်သွင်းထားတဲ့ အိမ့်ချစ်

**ကြူကြူဟာန်** **ရန်ကုန်၊ ဇွန် -၅**



ဇွန်လ ၂၅ ရက်တွင် ထွက်ရှိမည့် အဆိုတော်အိမ့်ချစ်၏ တစ်ကိုယ်တော်ခွေ "ကိုယ်တိုင်ရေးပုံတူ" ဗီစီဒီတွင် "ကိုတေလေ" သီချင်းကို သူမကိုယ်တိုင် ဒါရိုက်တာအဖြစ် ဖန်တီးထားပြီး ဗေလုဝနှင့်အတူ သရုပ်ဆောင်ထားကြောင်း အိမ့်ချစ်က ပြောသည်။

"ကိုတေလေက နာမည်ကိုက ခပ်ဆန်းဆန်းလေး သီချင်းလေးက ရိုးတယ်၊ ခပ်အေးအေးလေး၊ တစ်ခွေလုံးမှာ အဲဒီသီချင်းကအရိုးဆုံးပဲ။ စဉ်းစားလိုက်တာက အဲ့ဒီသီချင်းလေးပေါ် ဆွဲဆောင်မှုရှိဖို့က ရယ်စရာဟာသလေးအဖြစ် ရိုက်လိုက်ရင် ဘယ်လိုဖြစ်သွားမလဲပေါ့။ ကိုယ့်ဘာသာကိုယ် တွေးမိတယ်။ ဟာသရိုက်မယ်ဆိုတော့ ကြည့်လိုက်တာနဲ့ ရယ်ချင်နေတဲ့ သရုပ်ဆောင်မျိုးက ဘယ်သူရှိလဲပေါ့။ ဦးဗေကြီး။ သူ့ရဲ့သမ္ဘာ၊ သူ့ရဲ့မျက်နှာ တစ်ချက်လှုပ်လိုက်တာနဲ့ ပရိသတ်တွေ အရမ်း သဘောကျတယ်။ နဂိုကတည်းက ရယ်စရာကောင်းနေတယ်။ဦးဗေကြီးနဲ့ အိမ့်ချစ် ရယ်စရာကောင်းတဲ့ဇာတ်လမ်းလေး။ ဦးဗေကြီးကို အိမ့်ချစ်က လိုက်ကြိုက်ရတာပေါ့။ ဦးဗေကြီးရဲ့ စပွန်ဆာက အိမ့်ချစ်ပေါ့။ အဲ့ဒီလို ရိုက်ထားတာ" ဟု အဆိုတော် အိမ့်ချစ်က ပြောသည်။

ရဲတိုက်၊ ရဲလေး၊ ဗေလုဝ၊ သားကြီး၊ ဂျေမီ၊ အောင်ဇေ၊ ကြည်ဇော်ထက်၊ ဇင်မင်းနောင်၊ စိုးပြည့်ပြည့်စုံ၊ အိမ့်ချစ်တို့ ပါဝင်သရုပ်ဆောင်ပြီး တေးရေးစိုးလင်း၊ အောင်မြတ်၊ လွင်၊ ရဲလေး၊ အိမ့်ချစ်၊ ကိုသားကြီး၊ ဦးထွန်းတို့က ရိုက်ကူးထားကြောင်း သိရသည်။

"ဆူးလေ လမ်းမကြီးပေါ် မှာ လမ်းလျှောက်ပြီးကတဲ့ သီချင်းတွေရှိတယ်။ မိုးရွာထဲမှာ ကားသံတွေ ဟွန်းသံတွေ အရမ်းဆူညံနေတယ်။ ကက်ဆက်ဖွင့်လို့မရဘူး။ ကက်ဆက်သံကို ဘယ်လိုမှမကြားရဘူး။ လူလယ်ခေါင်မှာ အကအဖွဲ့နဲ့ ကိုမင်းမင်းထွဏ်းတို့နဲ့ အိမ့်ချစ်က တစ်၊ နှစ်၊ သုံး အကျယ်ကြီးအော်ဆို လိုက်ဖ်ဖျော်ဖြေသလို ဖြစ်နေတာပေါ့နော်။ ကိုယ်ဘာသာကိုယ်ဆိုပြီး ကရတာ၊ လူတွေကလည်း ဝိုင်းကြည့်နေတယ်။

စာ(၄၉)သို့



## ကိုယ့်ရဲ့ ဆုံးဖြတ်ချက်နဲ့ဆိုရင် ဒီအလုပ်ရဲ့ ကောင်းခြင်းဆိုးခြင်းအပေါ် ကျွန်တော်ခံနိုင်တယ်

**မြင့်မြတ်နှင့်တွေ့ဆုံခြင်း** **ကြူကြူဟာန်**

**ဇာတ်ကားနဲ့ ပရိသတ်တွေ အသိမှတ်ပြုခံခဲ့ရတဲ့ မင်းသားတစ်ဦးဖြစ်တဲ့ မြင့်မြတ်ကို အနုပညာပေါ် ထားရှိတဲ့စိတ်ထားများ၊ ယခုအချိန်မှာ အခြားသောထုတ်လုပ်ရေးနဲ့ ဇာတ်ကားရိုက်ကူးမှု အခြေအနေများ၊ အနုပညာလှုပ်ရှားမှုများကို ယဉ်ကျေးမှုတက္ကသိုလ်ရှိ မြင့်မြတ် ဇာတ်ကားရိုက်ကူးနေတဲ့ ရိုက်ကွင်းကို သွားရောက်ကာ မေးမြန်းဖြစ်ခဲ့ပုံများကို ဖော်ပြပေးလိုက်ပါတယ်။**

**အစ်ကိုအခုရိုက်နေတဲ့ ဇာတ်ကားလေးက ဘယ်လိုဇာတ်မျိုးလေးလဲ။**

ရိုမန့်ဟာသလေးနည်းနည်းပါတယ်။ ကျောင်းဇာတ်လေးပေါ့။ ဒါရိုက်တာညွှန့်မြန်မာညီညီအောင်နဲ့ မင်းသမီးက သက်မွန်မြင့် အောင်သီရိထုတ်လုပ်ရေးနဲ့ဇာတ်လမ်းက နယ်က တက်လာပြီး တက္ကသိုလ်တက်တဲ့ကျောင်းသား။ နည်းနည်း သိပ်ပြီးတော့ ကြောင်တောင်တောင်နဲ့ပေါ့။

**မပော်ဂနီနဲ့ စာချုပ်ပြည့်ပြီး နောက်ပိုင်းမှာ ဘယ်ထုတ်လုပ်ရေးတွေနဲ့ အများဆုံးရိုက်ဖြစ်လဲ။**

အောင်တိုင်းကျော်၊ အောင်သီရိ၊ ဂျော်လီဆွေ သုံးတိုက်နဲ့ ရိုက်နေတယ်။ အပြင်ရောက်တော့ အပြင်နဲ့ ၁၀ ကားထိ စာချုပ်ချုပ်တယ်။ ဒါရိုက်တာတွေ၊ မင်းသမီးကိစ္စတွေကို ကုမ္ပဏီက စီစဉ်ပေးတယ်။ ဇာတ်လမ်းကိုတော့ တိုင်တိုင်ပင်ပင်နဲ့ရွေးတယ်။ အဓိကRespectပေါ့ဗျာ။ လူတစ်ယောက်ဆိုတာ သူ့ရဲ့လုပ်ပိုင်ခွင့်နဲ့ ကိုယ့်ရဲ့လုပ်ပိုင်ခွင့်ဆိုတာရှိတယ်။ အဲ့ဒီလို Respect ပေးသင့်တာပေါ့။ အခုဟာဆိုရင် ကုမ္ပဏီကလည်း Respectပေးတယ်။ ကျွန်တော်တို့ရဲ့ လုပ်ပိုင်ခွင့်ထက်ပိုမကျော်ဘူး။ ကုမ္ပဏီကို ဘာအခွင့်အရေးမှ ပိုမတောင်းဘူး။ အဲဒီအတွက် သူ့အပေါ် အပြန်အလှန် နားလည်လေးစားမှု ထားပြီး လုပ်တော့ အဆင်ပြေတာပေါ့။

စာ(၄၉)သို့

7 DAY NEWS JOURNAL
Vol.11, No.14 • JUNE 14 , 2012

# သူငယ်ချင်းတွေ နောက်ပြောင်ခံနေရတဲ့ သမီးရှင် L လွန်းဝါ

ကြူကြူဟာန်

**ရန်ကုန်၊ ဇွန်-၇**

အဆိုတော် L လွန်းဝါ၏ ဇနီးဖြစ်သူ မခိုင်စုအောင်က သမီးငယ်လေးကို မေ ၂၆ ရက် နံနက်တစ်နာရီ မိနစ်သုံးဆယ်တွင် မွေးဖွားပေးခဲ့သည့်အတွက် ဝမ်းသာကြည်နူးနေပြီး သမီးနှစ်ယောက် ရရှိထားသည့်အတွက် နောက်ပြောင်ခံနေရကြောင်း L လွန်းဝါက ပြောသည်။

"စနေနေ့မွေးမယ်ဆိုပြီး သောကြာနေ့ ဆေးရုံပေါ်ရောက်တာနဲ့ မိန်းမဗိုက်နာလို့ မွေးလိုက်ရတယ်။ ချက်ချင်းကြီး နည်းနည်းစောမွေးတယ်။ သမီးကြီးတုန်းကပိုဆိုးတယ်။ ရက် ၂၀ လောက်စောမွေးတယ်။ ဒီကလေးလည်းစောမွေးတယ်။ ကလေးက မျက်နှာအဝိုင်းလေးဆိုတော့ ကျွန်တော်နဲ့တူနေတာပေါ့။ လောလောဆယ်တော့ အရမ်းအစခံရတာပေါ့နော်။ ပျော်ပါတယ်။ သမီးနှစ်ယောက်လုံးကိုလည်း ချစ်ပါတယ်"ဟု L လွန်းဝါကပြောသည်။

L လွန်းဝါ၏ ဇနီးသည်က သမီးငယ်လေးကို SSC ဆေးရုံတွင် ဒေါက်တာဒေါ်ခင်လေးကြွယ်က မွေးဖွားပေးခဲ့ပြီး ကိုယ်အလေးချိန် ခုနစ်ပေါင်ငါးအောင်စရှိကြောင်း သိရသည်။ သမီးလေးကို အိမ်နာမည် 'လုလု'ဟု ပေးထားကြောင်း L လွန်းဝါကပြောသည်။

"ပခုံးတစ်ဖက် ပိုကြီးလာတာပေါ့နော်။ ပထမက တစ်ဖက်တည်း အခုတော့ နှစ်ဖက်ဖြစ်သွားပြီ။ ဒီထက်ပိုပြီးတော့ ကိုယ့်ကိုယ်ကိုယ် ကလေးမဟုတ်တော့ဘူးလို့ ပိုခံစားရတယ်။ ပထမအိမ်ထောင်ကျတယ်။ ကလေးတစ်ယောက် မွေးတုန်းကတော့ အဲဒါကိုယ်ကလူပျိုပဲပေါ့။ ဘာညာပေါ့။ သိပ်မကွာသေးဘူးပေါ့။ အခုတော့ အဲ့ဒီလိုမဟုတ်တော့ဘူး။ သေချာသွားပြီ။ အရမ်းကို သေချာသွားပြီ"ဟု L လွန်းဝါကပြောသည်။



ဓာတ်ပုံ - ရဲအောင်ဖေ(အာရမ)

# မိုင်လီဆိုင်းရပ်စ် ချစ်သူနဲ့ စေ့စပ်ပြီ



**လော့စ်အိန်ဂျလိစ်၊ ဇွန် - ၆**

အမေရိကန်ဆယ်ကျော်သက်အဆို တော်မလေး မိုင်လီဆိုင်းရပ်စ်သည် သူမနှင့် သုံးနှစ်ကြာ လက်တွဲလာခဲ့သော Hunger Games ရုပ်ရှင်ကားမှ သရုပ်ဆောင်မင်းသားလီယမ်ဟမ်းစ်ဝ့ါသ်နှင့် လက်ထပ်ပွဲမတိုင်မီ အကြိုစေ့စပ်ပွဲပြုလုပ်ခဲ့ကြောင်း ၎င်းတို့၏ကိုယ်စားလှယ်များက အတည်ပြုပြောကြားလိုက်သည်။

၎င်းတို့၏ စေ့စပ်ပွဲနှင့်ပတ်သက်၍ အသက် ၁၉နှစ်အရွယ် အဆိုတော်မိုင်လီဆိုင်းရပ်စ်က "လီယမ်နဲ့အတူ ပျော်စရာဘဝကို ဦးတည်ဖို့ စေ့စပ်ဖြစ်ခဲ့တာ အရမ်းပျော်ရွှင်မိပါတယ်"ဟု People မဂ္ဂဇင်းသို့ပြောသည်။

ဩစတြေးလျသရုပ်ဆောင် လီယမ်ဟမ်းစ်ဝ့ါသ်သည် ၂၀၀၉ ခုနှစ် The Last Song ဇာတ်ကား၌ ဆိုင်းရပ်စ်နှင့်အတူ တွဲဖက်သရုပ်ဆောင်ခဲ့ရာမှ လက်တွဲဖြစ်ခဲ့ခြင်းဖြစ်သည်။ ၎င်းသည် ဆိုင်းရပ်စ်အား ပြီးခဲ့သည့်မေ ၃၁ ရက်တွင် နီယယ်လ်လိန်းလက်ဝတ်ရတနာဆိုင်မှ ဝယ်ယူခဲ့သော ၃ ဒသမ ၅ကာရက်အလေးချိန်ရှိ စိန်လက်စွပ်ဖြင့် စေ့စပ်ခွင့်တောင်းခဲ့ခြင်းဖြစ်သည်။

ဆိုင်းရပ်စ်သည် ယခုအခါ သူမ၏ အယ်လ်ဘမ်သစ်အတွက် စတူဒီယိုတွင် အလုပ်များနေပြီး ဟမ်းဝ့ါသ်မှာ နယူးအော်လင်း၌ Empire State ဇာတ်ကားကို ရိုက်ကူးလျက်ရှိသည်။ ထို့အပြင် ၎င်းသည် ဒုတိယမြောက် Hunger Games ဇာတ်ကားမရိုက်ကူးမီ ဟယ်ရီဆင်ဖို့ဒ်၊ ဂယ်ရီအိုးလ်မင်းတို့နှင့်တွဲ၍ Paranoia ဇာတ်ကားကိုလည်း ရိုက်ကူးနေကြောင်းသိရသည်။ —Ref: People

# ကေပေါ့ပ်ဂီတအဖွဲ့ KARA ကိုရီးယား ခရီးသွားလုပ်ငန်း မြှင့်တင်ရေးဆုရရှိ

**ဆိုးလ်၊ ဇွန် - ၆**

တောင်ကိုရီးယားပေါ့ပ်တေးဂီတ၏ မိန်းကလေးအဖွဲ့ KARA သည်ကိုရီးယားခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် ကိုရီးယားခရီးသွားလုပ်ငန်းအဖွဲ့ကြီးက ပေးအပ်သော ခရီးသွားလုပ်ငန်းမြှင့်တင်ရေးဆုကို ရရှိခဲ့သည်။ အဖွဲ့ဝင်ငါးဦးပါဝင်သော KARA အဖွဲ့သည်ကိုရီးယားနှင့်ဂျပန်နိုင်ငံတွင် နာမည်ကြီးသည့်အဖွဲ့ဖြစ်ပြီး ဂျပန်၌ ကေပေါ့ပ်ဂီတ လူကြိုက်များအောင် ဦးဆောင်ခဲ့သော အဖွဲ့လည်းဖြစ်သည်။ အဆိုပါအဖွဲ့သည် ယခုနှစ် ဇန်နဝါရီတွင် နိုင်ငံတကာ ယဉ်ကျေးမှုဖလှယ်ရေး ကိုရီးယားဖောင်ဒေးရှင်းမှ ပြုလုပ်သော စစ်တမ်းတစ်ရပ်အရ ဂျပန်နိုင်ငံတွင် လူကြိုက်အများဆုံး ကိုရီးယားအဆိုတော်အဖွဲ့ဖြစ်ကြောင်းသိရသည်။

ယခုနှစ်အတွက် ပေးအပ်သည့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးဆု ၁၀ ဆုတွင် ဆုဝမ်းရှိ ဟွာဆန်းမြို့ငယ်၊ ဂျောင်ဂန်ထင်းရှူးသစ်တော၊ ခရီးသွားလမ်းညွှန်စာအုပ် How far did you go in korea စာအုပ်တို့လည်း ရရှိခဲ့သည်။

ယခုနှစ်ဆုရရှိသူ ၁၀ ဖွဲ့သည် ဆုကြေးငွေ ဝမ်ငါးသန်း (ကန်ဒေါ်လာလေးထောင်ကျော်) ရရှိမည်ဖြစ်သည်။ —Ref: Korea Herald






7 DAY NEWS JOURNAL
Vol.11, No.14 • JUNE 14 , 2012

## စာ - ၄၇၊ မြင့်မြတ်နှင့်အင်တာဗျူး မှ

**အခု အပြင်ထုတ်လုပ်ရေးနဲ့ ဘယ်လိုဇာတ်လမ်းမျိုးတွေ ရိုက်ကူးနေပါသလဲ။**

ဇာတ်လမ်းကတော့ အစုံပါပဲ။ ဇာတ်လမ်းက အရေးကြီးတယ်ဆိုတော့ ဒါရိုက်တာရယ်၊ ကုမ္ပဏီ ပရိုဂျူဆာရယ်၊ ကျွန်တော်ရယ်တိုင်ပင်ပြီးတော့အဆင်ပြေဆုံး အကောင်းဆုံးဖြစ်အောင်ရွေးပြီးတော့ ရိုက်ထားပါတယ်။

**ဒရာမာနဲ့ အောင်မြင်ခဲ့တဲ့ မင်းသားတစ်ယောက်ဆိုတော့ အခုနောက်ပိုင်း ဟာသကားတွေ တော်တော်များများ ရိုက်ဖြစ်လာတာ ဘယ်လိုကြောင့်ပါလဲ။**

ဟာသကားတွေလည်း ရိုက်တာကြာတော့ ကြာပါပြီ။ ၇ ကား ၈ ကားလောက်မှာ စမ်းရိုက်ကြည့်တာ။ ဒရာမာနဲ့ ပိုလိုက်တယ်ဆိုပြီး ဒါရိုက်တာတွေက အကြံပေးတယ်။ ဒရာမာပဲရိုက်ဖြစ်တာများတာပေါ့နော်။ ဟာသလေးတော့ လုပ်တတ်မှဖြစ်မယ်။ သရုပ်ဆောင်တစ်ယောက်အနေနဲ့ ကာရိုက်တာပေါင်းစုံသရုပ်ဆောင်နိုင်မှ အဆင်ပြေမယ်လေ။ အဲဒီတော့ ဟာသကားတွေ ရိုက်ဖြစ်လာတယ်။

**ဟာသကားရိုက်ရတာနဲ့ ဒရာမာကားရိုက်ရတာ အစ်ကို့အနေနဲ့ ဘယ်လိုကွာခြားမှုတွေရှိလဲ။ ဘယ်လိုအခက်ခဲတွေရှိလဲ။**

ကွာပါတယ်။ သူ့ပညာနဲ့သူ အကုန်လုံးက ခက်ပါတယ်။ သူ့ပညာနဲ့သူ လေးနက်တဲ့အခက်ခဲလေးတွေ ပညာလေးတွေရှိကြတယ်။ ဒရာမာက လုပ်ရတာ ခက်တယ်။ ပိုပြီးပင်ပန်းတာပေါ့။ ဒါကတော့ ရိုးရိုးလေးစဉ်းစားကြည့်ရင် သိသာပါတယ်။ ငိုရတာနဲ့ ရယ်ရတာ ဘယ်ဟာပိုပင်ပန်းလဲဆိုတာ၊ ငိုတဲ့နေရာမှာလည်း ပုံစံအမျိုးမျိုးနဲ့ ငိုရတာလေးရှိတယ်။ အဲဒီလိုဆိုတော့ဟာသကားနဲ့ဒရာမာနဲ့က ဗီဒီယိုမှာသိပ်မသိသာဘူး။ သိတော့ သိသာတယ်။ နည်းနည်းပေါ့။ ရုပ်ရှင်ကားကြီးဆိုပိုပြီး သိသာတယ်။ ဒရာမာက ရုံကြီးကားဆို အိုက်တင်တွေ အသေးစိတ်ယူရတာတွေရှိတယ်လေ။ ဟာသဆိုလုပ်ရတာ နည်းနည်းလေးပေ့ါပါးတယ်။ အဲဒီလို ဒရာမာက လိုချင်တဲ့ Tempo ကိုကိုယ့်ဘက်က မရောက်ရောက်အောင် ကြိုးစားရတယ်။ အဲဒီအချိန်ဆို ပင်ပန်းမှုခြင်းက နည်းနည်းသိသာလာတယ်ပေါ့။

**စာချုပ်ချုပ်ပြီး ရိုက်ရတာနဲ့ အခုကိုယ့်စိတ်ကြိုက်အပြင်ထုတ်လုပ်ရေးနဲ့ ရိုက်ရတာ ဘယ်လိုကွာခြားမှုရှိလဲ။**

ကွာတာပေါ့။ အဓိကက အခွင့်အရေးလို့လည်း ပြောလို့ရပါတယ်။ လူတစ်ယောက်ရဲ့ ဆုံးဖြတ်ချက်က ဥပမာ ကိုယ်အလုပ်တစ်ခုလုပ်တယ်။ ကိုယ်လုပ်တဲ့အလုပ်တစ်ခုက ကိုယ့်ရဲ့ဆုံးဖြတ်ချက်နဲ့ဆိုရင် ဒီအလုပ်ရဲ့ ကောင်းခြင်း ဆိုးခြင်း အပေါ်မှာ ကျွန်တော်ခံနိုင်တယ်။ ဆိုးလာရင် ခံလိုက်မယ်။ တကယ်လို့ ကောင်းလာမယ်ဆိုရင် ဝမ်းသာစရာပေ့ါ။ ကိုယ့်ရဲ့ဆုံးဖြတ်ချက်နဲ့ဖြစ်တာ။ အဲဒီလိုမျိုးလုပ်ရရင် အလုပ်တစ်ခုက ကျေနပ်ဖို့ကောင်းတာပေါ့။ အဓိကကတော့ စိတ်ရဲ့လွတ်လပ်မှုနဲ့ အခွင့်အရေးပဲ။ အဲဒါတကယ်ကို အရေးကြီးတယ်။

**အခုချိန်ထိ ကိုယ်လုပ်ခဲ့တဲ့ အနုပညာအလုပ်မှန်သမျှကို ဝေဖန်သုံးသပ်ကြည့်တဲ့အခါ ကိုယ့်ကိုယ်ကိုယ်ဘယ်လိုမြင်လဲ။**

လူဆိုတာတော့ ကျေနပ်ရမှာပဲ။ ကိုယ်တွေရဲ့ လုပ်ရပ်က အလုပ်ကဆုံးဖြတ်ပေးသွားတာလေ။ ကျွန်တော်တို့ စရိုက်တုန်းက ဘာမှမသိသေးတဲ့အသစ်တစ်ယောက်အချိန်မှာ ကိုယ်ကြုံဖူးတဲ့ အတွေ့အကြုံနဲ့တော့ အကောင်းဆုံးဖြစ်အောင်ကြိုးစားခဲ့တယ်။ အဲဒီတုန်းကရော အခုချိန်ထိရော ကိုယ့်ရဲ့လုပ်နိုင်စွမ်းပေါ် မူတည်ပြီး အကောင်းဆုံးဖြစ်အောင် ကြိုးစားခဲ့တယ်။ အဓိကတော့ ကိုယ့်ဘက်က အမြဲကြိုးစားနေဖို့ပဲ လိုတာပေ့ါ။ ကိုယ်ရိုက်တဲ့ကားကို အားအပြည့်ဆုံး အကောင်းဆုံးဖြစ်အောင် ကြိုးစားပြီးလုပ်ခဲ့တာ။ အဲ ဒီအတွက် ဒီအချိန်ထိ ဘယ်လိုအခြေအနေပဲရောက်ရောက်နောင်တဆိုတာတော့ရမှာ မဟုတ်ဘူး။ ဘာလို့ဆိုတာ ကျွန်တော်တို့ လုပ်ခွင့်ရတဲ့အချိန်မှာ အကောင်းဆုံး လုပ်ခဲ့တယ်။ အဲဒီအတွက် နောင်တရစရာ မရှိပါဘူး။

**အခုနောက်ပိုင်း တီဗီကြော်ငြာတွေမှာ တွေ့လာရတယ်။ အရင်က ကြော်ငြာမရိုက်ဖြစ်တာ ကဘာကြောင့်လဲ။**

အဲဒီတုန်းက လာမငှားကြလို့နေမှာပါ။ အခုကျတော့ ကျွန်တော့်ကို လာငှားလို့ ရိုက်ရတာပေ့ါ။

**အဲဒီတုန်းက အနုပညာရှင်တစ်ယောက်အနေနဲ့ တီဗီကြော်ငြာရိုက်ချင်တဲ့စိတ်ရှိခဲ့မှာပေါ့။**

ရှိတာပေါ့ဗျာ။ ကျွန်တော်တို့ အနုပညာသမားတွေဆိုတာ သရုပ်ဆောင်တစ်ယောက်အနေနဲ့ကြော်ငြာဆိုတာ ကျွန်တော်တို့အတွက် ပရိုမိုးရှင်းတစ်ခုပဲ။ ကျွန်တော်တို့ချစ်တဲ့ ပရိသတ်ကို TV ကြော်ငြာလေးတွေလာတယ်ဆိုရင် ဒါကျွန်တော်တို့ကိုချစ်တဲ့ပရိသတ်တွေက ဒါငါတို့ချစ်တဲ့ မင်းသားကို ကြည့်ရတယ်။ ကျွန်တော်တို့အတွက် ပရိုမိုးရှင်းလည်းဖြစ်တယ်။ ကျွန်တော်တို့ကို မသိသေးတဲ့သူတွေ မကြိုက်တဲ့သူတွေ ရှိလိမ့်မယ်ဗျာ။ ကြော်ငြာမြင်လိုက်ရင် ဒါက ဘယ်မင်းသားဆိုတာ မှတ်မိသွားလိမ့်မယ်။ ကျွန်တော်တို့ကိုကြိုက်သွားကောင်းကြိုက်သွားလိမ့်မယ်။ ပရိုမိုးရှင်းတစ်ခုပဲ။ သရုပ်ဆောင်အလုပ်ကို လုပ်လည်းလုပ်ချင်တယ်။ အနုပညာကိုဝါသနာပါလို့ဒီလောကထဲကို ရောက်လာကြတာ။

**'ကျော်ဟိန်းတပည့်' ရုပ်ရှင်ကြီးက အစ်ကို့အနေနဲ့ အပြင်တိုက်နဲ့ ရိုက်တာပထမဆုံးလို့သိရပါတယ်။ အဲဒီအတွက် အစ်ကို့ရဲ့ ခံစားချက်က။**

ဟုတ်ပါတယ်။ ကျွန်တော် မဟော်ဂနီနဲ့ စာချုပ်ပြည့်ပြီးတော့ ကိုးလမြောက်တဲ့အချိန်မှာ ပထမဆုံးအပြင်တိုက်နဲ့ရိုက်တဲ့ ရုပ်ရှင်ကားကြီးပေ့ါ။ ကျေနပ်တယ်။ ပျော်တယ်။ ဘာပဲဖြစ်ဖြစ် သရုပ်ဆောင်ဆိုတာ ကိုယ့်အတွက် အနုပညာကျန်မယ်။ အဲဒီလိုမျိုးဆိုရင် အမြဲအားကြိုးမာန်တက် ရိုက်နေကြရမှာပဲ။ ကားကြီးဆိုတော့ ပိုဆိုးတာပေ့ါ။ ပိုပြီးတော့ ဝမ်းလည်းသာတာပေ့ါ။

**ပရိသတ်ကို ပြောချင်တဲ့စကားရှိရင် ပြောပေးပါလား။**

အနုပညာရှင်တွေကို ချစ်တဲ့ ပရိသတ်အတွက် အကောင်းဆုံးဖြစ်အောင် အမြဲတမ်းကြိုးစားပါမယ်လို့။

> **စာ−၄၇၊ ကိုယ်တိုင်ဒါရိုက်တာလုပ်ကာ ကိုတေလေကို အသက်သွင်းထားတဲ့ အိမ့်ချစ် မှ**
> ကက်ဆက်က ဖွင့်လို့မရတော့ အသံကျယ်ကြီးနဲ့ဆိုမှ ကလို့ရတယ်"လို့ အဆိုတော် အိမ့်ချစ်က ရိုက်ကွင်းပေါ်က အမှတ်တရတစ်ခုကို ပြောပြသည်။
>
> ဗီစီဒီရိုက်ကူးခဲ့သော ကာလမှာ မိုးရာသီဖြစ်သည့်အတွက် အခက်အခဲများကြားမှ ရိုက်ကူးခဲ့ရကြောင်း ပရိသတ်များအနေဖြင့် မည်သည့်အခွေကို ဝယ်ယူအားပေးသည်ဖြစ်စေ အနုပညာအရ အောင်မြင်တယ်ဆိုရင် ကျေနပ်ကြောင်း အိမ့်ချစ်က ပြောသည်။

## နှင်းဆီအငြိမ့်အဖွဲ့ လူစုံမပါလျှင် ပွဲလက်ခံမည်မဟုတ်ဟုဆို

**အေးသူစံ**

**ရန်ကုန်၊ ဇွန်-၆**

နှင်းဆီအငြိမ့်အဖွဲ့ဟု နာမည်ကျော်လာသော ဒါရိုက်တာမောင်မျိုးမင်း ဦးဆောင်သည့် အငြိမ့်အဖွဲ့ဖျော်ဖြေမှုတွင်ပါဝင်သည့် အဖွဲ့ဝင်များ စုံလင်စွာ ကပြခွင့်မရပါက နောင်တွင်ပွဲလက်ခံမည်မဟုတ်ကြောင်း ဒါရိုက်တာမောင်မျိုးမင်းက ပြောသည်။

"အခုလေးနိုင်ငံသွားမယ့် ခရီးစဉ်မှာဆို ဖူးစုံနဲ့ မေကဗျာတို့ မပါကြဘူး။ အားလုံးစီစဉ်ပြီးမှ ကျွန်တော်က ကြားဖြတ်ပြီး သိရတော့ ဒီတစ်ခါတော့ မမီတော့ဘူး။ နောင်ဆို လူမစုံရင် မသွားဘူး။ သွားရင် လည်း နှင်းဆီလို့မတပ်နဲ့" ဟု ဒါရိုက်တာ မောင်မျိုးမင်းက ပြောသည်။

ယခုနှစ် ဇူလိုင်လတွင် ဖြတိန်၊ ဂျာမနီ၊ ပြင်သစ်နှင့် ဒိန်းမတ်နိုင်ငံများသို့ နှင်းဆီအငြိမ့်အဖွဲ့မှ ဘုန်းကြီးကျောင်းဆောင် ဆောက်လုပ်လှူဒါန်းရန် ရန်ပုံငွေကပွဲအဖြစ် သွားရောက်ကပြကြမည်ဖြစ်ပြီး လူရွှင်တော်များအဖြစ် ထွန်းထွန်း၊ ရဲလေး၊ မိုးမိုး၊ နေတိုး၊ ကျော်ကျော်ဗိုနှင့် မင်းသမီးများအဖြစ် မိုးယုစံနှင့် ဂျင်းနီတို့ ပါဝင်ကြမည်ဖြစ်သည်။ နှင်းဆီအဖွဲ့၏နောက်ထပ် ပင်တိုင်မင်းသမီးများဖြစ်သည့် ဖူးစုံနှင့် မေကဗျာမှာ အဆိုပါလေးနိုင်ငံပွဲစဉ်ကို စီစဉ်သည့်အဖွဲ့မှ ခေါ်ယူရာတွင် မပါဝင်ခြင်းကြောင့် ကျန်ရစ်ခဲ့ခြင်းဖြစ်ပြီး ယင်းအတွက် စိတ်မကောင်းဖြစ်မိကြောင်း ဒါရိုက်တာမောင်မျိုးမင်းက ထပ်မံပြောကြားသည်။

## လှည်းတန်းလူသတ်မှု ဖြစ်ရပ်မှန်ဇာတ်ကားရိုက်ကူးမည့်သတင်းအပေါ် ဒါရိုက်တာမောင်မျိုးမင်း ပြန်ရှင်း

**အေးသူစံ**

**ရန်ကုန်၊ ဇွန်-၆**

မကြာသေးမီ ရက်ပိုင်းအတွင်းက ဖြစ်ပွားခဲ့သော ကမာရွတ်မြို့နယ်၊ လှည်းတန်း ၇ လမ်းတွင် သမီးရည်းစားချင်း စကားများရာမှ ချစ်သူအမျိုးသမီးကိုမီးရှို့ခဲ့ခြင်းကြောင့် သေဆုံးမှုဖြစ်ပွားခဲ့သည့် မှုခင်းကို ဒါရိုက်တာမောင်မျိုးမင်းက ဖြစ်ရပ်မှန်ဇာတ်ကား ပြန်လည်ရိုက်ကူးမည်ဟု သတင်းများ ထွက်ပေါ်နေခြင်းနှင့်ပတ်သက်၍ မဟုတ်မှန်ကြောင်း ဒါရိုက်တာမောင်မျိုးမင်းက ပြောသည်။

"ဒီဖြစ်ရပ်ကြီးကို ကြားပြီးပြီးချင်း ငါ့သမီးလေးသာဖြစ်ရင်ဆိုတဲ့ အတွေးနဲ့ နောင်ဒီလိုတွေ ထပ်မဖြစ်အောင် တဒင်္ဂဒေါသကို သတိနဲ့ဆင်ခြင်ပြီး လူငယ်တွေ ကိုယ့်ကိုယ်ကိုယ် ထိန်းချုပ်နိုင်အောင်လို့ ပညာပေးအနေနဲ့ ရိုက်ပြချင်တယ်လို့ ပြောတာပါ။ ဒီမှုခင်းဖြစ်ရပ်အတိုင်း ရိုက်မယ်လို့ ပြောခဲ့တာ မဟုတ်ဘူး"ဟု ဒါရိုက်တာမောင်မျိုးမင်းက ပြောသည်။

လူမှုကွန်ရက်နှင့် အင်တာနက်စာမျက်နှာများတွင် အဆိုပါသတင်း ပျံ့နှံ့သွားခြင်းကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရပြီး ၎င်းထံသို့ လာရောက်မေးမြန်းခဲ့သည့် အနုပညာသတင်းဂျာနယ်ကိုလည်း ယခုကဲ့သို့ ဖြစ်ရပ်မှန်ဇာတ်ကားရိုက်ကူးမည်ဟု ဖြေကြားခဲ့ခြင်း မဟုတ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

## TOP 10 MOVIES IN AMERICA

### ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | Snow White and the Huntsman | Universal Pictures | ၅၆,၂၁၇,၇၀၀ | ၁ |
| ၂။ | Men in Black 3 | Sony Pictures | ၁၁၁,၀၇၉,၀၀၀ | ၂ |
| ၃။ | Marvel's The Avengers | Walt Disney | ၅၅၂,၉၅၀,၀၀၀ | ၅ |
| ၄။ | Battleship | Universal Pictures | ၅၅,၄၀၅,၁၀၀ | ၃ |
| ၅။ | The Dictator | Paramount Pictures | ၅၀,၈၁၂,၄၀၀ | ၃ |
| ၆။ | The Best Exotic Marigold Hotel | Fox Searchlight Pictures | ၂၃,၃၇၉,၇၀၀ | ၅ |
| ၇။ | What To Expect When You're Expecting | Lionsgate | ၃၀,၇၀၂,၁၀၀ | ၃ |
| ၈။ | Dark Shadows | Warner Bros. Pictures | ၇၀,၆၇၇,၀၀၀ | ၄ |
| ၉။ | Chernobyl Diaries | Warner Bros. Pictures | ၁၄,၄၉၈,၂၀၀ | ၂ |
| ၁၀။ | For Greater Glory | ARC Entertainment | ၁,၈၈၅,၆၁၀ | ၁ |

## Movie Review

### The Girl from the Naked Eye




The Naked Eye ဟုခေါ်သောစားသောက်ဆိုင်မှ အမျိုးသမီးတစ်ဦး အသတ်ခံရသောအခါ သူမ၏ တစ်ဦးတည်းသော သူငယ်ချင်းနှင့် ကာကွယ်စောင့်ရှောက်ပေးသူ Jake က သတ်ဖြတ်မည့်သူကိုရှာဖွေတွေ့ရှိရန်မသက်သာသူမှန်သမျှကိုအလွတ်မပေးပေ။ အမှန်တရားကိုဖော်ထုတ်ရန်နှင့် သူချစ်သော အမျိုးသမီးသေဆုံးမှုအတွက် လက်စားချေရန်လည်း ဝန်မလေးဘဲရှိရာ Jake တစ်ယောက်မည်မျှကြမ်းမည်ရမ်းမည်ဆိုသည်မှာ မခန့်မှန်းနိုင်ပေ။

စွန့်စားခန်း၊ အက်ရှင်ဇာတ်ကားအား ဒါရိုက်တာ David Ren က ရိုက်ကူးထားပြီး Jason Yee၊ Ron Yuan၊ Samantha Streets တို့ပါဝင်သရုပ်ဆောင်ထားသည်။ Archstone Distribution က ဇွန်လ ၁၅ ရက်နေ့တွင် ဖြန့်ချိမည်ဖြစ်သည်။

Sports

7DAY NEWS JOURNAL

UEFA EURO2012 POLAND-UKRAINE

Vol.11, No.14 • JUNE 14 , 2012

# စပိန်၊ ဂျာမနီ ရေပန်းအစားဆုံးဖြစ်နေတဲ့ ယူရို ၂၀၁၂

ကိုအေးမြတ်




Photo - AFP




အားလုံးမျှော်လင့်စောင့်စားနေခဲ့ကြတဲ့ ပိုလန်-ယူကရိန်းနှစ်နိုင်ငံပူးတွဲကျင်းပမယ့်ကမ္ဘာ့ဖလားပြီးရင် အဆင့်အမြင့်ဆုံး ယူရို ၂၀၁၂ ပြိုင်ပွဲကြီးကတော့ ဒီတစ်ပတ် ဇွန် ၉ ရက်နေ့ကစလို့ ခြိမ့်ခြိမ့်သဲသဲ စတင်ကျင်းပခဲ့ပါပြီ။ အဖွင့်ပွဲအဖြစ် အိမ်ရှင်ပိုလန်နဲ့ ဂရိ၊ ရုရှား-ချက်တို့ရဲ့ ပွဲစဉ်တွေပြီးတာနဲ့ အုပ်စု(B)မရဏအုပ်စုရဲ့ ထိပ်သီးအသင်းဖြစ်တဲ့ ဂျာမနီ-ပေါ်တူဂီ၊ နယ်သာလန်-ဒိန်းမတ်ပွဲတွေ ကစားသွားကြမှာမို့ ဥရောပထိပ်သီးအသင်းတွေရဲ့ ခြေစွမ်းကို အကဲခတ်ခွင့်ရရှိကြမှာပါ။

ယူရို ၂၀၁၂ ရဲ့ ပြိုင်ပွဲဝင် ၁၆ သင်းမှာ ဗိုလ်စွဲနိုင်ခြေအရှိဆုံး အသင်းများအဖြစ် ယူရို ၂၀၀၈ နဲ့ ၂၀၁၂ ကမ္ဘာ့ဖလားချန်ပီယံ စပိန်က ဘောလုံးခန့်မှန်းလောင်းကြေးပေးမှုများတွင် ထိပ်ဆုံးက ရေပန်းစားနေပြီး ၎င်းနောက်မှာ တိုက်စစ်ကစားပုံလျင်မြန်တဲ့ ဂျာမနီ၊ ပြီးခဲ့တဲ့ ကမ္ဘာ့ဖလားမှာ ဗိုလ်လုပွဲရောက်ခဲ့တဲ့ နယ်သာလန်နဲ့ ပြင်သစ်၊ အင်္ဂလန်၊ အီတလီစတဲ့ ဥရောပထိပ်သီးအသင်းတွေ ရေပန်းစားနေတာတွေ့ရပါတယ်။ ဒါ့ကြောင့် လက်ရှိမှာ အကြိတ်အနယ် ယှဉ်ပြိုင်ကစားနေရပြီဖြစ်တဲ့ အုပ်စုလေးခုစလုံးမှာ အသင်းများရဲ့အနေအထားနဲ့ အုပ်စုတက်နိုင်ခြေ၊ဗိုလ်စွဲနိုင်ခြေရှိတဲ့အသင်းတွေအပေါ် ဝက်ဘ်ဆိုက်မှ ခြုံငုံသုံးသပ်မှုများနဲ့ နာမည်ကျော် ဝီလီယံဟေးလ်ကုမ္ပဏီကြီးရဲ့ ဗိုလ်စွဲနိုင်ခြေအရှိဆုံးအသင်းများအပေါ် အလေးပေးမှုများကို တွဲဖက်တင်ဆက်ပေးလိုက်ပါတယ်။

## အုပ်စု(A)

ရုရှား၊ ပိုလန်၊ ချက်၊ ဂရိ

ဒီအုပ်စုမှာ ရုရှားက ပိုမိုသာလွန်တဲ့စွမ်းရည်ရှိပါတယ်။ နောက်တန်းမှာပြည်တွင်းထိပ်သီးကလပ် စီအက်စ်ကေအေ မော်စကိုမှ ကစားသမားများနဲ့ ရှေ့တန်းမှာ ဇင်းနစ်ကလပ်မှကစားသမားတွေကို ထည့်သွင်းထားသလို ပြည်တွင်းလိဂ်ပြိုင်ပွဲ ဆောင်းရာသီရပ်နားချိန်ကြောင့် ကြွခိုင်မှုပိုင်းအားသာချက်ရှိနေပါတယ်။ ပိုလန်က အိမ်ရှင်ပါ။ ဒေါ့မွန်ကလပ်က ကစားသမားသုံးဦးနဲ့ ဂိုးသမားကောင်းတစ်ဦးပိုင်ဆိုင်ထားတယ်။ ချက်တွေလည်း မဆိုးပါဘူး။ ဒါပေမဲ့ နည်းနည်းငြီးငွေ့စရာဖြစ်နေပြီး စွမ်းဆောင်မှုအကန့်အသတ်နဲ့ ဖြစ်ပါတယ်။ ဂရိကတော့ ၂၀၀၄ မှာ ချန်ပီယံဖြစ်ခဲ့တဲ့အတိတ်ကို ချန်ထားခဲ့ပြီး အရည်အသွေး၊ စည်းကမ်းပိုင်းနဲ့ အောင်မြင်မှုမှာ ဒီနှစ်ပိုင်းတွေအတွင်း အားရစရာမရှိပါဘူး။ ဒီအုပ်စုမှာ အုပ်စုဗိုလ် ရုရှား ဖြစ်လာဖွယ်ရှိပြီး ဒုတိယနေရာကို ချက်နဲ့ ပိုလန်တို့ လုရဖွယ်ရှိပါတယ်။

## အုပ်စု(B)

ဂျာမနီ၊ နယ်သာလန်၊ ပေါ်တူဂီ၊ ဒိန်းမတ်

ဒီနှစ်ပြိုင်ပွဲရဲ့ မရဏအုပ်စုပါပဲ။ အစွမ်းအစရှိတဲ့အသင်းတွေ လာစုနေလို့ အုပ်စု ကျွတ်မယ့်အသင်း မှန်းရအခက်ဆုံးပါ။ ဂျာမနီက အသင်းလိုက်ကစားပုံကောင်းပြီး နောက်တန်းလည်း တောင့်တင်းကာ ယုံကြည်မှုအပြည့်နဲ့ ကစားတတ်တယ်။ နယ်သာလန်က ပေါ်တူဂီထက် နည်းနည်းသာနေပြီး နှစ်သင်းစလုံး ခံစစ်သိပ်သည်းမှုရှိတယ်။ ဒါပေမဲ့ တိုက်စစ်ပိုကောင်းတဲ့ နယ်သာလန်က ရှေ့တန်းမှာ ဂိုးတွေပိုရဖို့ရှိပြီး ပေါ်တူဂီမှာ စတားကစားသမားအဖြစ် ခရစ္စတီယာနိုရော်နယ်ဒိုပဲရှိနေပါတယ်။ သူ့ကိုပဲ အားကိုးနေရင် ပြိုင်ဘက်တွေက သူ့ကိုထိန်းပြီး ပွဲကိုချုပ်ကိုင်သွားမှာပါ။ အလေးပေးမှုများအရရော ခြေစွမ်းအရပါဒီအုပ်စုရဲ့ပထမနေရာကို ဂျာမနီက ယူပါလိမ့်မယ်။ ဒုတိယနေရာအတွက် နယ်သာလန်နဲ့ ပေါ်တူဂီတို့ တိုက်ပွဲဝင်ပါလိမ့်မယ်။

## အုပ်စု(C)

စပိန်၊ အီတလီ၊ ခရိုအေးရှား၊ အိုင်ယာလန်

စပိန်က ကွင်းလယ်မှာ အကောင်းဆုံးဖြစ်သလို ကမ္ဘာ့ချန်ပီယံပီပီ နေရာစုံမှာလည်း အခြားအသင်းတွေထက် ပိုကောင်းပါတယ်။ အီတလျံတွေကတော့ အုပ်စုပွဲစဉ်တွေအစမှာ အထနှေးတယ်လို့ အကျော်ကြားဆုံးပဲ။ ဒါပေမဲ့ ဒီတစ်ခါတော့ နောက်တစ်ဆင့်တက်ဖို့ အစွမ်းကုန်ကြိုးစားသင့်ပါတယ်။ မန်စီးတီးရဲ့ တိုက်စစ်မှူး ဘာလော့တယ်လီ၊ ကာဆာနို၊ ဒီနာတယ်လီတို့ကြိုးစားဖို့များပါတယ်။ ခရိုအေးရှားဟာ ၂၀၀၈ ပွဲမှာ ကွာတားဖိုင်နယ် အရှုံးနဲ့ ရင်ဆိုင်ခဲ့ရဖူးပြီး အိုင်ယာလန်ကလည်း အီတာလျံနည်းပြ ထရာပက်တိုနီရဲ့ ဦးဆောင်မှုနဲ့ တစ်နေရာရဖို့ ကြိုးစားနိုင်တယ်။ အုပ်စုပထမ စပိန်ဖြစ်နိုင်ပြီး ဒုတိယနေရာကို အီတလီ၊ ခရိုအေးရှား၊ အိုင်ယာလန်သုံးသင်းစလုံး လုကြရမှာပါ။

## အုပ်စု(D)

ပြင်သစ်၊ အင်္ဂလန်၊ ဆွီဒင်၊ ယူကရိန်း

ပြင်သစ်ကို ဒီနှစ်ပိုင်းတွေမှာ ယုံကြည်ဖို့ခက်ခဲပါတယ်။ ဒါပေမဲ့ အလယ်တန်းများတော့ အုပ်စုတွင်းပြိုင်ဘက်တွေအားလုံးကို သူတို့အသက်ရှုကျပ်အောင် လုပ်နိုင်သလို ရှေ့တန်းမှာလည်း ရီဘာရီ၊ ဘန်ဇီးမားတို့လို ကစားသမားကောင်းတွေ ပါဝင်နေပါတယ်။ အင်္ဂလန်ကလည်း ထိပ်တန်းမဟုတ်ပေမယ့် နောက်တစ်ဆင့်တက်ဖို့တည်ငြိမ်မှုရှိနေပြီး နောက်ဆုံးပွဲကျမှ အိမ်ရှင်ယူကရိန်းကို ရင်ဆိုင်ရမှာပါ။ ရွှန်းနေးက အနိုင်ကို ရှာဖွေပေးပါလိမ့်မယ်။ ဆွီဒင်မှာ အီဘရာဟီမိုဗစ်လို ထိပ်တန်းတိုက်စစ်မှူးတစ်ဦးပါပေမယ့် အသင်းလိုက်မှာ အကောင်းကြီးမဟုတ်ပါဘူး။ ယူကရိန်းကတော့ အိမ်ကွင်းမှာ ဝါရင့်တိုက်စစ်မှူး ရှက်ဗ်ချင်ကိုပါပေမယ့် အားအနည်းဆုံးအသင်းပါ။

## ကွာတားဖိုင်နယ်မှာ တွေ့နိုင်တဲ့ အသင်းများ

### နယ်သာလန်-ရုရှား

ယူရို ၂၀၀၈ ထက် ပိုကောင်းအောင် နယ်သာလန်တို့ကြိုးစားမှာပါ။ ရုရှားမှာ အာရှာဗင်ခြေကျနေပေမယ့် နယ်သာလန်မှာ ပရီးမီးယားလိဂ် ထိပ်တန်းဂိုးသွင်းရှင် ဗန်ပါစီ၊ ဘိုင်ယန်မြူးနစ်ရဲ့ ရော်ဘင်တို့ခြေတက်နေဆဲပါ။

စာ(၅၁)သို့



7 DAY NEWS JOURNAL
Vol.11, No.14 • JUNE 14 , 2012

# အိုလံပစ်အတွက် လျာထားသည့် ဗြိတိန်ဘောလုံးအသင်းတွင် ဘက်ခမ်း ပါဝင်လာ



**လန်ဒန်၊ ဇွန် - ၉**

အင်္ဂလန်ဘောလုံးလောက၏ နာမည်ကျော် ဝါရင့်ကစားသမား ဒေးဗစ်ဘက်ခမ်းသည် လန်ဒန်အိုလံပစ်အတွက် လျာထားသည့် ကစားသမား ၃၅ဦးစာရင်းတွင် ပါဝင်ခဲ့ရာ ၎င်းအတွက် အိုလံပစ်တွင်ပါဝင်ရေးမျှော်လင့်ချက်လမ်း ပွင့်သွားပြီဖြစ်သည်။

ဗြိတိန်အိုလံပစ်လက်ရွေးစင်အသင်း၏ အပြီးသတ် လူ ၁၈ ဦး စာရင်းကို နည်းပြစတူးဝပ်ပီယာ့စ်က ဇူလိုင် ၆ ရက်တွင်ကြေညာမည်ဖြစ်ရာ ထိုစာရင်း၌ ဘက်ခမ်း ပါဝင်ရွေးချယ်ခံရပါက အသင်းတွင်ထည့်သွင်းခွင့်ရှိသည့် ၂၃ နှစ်အထက် ကစားသမားသုံးဦးစာရင်းတွင် ပါဝင်သွားမည်ဖြစ်သည်။

အိုလံပစ်အတွက် ၂၃နှစ်အထက် ကစားသမားသုံးဦးစာရင်းတွင် ရိုင်ယန်ဂစ်၊ ခရိတ်ဘယ်လာမီ၊ ရီယိုဖာဒီနန်နှင့် ဖရန့်လမ်းပတ်တို့လည်းပါဝင်ရန် ရေပန်းစားနေသည်။ ဘက်ခမ်းသည် ၂၀၁၂ လန်ဒန်အိုလံပစ်ကျင်းပခွင့်ရရေးအတွက် အင်္ဂလန်အားကစားအာဏာပိုင်များနှင့်တွဲဖက်၍ အဓိကစည်းရုံးလှုံ့ဆော်ပေးခဲ့သူဖြစ်သည်။

အသက် ၃၇ နှစ်အရွယ်ရှိ ဘက်ခမ်းသည် အမေရိကန် အယ်လ်အေဂလက်ဇီတွင် ကစားနေပြီး အင်္ဂလန်ပရီးယားလိဂ်၌ ပါဝင်ခြင်းမရှိသည်မှာ ကိုးနှစ်ခန့်ရှိပြီဖြစ်သည်။ *—Ref: AFP*

# လန်ဒန်အိုလံပစ်သို့ မြောက်ကိုရီးယားကစားသမား ၅၆ ဦး စေလွှတ်မည်

**ပြုံယမ်း၊ ဇွန် - ၉**

မြောက်ကိုရီးယားအစိုးရသည် လာမည့် လန်ဒန်အိုလံပစ်ပြိုင်ပွဲတွင် အားကစားနည်း ၁၁ မျိုး၌ ပါဝင်ယှဉ်ပြိုင်ရန် အားကစားသမား ၅၆ ဦးစေလွှတ်မည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းဌာန ကေစီအင်န်အေက ထုတ်ပြန်သည်။

ယင်းသတင်းဌာန၏ အဆိုအရ ကစားသမား ၅၆ ဦးပါဝင်ပြီး အမျိုးသမီးဘောလုံး၊ မာရသွန်၊ စားပွဲတင်တင်းနစ်နှင့် နပန်း၊ အလေးမ ကစားနည်းများတွင် ပါဝင်ယှဉ်ပြိုင်မည်ဟုသိရသည်။ မြောက်ကိုရီးယားသည် ဇူလိုင် ၂၇ ရက်မှ ဩဂုတ် ၁၂ရက်အထိ ကျင်းပမည့် လန်ဒန်အိုလံပစ်တွင် ယခင်ကထက် ဆုတံဆိပ်များပိုရရန် ရည်မှန်းထားပြီး အလေးမ၊ နပန်းနှင့် အမျိုးသမီးဘောလုံးတို့တွင် ဆုတံဆိပ်များရယူနိုင်ရန် မျှော်လင့်ထားသည်။

မြောက်ကိုရီးယားအိုလံပစ်အဖွဲ့သည် ၁၉၉၂ အိုလံပစ်တွင် ရွှေတံဆိပ်လေးခုရခဲ့ပြီးနောက် ၁၉၉၆ နှင့် ၂၀၀၈ အိုလံပစ်များတွင် ရွှေတံဆိပ်နှစ်ခုစီ ရခဲ့သည်။

*—Ref: Xinhua*

## စာ(၅၀) - စပိန်၊ ဂျာမနီ ရေပန်းအစားဆုံးဖြစ်နေတဲ့ ယူရို ၂၀၁၂ မှ

နယ်သာလန်နိုင်ခြေများတယ်။

**ဂျာမနီ-ပိုလန်**

ဒေါ့မွန်ကစားသမားတွေပါတဲ့ ပိုလန်နဲ့ ဘိုင်ယန်နဲ့ ရီးရဲလ်က အကောင်းဆုံးတွေပါဝင်တဲ့ ဂျာမနီတို့ တွေ့တဲ့ပွဲပါပဲ။ ဂျာမနီသာပါတယ်။

**စပိန်-အင်္ဂလန်**

စကော့ပါကားနဲ့ ဂျရတ်တို့ရဲ့ အလယ်တန်းက စပိန်အလယ်တန်းကို ရင်ဆိုင်ရမှာပါ။ မိနစ်ကိုးဆယ်ခုခံဖို့ မလွယ်ပါဘူး။ ဒေးဗစ်ဗီလာမပါပေမယ့် စပိန်ပဲ အခွင့်အလမ်းပိုရှိတာသေချာပါတယ်။

**ပြင်သစ်-အီတလီ**

ဒီနှစ်သင်းတွေ့ဆုံမှုဟာ ဥရောပပြိုင်ဘက်ဟောင်းတွေ အချင်းချင်း တွေ့ဆုံမှုပဲ။ လက်ရှိမှာ ပြင်သစ်က ရှေ့တန်းပိုအားကောင်းပြီး ကွင်းလယ်မှာလည်း အားသာနေတာပါ။ ပြင်သစ်ကို ရွေးသင့်တယ်။

**ဆီမီးဖိုင်နယ် တက်ရောက်နိုင်သော အသင်းများ**

**စပိန်-နယ်သာလန်**

စပိန်က ဘောလုံးပိုင်ဆိုင်မှုအသာစီးယူပြီး နယ်သာလန်ရှေ့တန်းကို ထိန်းချုပ်ပါလိမ့်မယ်။ ဂိုးသမားကာဆီးလက်စ်က နယ်သာလန်သွင်းဂိုးတွေကို ကာကွယ်ပါလိမ့်မယ်။ လက်ရှိချန်ပီယံပဲ ဗိုလ်လုပွဲကိုရောက်ဖို့ ပိုနီးစပ်နေပါတယ်။

**ဂျာမနီ-ပြင်သစ်**

ပြင်သစ်ရဲ့ ဗဟိုခံစစ်အားနည်းချက်ကို ဂျာမန်တွေ အမြန်ကစားပြီး အခွင့်ကောင်းယူနိုင်မယ့်ပွဲပါ။ ထောင့်ပေါင်းစုံက ဂျာမန်တိုက်စစ်ကို မြင်ရဖွယ်ရှိတယ်။

**ဗိုလ်လုပွဲရောက်နိုင်သည့် အသင်းများ**

**ဂျာမနီ-စပိန်**

စပိန်ရဲ့ အားနည်းချက်က အတောင့်တင်းဆုံးအသင်းနဲ့တွေ့မယ့် ဒီလိုပွဲကျပ်မှာမှ ပေါ်လွင်မှာဖြစ်ပါတယ်။ ဂိုးသွင်းသေချာတဲ့ ဒေးဗစ်ဗီလာ မရှိတာတော့ ပြဿနာပါ။ ဂျာမနီက ၂၀၀၆ ကမ္ဘာ့ဖလားနဲ့ ယူရို ၂၀၀၈ မှာ ပုံစံတကျတိုးတက်လာပါတယ်။ ၂၀၁၀ ကမ္ဘာ့ဖလားမှာလည်း အသင်းလိုက်ကစားပုံ အမြင့်ဆုံးစွမ်းဆောင်ရည်မရခဲ့ဘူး။ အခု ယူရို ၂၀၁၂ ကတော့ သူတို့ စွမ်းရည်အမြင့်ဆုံးအချိန်ပါ။ ဂျာမန်တွေ ရင့်မှည့်ချိန်ရောက်ပါပြီ။ အရည်အသွေးအရ စပိန်ကို သူတို့ ကျော်ဖြတ်ပြပါလိမ့်မယ်။

**ယူရို ၂၀၁၂ ဗိုလ်စွဲနိုင်ခြေအရှိဆုံးအသင်းများ**

**Euro 2012 Predictions.com ၏ အလေးပေးမှု**

၁။ စပိန် (၅/၂ လေး)
၂။ ဂျာမနီ (၄/၁ လေး)
၃။ နယ်သာလန် (၁၇/၂ လေး)
၄။ အင်္ဂလန် (၁၁/၁ လေး)
၅။ ပြင်သစ် (၁၃/၁ လေး)
၆။ အီတလီ (၁၅/၁ လေး)

**ဝီလီယံဟေးလ်၏ အလေးပေးမှု**

၁။ စပိန် (၁၁/၄ လေး)
၂။ ဂျာမနီ (၃/၁ လေး)
၃။ ပြင်သစ် (၁၀/၁ လေး)
၄။ အီတလီ (၁၂/၁ လေး)
၅။ ပေါ်တူဂီ၊ ရုရှား (၁၄/၁ လေး)
၆။ ဂျာမနီ (၂၀/၁ လေး)

**ဝီလီယံဟေးလ်၏ အကောင်းဆုံး ကစားသမား အလေးပေးမှု**

၁။ မာရီယိုဂိုမက် (ဂျာမနီ) (၁၀/၁ လေး)
၂။ အိုဇေး(ဂျာမနီ) (၁၂/၁ လေး)
၃။ ဒေးဗစ်ဆေးလ်ဗား(စပိန်) (၁၂/၁ လေး)
၄။ ရော်နယ်ဒို(ပေါ်တူဂီ) (၁၄/၁ လေး)
၅။ ဗန်ပါစီ(နယ်သာလန်) (၁၄/၁ လေး)
၆။ အင်နီယေစတာ(၁၄/၁ လေး)

**ဝီလီယံဟေးလ်၏ အကောင်းဆုံး ကစားသမား အလေးပေးမှု**

၁။ မာရီယိုဂိုမက် (ဂျာမနီ) (၈/၁ လေး)
၂။ ဗန်ပါစီ(နယ်သာလန်) (၁၀/၁ လေး)
၃။ ဘန်ဇီးမား(ပြင်သစ်) (၁၂/၁ လေး)
၄။ ရော်နယ်ဒို(ပေါ်တူဂီ) (၁၂/၁ လေး)
၅။ လော်ရန်တီ(စပိန်) (၁၄/၁ လေး)
၆။ ဟန်တဲလား(နယ်သာလန်) (၁၄/၁ လေး)

TRADE MARK CAUTION

NOTICE is hereby given that **GREE ELECTRIC APPLIANCES INC. OF ZHUHAI** a company organized under the laws of China and having its principal office at Jinji West Road, Qianshan Zhuhai, Guangdong, China is the owner and sole proprietor of following trademarks:-

GREE
(Reg: No. IV/5829/2008)

(Reg: No. IV/5830/2008)

the above two trademarks are in respect of:-
"Class 07, 09, 11, 16, 35, 37"

GREE
(Reg: No. IV/5831/2008)

in respect of:- "Class 07, 09, 16"

GREE
(Reg: No. IV/5832/2008)

in respect of:- "Class: 07, 09, 16, 35, 37"

Any fraudulent imitation or unauthorized use of the said trademarks or other infringements whatsoever will be dealt with according to law.

U Kyi Win Associates
for **GREE ELECTRIC APPLIANCS INC.**
P.O. Box No. 26, Yangon.
Phone: 372416

Dated: 14.June.2012

**TRADEMARK CAUTION**

SAN NOPCO LTD, a Company incorporated in Japan at 11, Ikkyo Nomoto-cho, Higashiyama-ku, Kyoto-shi, Kyoto 6050995 is the Owner and Sole Proprietor of the following Trademark:-

NOPCO SAN NOPCO

**Reg:No.4/4085/2012**

In respect of : Int'l Class 1: " Chemicals, Surfactants, Dispersants, Scale preventives, Defoaming agents, Emulsifying agents, Mold lubricant agents (limited to ones in chemicals), Mold release agents, Thicking agents (limited to ones in chemicals), Viscoelasticity conditioning agents (limited to ones in chemicals), Chemical agents for radiation curing, Adhesives (not for stationery or household purposes), Ultraviolet curing adhesives, Unprocessed plastics."

In respect of : Int'l Class 2: "Pigments, Paints, Printing inks(other than "Mimeographing inks") Radiation curing paints, Radiation curing printing inks (other than "Mimeographing inks")."

Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 14.June.2012

**ပိုင်ရှင်ကိုယ်တိုင်ငှားမည်**

၁။ စမ်းချောင်းမြို့နယ်၊ ဦးဝိစာရလမ်း၊ မျက်နှာစာ (၂)ဖက်၊ လမ်းကျယ်၊ ပေ ၉၀၊ ၂ထပ်တိုက်၊ (နှစ်တို)ငှားမည်။ (လူစီးမော်တော်ယာဉ်- ၁၅ စီးခန့် ခင်းကျင်းပြသထားနိုင်သည်) ရေ၊ မီး၊ ဖုန်းပါသည်။

၂။ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဝါးတန်းလမ်းထောင့် (အခန်းပေါင်း ၁၀၀ နီးပါးရှိ ၁၂- ထပ်အဆောက်အအုံ) ဗိုလ်ချုပ်လမ်းဘက် မြေညီ-လှေကားခွင် ၈ ပေ×၁၆ ပေ(နှစ်ရှည်)ငှားမည်။

သင့်လျော်သော လုပ်ငန်းများမှာ (၁) ကျောက်မျက်ရတနာအရိုင်းတုံးများ၊ (၂) ကွန်ပျူတာ/ကော်ပီယာလုပ်ငန်းများ၊ (၃) တယ်လီဖုန်းရောင်းချဖြန့်ဖြူးရေးလုပ်ငန်းများ(ကုန်ပစ္စည်းများကိုလိုက်ထရပ်ကားငယ်တစ်စီးစာ လုံခြုံစွာ ထားသိုနိုင်ပြီး၊ မြို့တွင်းသို့ ဖြန့်ဖြူးရေးလုပ်ငန်းများအတွက် အထူးသင့်လျော်သည့်နေရာဖြစ်သည်။ (လျှပ်စစ်ပါဝါမီတာကြီး+တိုင်ဖုန်း+ PAPX ဖုန်းပါသည်) နေ့စဉ် ရုံးချိန်အတွင်းသာ စုံစမ်းနိုင်ပါသည်။

**ဒေါ်မိချို (ဖုန်း- ၀၉-၄၄၈၀၀၉၃၀၅)**

7 DAY NEWS JOURNAL
Vol.11, No.14 ▪ JUNE 14 , 2012

# ၂၀၁၃ မြန်မာဆီးဂိမ်းစ်တွင် တားမြစ်ဆေးသုံးစွဲမှုဆန့်ကျင်ရေးရန်ပုံငွေ ယူနက်စကို ထောက်ပံ့မည်

**စင်ကာပူ၊ ဇွန် - ၉**

ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့(ယူနက်စကို) သည် မြန်မာနိုင်ငံတွင် ၂၀၁၃ ၌ ကျင်းပမည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင်တားမြစ်ဆေး သုံးစွဲမှုဆန့်ကျင်ရေး ပညာပေး လုပ်ငန်းများအတွက် ရန်ပုံငွေ ထောက်ပံ့ရန် သဘောတူညီခဲ့ ကြောင်းသိရသည်။



Photo: TNP

ယူနက်စကိုသည် မြန်မာသို့ ‘အားကစား၌ တားမြစ်ဆေးသုံး စွဲမှုပပျောက်ရေးရန်ပုံငွေ’မှ ဒေါ်လာ ၄၅,၀၀၀ ထောက်ပံ့မည်ဖြစ်ပြီး ယင်းငွေများကို တားမြစ် ဆေးသုံးစွဲမှုဆန့်ကျင်ရေး ပညာပေးအစီအစဉ်များ၊ ဝပ်ရှော့ခ်များ နှင့် အားကစားသမားများအား ထောက်ပံ့ရာတွင် အသုံးပြုမည် ဖြစ်သည်။

အရှေ့တောင်အာရှဒေသ ဆိုင်ရာ တားမြစ်ဆေးတိုက်ဖျက် ရေးအဖွဲ့(SEA RADO)၏ အထွေ ထွေညွှန်ကြားရေးမှူး ဂိုဘီနသန် နိုင်ရာကလည်း“ပထမဆုံးအကြိမ် အနေနဲ့ ဒီရန်ပုံငွေကို ရရှိခဲ့တာ ဟာ သိပ်အားတက်စရာပါ။ ကျွန် တော်တို့ဟာ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများသမိုင်းမှာ အားကစားတွေကို ကူညီရေးလုပ် ငန်းစဉ် လုပ်နိုင်ပါတော့မယ်”ဟု ပြောသည်။ *—Ref: Asiaone*

# ချက်ကို ဂိုးပြတ်နိုင်သော်လည်း တိုးတက်ရန်လိုသေးဟု ရုရှားနည်းပြပြော

**ဝါဆော၊ ဇွန် - ၉**

ဇွန်လ ၈ ရက်နေ့က စတင်ခဲ့သည့် ယူရို ၂၀၁၂ ၏ အုပ်စု(A)အဖွင့် ပွဲစဉ်တွင် ပြိုင်ဘက် ချက်အသင်း အား ရုရှားက ၄-၁ ဂိုးဖြင့် အနိုင် ရခဲ့သော်လည်း မိမိတို့အသင်း သည် ပြိုင်ပွဲတွင် အောင်မြင်မှု ရရန်အတွက် အဆုံးသတ်ဂိုးသွင်း ယူမှုအပိုင်း၌ ထပ်မံတိုးတက်သင့် ကြောင်း ရုရှားနည်းပြ ဒစ်ခ်အက် ဗိုကက်ကပြောကြားလိုက်သည်။



Photo - AFP

ရုရှားသည် ထိုပွဲတွင် ပြိုင် ဘက် ချက်အသင်းအား ဂိုးပြတ် အနိုင်ရခဲ့ပြီး ခြေစွမ်းပြနိုင်ခဲ့သော် လည်း နည်းပြအက်ဗိုကက်က “ကျွန်တော် နည်းနည်းတော့ပျော် ရွှင်မိပါတယ်။ နိုင်ငံတကာပွဲ တစ်ပွဲမှာ လေးဂိုးသွင်းတယ်ဆို တာ အလွန်ကောင်းတဲ့ရလဒ်ပါပဲ။ အမှန်တော့ ကျွန်တော်တို့ဟာ အခွင့်အရေး အများကြီးရခဲ့သ လောက် ဂိုးတွေအများကြီး သွင်း ယူခဲ့သင့်တာပါ။ ဒါပေမဲ့ ဒါဟာ ပထမဆုံးပွဲပဲဖြစ်ပါတယ်။ ဒီရလဒ် ကို ကျွန်တော်တို့ တကယ်ပျော် ရွှင်ကျေနပ်မိပါတယ်” ဟု ပြော သည်။

ယခုပွဲအရှုံးနှင့်ပတ်သက်၍ နည်းပြဘီလက်ခ်က ပြိုင်ပွဲတွင် စိတ်ပျက်ဖွယ်စတင်မှုဟု ပြော ကြားခဲ့ပြီး ၎င်း၏အသင်းသည် ဂရိ နှင့်တွေ့ဆုံရာ၌ လျင်မြန်စွာအ ထိုင်ကျရန် တည်ငြိမ်အောင်ကြိုး စားရတော့မည်ဖြစ်ကြောင်းပြော ကြားသည်။ ရုရှားသည် အုပ်စု(A) တွင် ချက်၊ ဂရိ၊ ပိုလန်တို့နှင့်အတူ ကျရောက်နေပြီး အုပ်စုမှတက်ရန် အလား အလာကောင်းနေသည်။ *—Ref: Eurosport*

# ယူရို ၂၀၁၂ ပြိုင်ပွဲ ဂိုးသွင်းပုံ သရီးဒီပြကွက်များကို တရုတ်မိုဘိုင်းဖုန်း အသုံးပြုသူများ ကြည့်ရှုခွင့်ရ

**ဟောင်ကောင်၊ ဇွန် - ၆**

တရုတ်ဘောလုံးပရိသတ်များ သည် ယူရို ၂၀၁၂ ဘောလုံးပြိုင်ပွဲ အတွင်း သွင်းယူခဲ့သည့်ဂိုးများကို သရီးဒီကွန်ပျူတာဖန်တီးမှုပြကွက် များဖြင့် ၎င်းတို့၏ မိုဘိုင်းဖုန်းများ ပေါ်တွင်ကြည့်ရှုနိုင်တော့မည်ဖြစ် ကြောင်း တရုတ်မိုဘိုင်းနှင့် ရုပ်သံ ဝန်ဆောင်မှုကုမ္ပဏီ WASU နှင့် အေအက်ဖ်ပီသတင်းဌာနတို့က ကြေညာလိုက်သည်။ WASU ၏ အမှုဆောင်အရာရှိချုပ် လီယီ ကျင်းက “ကျွန်မတို့ဟာ ဒီအေ အက်ဖ်ပီရဲ့ဝန်ဆောင်မှုကို ချိုင်း နားမိုဘိုင်း၊ ချိုင်းနားတယ်လီ ကွန်နဲ့ ချိုင်းနားယူနီကွန် ကွန် ရက်အသုံးပြုသူအားလုံးအတွက် ပေးဆပ်သွားမှာ ဖြစ်ပါတယ်။ ဒါ ဟာ တရုတ်မှာ လူကြိုက်အများ ဆုံး အားကစားနည်းတစ်ခုကို လူ တွေ ခံစားနိုင်အောင် လုပ်ပေးတဲ့ နောက်ထပ်နည်းလမ်းတစ်ခုပါပဲ” ဟုပြောသည်။

အဆိုပါ တရုတ်ပြည်၏ မို ဘိုင်းဖုန်းဝန်ဆောင်မှုကုမ္ပဏီကြီး သုံးခု၏ ကွန်ရက်တွင် ဖုန်းအသုံး ပြုသူဦးရေ တစ်ဘီလီယံ (သန်း တစ်ထောင်) ကျော်ခန့်ရှိကြောင်း ဆိုသည်။ ယူရို ၂၀၁၂ ဘောလုံး ပြိုင်ပွဲစတင်ပြီးနောက် ပွဲစဉ်တစ် ခုချင်း၌ ဂိုးသွင်းယူခဲ့ပုံများကို ကွန် ပျူတာဂရပ်ဖစ်နည်းပညာဖြင့် သုံး ဖက်မြင်ရုပ်လုံးကြွ သရီးဒီအသွင် ဖန်တီးကာ အသုံးပြုသူများ၏ ဖုန်းများပေါ်တွင် ပွဲအပြီး နှစ်နာရီ အတွင်း ကြည့်ရှုနိုင်မည်ဟုသိရ သည်။



Photo - Reuters

အေအက်ဖ်ပီသတင်းဌာန သည် ယူရို ၂၀၁၂ စတင်သည့် ဇွန် ၈ မှ ပြီးဆုံးချိန် ဇူလိုင် ၁ ရက် အထိ ပြိုင်ပွဲတစ်ခုလုံး ကျင်းပမှုအ တွက် သတင်းနှင့် ဓာတ်ပုံ၊ ရုပ်သံ မှတ်တမ်းများရယူရန် ဘောလုံး ဆောင်းပါးရှင်၊ ဓာတ်ပုံဆရာနှင့် မှတ်တမ်းတင်သူဦးရေ ၆၀ ကျော် ပါဝင်သော အဖွဲ့တစ်ခုဖြင့် လုပ် ဆောင်သွားမည်ဟုသိရသည်။ *—Ref: Korea Herald*

# ယူရို ၂၀၁၂ တွင် လူမျိုးရေးခွဲခြားမှုများ ပြုလုပ်ပါက အင်္ဂလန်အသင်း ဆန့်ကျင်မည်

**ကရာကော(ပိုလန်)၊ ဇွန် - ၉**

ယူရို၂၀၁၂ပြိုင်ပွဲဝင် အင်္ဂလန်အသင်းသည်ပြိုင်ပွဲကာလအတွင်း ၎င်းတို့၏ လူမည်းကစားသမားများကို ခွဲခြားဆက်ဆံခံရပါက ဥရောပဘောလုံးအဖွဲ့ချုပ်၏ တရားဝင်မီဒီယာလမ်းကြောင်းများ မှတစ်ဆင့် ကွင်းတွင်း၊ ကွင်းပြင် လူမျိုးရေးခွဲခြားမှုများကို ဆန့် ကျင်သွားမည်ဖြစ်ကြောင်း သိရသည်။

ဥရောပဘောလုံးအဖွဲ့ချုပ်(UEFA)ကလည်း ကရာကောမြို့ ရှိ လေ့ကျင့်ရေးစခန်းတွင် လေ့ကျင့်ရေးဆင်းနေသော နယ်သာ လန်အသင်းမှ လူမည်းကစားသမားများမှာလည်း ပရိသတ်များ ၏ မျောက်အူသံများ ပြုလုပ်လှောင်ပြောင်ခြင်းခံခဲ့ရသည်။ သို့ သော် ဇွန်လ ၈ ရက်က ပြုလုပ်ခဲ့သည့် အင်္ဂလန်အသင်း၏ လေ့ ကျင့်ရေးကွင်းတွင်မူ လှောင်ပြောင်ခံရမှုများ ဖြစ်ပွားခဲ့ခြင်းမရှိ ကြောင်းဆိုသည်။

အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်(FA)၏ တာဝန်ရှိသူတစ်ဦးက လည်း “ကျွန်တော်ကစားတဲ့ ပွဲစဉ်တွေမှာ ဘာပြဿနာမှမဖြစ် ဖို့မျှော်လင့်ရပါတယ်”ဟု ပြောသည်။

အင်္ဂလန်အသင်းသည် ၎င်း၏ အုပ်စုပွဲစဉ်အားလုံးကို ယူက ရိန်းနိုင်ငံတွင် ကစားရမည်ဖြစ်သည်။ အင်္ဂလန်အသင်းမှ လူမည်း ကစားသမား များဖြစ်သော သီအိုဝဲလ်ကော့၊ အက်ရှ်လေယန်းနှင့် အက်ရှ်လေကိုးတို့မှာ ပြီးခဲ့သည့် စက်တင်ဘာလက ဘူလ်ဂေးရီး ယားနိုင်ငံတွင် ကစားစဉ် လူမျိုးရေးခွဲခြားမှုများ ခံခဲ့ရကြောင်း သိ ရသည်။ *—Ref: Dailymail*

## ယူရို ၂၀၁၂ သတင်းတိုများ

- ယူရို ၂၀၁၂ ပြိုင်ပွဲ အုပ်စုအဖွင့်ပွဲတွင် ချက်အသင်းအား ၄-၁ ဂိုးဖြင့် ဂိုးပြတ်နိုင်ခဲ့သော ရုရှားအသင်းကို ဝန်ကြီးချုပ် မက်ဗီ ဒက်က ချီးကျူးလိုက်ကြောင်းသိရသည်။ ရုရှားပရိသတ်များ သည် ထိုပွဲကို မော်စကိုမြို့လယ်ရှိ ဘားဆိုင်များ၊ ပရိသတ်များ ဘောလုံးပွဲကြည့်ရာဇုန်များ၌ အားပေးခဲ့ကြပြီး ပရိသတ် ၃၁,၀၀၀ ခန့်သည် မြို့လယ်တွင် သန်းခေါင်ယံအချိန်ထိ အား ပေးခဲ့ကြသည်။
- အဖွင့်ပွဲစဉ်၌ ဂရိနှင့် ၁-၁ ဂိုးဖြင့် သရေကျခဲ့သော ယူရိုပြိုင်ပွဲ ပူးတွဲအိမ်ရှင် ပိုလန်၏နည်းပြ ဖရန်စစ်ဇက်စမူဒါက ၎င်း၏ ကစားသမားအချို့သည် ဖိအားဒဏ်ကို မခံနိုင်ခဲ့ကြကြောင်း ဝန်ခံခဲ့သည်။ ထိုပွဲတွင် ဂရိနောက်ခံလူ ပါပက်စ်စတက်သိုပို လော့စ်နှင့် ပိုလန်ဂိုးသမား ဆက်ဇနီတို့ အထုတ်ခံရပြီး တစ်ဖက် ဆယ်ယောက်စီ ကစားခဲ့ရသည်။
- အီတလီအသင်း ဆရာဝန် ကက်စတယ်လက်ဆီက အသင်းမှ ခြေထောက်ဒဏ်ရာရရှိနေသော ဝါရင့်ကွင်းလယ်လူ အန်ဒ ရီယာဘာဇာဂလီသည် အုပ်စုနောက်ဆုံးပွဲ အိုင်ယာလန်နှင့်ပွဲ စဉ်အမီ ဒဏ်ရာပြန်ကောင်းလာဖွယ်ရှိသည်ဟု အတည်ပြုပြော ကြားခဲ့သည်။
- ယခင် ချယ်လ်ဆီးနည်းပြဟောင်း ကားလို့စ်အန်ဆယ်လော့ တီက ယူရိုပြိုင်ပွဲဝင် အီတလီအလယ်တန်း၌ ပီယာလိုနှင့် သီယာဂိုမော့တာ ဝါရင့်ကစားသမားနှစ်ဦးပါဝင်နေခြင်းမှာ နည်းပြပရန် ဒယ်လီအတွက် ကံကောင်းမည့်အချက်အဖြစ် ယုံကြည်နေသည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။
- ပြင်သစ်အသင်း၏ တောင်ပံကစားသမား ဂျယ်ရီမီမင်နက်ဇ်က ပြင်သစ်ပရိသတ်များအား နည်းပြလောရင့်ဘလန့်၏ ယူရိုပြိုင်ပွဲ ဝင် မိမိတို့အသင်းကို တစ်ခဲနက်အားပေးကြရန်ပန်ကြားခဲ့ သည်။ မင်နက်ဇ်သည် ပါရီစိန့်ဂျာမိန်းအသင်း၏ ကစားသမား ဖြစ်ပြီး ယူရိုပွဲမစခင် အက်စတိုးနီးယားနှင့် ခြေစမ်းပွဲတွင် ပြင် သစ်အတွက် ဂိုးသွင်းယူပေးခဲ့သည်။

*—Ref: Soccerway/Eurosport*

7 DAY NEWS JOURNAL
Vol.11, No.14 • JUNE 14 , 2012



Photo - AFP

# ယူဂန်ဒါ စစ်ဘုရင် ကျူးလွန်သောပြစ်မှုများကို ကုလအတွင်းရေးမှူးချုပ် တင်ပြ

**ကုလသမဂ္ဂ၊ ဇွန် - ၆**

ယူဂန်ဒါစစ်ဘုရင် ဂျိုးဇက်ကိုနီနှင့် ၎င်း၏ လော့ဒ်တော်လှန်ရေး စစ်တပ်အဖွဲ့က ကလေးများအပေါ် ကျူးလွန်ခဲ့သော ထိတ်လန့်စရာ ပြစ်မှုများနှင့် ပတ်သက်၍ အသေးစိတ်ဖော်ပြထားသည့် ပထမဦးဆုံး အစီရင်ခံစာအား ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ တင်ပြလိုက်ကြောင်း သိရသည်။

ဂျိုးဆက်ကိုနီသည် ဒေသတွင်းမှ စစ်တပ်များကို ဆယ်စုနှစ်သုံးခုကြာ တိမ်းရှောင်နေခဲ့သည်။ ၎င်း၏ လက်နက်ကိုင် တပ်ဖွဲ့အတွက် လူဖြည့်တင်းရန်၊ လိင်ကျွန်များအဖြစ် အသုံးချရန် ကလေးများကို ပြန်ပေးဆွဲခဲ့သည်။ ရက်စက်ကြမ်းကြုတ်သော ၎င်း၏ တပ်ဖွဲ့ဝင်များကလည်း ကလေးပေါင်းများစွာကို သတ်ဖြတ်ခဲ့သည်။

၂၀၀၉ ဇူလိုင်နှင့် ၂၀၁၂ ဖေဖော်ဝါရီလများအတွင်း ကိုနီ၏ အုပ်စုက အနည်းဆုံး ကလေးပေါင်း ၅၉၁ ဦးကိုပြန် ပေးဆွဲခဲ့သည်။ မိန်းကလေး ၂၆၈ ဦးနှင့် ယောကျ်ားလေး ၃၂၃ ဦးအား ကွန်ဂိုနိုင်ငံ၊ တောင်ဆူဒန်နှင့် ဗဟိုအာဖရိကသမ္မတနိုင်ငံတို့မှ ပြန်ပေးဆွဲခေါ်ယူသွားခဲ့ကြောင်း အစီရင်ခံစာ၌ဖော်ပြသည်။

ကလေးများအား အမျိုးမျိုး အသုံးပြုပြီး ထမင်းချက်၊ ပစ္စည်းထမ်း၊ လုံခြုံရေး၊ သူလျှိုလုပ်ခိုင်းခြင်းအပြင် စစ်ပွဲများတွင်ပါဝင် တိုက်ခိုက်ခိုင်းသလို မိန်းကလေးများကို လိင်ပိုင်းဆိုင်ရာ ကျွန်များအဖြစ်အသုံးချခဲ့ကြောင်း မစ္စတာဘန်ကီမွန်း၏ အစီရင်ခံစာတွင် ဖော်ပြသည်။

ကုလသမဂ္ဂ နိုင်ငံတကာရာဇဝတ်မှုခုံရုံးကလည်း ဂျိုးဆက်ကိုနီအပေါ် ဖမ်းဝရမ်းထုတ်ပြန်ထားပြီး ကွန်ဂို၊ တောင်ဆူဒန်နှင့် ဗဟိုအာဖရိကသမ္မတနိုင်ငံတို့ ပူးပေါင်း၍ ကိုနီအား ဖမ်းဆီးနိုင်ရန် ကြိုးပမ်းနေကြသည်။

*—Ref: Reuters*

# လစ်ဗျားလက်နက်ကိုင်များ မြို့တော်လေဆိပ်ကို စီးနင်း

**ထရီပိုလီ၊ ဇွန် - ၆**

လစ်ဗျားတော်လှန်ရေးသူပုန်ဟောင်း လက်နက်ကိုင်အုပ်စုတစ်စုသည် ၎င်းတို့ခေါင်းဆောင် အဖမ်းခံရပြီးနောက် ထရီပိုလီနိုင်ငံတကာလေဆိပ်ကိုဝင်ရောက်စီးနင်းခဲ့ကြောင်း သိရသည်။ လက်နက်ကိုင်များ သည်လေယာဉ်များကို ဝိုင်းရံထားပြီး လေယာဉ်များအား ထွက်ခွာ ခွင့်မပေးခဲ့ပေ။

ယင်းလက်နက်ကိုင်အုပ်စုများနှင့် ညှိနှိုင်းမှုများ အဆင်မပြေဖြစ်ခဲ့ပြီးနောက် အစိုးရသစ္စာခံတပ်ဖွဲ့များက ပြန်လည်စီးနင်းခဲ့ပြီးနောက်မှသာ လေဆိပ်ကို ထိန်းချုပ်နိုင်ခဲ့ကြောင်း ဒုတိယပြည်ထဲရေးဝန်ကြီး အိုမာအယ်လ်ခါဒရာဝီက ဂျာနယ်လစ်များအား ပြောကြားသည်။

လေဆိပ်ရှိ အခြေခံအဆောက်အအုံများ ပျက်စီးခဲ့၍ လေယာဉ်ပျံသန်းမှုများကိုအနည်းဆုံးနောက်ထပ် ၂၄ နာရီ ဆိုင်းငံ့ထားရဦးမည်ဖြစ်ကြောင်း သိရသည်။



Photo - AFP

ယခုစီးနင်းတိုက်ခိုက်မှုမှာ နေ၍ အာဏာရှင်ခေါင်းဆောင် မွမ်မာကဒါဖီအား ဖြုတ်ချရာတွင် ပါဝင်ခဲ့သော အကွဲကွဲအပြားပြားသော လက်နက်ကိုင်အုပ်စုများအား တစ်စုတစ်စည်းတည်း ပေါင်းစည်းရာတွင် အာဏာပိုင်များတွေ့ကြုံရမည့် ကြီးမားသော တာဝန်ကို ပြသနေကြောင်း အေအက်ဖ်ပီ သတင်းတွင်ဖော်ပြသည်။

သေနတ်သမားများက လေထဲသို့ သေနတ်များ ပစ်ဖောက်၍ လေဆိပ်အား စီးနင်းရာတွင် လေဆိပ်အလုပ်သမားတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ခရီးသွားများအကြား ထိတ်လန့်တုန်လှုပ်မှုများ ဖြစ်ပေါ်ခဲ့သည်။ တစ်ဖက်တွင်လည်း လေဆိပ်ကို စီးနင်းသော လက်နက်ကိုင်များ၏ခေါင်းဆောင် အဘူအဂျီလာအယ်ဟက်ရှ်ကီ မည်သည့်နေရာသို့ ရောက်ရှိနေသည်ကိုမသိရှိရကြောင်း ထရီပိုလီမြို့လုံခြုံရေးကော်မရှင်ကပြောကြားသည်။

*—Ref: AFP*

# လစ်ဗျားနိုင်ငံ အမေရိကန်သံရုံးအနီး ဗုံးပေါက်ကွဲ

**ဘင်ဂါဇီ၊ ဇွန် - ၆**

လစ်ဗျားနိုင်ငံ၏ ဒုတိယမြို့တော်နှင့်ပြီးခဲ့သည့်နှစ်က တော်လှန်ရေးများစတင်ခဲ့ရာ ဘင်ဂါဇီမြို့ အမေရိကန်သံရုံးအနီးတွင် ဗုံးတစ်လုံးပေါက်ကွဲခဲ့ကြောင်းသိရသည်။ ယင်းတိုက်ခိုက်မှုမှာ ပါကစ္စတန်နိုင်ငံတွင် အမေရိကန်မောင်းသူမဲ့လေယာဉ်၏ တိုက်ခိုက်မှုကြောင့် လစ်ဗျားနိုင်ငံဖွား အယ်လ်ကိုင်ဒါ ဒုတိယခေါင်းဆောင် သေဆုံးခြင်းအတွက် လက်စားချေခြင်းဖြစ်နိုင်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

ဘင်ဂါဇီမြို့လယ်ဇရိယာအနီးတွင်ရှိသော သံရုံးပြင်ပ၌ ဖြတ်သန်းသွားသော ကားတစ်စီးပေါ်မှ ဖောက်ခွဲရေး ပစ္စည်းအား ပစ်ချသွားခြင်းဖြစ်ပြီး ယင်းဗုံးမှာ ခဏအကြာတွင် ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ ပေါက်ကွဲမှုကြောင့် အဆောက်အအုံ၏ ဝင်းတံခါးပျက်စီးသွားကြောင်း အမေရိကန်နှင့် လစ်ဗျားအရာရှိများက ပြောကြားသည်။

ယင်းတိုက်ခိုက်မှုမဖြစ်ပေါ်မီ နာရီအနည်းငယ်ကပင် အယ်လ်ကိုင်ဒါအဖွဲ့ ဒုတိယခေါင်းဆောင် လစ်ဗျားနိုင်ငံတွင် မွေးဖွားသူ ယာ့ဟယာအယ်လီဘီအား အမေရိကန်မောင်းသူမဲ့လေယာဉ်က ပါကစ္စတန်နိုင်ငံတွင် ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း အမေရိကန်အစိုးရက အတည်ပြုပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနကလည်း အမေရိကန်အဆောက်အအုံများအနီး လုံခြုံရေးတိုးမြှင့်ထားရန် လစ်ဗျားအာဏာပိုင်များအား တောင်းဆိုထားပြီး ဘင်ဂါဇီတိုက်ခိုက်မှုကိုလည်း ရှုတ်ချကြောင်း ကန်နိုင်ငံခြားရေးဌာနပြောခွင့်ရပုဂ္ဂိုလ် မာ့စ်တိုနာကပြောကြားသည်။

*—Ref: Reuters*

# နိုင်ငံခြားသံအမတ်များကို ဆီးရီးယား ပိတ်ပင်





Photo - AFP

**ဘေရွတ်၊ ဇွန် - ၆**

ဆီးရီးယားအစိုးရက အနောက်နိုင်ငံပေါင်း ၁၇ နိုင်ငံမှ သံတမန်များအား ပိတ်ပင်လိုက်ပြီး ၎င်း၏ တိုက်ခိုက်ရေး ရဟတ်ယာဉ်များက ကမ်းရိုးတန်းပြည်နယ်တစ်ခုတွင် သူပုန်များအား တိုက်ခိုက်နေကြောင်းသိရသည်။

သမ္မတအာဆတ်အား သစ္စာခံသူများဟု မသင်္ကာသူများက ဟူးလားဒေသတွင် လူပေါင်းတစ်ရာကျော်ကို သတ်ဖြတ်ခဲ့ပြီးနောက် ယခင်ရက်သတ္တပတ်အတွင်း အမေရိကန်၊ ကနေဒါ၊ တူရကီအပါအဝင် ဥရောပနိုင်ငံအများအပြားက၎င်းတို့နိုင်ငံရှိ ဆီးရီးယားသံရုံးအဖွဲ့များအား နှင်ထုတ်ပြီးနောက် ယခုဆီးရီးယား၏ တုံ့ပြန်အရေးယူမှုပေါ်ထွက်လာခြင်းဖြစ်သည်။

စစ်ပွဲမျက်နှာစာတွင်မူ လွန်ခဲ့သော ၁၅ လက သူပုန်အုံကြွမှုစတင်ခဲ့ရာ လာတာကီယာခရိုင်၌ သူပုန်များနှင့် အစိုးရတပ်ဖွဲ့များအကြား တိုက်ပွဲများပြင်းထန်နေသည်။ အစိုးရတပ်ဖွဲ့များက ကုလငြိမ်းချမ်းရေး လေ့လာသူများကို အာခံနေသောကြောင့် ၎င်းတို့လည်း အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို လိုက်နာတော့မည်မဟုတ်ကြောင်း သူပုန်များက ပြောကြားသည်။

နိုင်ငံခြားအစိုးရအချို့ကမူ မစ္စတာကိုဖီအာနန်၏ အစီအစဉ်မှာ ဆီးရီးယားတွင် သွေးထွက်သံယိုမှုများကျယ်ပြန့်မလာစေရေးအတွက်တစ်ခုတည်းသောနည်းလမ်းဟု ပြောကြားနေဆဲ ဖြစ်သည်။ ဆော်ဒီအာရေးဗီးယားနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီး မင်းသား ဆာအက်အယ်လ်ဖိုင်ဆယ်ကမူ မစ္စတာ ကိုဖီအာနန်၏ ငြိမ်းချမ်းရေး အစီအစဉ်အပေါ် အာရပ်နိုင်ငံများ၏ မျှော်လင့်ချက်နည်းပါးလာကြောင်းပြောကြားသည်။

*—Ref: Reuters*

7 DAY NEWS JOURNAL
Vol.11, No.14 • JUNE 14 , 2012



Photo - AFP

# ဒုတိယအကြိမ် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများအတွက် ဆီးရီးယား စွပ်စွဲခံရ

**ဘေရွတ်၊ ဇွန် - ၇**

ဆီးရီးယားအကျပ်အတည်းအား ဖြေရှင်းရေး ကုလသမဂ္ဂလုံခြုံရေး ကောင်စီအစည်းအဝေး ကျင်းပရန် နာရီပိုင်းအလိုမှာပင် ဆီးရီးယား တပ်ဖွဲ့များနှင့် သမ္မတဘာရှားအယ်လ်အာဆတ်ကို သစ္စာခံသော လက်နက်ကိုင်များသည် ဒုတိယအကြိမ်မြောက် အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုကို ကျူးလွန်ခဲ့သည်ဟု အတိုက်အခံများ၏ စွပ်စွဲခြင်းခံနေရသည်။

ဟာမာမြို့အနီး မာဇတ်အယ်လ်ကာဘီယာ ဒေသ၌ ဖြစ်ပေါ်ခဲ့သော သတ်ဖြတ်မှုတွင် လူပေါင်း ၇၈ ဦးသေဆုံးခဲ့ပြီး ယင်းကိုသာ အတည်ပြုနိုင်ပါက ကမ္ဘာ့နိုင်ငံကြီးများအတွက် အရေးယူရန်ဖိအားများ မြင့်တက်လာမည်ဖြစ်သည်။ သို့သော် အနောက်နိုင်ငံများနှင့် အာရပ်နိုင်ငံများက တစ်ဖက်၊ ရုရှား၊ တရုတ်နှင့် အီရန်ကဲ့သို့ အာဆတ်အား ထောက်ခံသူများကြား ဖြစ်ပေါ်နေသော သဘောထားကွဲပြားမှုများကို ကျော်လွှားနိုင်မည့်အလားအလာမရှိကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

ဆီးရီးယားနိုင်ငံ အလယ်ပိုင်း၌ ဖြစ်ပေါ်သည့် သတ်ဖြတ်မှုတွင် လက်နက်ကြီးများဖြင့် ပစ်ခတ်မှုရှိခဲ့ပြီးနောက် လက်နက်ကိုင်များက ကျေးရွာအတွင်း ဝင်ရောက်ကာ လူပေါင်းများစွာကို သေနတ်ဖြင့် ပစ်ခတ်၍သော်လည်းကောင်း၊ ဓားဖြင့် ထိုး၍သော်လည်းကောင်း သတ်ဖြတ်ခဲ့ကြကြောင်း တက်ကြွလှုပ်ရှားသူများက ရိုက်တာသတင်းဌာနအားပြောကြားသည်။ မေလ ၂၅ ရက်က ဟူးလားဒေသတွင် အရပ်သား ၁ဝ၈ ဦး အစုလိုက်အပြုံလိုက်သတ်ဖြတ်ခံခဲ့ရပြီး ယင်းအတွက် အနောက်အင်အားကြီးနိုင်ငံများက အာဆတ်၏ တပ်ဖွဲ့များနှင့် ၎င်း၏ သစ္စာခံလက်နက်ကိုင် ရှဘီဟာအဖွဲ့အား ပြစ်တင်ပြောကြားခဲ့သည်။

—*Ref: Reuters*

## ဆန္ဒပြသူများကို ပြစ်ဒဏ်တိုးမြှင့်မည့် ဥပဒေ ရုရှားပါလီမန်တွင် အတည်ပြု

**မော်စကို၊ ဇွန် - ၆**

ရုရှားအထက်လွှတ်တော်သည် ဥပဒေစိုးမိုးမှုကိုချိုးဖောက်၍ ဆန္ဒပြမှုများအားပြစ်ဒဏ်တိုးမြှင့်ချထားမည့်အငြင်းပွားဖွယ်ရာဥပဒေကြမ်းတစ်ရပ်ကို မဲပေးထောက်ခံခဲ့ကြောင်းသိရသည်။ ထိုဥပဒေတွင် တရားဥပဒေချိုးဖောက်၍ ဆန္ဒပြမှုများအတွက် လက်ရှိ၌ အမြင့်ဆုံးဒဏ်ငွေ ရူဘယ် ၅,ဝဝဝ (ကန်ဒေါ်လာ ၁၅၂) သတ်မှတ်ထားမှုကို ဆန္ဒပြရာတွင် ပါဝင်သူများကို ဒဏ်ငွေရူဘယ် ၆ဝဝ,ဝဝဝ အထိတိုးမြှင့်သတ်မှတ်ထားသည်။

ယခုဥပဒေကြမ်းကို ဇွန် ၆ ရက်က အထက်လွှတ်တော်တွင် အမတ် ၁၃၂ ဦးထောက်ခံကာ ပျက်ကွက်မဲတစ်မဲ၊ ကန့်ကွက်မဲတစ်မဲသာရှိခဲ့သည်။ ထို့ကြောင့် ယခုဥပဒေကြမ်းကို အသက်ဝင်စေရန် သမ္မတပူတင်ဘက်မှ လက်မှတ်ရေးထိုးရန်သာ ကျန်ရှိတော့သည်။ ဝေဖန်သူများကမူ ဥပဒေပြဋ္ဌာန်းရန် စီစဉ်ခဲ့သော လက်ရှိအာဏာရပါတီအား လွှတ်လပ်ခွင့်ဖျက်ဆီးသည်ဟု အပြစ်တင်ထားသည်။ ယခုဥပဒေကြမ်းကို ရုရှားပါလီမန်အောက်လွှတ်တော်ဒူးမားတွင် အချိန်ယူငြင်းခုံခဲ့ပြီးနောက် အတည်ပြုခဲ့ခြင်းဖြစ်သည်။ လူ့အခွင့်အရေးလှုပ်ရှားသူများကလည်း ဤဥပဒေသည် ရုရှားဖွဲ့စည်းပုံအခြေခံဥပဒေပါ လွတ်လပ်စွာစုရုံးခွင့်နှင့် ဆန့်ကျင်ကြောင်း ထောက်ပြထားကြသည်။

—*Ref: BBC*

## ၂၅ နာရီကြာအောင် ရဟတ် ဆက်တိုက်စီး၍ ကမ္ဘာ့စံချိန်တင်

**လော့စ်အိန်ဂျလိစ်၊ ဇွန် - ၄**

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့မှ ဂက်စ်မာတီနက်ဇ်ဟုခေါ်သူ ရဲစုံထောက်တစ်ဦးသည် ချားရဟတ်တစ်ခုပေါ်တွင် အချိန်အကြာဆုံး စီးနင်းနိုင်သူအဖြစ် ၂၅ နာရီဆက်တိုက်နေထိုင်ကာ ဂင်းနက်စ်ကမ္ဘာ့စံချိန်တင်ခဲ့ကြောင်း သိရသည်။

အယ်လ်အေရဲဌာနတွင် ၁၉၉၄ ခုနှစ်မှစ၍ တာဝန်ထမ်းဆောင်ခဲ့သူ ဂက်စ်မာတီနက်ဇ်သည် ဆန်တာမော်နီကာရှိ ပစိဖိတ်ပန်းခြံထဲမှ ပေ ၁၃ဝ မြင့်သော ပစိဖိတ်ချားရဟတ်ပေါ်သို့ ၂၅နာရီကြာအောင် တက်စီးကာ ကမ္ဘာ့စံချိန်တင်ခဲ့ခြင်းဖြစ်သည်။

၎င်းသည် ကြာသပတေးနေ့ နံနက် ၇နာရီ မိနစ် ၃ဝမှစ၍ ရဟတ်ပေါ်တက်စီးခဲ့ပြီး နောက်တစ်နေ့နံနက် ၈ နာရီ မိနစ် ၃ဝ အထိနေထိုင်ကာပြီးခဲ့သည့်နှစ်က အိုင်ယာလန်နိုင်ငံတွင် တင်ခဲ့သော ကမ္ဘာ့စံချိန်ဟောင်း ၂၄နာရီ မိနစ် ၃ဝ ကို ချိုးဖျက်နိုင်ခဲ့သည်။ မာတီနက်ဇ်သည်၎င်း၏ယခုစံချိန်ချိုးခြင်းကို တောင်ပိုင်း ကယ်လီဖိုးနီးယားပြည်နယ်တွင် အထူးအိုလံပစ်ကျင်းပရေးအတွက် ရန်ပုံငွေရှာရန် ရည်ရွယ်လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

မာတီနက်ဇ်သည် စံချိန်သစ်တင်နိုင်ရန် ချားရဟတ်ကို ၂၅နာရီကြာစီးနင်းစဉ် လုံးဝအိပ်ခွင့်မရဘဲ တစ်နာရီခြား တစ်ခါ ငါးမိနစ်သာ အိပ်စက်ခွင့်ရခဲ့ကြောင်း သိရသည်။

—*Ref: UPI*

## အယ်လ်ကိုင်ဒါအဖွဲ့ ဒုတိယအကြီးအကဲ သေဆုံးသွားပြီဟုဆို

**ဝါရှင်တန်၊ ဇွန် - ၆**

အကြမ်းဖက်အဖွဲ့အစည်းအယ်လ်ကိုင်ဒါ၏ ဒုတိယအကြီးအကဲဖြစ်သူ အဘူယက်ယာ အယ်လ်လီဘီ သေဆုံးသွားပြီဖြစ်ကြောင်း အမေရိကန်သမ္မတ အိမ်ဖြူတော်သတင်းထုတ်ပြန်ရေးအရာရှိဂျေးကာနီက ဇွန်လ ၆ ရက်တွင်ပြောကြားသည်။




Photo - AFP

အယ်လီဘီသည် အနောက်မြောက်ပါကစ္စတန်၌ မောင်းသူမဲ့လေယာဉ်၏ တိုက်ခိုက်မှုကြောင့် သေဆုံးသွားခဲ့ကြောင်း အမေရိကန်အရာရှိများက ပြောကြားသည်ဟု သတင်းများတွင် ဖော်ပြသည်။ အယ်လီဘီ သေဆုံးမှုမှာ အယ်လ်ကိုင်ဒါ အမာခံအဖွဲ့အတွက် ကြီးမားသော ထိုးနှက်ချက်တစ်ရပ်ဖြစ်သည်ဟု မစ္စတာကာနီက ပြောကြားသော်လည်း အသေးစိတ်အချက်အလက်များကို ထုတ်ဖော်ပြောကြားခြင်း မရှိပေ။

အယ်လ်လီဘီမှာ အမေရိကန်က အလိုရှိနေသော အကြမ်းဖက်သမားများ စာရင်းတွင် နှစ်ပေါင်းများစွာ ထိပ်ဆုံးမှ ပါဝင်နေခဲ့ပြီး ၎င်းရှိနေသော နေရာကို သတင်းပေးနိုင်ပါက ကန်ဒေါ်လာ တစ်သန်းချီးမြှင့်မည်ဟု အမေရိကန်ဖယ်ဒရယ်ထောက်လှမ်းရေး ဗျူရိုက ၂ဝဝ၉ ခုနှစ်ကပင် ကြေညာထားခဲ့သည်။

လစ်ဗျားနိုင်ငံတွင် မွေးဖွားသူ အယ်လီဘီသည် ၂ဝဝ၅ ခုနှစ်တွင် အာဖဂန်နစ္စတန်နိုင်ငံရှိ အမေရိကန်ထိန်းချုပ်ထားသော ဘာဂရမ်အကျဉ်းထောင်မှ လွတ်မြောက်သွားခဲ့သည်။ အိုစမာဘင်လာဒင် သေဆုံးပြီးနောက်ပိုင်း အယ်လ်ကိုင်ဒါအဖွဲ့၏ နံပါတ်တစ်မှာ အေမန်အယ်လ်ဇာဝါဟီရီဖြစ်လာခဲ့ပြီး အယ်လ်လီဘီက ဒုတိယနေရာရောက်ရှိလာသည်။

—*Ref: UPI*



အားကစားလုပ်ပြီးလျှင်
အပူလွန်ကဲလွန်းလျှင်
ချွေးထွက်လွန်းလျှင်
အော့အန်ပြီးလျှင်
ခွန်အားစိုက်ထုတ်ပြီး လှုပ်ရှားမှုများလျှင်
ခန္ဓာကိုယ်မှ ရေနှင့်ဓာတ်ဆားဆုံးရှုံးပြီး
နုံးချည့်နေပါသလား?
WHO စံချိန်စံညွှန်းအတိုင်း
အဆင့်မြင့်ဖော်စပ်ထားသော
ORAL-SALT
- ဖြင့် ပြန်လည်ဖြည့်တင်းနိုင်ပါတယ်။
ဝမ်းပျက်၊ ဝမ်းလျှောရောဂါသည်
ခန္ဓာကိုယ်မှရေနှင့် ဓာတ်ဆားဓာတ်ဆုံးရှုံးမှုပြင်းထန်ဆိုးရွားပါက
အသက်သေဆုံးနိုင်သည်။
Reduced Osmolarity ORS
(WHO recommended formula)
ORAL-SALT
- ဖြင့်
ရေနှင့် အရေးပါသောဓာတ်ဆားဓာတ်များကို
ပြန်လည် ဖြည့်တင်းပါ။
Manufactured For :
PACIFIC Pacific Pharmaceuticals Pte., Ltd.




New Arrivals
Code - 8812
16,000 ks
Code - 0612
18,000 ks
(Slimfit)
Code - 4821
16,500 ks
Code - 6312
21,000 ks
Double Button at Neck
100% COTTON
100% STRONG
MARK®
WILLIAMS
Excellence through passion
Available at : Ga Mone Pwint (Bo Galay Zay)
Hot Line : 09-73187618

7 DAY NEWS JOURNAL

# International

Vol.11, No.14 • JUNE 14 , 2012



Photo - AFP

## ပြင်သစ်သမ္မတသစ်၏ ဆိုရှယ်လစ်များက ပါလီမန်ရွေးကောက်ပွဲကို ထိန်းချုပ်သွားဖွယ်ရှိ

**ပါရီ၊ ဇွန် - ၁၁**

ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်ဒီ၏ဆိုရှယ်လစ်အုပ်စုနှင့်၎င်း၏မဟာမိတ်ပါတီများသည် ရှေ့လာမည့်ရက်သတ္တပတ်တွင် ပါလီမန်ရွေးကောက်ပွဲများ၌ လွှမ်းမိုးသွားဖွယ်ရှိကြောင်း သိရသည်။

ဇွန်လ ၁၀ ရက်က ကျင်းပခဲ့သည့်ပထမအကျော့ရွေးကောက်ပွဲများတွင် ဆိုရှယ်လစ်များ၊ အစိမ်းရောင်ပါတီနှင့် ၎င်းတို့၏ မဟာမိတ်များက မဲအရေအတွက်၏ ၄၇ ရာခိုင်နှုန်း နီးပါးရရှိခဲ့ပြီး သမ္မတဟောင်းနီကိုလပ်ဆာကိုဇီ၏ညာယိမ်း UMP ပါတီနှင့် မဟာမိတ်များက ၃၄ ရာခိုင်နှုန်းသာ ရရှိခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်သောရလဒ်များအရ သိရှိရသည်။

ပြီးခဲ့သည့်မေလက ကျင်းပခဲ့သည့် သမ္မတရွေးကောက်ပွဲတွင် မစ္စတာဟော်လန်ဒီက မစ္စတာဆာကိုဇီအပေါ် အနိုင်ရရှိခဲ့ပြီးပြင်သစ်

စာ(၄၅)သို့

## နျူဆွေးနွေးပွဲများနှင့်ပတ်သက်၍ ဥရောပသမဂ္ဂကို အီရန် ပြစ်တင်ပြောကြား

**တီဟီရန်၊ ဇွန် - ၁၁**

ဇွန်လ ၁၈၊ ၁၉ ရက်များတွင် မော်စကိုမြို့၌ ကျင်းပရန်ရှိသော နျူကလီးယားဆွေးနွေးမှုများ မတိုင်မီ ကမ္ဘာ့အင်အားကြီးနိုင်ငံများက စိတ်အားထက်သန်မှုနည်းပါးနေခြင်းအတွက် အီရန်အစိုးရက ပြစ်တင်ပြောကြားလိုက်သည်။

အီးယူ၏ နိုင်ငံခြားရေးပေါ်လစီအကြီးအကဲ မစ္စကက်သရင်းအက်ရှ်တန်အနေဖြင့် ၎င်းတို့နှင့် စာအဆက်အသွယ်ပြုလုပ်ရာတွင် မေးမြန်းသော ကိစ္စရပ်များကိုအံ့သြမိကြောင်း အီရန်နျူကလီးယားရေးအဖွဲ့ လက်ထောက် အကြီးအကဲ အလီဘာဂါရီက အီးယူနိုင်ငံခြားရေးအကြီးအကဲ မစ္စအက်ရှ်တန်၏ လက်ထောက်အား စာရေးသားပေးပို့ခဲ့သည်။

ထို့အပြင် နှစ်ဖက်စလုံးမှ ကျွမ်းကျင်သူ ပညာရှင်များအနေဖြင့်ပြင်ဆင်မှုများ ပိုမိုလုပ်ဆောင်ရန် လိုအပ်ကြောင်းလည်း မစ္စတာအလီဘာဂါရီက ပြောကြားသည်။

စာ(၄၅)သို့

## လူလိုက်ပါမည့် အာကာသခရီးစဉ်အတွက် တရုတ်အာကာသသိပ္ပံ ပြင်ဆင်

**ဘေဂျင်း၊ ဇွန် - ၁၁**

ကမ္ဘာပတ်လမ်းကြောင်းအတွင်း ရောက်ရှိနေသော တီယန်ဂေါင်း-၁ အာကာသသိပ္ပံစူးစမ်းလေ့လာရေးယာဉ်နှင့် လူလိုက်ပါသော အာကာသယာဉ် ပထမဦးဆုံးအကြိမ်ချိတ်ဆက်မည့်အစီအစဉ်အတွက် ရှင်ဇူး-၉ အာကာသယာဉ်အား ဇွန်လလယ်တွင် လွှတ်တင်နိုင်ရန် ပြင်ဆင်နေကြောင်း တရုတ်လူလိုက်ပါသော အာကာသအစီအစဉ်မှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားသည်။

ရှင်ဇူး-၉ အာကာသယာဉ်နှင့် ယင်းအား အာကာသတွင်းသို့ ပို့ဆောင်ပေးမည့်လောင်းမတ်-2F ဒုံးပျံအား နိုင်ငံအနောက်မြောက်ပိုင်းရှိ ဂျူကွန်းအာကာသယာဉ်လွှတ်တင်ရေးစင်တာသို့ ရွှေ့ပြောင်းထားပြီဖြစ်ကြောင်း အမည်မဖော်လိုသော ပြောခွင့်ရပုဂ္ဂိုလ်ကကြေညာချက် ထုတ်ပြန်ပြောကြားသည်။

စာ(၄၅)သို့

## တူရကီနိုင်ငံတွင် အင်အားပြင်း ငလျင်လှုပ်ခတ်

**အန်ကာရာ၊ ဇွန် - ၁၁**

တူရကီနိုင်ငံ အနောက်တောင်ပိုင်းလူစည်ကားရာခရီးသွားဒေသကမ်းခြေ အလွန်တွင် အင်အားပြင်းငလျင်တစ်ခုလှုပ်ခတ်ခဲ့ရာလူပေါင်းများစွာကို ဆေးရုံတင်ပို့ခဲ့ရကြောင်းနှင့်အချို့မှာကြောက်လန့်တကြားဖြင့် အဆောက်အအုံများပေါ်မှ ခုန်ချခဲ့ကြကြောင်း တာဝန်ရှိသူများက ပြောကြားသည်။



Photo - EPA

ဗြိတိန်နိုင်ငံသားများ အကြားရေပန်းစားသော ဖက်သစ်မြို့အနီး အိုလူဒင်းနစ် ကမ်းခြေအပန်းဖြေစခန်းအနီး လှုပ်ခတ်ခဲ့သော ရစ်ချ်တာစကေး ၆ ပြင်းအားရှိငလျင်ကြောင့် တစ်ဦးတစ်ယောက်မျှ သေဆုံးမှုမရှိကြောင်း အမျိုးသားဘေးအန္တရာယ် ကာကွယ်ရေးစင်တာက ထုတ်ပြန်သည်။ သို့သော် လူပေါင်း ၅၉ ဦးကိုမူ ဆေးရုံတင်ထားရကြောင်း ခရိုင်ကျန်းမာရေး ဒါရိုက်တာက ပြောကြားပြီး အများစုမှာ စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများကြောင့် တင်ထားရခြင်းဖြစ်ကြောင်း သိရသည်။

လူတစ်ဦးမှာ အကြောက်လွန်၍ ပြတင်းပေါက်မှ ခုန်ချခဲ့ခြင်းကြောင့် ဦးခေါင်းတွင် ပြင်းထန်စွာဒဏ်ရာရရှိခဲ့ကြောင်းနှင့်အခြားလူနှစ်ဦးမှာ နှလုံးရောဂါခံစားခဲ့ရကြောင်း ခရိုင်ကျန်းမာရေး ဒါရိုက်တာတီကင်က ပြောကြားသည်။

စာ(၄၅)သို့




Photo - AFP

NEWS ANALYSIS

## လုပ်ငန်းရှင်စိတ်ဓာတ် အမြစ်တွယ်လာသော တရုတ်နိုင်ငံ

စာ(၃၆)သို့



၇ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL အချပ်ပို
Vol.11, No.14 • JUNE 14 , 2012

# နိုင်ငံခြားသားစိမ့်ဝင်မှု အမျိုးသားရေးပြဿနာ

**အိဖြူလွင်၊သန်းဌေး၊ အိဖြူမွန်**



Photo - AFP

ရိုဟင်ဂျာပြဿနာအပေါ် မြန်မာနိုင်ငံအစိုးရက တစ်စုံတစ်ရာ ထုတ်ပြန်ပြောဆိုခြင်းမရှိသေးသော်လည်း ရိုဟင်ဂျာများသည် မြန်မာတိုင်းရင်းသားများမဟုတ်ဘဲ နိုင်ငံအတွင်း အုပ်ချုပ်မှုလျော့ရဲခြင်းများ၏ နောက်ဆက်တွဲ နိုင်ငံခြားသားစိမ့်ဝင်မှု ပြဿနာသာဖြစ်ပြီး ရခိုင်ပြည်နယ်သာမက အခြားပြည်နယ်အချို့တွင်လည်း နိုင်ငံခြားသားစိမ့်ဝင်မှုကို အမြန်ဆုံးဆွေးနွေးဆောင်ရွက်သင့်ပြီဖြစ်ကြောင်း သုံးသပ်သူတို့ကဆိုသည်။

ရခိုင်ပြည်နယ်အတွင်း အချို့မြို့များတွင် ရိုဟင်ဂျာဘင်္ဂါလီများက ရခိုင်တိုင်းရင်းသားများထက်ပင် အရေအတွက်များပြားနေသည်။ တိုင်းရင်းသားများက လူနည်းစုဖြစ်နေသည့်အတွက်လက်ရှိအရေးပေါ် အခြေအနေကြေညာထားရသော ထိုဒေသမှအစပြုကာ တက်ကြွသူပြည်သူတို့က နိုင်ငံခြားသားစိမ့်ဝင်နေမှုအခြေအနေကို ပြည်တွင်းရှိ အမျိုးသားရေးပြဿနာအဖြစ် ရှုမြင်ထောက်ပြလာကြခြင်းဖြစ်သည်။

ရခိုင်ပြည်နယ်အတွင်း နိုင်ငံခြားသားစိမ့်ဝင်မှုနှင့်ပတ်သက်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ နှစ်ရှည်ကြာ ရွှေ့ပြောင်းလာသည့် ရိုဟင်ဂျာများအရေးသည် တိုင်းရင်းသားခေါင်းဆောင်များ၊ ဘာသာရေးခေါင်းဆောင်များ၊ နိုင်ငံရေးအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် နိုင်ငံတော်အစိုးရတို့က ဆွေးနွေးစကားပြောရန်လိုလာသည့် ပြဿနာဖြစ်လာကြောင်း ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်တို့က သုံးသပ်ပြောကြားသည်။

လူမျိုးခြားစိမ့်ဝင်မှု ဦးရေတစ်နေ့တစ်ခြား များပြားလာခြင်းကြောင့် ရခိုင်ပြည်နယ်တွင် ထိုကဲ့သို့သော ပြဿနာမျိုးဖြစ်ပေါ်လာနိုင်မည်ကို လွန်ခဲ့သော ဆယ်စုနှစ်တစ်စုကျော်ကပင် သတိထားမိခဲ့ကြောင်း စာရေးဆရာ ဆရာကြည်မင်းက ဆိုသည်။

“အခုကိစ္စက နိုင်ငံရေးတာဝန်ကို ထမ်းဆောင်တယ်မဟုတ်ဘဲနဲ့ အမျိုးသားရေးတာဝန်ကို ထမ်းဆောင်နေတယ်ဆိုတဲ့အမြင်နဲ့ လက်တွဲကြရမှာပါ။ အာဏာရပါတီနဲ့နိုင်ငံရေးပါတီတွေလက်တွဲကြရမှာပါ။ လူကတဖြည်းဖြည်းများများလာတော့ တစ်နေ့နေ့တော့ပြဿနာဖြစ်မယ်ဆိုတာ သတိထားမိတယ်”ဟု ဆိုသည်။

လက်ရှိပြောဆိုနေကြသည့် ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်မှုများသည် ပြည်တွင်းနေ အစ္စလာမ်ဘာသာဝင်များနှင့် လုံးဝမသက်ဆိုင်ဘဲ ရခိုင်တိုင်းရင်းသားပြည်သူများရင်ဆိုင်နေရသည့် လူဦးရေသန်းထောင်ချီရှိသည့် အိမ်နီးချင်းနိုင်ငံတစ်ခုမှ နိုင်ငံခြားသားများ စိမ့်ဝင်နေခြင်းဖြစ်သည့်အတွက် ယင်းအမျိုးသားရေးပြဿနာကို ပြည်တွင်းရှိ အစ္စလာမ်ဘာသာဝင်များကပါ ပူးပေါင်းပါဝင်ကူညီရန် လိုအပ်ကြောင်း ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်သော အစ္စလာမ်ဘာသာဝင် ကိုမြအေးက ထောက်ပြအကြံပြုသည်။

ဒုက္ခသည်များအဖြစ် မြန်မာနိုင်ငံသို့ဝင်ရောက်လာသော ရိုဟင်ဂျာများ အရေးကိစ္စနှင့်ပတ်သက်၍ နိုင်ငံတကာအဖွဲ့အစည်းများကြားတွင် မြန်မာနိုင်ငံအား ယင်းဒုက္ခသည်များအား တိုင်းရင်းသားအဖြစ်လက်ခံရန် ဖိအားပေးမှုများရှိခဲ့သည်။

ယင်းဖိအားပေးမှုများနှင့်ပတ်သက်၍ “ဒီရိုဟင်ဂျာပြဿနာကို ဘယ်နိုင်ငံကမှ လက်မခံတာကို ကျွန်တော်တို့နိုင်ငံက ဒုက္ခသည်တွေအနေနဲ့ လူသားချင်းစာနာမှုအရ ကျွန်တော်တို့ ကိုယ်ချင်းစာပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ နိုင်ငံရဲ့ သဘောကောင်းမှု၊ လိုက်လျောမှုကို နိုင်ငံကြီးတွေကနေပြီးတော့ ရိုဟင်ဂျာတွေကို လက်ခံရမယ်လို့ ဖိအားပေးလာခဲ့ရင် ကျွန်တော်တို့ လုံးဝသည်းညည်းခံမှာ မဟုတ်ပါဘူး”ဟု ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်သူ ကိုကိုကြီးက ပြတ်ပြတ်သားသား ပြောဆိုသည်။

ယခုကဲ့သို့ နိုင်ငံခြားသားစိမ့်ဝင်မှု ပြဿနာသည် ဝန်ကြီးချုပ်ဦးနုလက်ထက်က ရွေးကောက်ပွဲမဲရရှိရေးအတွက် နိုင်ငံရေးအသုံးချမှုမှ စတင်ခဲ့ခြင်းဖြစ်ပြီး ယခုနောက်ပိုင်း နိုင်ငံခြားသားဝင်ထွက်မှုကို စိစစ်ရသည့် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၏ မူဝါဒရေးရာ လျော့ရဲမှုကြောင့်ဟုလည်း ထောက်ပြကြသည်။

ရှမ်းတိုင်းရင်းသားတစ်ဦးလည်းဖြစ်ပြီး ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဦးစိုင်းလိတ်က “ဝန်ကြီးချုပ်ဦးနု လက်ထက်က ရိုဟင်ဂျာကို တိုင်းရင်းသားထဲမှာပါတယ်လို့ ပြောခဲ့တာက သမိုင်းကြောင်းအရ လေ့လာစိစစ်ပြီး ပြောခဲ့တာမဟုတ်ဘူး။ ပြည်သူလူထုရဲ့ဆန္ဒကိုလည်း ခံယူခဲ့တာမရှိဘူး။ သူ့အာဏာရဖို့အတွက် ပြောခဲ့တာပဲ။ ဒီနောက်ဆက်တွဲရလဒ်အနေနဲ့ ဖြစ်နေတဲ့ ခုပြဿနာတွေကတော့ အစိုးရတစ်ဖွဲ့တည်းအနေနဲ့ ဖြေရှင်းလို့မရဘူး။ တိုင်းရင်းသားအဖွဲ့တွေ အားလုံးရော၊ အရပ်ဘက်လူ့အဖွဲ့အစည်းတွေရော၊ အလွှာပေါင်းစုံက လူတန်းစားပေါင်းစုံပါဝင်ပြီး ဥပဒေကြောင်းအရ လူမျိုးရေး၊ ဘာသာရေးအဓိကရုဏ်းမဖြစ်အောင် ပါဝင်ထိန်းသိမ်းဖို့ လိုနေတယ်”ဟုပြောသည်။

ရိုဟင်ဂျာအရေးကိစ္စပြောလျှင် နိုင်ငံတကာမီဒီယာများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ ဖြစ်ရပ်မှန်အပေါ် နားလည်သဘောပေါက်မှုကလည်း အရေးကြီးကြောင်း ဆရာကြည်မင်းက ယခုကဲ့သို့ သုံးသပ်သည်။

“ဒီပြဿနာက နိုင်ငံတကာကလည်းပဲ ကိုယ့်အပေါ် အမြင်ကြည်ဖို့လိုတဲ့ ပြဿနာမျိုးဖြစ်နေတယ်။ ဘယ်လိုဖြေရှင်းနေရသလဲဆိုတာကို ကိုယ့်အစိုးရက ဘယ်လောက်ထက်ထက်မြက်မြက်နဲ့ လိမ်လိမ်မာမာ ဖြေရှင်းနေရသလဲဆိုတာကို နိုင်ငံတကာအသိုင်းအဝိုင်းက မြင်ဖို့လိုတယ်။ လုပ်ရတာကလည်း တော်တော့်ကို မလွယ်တာ အဲဒီလို မလွယ်တဲ့အခါကြတော့ လုပ်ရတာက တော်တော့်ကို သိမ်သိမ်မွေ့မွေ့နဲ့ ဖြေရှင်းရတဲ့ကိစ္စမှာ နိုင်ငံတကာအသိုင်းအဝိုင်းကလည်း ဝင်ကူဖို့လိုတယ်”

နိုင်ငံခြားသား စိမ့်ဝင်မှုနှင့်ပတ်သက်ပြီး တစ်ပြိုင်နက်ထည်း ထောက်ပြခံရသည့် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနနှင့်ပတ်သက်၍ ရခိုင်တိုင်းရင်းသားဖြစ်သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမောင်ကလည်း ယခုကဲ့သို့ ပြောဆိုသည်။

“လဝကမှာလည်း မျိုးချစ်စိတ်ဓာတ်ရှိတဲ့ လူမျိုးများကို ထည့်သွင်းပြီး သေချာကိုင်တွယ်သင့်ပါတယ်။ လုံခြုံရေး၊ လူဝင်လူထွက်စစ်ဆေးရေးတို့ကို ပြည်နယ်အစိုးရလက်အောက်မှာ ထားရှိသင့်ပါတယ်”

မြန်မာနိုင်ငံရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဥပဒေများက ပြည့်ပြည့်စုံစုံရှိနေသော်လည်း ဥပဒေကိုင်တွယ်ကျင့်သုံးနေသည့် အဖွဲ့အစည်းများကြောင့် လူမျိုးခြားစိမ့်ဝင်မှုများဖြစ်နေသည်ဟုဆိုကြသည်။

မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ပထဝီအနေအထားအရ ပင်လယ်ချင်း ထိစပ်နေသည့်အတွက် ရေကြောင်းမှတစ်ဆင့် အချိန်မရွေး ဝင်ရောက်လာနိုင်ရာ နယ်စပ်လုံခြုံရေးကိုလည်း တင်းကျပ်ရန် လိုအပ်ပြီး အခြားအိမ်နီးချင်းနိုင်ငံများတွင် ရေပိုင်နက်အတွင်းကျူးကျော်သူများကို အရေးယူသည့်တင်းကျပ်သော စည်းမျဉ်းဥပဒေများလည်း ရှိသင့်ကြောင်း ၎င်းကပင် သုံးသပ်ပြောဆိုသည်။

ရိုဟင်ဂျာ၏ သမိုင်းကို ပြန်ကြည့်လျှင် ရိုဟင်ဂျာဟူသည်မှာ လူမျိုးတစ်မျိုး၏ နာမည်မဟုတ်ဘဲ ဘင်္ဂလားဒေ့ရှ်ဘာသာစကားဖြင့် ရိုဟင်-ရခိုင်၊ ဂျာ-ပြန်လာသူ(ရခိုင်မှ ပြန်လာသူ) ဘင်္ဂါလီလူမျိုးများဟု ဆိုလိုခြင်းဖြစ်သည်။

ရိုဟင်ဂျာများသည် ၁၉၅၀ ခုနှစ်မှ ရောက်ရှိလာသော ဘင်္ဂါလီမွတ်ဆလင်များသာဖြစ်သည်ဟု ရခိုင်သမိုင်းပညာရှင်တစ်ဦးဖြစ်သော ဒေါက်တာအေးချမ်း၏ စာတမ်းတွင်ဖော်ပြထားသည်။

မြန်မာတိုင်းရင်းသား လူမျိုးများတွင် လူမျိုးတစ်မျိုးအဖြစ် လက်ခံခြင်းမရှိသည့် ရိုဟင်ဂျာများနှင့် လက်ရှိပြဿနာများသည် ကျူးကျော်ဝင်ရောက်သူများ၏ အကြမ်းဖက်မှုဟုသာ ခေါင်းစဉ်တပ်ရမည်ဖြစ်ပြီး ရေရှည်အတွက် ရိုဟင်ဂျာများကို မြန်မာနိုင်ငံအတွင်း ဆက်ကိုမထားသင့်တော့ကြောင်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုးက ပြောသည်။

၎င်းကပင်ဆက်လက်၍ နိုင်ငံသားစိစစ်ရေးကိစ္စကို ထပ်ပြောသည်။ “လဝကဥပဒေအရ တစ်တိုင်းပြည်လုံးက ကိစ္စတွေကို ဖော်ထုတ်ပြီး အားလုံးကိုအရေးယူရမယ်။ ဘင်္ဂါလီတွေတင်မကဘူး။ အရှေ့နဲ့အရှေ့မြောက်မှာလည်း တရုတ်တွေ စိမ့်ဝင်နေတယ်။ သူတို့တွေက တစ်ပြည်လုံးကို စိမ့်ဝင်သွားတော့ မသိသာဘူး။ တစ်တိုင်းပြည်လုံးရဲ့ နယ်စပ်တွေမှာ ဥပဒေက တစ်ပြေးညီရှိရမယ်”ဟု ပြောကြားခဲ့သည်။

## ရခိုင်ပြည်နယ်တွင် ဒုက္ခသည်ပေါင်း တစ်သောင်းခွဲ အထက်ရှိလာ

**မြတ်စုမွန်၊ အိဖြူမွန်**

**ရန်ကုန်၊ ဇွန် - ၁၁**

အဓိကရုဏ်းများကြောင့် အရေးပေါ်အခြေအနေထုတ်ပြန်ထားရသည့် ရခိုင်ပြည်နယ်တွင်နေအိမ်များ၊ ပစ္စည်းဥစ္စာများ ပျက်စီးဆုံးရှုံးခဲ့ရသည့် ဒုက္ခသည်စုစုပေါင်း တစ်သောင်းခွဲ အထက်ရှိလာပြီဖြစ်ကြောင်း ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီမှ ယနေ့ကောက်ယူထားသော စာရင်းများအရ သိရသည်။

ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီမှ ယနေ့ကောက်ယူထားသော စာရင်းများအရ စစ်တွေမြို့တွင် ကယ်ဆယ်ရေးစခန်း ၂၄ ခုရှိပြီး ဒုက္ခသည်စုစုပေါင်း ၅,၀၀၀ ကျော်နှင့် ရသေ့တောင်မြို့နယ်တွင် ကယ်ဆယ်ရေးစခန်း ၅ ခုရှိပြီး ဒုက္ခသည်စုစုပေါင်း ၄,၀၀၀ နီးပါးရှိကြောင်း သိရသည်။

မောင်တောမြို့တွင် ဗဟိုဘုန်းတော်ကြီးကျောင်း၊ ပရဟိတဘုန်းတော်ကြီးကျောင်း၊ အလိုတော်ပြည့်ဘုန်းတော်ကြီးကျောင်းနှင့် လေးမိုင်ရဲတပ်ရင်း၊ အောင်မြေဗောဓိမ္မရိပ်သာတို့တွင် ဒုက္ခသည်စုစုပေါင်း ၃,၈၇၄ ဦးရှိကြောင်း သိရသည်။

ထို့ပြင် ဘူးသီးတောင်မြို့နယ်တွင် ကယ်ဆယ်ရေးစခန်းတစ်ခုရှိပြီး ဒုက္ခသည် ၁,၃၀၀ ရှိကြောင်း သိရသည်။

“ဘူးသီးတောင်မှာ ရွှေကျင်ကျောင်းတိုက်၊ အလင်းရောင်၊ သပြေကုန်းကျောင်းတွေမှာလည်း ဒုက္ခသည်တွေ ရှိတယ်။ အားလုံးပေါင်းရင် တစ်ထောင်ကျော်လောက်ရှိတယ်”ဟုဘူးသီးတောင်မြို့တွင် ကယ်ဆယ်ရေးစခန်းလုပ်ငန်းများဆောင်ရွက်ပေးနေသည့် ရခိုင်အမျိုးသား ကိုကျော်ထွန်းမောင်က ပြောသည်။

7DAY NEWS JOURNAL
Vol.11, No.14 • JUNE 14 , 2012

# လူအများစုက လူနည်းစုကို ကရုဏာထားရန် ဒေါ်အောင်ဆန်းစုကြည် ပြောကြား

**အေးမြကျော်**

**ရန်ကုန်၊ ဇွန်-၆**

လူအများစုအနေနှင့် လူအနည်းစုကို ကရုဏာထားတတ်ရန် လိုအပ်ပြီး နိုင်ငံတွင်းတွင်ရှိနေသော လူမျိုးမရွေး၊ ဘာသာမရွေး ပြည်သူပြည်သားအားလုံး အေးအေးချမ်းချမ်း နေထိုင်သည်ကို မြင်လိုကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ဇွန်လ၆ရက်တွင်ပြုလုပ်သောသတင်းစာရှင်းလင်းပွဲ၌ သတင်းထောက်တစ်ဦး၏ လတ်တလောဖြစ်ပွားနေသောပြဿနာများနှင့်ပတ်သက်ပြီး မေးမြန်းချက်ကို ပြန်လည်ဖြေကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

"ကျွန်မပြောကို ပြောရမယ်။ အမြဲလည်း ပြောတယ်။ လူအများစုဆိုတာ လူအနည်းစုကို ကရုဏာထားတတ်ရမယ်။ အဲဒါတော့ သတိပေးပါရစေ။ ဒီလိုပြောတာကို တချို့က ကြိုက်ချင်မှကြိုက်မယ်။ ကြိုက်တာ မကြိုက်တာထက် ပြောသင့်တာကိုတော့ ပြောရမယ်။ လူအများစုဆိုတာ ကိုယ့်ရဲ့အင်အားက ရှိပြီးသား။ အများစုအင်အားရှိပြီးသားမို့လို့ သဘောထားကြီးနိုင်ရမယ်။ ကရုဏာတရား ထားနိုင်ရမယ်။ ကျွန်မတို့နိုင်ငံမှာရှိတဲ့ ဘာသာမရွေး၊ လူမျိုးမရွေး ပြည်သူပြည်သားအားလုံး ချစ်ချစ်ခင်ခင်နဲ့ နေထိုင်တာကိုမြင်ချင် တယ်။ ဒီလိုဖြစ်ဖို့အတွက် ကျွန်မတို့အနေနဲ့ ကူညီနိုင်မယ်ဆိုရင် ကူညီမယ်" ဟု ဒေါ်အောင်ဆန်းစုကြည်က ဖြေကြားခဲ့သည်။

ထို့ပြင် ယခုကဲ့သို့ ပြဿနာများဖြစ်လာပြီဆိုလျှင် အချက်နှစ်ချက်စဉ်းစားမိပြီး ပထမအချက်မှာ ဥပဒေမိုးစိုးရေးနှင့် ဒုတိယအချက်မှာ လှုံ့ဆော်နေသည့်သူများရှိသလားဆိုသည့်အချက်များပင် ဖြစ်ကြောင်း သူမက ပြောကြားခဲ့သည်။

"ဒီလိုပြဿနာတွေ ဖြစ်လို့ရှိရင် ကျွန်မအတွေးက ကိစ္စနှစ်ခုဆီကို ရောက်သွားတယ်။ နံပါတ်တစ်ကတော့ ဥပဒေစိုးမိုးရေးပဲ။ နှစ်ကတော့ လှုံ့ဆော်တဲ့သူများရှိသလားဆိုတဲ့ စိုးရိမ်ပူပန်မှု။ ဒီနိုင်ငံမှာ ဥပဒေစိုးမိုးရေးရှိတယ်ဆိုရင် ပထမဆုံး ပြဿနာတစ်ခုဖြစ်ပြီ ရာဇဝတ်မှုတစ်ခုဖြစ်ပြီဆိုရင် ပီပီပြင်ပြင် မြန်မြန်ဆန်ဆန် အရေးယူလိုက်မယ်ဆိုရင် ဒီပြဿနာတွေဟာ ကြီးမားသွားနိုင်စရာ မရှိဘူး။ ပြဿနာတစ်ခု မရှင်းလိုက်တာနဲ့ နောက်တစ်ခုထပ်ပြီး ကြီးကြီးကျယ်ကျယ်ပေါ်လာပြီ။ ဒါဟာဥပဒေပိုင်းဆိုင်ရာအဖွဲ့တွေက ရှင်းလင်းရမယ့် ပြဿနာ"ဟု ဒေါ်အောင်ဆန်းစုကြည်က ဇွန်လ ၆ရက် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်သည် နှစ်ပေါင်း ၂၄ နှစ်အတွင်း ပထမဆုံးအကြိမ် နိုင်ငံခြားခရီးစဉ်ဖြစ်သည့် ထိုင်းနိုင်ငံခရီးစဉ်နှင့် မကြာမီ သွားရောက်မည့် ဥရောပခရီးစဉ်နှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲ တစ်ရပ်ကို ဇွန်လ ၆ရက် နံနက်ပိုင်းက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် ပြုလုပ်ခဲ့သည်။

သတင်းစာရှင်းလင်းပွဲပြုလုပ်အပြီးတွင် အစ္စလာမ်ဘာသာဝင် သုံးဦးသည် ရုံးချုပ်ရှေ့တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံကာ လက်ရှိဖြစ်ပွားနေသည်များနှင့်ပတ်သက်၍ ပြောပြလိုသဖြင့်ဟု ဆိုကာ စောင့်ဆိုင်းခဲ့ကြ သည်။

ဒေါ်အောင်ဆန်းစုကြည် ရုံး ပေါ်မှ ဆင်းအလာကို စောင့်ဆိုင်းကာ တွေ့ဆုံသည့်အခါ လွန်ခဲ့ သော ရက်ပိုင်းက ရခိုင်ပြည်နယ် တွင် ဖြစ်ပွားခဲ့သော ကိစ္စများကို ပြောကြားကာ အကူအညီတောင်း ကြသည်။

ဒေါ်အောင်ဆန်းစုကြည်က ယင်းတို့ထဲမှ တစ်ဦးဖြစ်သော မော်လဝီအဖွဲ့ချုပ်မှ အဖွဲ့ဝင်ကိုစိန်းဘိုဘိုကို "အမေစောစောကပြောပြီးပြီ။ ဒီနိုင်ငံမှာ လူတိုင်းလူတိုင်းဟာ ဥပဒေဘောင်အတွင်းမှာ အခွင့်အရေးတူညီစွာရရမယ်။ လူအများစုကနေ အကြင်နာတရားထားရမယ်။ သဘောထားကြီးရမယ်။ သားတို့ကလည်း သားတို့ဘက်ကနေကိုယ့်လူတွေကိုထိန်းထား။ ဒေါသနဲ့တုံ့ပြန်ရင်ပြဿနာက ပိုပြီးကြီးထွားလာမယ်။ သားတို့စိတ်အေးအေးထားရမယ်နော်။ သားတို့မလှုံ့ဆော်ကြနဲ့။ လှုံ့ဆော်တဲ့သူတွေရှိတယ်။ ဒေါသနဲ့ တုံ့ပြန်လိုက်ရင် အခြေအနေတွေ ပိုဆိုးသွားနိုင်တယ်" ဟု ပြောကြားသည်။

မေ ၂၈ ရက်တွင် ရခိုင်ပြည် နယ်ရှိရမ်းဗြဲမြို့နယ် ကျောက်နီမော်ကျေးရွာအုပ်စု သပြေချောင်းရွာမှ မသီတာထွေး ရက်စက်စွာ အသတ်ခံရပြီးနောက် ဇွန်လ ၃ရက်တွင် တောင်ကုတ်မြို့အနီး၌ အစ္စလာမ်ဘာသာဝင် ၁၀ ဦး သေဆုံးသည့် ဖြစ်စဉ်များ ဆက်တိုက်ဖြစ်ပွားခဲ့သည်။

# မုဒိမ်းမှုနှင့် ပစ္စည်းလုလူသတ်မှု ဦးဆောင်တရားခံ ထောင်တွင်းမိမိကိုယ်ကို အဆုံးစီရင်

**ဥက္ကာကိုကို**

**ရန်ကုန်၊**
**ဇွန် - ၁၁**

ရမ်းဗြဲမြို့နယ်၊ ကျောက်နီမော် ကျေးရွာမှ ရခိုင်အမျိုးသမီးငယ်အား မုဒိမ်းကျင့်၊ သတ်ဖြတ်၊ လုယက်ခဲ့သည့် ဘင်္ဂါလီလူမျိုး တရားခံ ထက်ထက်(ခ)ရော်ရှီး(ခ)ဖြိုးဇေယျာသော်သည် ဇွန် ၉ ရက် ညနေ ၆ နာရီ ၄၅ မိနစ်ခန့်တွင် ကျောက်ဖြူမြို့ အကျဉ်းထောင်အတွင်း ဝတ်ဆင်ထားသည့် ပုဆိုးကို အသုံးပြုကာ ကြိုးဆွဲချ၍ မိမိကိုယ်ကို သေကြောင်းကြံစည် သေဆုံးခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာများတွင်အတည်ပြုဖော်ပြထားသည်။

မေလ ၂၈ ရက်တွင် ရမ်းဗြဲမြို့နယ်၊ ကျောက်နီမော်ကျေးရွာအုပ်စု၊ သပြေချောင်းကျေးရွာနေ ရခိုင်အမျိုးသမီးငယ်အား လူမျိုးခြားဧည့်နိုင်ငံသားသုံးဦးက မုဒိမ်းကျင့် သတ်ဖြတ်လုယက်မှုတစ်ခု ဖြစ်ပွားခဲ့သည်။

သပြေချောင်ကျေးရွာနေ ဦးလှတင်၊ ဒေါ်မမြတို့၏ သမီး မသီတာထွေးသည် ၂၈-၅-၂၀၁၂ ညနေ ၅ နာရီ ၁၅ မိနစ်ဝန်းကျင်ခန့်တွင် ကျောက်နီမော်ကျေးရွာမှ သပြေချောင်ကျေးရွာသို့အပြန် ပျောက်ဆုံးနေသဖြင့် မိဘများက ညဂနာရီဝန်းကျင်ခန့်တွင်ကျောက်နီမော်ရဲစခန်းသို့ သွားရောက်တိုင်ကြားခဲ့ကြသည်။

အမျိုးသမီးငယ်၏အလောင်းကို တွေ့ရှိရာတွင် အဝတ်အစားများ စုတ်ပြဲနေပြီး မုဒိမ်းပြုကျင့်ခံထားရကာ လည်ပင်းနှင့် နားရွက်နှစ်ဖက်ကို လှီးဖြတ်ခံထားရသည့် အပြင် ညာဘက်ပခုံးတွင် ဓားဒဏ်ရာတစ်ချက်၊ ရင်အုံတစ်ဖက်တစ်ချက်တွင် ဓားဒဏ်ရာ တစ်ချက်စီ၊ ခါးနောက်တွင် ဓားဒဏ်ရာ တစ်ချက်နှင့် သေဆုံးနေခြင်းဖြစ်ကြောင်း သိရသည်။

သေဆုံးသူတွင် ဝတ်ဆင်ထားသော ရွှေဆွဲကြိုး၊ ရွှေဆွဲသီး၊ ရွှေနားကပ်တစ်ရံနှင့် ရွှေလက်စွပ်နှစ်ကွင်းမှာလည်း ပျောက်ဆုံးလျက်ရှိကြောင်း မိဘများက ပြောသည်။ အဆိုပါအမှုအတွက်ကျောက်နီမော်ရဲစခန်းတွင်(ပ)၂၃/၂၀၁၂၊ ပုဒ်မ-၃၀၂/၃၈၂ အရ အမှုဖွင့်ခဲ့ပြီး တရားခံသုံးဦးဖြစ်သော ဘင်္ဂါလီလူမျိုး အစ္စလာမ်ဘာသာဝင် ထက်ထက်(ခ)ရော်ရှီး၊ ရော်ဖီး၊ ခိုချီးတို့ကို ဖမ်းဆီးရရှိခဲ့သည်။

မေလ ၃၀ ရက် နံနက်တွင် ကျောက်ဖြူ အကျဉ်းထောင်သို့ ပို့ဆောင် ချုပ်နှောင်ထားခဲ့ရာမှ ယခုလ ၉ ရက် ညနေ ၆ နာရီ ၄၅ မိနစ်ခန့်တွင် တရားခံသုံးဦးအနက် တစ်ဦးဖြစ်သူ ထက်ထက်မှာ ၎င်းဝတ်ဆင်ထားသောပုဆိုးအား ဆုတ်ဖြဲပြီး ရှစ်ပေအမြင့်ရှိ လေဝင်ပြတင်းပေါက်သံတိုင်တွင် ချည်နှောင်၍ အိမ်သာအိုးပေါ်မှ ခုန်ချကာ သေကြောင်းကြံစည်ခဲ့ခြင်းဖြစ်သည်။

ဖြစ်စဉ်ကို အကျဉ်းထောင် တိုက်ခန်း တာဝန်ကျတပ်သားက တွေ့မြင်၍ အကြောင်းကြားရာမှ တာဝန်ရှိသူများ ချက်ချင်းရောက်ရှိလာပြီး ဝိုင်းဝန်းပြုစုသော်လည်း သတိပြန်လည်လာခြင်း မရှိဘဲ သေဆုံးခဲ့ကြောင်း၊ သေဆုံးမှုကို အကျဉ်းထောင် ဆရာဝန်က အတည်ပြုပေးခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

တရားခံတစ်ဦးဖြစ်သူ ထက်ထက်သေကြောင်းကြံစည်သေဆုံးမှုကိုကျောက်ဖြူရဲစခန်းတွင်သေမှုသေခင်းအမှတ်စဉ်(၁၆/၂၀၁၂) ဖြင့် အမှုဖွင့်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်အရေးယူ ဆောင်ရွက်လျက်ရှိသည်ဟု ဆိုသည်။

# ရခိုင်အနုပညာရှင်အချို့ ရခိုင်ပြည်သူများထံ ထောက်ပံ့ငွေလှူမည်

**အေးသူစံ**

**ရန်ကုန်၊ ဇွန်-၁၁**



ဓာတ်ပုံ-မောင်ကံ

**မောင်တောမြို့ ကယ်ဆယ်ရေးစခန်းတွင် လာရောက်ခိုလှုံနေသော ဒေသခံများကိုတွေ့ရစဉ်**

မာန်အောင်မြို့ ဇာတိ၊ ရခိုင်တိုင်းရင်းသားတစ်ဦးဖြစ်သူ ရုပ်ရှင်သရုပ်ဆောင် နေတိုးက ရခိုင်ပြည်နယ်ရှိ အကြမ်းဖက်ခံရမှုများကြောင့် အိုးအိမ်စွန့်ခွာထွက်ပြေးလာကြရသော ရခိုင်သားချင်းများထံ ငွေလှူဒါန်းမှုများ ပြုလုပ်မည်ဖြစ်ကြောင်း နေတိုး၏မိသားစုဝင်တစ်ဦးက 7Day News သို့ အတည်ပြုပြောကြားသည်။

"အခုလောလောဆယ် နယ်မြေက အရေးပေါ်အခြေအနေကြေညာထားတော့ ကျွန်တော်တို့ကိုယ်တိုင်တော့ မသွားနိုင်သေးဘူး။ ဒါပေမဲ့ ရန်ကုန်မှာရှိတဲ့ ရခိုင်အမျိုးသားတွေ စုပေါင်းပြီး မနက်ဖြန်(ဇွန် ၁၂) စစ်တွေကို သွားကြမယ်။ အဲဒီအဖွဲ့ကို ကျွန်တော်တို့မိသားစုက ထောက်ပံ့လှူဒါန်းငွေ ထည့်ဝင်လိုက်မှာပါ" ဟု သရုပ်ဆောင်နေတိုး၏ ညီဖြစ်သူ မင်းသွေးက ပြောသည်။ ယင်းအပြင် ရခိုင်တိုင်းရင်းသားတစ်ဦးဖြစ်ပြီး မေတ္တာသင်္ဂဟပရဟိတအဖွဲ့ကို ဦးဆောင်သူသရုပ်ဆောင်ခန့်စည်သူက "ဒီလလှူဖို့က အိတ်ချ်အိုင်ဗွီဝေဒနာသည်တွေအတွက် စီစဉ်ထားတာ။ ဒါပေမဲ့ အရေးပေါ်ရင် ပေးတဲ့နေရာကို လှူရမှာပေ့ါ။ ရန်ကုန်ပြန်ရောက်ရင် အဖွဲ့နဲ့တိုင်ပင်ပြီး လှူဒါန်းပါမယ်" ဟု နယ်ရိုက်ကူးရေး ခရီးစဉ်တစ်ခု၌ ဖြေကြားခဲ့သည်။

စစ်တွေဇာတိရော့ခ်ဂီတအဆိုတော်ဖော်ကာကလည်း "ကိုယ်ထမင်းစားဖို့လောက်ပဲ ချန်ပြီး ကျန်တာအကုန်လှူဖြစ်မယ်။ စစ်တွေမှာ ကျွန်တော့်မိဘနှစ်ပါး၊ အစ်ကိုလင်မယားနဲ့ အစ်မလင်မယားမိသားစုတွေ ရှိတယ်။ ဘော်ဒါတွေလည်း ရှိတယ်။ အခုဖြစ်နေတဲ့ အခြေအနေတွေကို စိတ်လည်း မကောင်းဘူး။ စိတ်လည်းပူမိတယ်" ဟု ဖြေကြားသွားခဲ့သည်။

## ရခိုင်ပြည်နယ်အခြေအနေများအပေါ် ကန်အစိုးသတင်းထုတ်ပြန်

**ရန်ကုန်၊ ဇွန်-၁၀**

မြန်မာနိုင်ငံ ရခိုင်ပြည်နယ်တွင်ဖြစ်ပေါ်နေသောအကြမ်းဖက်မှုများကိုလေးလေးနက်နက်စိုးရိမ်မိကြောင်း၊အခြေအနေကိုဆက်လက်စောင့်ကြည့်နေကြောင်းနှင့် ယင်းအကြမ်းဖက်တိုက်ခိုက်မှုများကို ချက်ချင်းလက်ငင်းရပ်ဆိုင်းကြပါရန်တိုက်တွန်းကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်လိုက်သည်။

မြန်မာနိုင်ငံအစိုးရကိုလည်း တရားဥပဒေနှင့်အညီစုံစမ်းစစ်ဆေးမှုများ ထိထိရောက်ရောက်နှင့် ထင်သာမြင်သာပြုလုပ်ရန်အမေရိကန်က တိုက်တွန်းကြောင်း ယင်းထုတ်ပြန်ချက်တွင်ဖော်ပြပါရှိသည်။

## ရန်ကုန် – စစ်တွေ ယာဉ်လိုင်းများ ရပ်နား

**ရန်ကုန် - ဇွန်၁၁**

ရန်ကုန်မြို့မှစစ်တွေမြို့သို့ထွက်ခွာမည့် အဝေးပြေးယာဉ်လိုင်းအားလုံးကို ဇွန်လ ၁၁ရက်က စတင်ရပ်နားလိုက်ကြောင်း အောင်မင်္ဂလာအဝေးပြေးအခြေစိုက် စစ်တွေအဝေးပြေးဂိတ်များထံမှ စုံစမ်းသိရသည်။

"နယ်မြေအေးချမ်းမှုအပေါ် မူတည်ပြီး ပြန်ထွက်မယ်"ဟု ရန်ကုန်-စစ်တွေ တိုးရတနာဂိတ်မှတာဝန်ရှိသူတစ်ဦးကပြောသည်။

## မောင်တောတည်ငြိမ်ရေးနှင့်ကယ်ဆယ်၊ ထူထောင်ရေးအဖွဲ့ဖွဲ့စည်း

**ရန်ကုန်၊ ဇွန်- ၉**

ရခိုင်ပြည်နယ် မောင်တောမြို့တွင် တည်ငြိမ်အေးချမ်းရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာကြီးကြပ်ရေးအဖွဲ့တစ်ဖွဲ့ကို ဇွန် ၉ရက် နေ့စွဲဖြင့် ဖွဲ့စည်းလိုက်ပြီဖြစ်ကြောင်း နိုင်ငံတော်သမ္မတရုံးက ထုတ်ပြန်လိုက်သည်။

ပိုမိုကောင်းမွန်သော တည်ငြိမ်အေးချမ်းမှုရရှိရန်နှင့် အသက်အိုးအိမ်ပျက်စီးဆုံးရှုံးကာ ဆင်းရဲဒုက္ခရောက်လျက်ရှိသည့် တိုင်းရင်းသားများအား အနီးကပ်ကူညီစောင့်ရှောက်နိုင်ရန်အတွက် ရည်ရွယ်၍ ဖွဲ့စည်းလိုက်သော အဆိုပါအဖွဲ့တွင်ဥက္ကဋ္ဌအဖြစ် နယ်စပ်ဒေသလူဝင်မှုစစ်ဆေးရေးကွပ်ကဲမှုဌာနချုပ်မှ



ဇွန်၁၀ရက်နေ့က ရခိုင်ပြည်နယ် မောင်တောမြို့လယ်တွင် တွေ့ရသည့် ရခိုင်တိုင်းရင်းသားများ

# အရေးပေါ်အခြေအနေထုတ်ပြန်ခြင်းကို သဘောတူကြိုဆို

**အိဖြူလွင်၊အိဖြူမွန်၊သန်းဌေး**
**ရန်ကုန်၊ဇွန်-၁၁**

ရခိုင်ပြည်နယ်တွင် ဖြစ်ပွားလျက်ရှိသော အကြမ်းဖက်မှုများကြောင့် ပြည်နယ်တစ်ခုလုံး၌ သမ္မတအမိန့်ဖြင့် အရေးပေါ်အခြေအနေကို ဇွန်လ ၁၁ ရက်က ထုတ်ပြန်ကြေညာခဲ့ပြီး ထိုသို့အရေးပေါ် အခြေအနေကြေညာခဲ့သည့်အပေါ် နိုင်ငံရေးအသိုင်းအဝိုင်းနှင့် နိုင်ငံရေးလေ့လာစောင့်ကြည့်သူများက ထောက်ခံကြိုဆိုလိုက်ပြီး ထိုအခြေအနေများသည် နိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးမှု နောက်ပြန်လှည့်နိုင်စေမည်မထင်ကြောင်း အများစုက သုံးသပ်ပြောကြားသည်။

မေလ ၂၈ ရက်က ရမ်းဗြဲမြို့နယ် ကျောက်နီမော်မှ မသီတာ ထွေးရက်စက်စွာ အသတ်ခံရပြီး နောက်ဆက်တွဲအဖြစ် တောင်ကုတ်မြို့တွင် အစ္စလာမ်ဘာသာဝင် ၁၀ဦးကို ရခိုင်တိုင်းရင်းသားများက အကြမ်းဖက်အုပ်စုဖွဲ့ကာ ရက်စက်စွာသတ်ဖြတ်ခဲ့ကြသည်။ ယင်းနောက် ရခိုင်ပြည်နယ်အတွင်းမှ ဆူပူအကြမ်းဖက်မှုများမှာ ပိုမိုဆိုးရွားလာသည့်အတွက်ဇွန်လ ၁၀ ရက်ည ပြည်တွင်းသတင်းတွင် နိုင်ငံတော် သမ္မတဦးသိန်းစိန်က ပြည်သူလူထုသို့မိန့်ခွန်းပြောကြားခဲ့ပြီး သမ္မတ၏အမိန့်ဖြင့်အရေးပေါ်အခြေ အနေတစ်ရပ်ကို ထုတ်ပြန်ကြေညာခဲ့သည်။

ရခိုင်ပြည်နယ်တွင် ရက်သတ္တပတ်နီးပါးကြာမြင့်လာသော အကြမ်းဖက်မီးရှို့မှုများ၊ ဆူပူမှုများကြောင့် ပြည်နယ်အနှံ့တွင် မငြိမ်သက်မှုများ ဖြစ်ပွားခဲ့ပြီး မြို့နယ် ၆ မြို့နယ်တွင် ညမထွက်ရ အမိန့်များ ဆက်တိုက်ထုတ်ပြန်ခဲ့ရကာ ဇွန် ၁၀ ရက်တွင်မူ ရခိုင်ပြည်နယ်တစ်ခုလုံးတွင် အရေးပေါ်အခြေအနေထုတ်ပြန်ခဲ့ရခြင်းဖြစ်သည်။

ရခိုင်ပြည်နယ်တွင် အရေးပေါ်အခြေအနေထုတ်ပြန်ခဲ့ခြင်းနှင့်ပတ်သက်၍ ရခိုင်အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမောင်က "အခုဖြစ်ပျက်နေတာက ပဋိပက္ခသဘောအသွင်ဆောင်တာမို့ ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်ဖြိုဖျက်မှုတွေ ကာကွယ်အောင် အခိုက်အတန့် တာဝန်ယူတာဖြစ်တဲ့အတွက် သဘောတူလက်ခံပါတယ်"ဟု 7 Day News ၏ ဆက်သွယ်မေးမြန်းချက်ကို ဖြေကြားခဲ့သည်။

ရခိုင်ပြည်နယ်တွင် နေ့စဉ်ရက်ဆက်ဆိုသလို ဘင်္ဂါလီလူမျိုးများက နေအိမ်များကို မီးရှို့ဖျက်ဆီးခြင်း၊ ဆူပူခြင်းနှင့် နောက်ဆုံးရရှိသော သတင်းများအရ လက်နက်များဖြင့် ပစ်ခတ်မှုများရှိနေကြောင်းနှင့် ရခိုင်ပြည်နယ်၏အခြေအနေမှာ စိုးရိမ်ဖွယ်အခြေအနေသို့ ရောက်ရှိလာခဲ့သည်။

"ကြေညာချက်ကလည်း ဖွဲ့စည်းပုံအခြေခံဥပဒေမှာပါတဲ့အတိုင်းကြေငြာထားတာ။ ဥပဒေအရသက်ဆိုင်ရာပြည်နယ်၊တိုင်းဒေသကြီးအစိုးရက ရပ်ရွာအတွင်းမှာ မူလအခြေအနေပြန်ရောက်အောင် တပ်မတော်ဆီက အကူအညီတောင်းတာပေါ့။ ဒါကြောင့်လက်ရှိအနေအထားက နောက်ပြန်လှည့်မှာကို သိပ်ပြီးတော့ စိုးရိမ်စရာမရှိပါဘူး"ဟု ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဒေါ်နန်းဝါနုက ပြောကြားခဲ့သည်။

ရခိုင်ပြည်နယ်အတွင်းဖြစ်ပျက်နေသော အကြမ်းဖက်မှုများတွင် တပ်မတော်၏အခန်းကဏ္ဍနှင့်ပတ်သက်၍ နိုင်ငံရေးလေ့လာစောင့်ကြည့်သူ စာရေးဆရာဦးကြည်မင်းက "သမ္မတအနေနဲ့ ဘူးသီးတောင်၊ မောင်တောမှာ ၁၄၄ (ပုဒ်မ)နဲ့ ကိုင်ရမယ့်အပြင် ဒီကိစ္စကို အကြောင်းပြုပြီး စစ်တပ်က အာဏာသိမ်းဖို့မကြိုးစားပါဘူးဆိုတဲ့ ကတိကို တပ်ချုပ်(တပ်မတော်ကာကွယ်ရေးဦးစီးချုပ်)ဆီကတောင်းသင့်တယ်ထင်ပါတယ်"ဟု သူ၏မှတ်ချက်ကိုဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် ရေးသားထားသည်များ တွေ့ရသည့်အတွက် ဆက်သွယ်မေးမြန်းခဲ့ရာ ဦးကြည်မင်းက "လူအများစုအထင်မှားနေတဲ့ကိစ္စက ဒါပယောဂမကင်းဘူးပေါ့လေ။ အဲလိုပယောဂမကင်းတဲ့အတွက် ဒီအထိများဖြစ်လာမလားလို့ လူအတော်များများက စိုးရိမ်နေတယ်။ အဲဒီစိုးရိမ်တာကိုလည်း နောက်ကြောင်းပြန်မလှည့်ဘူးဆိုတဲ့ အနေအထားတစ်ခုကိုပေးဖို့လိုတယ်။ လိုလိမ့်မယ်ဆိုတာ ဒါလုပ်ချင်မှာလုပ်ပေါ့နော်။ ဒါပေမဲ့လည်း လူထုရဲ့ သံသယကို ချေဖျက်ပေးဖို့ လိုလိမ့်မယ်။ အဲဒီတော့မှ အားလုံးဝမ်းသာကြမှာ"ဟု မှတ်ချက်ပြုဖြေကြားခဲ့သည်။

ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်မှုများ ဆူပူထကြွမှုများ အခြေအနေမှာ စိုးရိမ်စရာအမြင့်ဆုံး အခြေအနေကို ရောက်ရှိလာသည့်အတွက်တစ်နှစ်အတွင်းအားသွန်ခွန်စိုက်လုပ်ကိုင်ခဲ့ရသော ပြုပြင်ပြောင်းလဲမှုများ နောက်ပြန်လှည့်မည်ကို စိုးရိမ်ပူပန်နေမှုများလည်းရှိခဲ့သည်။

ယခုဖြစ်ပေါ်နေသော အခြေအနေများကို အစိုးရအနေနှင့် ပြတ်သားစွာကိုင်တွယ်သင့်ပြီး နိုင်ငံတွင်း တရားဥပဒေစိုးမိုးရန်နှင့် အချုပ်အခြာအာဏာတည်မြဲရေးအတွက် အမြန်ဆုံးဆောင်ရွက်သင့်ကြောင်း နိုင်ငံရေးလေ့လာစောင့်ကြည့်သူများက ပြောကြားသည်။

ဒီမိုကရေစီအရေးကျွမ်းကျင်သူ ဦးမင်းဇော်ဦးက သူ၏ ထင်မြင်ချက်ကိုဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် ယခုကဲ့သို့ ရေးသားထားသည်။

"မြန်မာပြည်ရဲ့ လက်တွေ့ပကတိက ဘယ်လိုအပြောင်းအလဲဖြစ်ဖြစ် ပြဿနာသောင်းခြောက်ထောင်ကို ရင်ဆိုင်ရမှာပါ။ တချို့ပြဿနာတွေနဲ့ ပတ်သက်လာရင်တော့ နိုင်ငံတကာမှာ လူကြိုက်များတဲ့လေသံမျိုးပစ်လို့ရပေမယ့် အမျိုးသားလုံခြုံရေး အမျိုးသားအကျိုးစီးပွားနဲ့ဆိုင်တဲ့ ကိစ္စတွေမှာ လူကြားမကောင်းပေမယ့် ပြတ်သားတဲ့ ဆုံးဖြတ်ချက်တွေ ချနိုင်တဲ့ ခေါင်းဆောင်တွေ လိုပါလိမ့်မယ်"

ဦးအောင်ကြီးက တာဝန်ယူပြီး အဖွဲ့ဝင်များအဖြစ် မောင်တောခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမျိုးဝင်း၊ ခရိုင်ဥပဒေအရာရှိဦးမြင့်သန်း၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးမှူး ဦးဝင်းစိန်၊ ခရိုင်ဆရာဝန်ကြီး ဒေါက်တာကျော်မောင်မောင်သိန်း၊ မောင်တောမြို့နယ်စည်ပင်သာယာရေးအုပ်ချုပ်ရေးမှူး ဦးအောင် သက်ရှည်တို့ ပါဝင်ပြီး အတွင်းရေးမှူးအဖြစ် မောင်တောခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်စိုးက တာဝန်ယူမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကြီးကြပ်ရေးအဖွဲ့၏ တာဝန်များမှာ အေးချမ်းမှုကို ပိုမိုတိုးတက်အောင်ဆောင်ရွက်ရန်၊အခင်းပွားမှုကြောင့် ဆင်းရဲဒုက္ခရောက်နေသည့်တိုင်းရင်းသားများအား ယာယီနေရာချထားပေးရန်၊ လုံခြုံရေး၊ ကျန်းမာရေး၊ စားဝတ်နေရေးနှင့်ရေရှည်ကာလတွင် ဘေးကင်းလုံခြုံရာ၌ နေရာချထားပေးနိုင်မည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား စနစ်တကျကူညီစောင့်ရှောက်ရန်ဖြစ်ကြောင်း သမ္မတရုံး၏ အင်တာနက်ဝက်ဘ်ဆိုက် စာမျက်နှာတွင် ဖော်ပြထားသည်။

အဆိုပါအဖွဲ့ကို နိုင်ငံတော်သမ္မတ၏ ညွှန်ကြားချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက အကြောင်းကြားဖွဲ့စည်းလိုက်ခြင်းဖြစ်သည်ဟုသိရသည်။

## ရခိုင်သတင်းများနှင့်ပတ်သက်၍ တိုင်းဒေသကြီးအစိုးရက ပြည်တွင်းမီဒီယာများကို ခေါ်ယူသတိပေး

**သီဟ**
**ရန်ကုန်၊ဇွန် -၁၀**

လက်ရှိတွင်ဖြစ်ပေါ်လျက်ရှိသည့် ရခိုင်ပြည်နယ်၏ အရေးကိစ္စများနှင့်ပတ်သက်၍ ပုဂ္ဂလိကသတင်းမီဒီယာများ၏ဖော်ပြမှုကြောင့် တိုင်းပြည်၏မငြိမ်မသက်ဖြစ်နေမှုများအားပိုမိုတိုးပွားနေသည်ကိုတွေ့နေရသည်ဟုရန်ကုန်တိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေကပြည်တွင်းရှိရန်ကုန်အခြေစိုက်သတင်းမီဒီယာများအား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတွင် ယနေ့ည ၇ နာရီက ခေါ်ယူသတိပေးပြောကြားခဲ့သည်။

"သတင်းမီဒီယာတွေရဲ့ ရေးသားချက်တွေ အများကြီးရှိပါတယ်။နိုင်ငံတော်မှာဖြစ်နေတဲ့အဖြစ်အပျက်တွေကိုတိတိကျကျ မှန်မှန်ကန်ကန်နဲ့ သတင်းတွေလည်း ထုတ်ပြန်နေပါတယ်။ သို့သော်လည်း သတင်းမီဒီယာတွေအနေနဲ့ သတင်းဦး သတင်းထူးဆိုတဲ့အနေနဲ့သော်လည်းကောင်း၊ မိမိအကျိုးတစ်ခုတည်းကိုပဲ ရှေးရှု ပြီးထုတ်ပြန်နေတဲ့အတွက် ဒါတိုင်းပြည်မှာ မတည်မငြိမ်ဖြစ်နေတာကို ပိုပြီးတော့မှ တိုးပွားနေတာကို တွေ့ရမှာဖြစ်ပါတယ်"ဟု ဦးမြင့်ဆွေကပြောသည်။

ယခုအခြေအနေသည်တိုင်းပြည်အတွက်အရေးကြီးသည့် အခြေအနေဖြစ်ကြောင်း၊ သို့သော် အချို့ရေးသားချက်များသည် ကိုယ့်ဂျာနယ်ရောင်းရပြီးရော တိုင်းပြည်နှင့်လူမျိုးဘာဖြစ်ဖြစ်ဟူသည့်သဘောမျိုးနှင့်ရေးသားနေကြသည်များ အများကြီးရှိကြောင်း ဦးမြင့်ဆွေကပြောကြား သည်။

ဦးမြင့်ဆွေက ရေးသားကြသည့်ဂျာနယ်များ အများကြီးတွေ့ရသည် ဆိုသော်လည်း ဥပမာပေးပြသသည့် ဂျာနယ်မှာ တစ်စောင်တည်းသာဖြစ်ပြီး အဆိုပါဂျာနယ်မှ တာဝန်ရှိသူများလည်း အဆိုပါသတိပေးပွဲသို့တက်ရောက်ခြင်းမရှိသည်ကိုတွေ့ရသည်။

သတိပေးပြောကြားရာတွင် လက်ရှိတွင် အချို့တည်ဆဲဥပဒေများသည် ဖျက်သိမ်းခြင်းမရှိသေးကြောင်းနှင့် အချို့ရေးသားချက်များသည် ယင်းတည်ဆဲဥပဒေများနှင့် ငြိစွန်းမှုရှိနေသဖြင့် အရေးယူနိုင်သည်ဟုပြောကြားသွားသည်။

"မီဒီယာတွေက ထုတ်လိုက်ရင် လူတန်းစားအသီးသီးဆီရောက်သွားပြီးဖတ်ကြတဲ့အခါမှာ တိုင်းပြည်အတွက်အများကြီးအကျိုးသက်ရောက်သွားတာရှိသလို ထိခိုက်သွားတာရှိတယ်၊ နိုင်ငံနဲ့ လူမျိုးအတွက် ထိခိုက်သွားတာတွေ အများကြီးရှိနိုင်တယ်၊ဒါကြောင့်မို့လို့ အရေးကြီးတဲ့အပိုင်းမှာ ဒီမီဒီယာ တွေကို ကျွန်တော်တို့ခေါ်ယူပြောဆိုခြင်းဖြစ်ပါတယ်၊အဲဒီတော့ ဒါလေးတွေပြောပြီးပြီဆိုတဲ့ အခါမှာလည်း ဒါတွေနဲ့ ပတ်သက်ပြီးတော့ တစ်ဖက်ကပြန်ကြားရေးဝန်ကြီးဌာနက သူ့စာပေဆိုင်ရာ မူဝါဒတွေကိုချိုးဖောက်လို့အရေးယူရမယ့်အပိုင်းရှိသလို ကျွန်တော်တို့ အုပ်ချုပ်မှုပိုင်းဆိုင်ရာ ပြစ်မှုပိုင်းဆိုင်ရာတွေနဲ့ပတ်သက်ရင်လည်း နိုင်ငံတော်အကျိုးအတွက် အရေးယူသင့်တာ ယူရမှာဖြစ်ပါတယ်" ဟု တိုင်းဒေသကြီးဝန်ကြီးချုပ်ကသတိပေးပြောကြားသည်။ လက်ရှိဖြစ်ပေါ်နေသည့် ရခိုင်ပြည်နယ်ကိစ္စရပ်များတွင် ပြည်တွင်းရှိသတင်းဂျာနယ်များမှ လက်လှမ်းမီသရွေ့ သတင်းများ တင်ပြလျက်ရှိပြီး ပြည်ပမီဒီယာအချို့ကလည်း မြန်မာစစ်တပ်မှ မွတ်ဆလင်များအား သတ်ဖြတ်နေသယောင်ရေးသားလျက်ရှိကြသည်။

သို့သော် ယခုခေါ်ယူသတိပေးရာတွင် ပြည်ပမီဒီယာများ၏ ရေးသားချက်များ၊နိုင်ငံပိုင်သတင်းစာ၏ အသုံးအနှုန်းမှားယွင်းမှုစသည်များအား ပြောကြားသွားခြင်းမရှိဘဲ လက်ရှိရေးသား တင်ပြလျက်ရှိသည့် သတင်းမီဒီယာများကိုသာ အရေးယူနိုင်သည့်ပုဒ်မများနှင့် ထောင်ဒဏ်များကို ပြောကြားသွားသည်။

ယင်းခေါ်ယူသတိပေးပွဲသို့ သတင်းမီဒီယာအများစုသည် ရခိုင်အရေးနှင့်ပတ်သက်၍ တစ်စုံတစ်ခုရှင်းလင်းမည့် သတင်းစာရှင်းလင်းပွဲအဖြစ်သာ သိထားခဲ့ကြောင်း၊ယခုကဲ့သို့ခြိမ်းခြောက်မှု ဆန်ဆန်ခေါ်ယူသတိပေးမည်ဟု ထင်မထားကြောင်း သိရသည်။ ခေါ်ယူသတိပေးပွဲသို့ လက်ရှိစာပေစိစစ်ရေးဆိုင်ရာများအားကြီးကြပ်လုပ်ဆောင်နေရသေးသည့်ပြန်ကြားရေးဝန်ကြီးဌာနပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေနှင့် စာပေစိစစ်နှင့်မှတ်ပုံတင်ဌာနမှလက်ရှိညွှန်ကြားရေးမှူး ဦးမျိုးမြင့်မောင်တို့လည်း တက်ရောက်ခဲ့ကြသည်။

7 DAY NEWS JOURNAL
Vol.11, No.14 • JUNE 14 , 2012

## နေအိမ်မီးရှို့မှုများကြောင့် မောင်တောတွင် မီးဘေးစိုးရိမ်နေရဆဲဖြစ်

**အိဖြူမွန်**

**ရန်ကုန်၊ ဇွန်-၁၂**

အရေးပေါ်ကြေညာချက်ထုတ်ပြန်ပြီးနောက် အပြန်အလှန် မီးရှို့မှုများမရှိသော်လည်း နေရပ်စွန့်ခွာရိုဟင်ဂျာဘင်္ဂါလီလူမျိုးများက ကိုယ့်အိမ်ကိုယ် မီးရှို့မှုများဖြစ်ပေါ်သောကြောင့် မီးဘေးအန္တရာယ်စိုးရိမ်နေရကြောင်း မောင်တောအုပ်ချုပ်ရေးမှူးကပြောသည်။

"နီးစပ်ရာ ဘင်္ဂါလီကျေးရွာတွေကို ထွက်ပြေးတိမ်းရှောင်သွားတဲ့ ဘင်္ဂါလီတွေက ကိုယ့်အိမ်ကိုယ် မီးရှို့ပြီး ထွက်ပြေးကြတယ်။ အဲဒီနားမှာရှိတဲ့ ရခိုင်အိမ်တွေ ကူးကုန်တာပေါ့"ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။



ရိုဟင်ဂျာအင်္ဂါလီများ မီးတင်ရှို့သည်ဟု ယူဆရသော နေအိမ်များကို ဇွန်လ ၁၂ ရက်က တွေ့ရစဉ်
ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

မောင်တောမြို့ပေါ်တွင် အရေးပေါ်ကြေညာချက်ထုတ်ပြန်ပြီးနောက် မီးလောင်ကျွမ်းမှုမှာ နေအိမ်ငါးလုံးခန့်ရှိပြီးဖြစ်ကြောင်း၊ ဘင်္ဂါလီလူမျိုးများ နေထိုင်သောရွာများနှင့် ရခိုင်တိုင်းရင်းသားမြန်မာလူမျိုးများ နေထိုင်သောကျေးရွာ ၂၀ တွင် မီးလောင်မှုမှာ အိမ်ခြေပေါင်း ၅၀၀ ကျော်ရှိပြီဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

မောင်တောမြို့ပေါ်တွင်ဘင်္ဂါလီလူမျိုးများ၏ အကြမ်းဖက်မှုကြောင့် နေရပ်ထွက်ပြေးတိမ်းရှောင်သည့် ရခိုင်တိုင်းရင်းသား ၃,၁၀၀ကျော်ရှိပြီးအယောက်၁၀၀ကျော်မှာ အဆက်သွယ်မရဘဲ ပျောက်ဆုံးနေကြောင်း သိရသည်။

နောက်ဆုံးရရှိသော သတင်းများအရ ရခိုင်တိုင်းရင်းသား ၁၂ ယောက်သေဆုံးပြီး၊ ဘင်္ဂါလီလူမျိုး ၃ ဦးသေဆုံးကြောင်း၊ ဒဏ်ရာရသူ ၁၀၀ ကျော်ရှိပြီး ရခိုင်အမျိုးသား ၈ ယောက်မှာ မောင်တောဆေးရုံတွင် တက်ရောက်ကုသနေကြောင်းသိရသည်။

## ရခိုင်ကူညီရေး အဖွဲ့အစည်းအသင်းများ ဆောင်ရွက်

**မြတ်စုမွန်**

**ရန်ကုန်၊ ဇွန်-၁၂**

ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်နေသော မတည်ငြိမ်မှုများနှင့် အကြမ်းဖက်မှုများကြောင့် နေအိမ်များ၊ ပစ္စည်းဥစ္စာများ ဆုံးရှုံးခဲ့ရပြီး စားဝတ်နေရေး အခက်အခဲများရင်ဆိုင်နေရသူများအတွက် ကယ်ဆယ်ရေးပစ္စည်းများ ပို့ဆောင်နိုင်ရန် အဖွဲ့အစည်းအသီးသီးက စီစဉ်ဆောင်ရွက်လျက်ရှိသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီနှင့် လေးဝတီငြိမ်းချမ်းရေးအဖွဲ့တို့တွင် လှူဒါန်းနိုင်ကြကြောင်း ယင်းအဖွဲ့အစည်းများက ထုတ်ပြန်ကြေညာထားသည်။

ရခိုင်ပြည်နယ်တွင် ဒုက္ခသည်စခန်း ၆ ခုဖွင့်လှစ်ထားပြီး လှူဒါန်းလိုပါက ညွှန်ကြားရေးမှူးချုပ်၊ မီးသတ်ဦးစီးဌာန၊ ဖုန်း-၀၁ ၆၅၀ ၃၅၁၊ ဦးဝင်းထွန်းဦး၊ ညွှန် ကြားရေးမှူး(စီမံ) ဖုန်း-၀၆၇ ၄၀၄၃၁၆၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့များထံသို့ ပေးပို့လှူဒါန်းနိုင်ကြောင်းလည်း နှိုးဆော်ထားသည်။



ဇွန်လ ၁၂ ရက် နေ့လယ်က စစ်တွေမြို့လမ်းမပေါ်မြင်ကွင်း ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ထို့ပြင် ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီမှတစ်ဆင့် ပေးပို့လှူဒါန်းလိုပါက အမှတ်-၃၄၊ ၄ လွှာ(ဝဲ)၊ မလွှကုန်းလမ်း၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ တာမွေမြို့နယ်၊ ဖုန်း-၀၉ ၇၃၀ ၄၄၅၂၇၊ ၀၉ ၅၁၀၅ ၈၀၄၊ ၀၉ ၅၀၄၀၄၀၇၊ ၀၉ ၇၃၀ ၆၄ ၁၈၀၊ ၀၉ ၄၃၀ ၄၃ ၁၃၅ နှင့် ၀၉ ၅၀၉၃၄၄၀ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

လေးဝတီငြိမ်းချမ်းရေးအဖွဲ့မှတစ်ဆင့်လှူဒါန်းလိုပါက(ယာယီ) ရခိုင်ဓမ္မာရုံ၊ ရွှေတိဂုံအရှေ့ဘက်မုခ်သို့လည်းကောင်း၊ သီရိမြိုင် ၄ လမ်း၊ ၁၃ ရပ်ကွက်၊ လှိုင်မြို့နယ် ဖုန်း- ၀၉ ၄၃၀ ၈၂၇၅၂ သို့လည်းကောင်း အသီးသီးဆက်သွယ်လှူဒါန်းနိုင်သည်။

## နိုင်ငံတကာသတင်းဌာနများ၏ ဖော်ပြချက်များအပေါ် ဝေဖန်မှုများရှိ

**ယုဇနကိုကို**

**ရန်ကုန်၊ ဇွန်-၁၂**

ရက်သတ္တပတ်နှစ်ပတ်နီးပါးရှိလာပြီဖြစ်သည့် ရခိုင်ပြည်နယ်အတွင်း ဘင်္ဂါလီရိုဟင်ဂျာများနှင့် ရခိုင်လူမျိုးများကြား အရေးပေါ်အခြေအနေတစ်ရပ်ကို ရေးသားသုံးသပ်နေကြသည့် နိုင်ငံတကာမီဒီယာအချို့ကို ပြည်တွင်းပြည်ပနေ မြန်မာနိုင်ငံသားများ၏ ကန့်ကွက်မှုများ ယခုရက်ပိုင်းအတွင်း ဆက်တိုက်ဖြစ်ပေါ်လာသည်။

နိုင်ငံတကာမီဒီယာများ၏ ရေးသားမှုများသည် ရခိုင်ပြည်နယ်အတွင်းလက်ရှိဖြစ်ပေါ်နေသည့်အခြေအနေများနှင့်ကွာဟချက်များရှိနေသဖြင့် ယခုကဲ့သို့ဝေဖန်ကန့်ကွက်မှုများ ဆက်တိုက်ထွက်ပေါ်လာခြင်းဖြစ်ကြောင်း အွန်လိုင်းမှ တစ်ဆင့်လေ့လာစောင့်ကြည့်သူများက သုံးသပ်သည်။

နိုင်ငံတကာမှ ရေးသားကြရာတွင် ဖြစ်ပေါ်နေသော ရာဇဝတ်မှု အကြမ်းဖက်မှုဖြစ်ရပ်များထက် လူမျိုးရေး၊ ဘာသာရေးကို ဇောင်းပေးရေးသားထားခြင်းများက ပိုမိုနေကြောင်း အဆိုပါ ပြည်ပမီဒီယာများ၏ ရေးသားထားသောသတင်းများကို ဖတ်ရှုရသူများက သုံးသပ်ကြသည်။

ပြည်တွင်းပြည်ပ အွန်လိုင်းအသုံးပြုသူမြန်မာနိုင်ငံသားများအကြားတွင် ပြည်ပအသံလွှင့်ဌာနများဖြစ်သော ဘီဘီစီ၊ အာအက်ဖ်အေနှင့် ဒီဗွီဘီအစရှိသည့်သတင်းဌာနများသည် ဝေဖန်မှုအများဆုံးခံနေရသည်ဟုလည်း အွန်လိုင်းအသုံးပြုသူများထံမှသိရသည်။

"အလံတစ်ခုရဲ့အရိပ်၊ အဖွဲ့အစည်းတစ်ခုရဲ့ အရိပ်အောက်မှာ ရှိနေတဲ့ သတင်းမီဒီယာလုပ်ငန်းဆိုတာ မူမမှန်တဲ့သဘောရှိတယ်ဆိုတာ ကြားဖူးပါတယ်။ ပြဿနာရဲ့အရင်းခံ ရိုဟင်ဂျာကိစ္စကို မြန်မာနိုင်ငံမှာရှိတဲ့ အခြားသော အစ္စလာမ်ဘာသာဝင်တွေရဲ့ကိစ္စအဖြစ် ပုံပြောင်းပြီး ဘာသာရေးအဓိကရုဏ်းဖြစ်အောင် သွယ်ဝိုက်တွန်းအားပေးနေတယ်လို့တောင် မြင်မိတယ်"ဟု အွန်လိုင်းမန်နေဂျာတစ်ဦးဖြစ်သူ ဦးကျော်ခိုင်ဦးက သုံးသပ်ပြောကြားသည်။

"အရင်က နိုင်ငံတကာသတင်းဖော်ပြချက်တွေမှာ ရိုဟင်ဂျာတွေကို တိုင်းရင်းသားလူမျိုးစု၊ လူနည်းစုတွေဆိုပြီး ရေးခဲ့တာတွေရှိခဲ့တယ်။ အဲဒီအမှားကို ဆက်ပြီးဖော်ပြနေမယ်ဆို မကောင်းတော့ဘူး။ အဓိကက အစိုးရပေါ်လစီ၊ လဝကပေါ်လစီနဲ့ တိုင်းရင်းသားတွေရဲ့ပေါ်လစီတွေပေါ် မူတည်နေတယ်"ဟု ပြည်တွင်းသတင်းစာဆရာတစ်ဦးဖြစ်သူ ဦးသီဟစောက ပြောသည်။

အထက်ပါကိစ္စရပ်နှင့်ပတ်သက်ပြီး နိုင်ငံတကာသတင်းများကို အမြဲမပြတ် စောင့်ကြည့်လေ့လာနေသူ ထိုင်းနိုင်ငံရောက် မြန်မာကျောင်းသားတစ်ဦးက "အခု လက်ရှိအနေအထားက ဇာတ်နာအောင်လုပ်နေတဲ့သဘောရှိတယ်။ ပြဿနာက လုံးဝကို ရှင်းရှင်းမရှိတဲ့သဘောဖြစ်နေတယ်။ ဘယ်သူက ဘယ်သူလဲ။ ဘယ်သူက ဘာတွေလုပ်နေတာလဲ။ ဝါဒဖြန့်နေတာတွေ အများကြီးဖြစ်နေတယ်။ ပုံကြီးချဲ့နေတာတွေ နေရာယူချင်နေတာတွေလည်းရှိနေတယ်"ဟု သုံးသပ်ပြောကြားသည်။

ပြည်ပမီဒီယာများနှင့်ပြည်တွင်း၏ လက်ရှိအခြေအနေများအကြားဖြစ်ပေါ်နေသည့် ဖော်ပြချက်ကွာဟမှုများအကြားတွင် အစိုးရ၏ သတင်းစာကဏ္ဍသည် လူသုံးများသည့် ဖေ့စ်ဘွတ်ခ်ကဲ့သို့ ဆိုရှယ်ဆိုက်များပေါ်တွင် အချိန်နှင့်တစ်ပြေးညီ မှန်ကန်သည့်ဖော်ပြချက်များကို ဖော်ပြပေးသင့်သည်ဟုလည်း အွန်လိုင်းအသုံးပြုသူအချို့က အကြံပြုကြသည်။

## ကချင်စစ်ပွဲတစ်နှစ်ပြည့်အထိမ်းအမှတ် မြို့ကြီးအချို့တွင် ဆုတောင်းပွဲများပြုလုပ်

**ရန်ကုန်၊ ဇွန်-၁၁**

ကချင်ပြည်နယ်တွင် မြန်မာ့တပ်မတော်နှင့်ကချင်လွတ်မြောက်ရေးတပ်မတော်တို့အကြား တိုက်ပွဲများဖြစ်ပွားလာခဲ့သည်မှာ ဇွန်လ ၉ ရက်တွင် တစ်နှစ်ပြည့်မြောက်ခဲ့ပြီး တစ်နှစ်ပြည့်အထိမ်းအမှတ်အနေနှင့် စစ်ပွဲများအမြန်ဆုံးရပ်တန့်ရန် ဆုတောင်းပွဲများကို ရန်ကုန်၊ မန္တလေး၊ မြစ်ကြီးနား၊ ပြင်ဦးလွင်စသည့် မြို့ကြီးများတွင် ပြုလုပ်ခဲ့ကြသည်။

ရန်ကုန်မြို့တွင် ရွှေဂုံတိုင်ဒို့ရိုးရာစားသောက်ဆိုင်၌ ဘာသာပေါင်းစုံဆုတောင်းပွဲတစ်ရပ်နှင့် တော်ဝင်နှင်းဆီခန်းမတွင် ကချင်စစ်ပွဲတစ်နှစ်ပြည့်သတင်းစာဆရာငါးဦး၏ မှတ်တမ်းဓာတ်ပုံပြပွဲနှင့်အတူ ငြိမ်းချမ်းရေးကဗျာရွတ်ဆိုပွဲများကိုပြုလုပ်ခဲ့သည်။ မန္တလေးမြို့တွင် စိမ်းရောင်စို၊ ဂီတမိတ်နှင့် ပရဟိတလုပ်ငန်းလုပ်ကိုင်သူ လူငယ်များ စုပေါင်းကာ မြို့တွင်းလှည့်လည်ဖျော်ဖြေခဲ့ကြပြီး ဆုတောင်းပွဲများနှင့် ဒုက္ခသည်များကို ကူညီရန် အလှူငွေများကောက်ခံခဲ့ကြသည်ဟု သိရသည်။

ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် ကချင်နှစ်ခြင်းခရစ်ယာန်အသင်းချုပ်မှလူငယ်များဦးဆောင်မှုဖြင့် ဆုတောင်းပွဲများ ကျင်းပခဲ့ပြီး ဆုတောင်းပွဲများသို့ ကချင်လူမျိုးထောင်ပေါင်းများစွာတက်ရောက်ကာ စစ်ပွဲအမြန်ဆုံး ပြီးဆုံးရေးဆုတောင်းခဲ့ကြသည်ဟု မြစ်ကြီးနားမြို့မှ လူငယ်များက ပြောကြားသည်။

၂၀၁၁ ခုနှစ် ဇွန်လ ၉ ရက်မှစတင်ကာ နှစ်ဖက်စစ်ပွဲများဖြစ်ပွားခဲ့ကြသဖြင့် တစ်နှစ်ပြည့်ချိန်တွင်ပြည်နယ်တစ်ခုလုံး ဒုက္ခသည်ပေါင်း ရှစ်သောင်းကျော်အထိရှိလာခဲ့သည်။ မိုးတွင်းရောက်လာသည့်အတွက်စားရေးသောက်ရေးနှင့် နေထိုင်ရေးအခက်အခဲများများစွာကြုံတွေ့နေရပြီး ကျန်းမာရေးဆိုင်ရာပြဿနာများနှင့်လည်း ရင်ဆိုင်နေရကြောင်း ကချင်ပြည်နယ်ရှိ ဒုက္ခသည်ကူညီရေးအဖွဲ့များထံမှ သိရသည်။